
www.burmeseclassic.com
BURMESE CLASSIC .com
လမင်းဝိုဝို
မိုးသည်းညကာရန်
www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## မိုးသည်းညကာချိန်

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၃၈၀၂၀၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၂၆၈၄၀၀
၂၀၀၀ ခုနှစ်၊ စက်တင်ဘာလ
ပထမအကြိမ်
တန်ဖိုး - ၁၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်ညွှန့် ၀၃၈၈၇၊ [illegible]
အမှတ်၊ [illegible]၊ [illegible]
ရန်ကုန်မြို့။

ပုံနှိပ် ... ဦးကျော်ညွှန့် [illegible]၊ [illegible] OFFSET
အမှတ်၊ [illegible]၊ [illegible] ရန်ကုန်မြို့။

ဝ၃၃၊၈၃
လမင်းမိုမို
မိုးသည်းညကာချိန် / လမင်းမိုမို-ရန်ကုန်၊
[illegible] ၂၀၀၀။
- စာ ၁၂×၁၈ စင်တီ။
မိုးသည်းညကာချိန်

BURMESE CLASSIC .com

## ဒို့တာဝန်အရေး

ပြည်ထောင်စု မပြိုကွဲရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# လမင်းမိုမို





စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## အလှူ...။

BURMESE CLASSIC .com

ဆယ်နှစ်ရွယ်လောက် ကလေးမလေးသည် အတူ ထားနေသော အုပ်စုထဲမှ ကောင်မလေးတစ်ယောက်ကို ဒေါသ တကြီး ပြေးပြီးတွန်းလှဲလိုက်ကာ လဲကျသွားသော ကောင်မလေး ကိုယ်ပေါ်မှ ခွစီး၍ ထိုင်လိုက်ပါသည်။ ထိုကောင်မလေးရဲ့ဂါဝန် ကော်လာစနှစ်ဖက်ကို ဆွဲဆောင့် လိမ်ညှစ်နေသော မျက်နှာမှာ ခံမရပ်နိုင်ခြင်း၊ ဒေါသအကြီးအကျယ် ပေါက်ကွဲခြင်းတို့ကြောင့် နီရဲတင်းထန်နေသည်။

မျက်လုံးလေးအစုံက ပြူးကျယ်ဝိုင်းစက်ကာ ဝင်းဝင်း တောက်နေသည်။ အရွယ်နှင့်မမျှသော ဒေါသက သူကလေးတစ် ကိုယ်လုံးကို လွှမ်းခြုံနေပေသည်။

"အန်တီနှင်း ...၊ အန်တီနှင်း"

"ဟောဒီမှာ ကာရန် ဖြိုးဖြိုးကို လုပ်နေပြီ"

"အန်တီနှင်း လာပါဦး"



www.burmeseclassic.com

www.burmeseclassic.com



အနားမှာရှိတဲ့ ကလေးတစ်သိုက်ရဲ့ ကြွက်ကြွက်ညံ [illegible]ကြောင့် ဒေါ်နှင်းဆီက အပြေးအလွှား ထွက်လာပါသည်။ [illegible] တစ်ချိန်လုံး ခြံထဲဆင်းထိုင်ကြည့်နေပါလျက် ခဏတဖြုတ် [illegible] အထဲဝင်မိတဲ့အခိုက်မှာ ဖြစ်တော့တာပင်။

"လွှတ် ... လွှတ် ... ငါ့ကို လွှတ် ... အမေရေ ... ဟီး"

အောက်က ခွစီးခံနေရသော ဖြိုးဖြိုး ဆိုတဲ့ ကောင်မလေးသည် အပေါ်က ဒေါ်သကြီးနေတဲ့ ကာရန့်ကို တွန်းလှန်ဖယ်ရှား မပြုနိုင်သည့်အတွက် အော်ဟစ်ငိုယိုနေပါပြီ။ ကာရန်ကတော့ မလွှတ်။

"ကာရန် ... သမီးလေး ... ကာရန်"

ဒေါ်နှင်းဆီက အပြေးအလွှား အနားကပ်လာပါသည်။

"သမီး ... မလုပ်ရဘူးလေ လွှတ်လိုက်သမီးလေး ... လွှတ်လိုက်"

ဒေါ်နှင်းဆီက နှုတ်ကလည်းပြော။ လက်ကလည်း ကာရန့်ကို နောက်မှကျုံးဖက်၍ ဆွဲမ,ပြီး ဖြိုးဖြိုးအပေါ်မှ ဖယ်သည်။

"သမီးလေး ... မေမေ ပြောနေတယ်ကွယ်၊ လွှတ်လိုက်"

လူက အားချင်းမမျှ၍ အမေ့လက်ထဲ ပါလာသော်လည်း လက်က ဖြိုးဖြိုးရဲ့ကော်လာစမှ မလွှတ်သေးဘဲ အငြိုးတကြီး လှမ်းဆုပ်ထားဆဲဖြစ်၍ ဒေါ်နှင်းဆီက ထိုလက်တွေကိုပါ ဖြေပစ်ရသည်။





"ဖြိုးဖြိုး ... သမီး ... ထ"

ကာရန့်ကို ဒေါ်နှင်းဆီက လွတ်လွတ်ကျွတ်ကျွတ် ချုပ်ထားရင်း အိမ်ဘက်လှည့်ကာ ...

"အေးကြည်ရေ ... ကာရန့်ကို လာခေါ်စမ်း"

ခုနတည်းက အိမ်တံခါးဝ၌ လာရပ်ကြည့်နေသော အေးကြည်က အပြေးရောက်လာကာ ကာရန့်ကို ပွေ့ဖက်ချီပြီး ခေါ်သွားပါသည်။

ဒေါ်နှင်းဆီက လန့်သွားပုံရကာ ခုထိ မြေကြီးပေါ်က မထနိုင်သေးသော ဖြိုးဖြိုးကို ဂရုတစိုက် ထူထပေးလိုက်ရင်း ...

"ဘယ်နာသွားလဲဟင် သမီး"

"အီး ဟီး ..."

"မငိုပါနဲ့ သမီးရယ် ... တိတ်ပါနော်"

"နောက် ကာရန်နဲ့ မကစားတော့ဘူး ... အီးဟီး"

"သမီးရယ် ... အန်တီ တောင်းပန်ပါတယ်ကွယ်၊ အခု ဘယ်ထိသွားလဲဟင်"

"မသိဘူး ... အီး"

ကလေးက သူ့ခြေလက်များကို ငိုယိုရင်း လှည့်ပတ်ကြည့်ကာ ဒဏ်ရာရှာဖွေပေမယ့် သဲတွေ ပေလူးသွားတာမှအပ ဒဏ်ရာတော့ ကြီးကြီးမားမားမရှိ။



www.burmeseclassic.com

www.burmeseclassic.com



"ကာရန့်ကို ခွင့်လွှတ်ပါ သမီးရယ်၊ ကာရန်က သမီးကို အရမ်းချစ်တာပါ၊ အခု ဘယ်လိုဖြစ်သွားမှန်း မသိပါဘူး ကွယ်"

"ဖြိုးဖြိုးက စုမြတ် ပခုံးကိုဖက်ပြီး နားနားကပ်ပြီး တိုးတိုး ပြောလို့ အန်တီ"

"ရန်ဖြစ်တာ မဟုတ်ဘူးလား"

"ဖြိုးဖြိုးနဲ့ ဘာမှမဖြစ်ပါဘူး၊ စုမြတ်နဲ့ပဲ ငြင်းကြတာ"

"ကာရန်က ခေါင်းအရုပ်ကို သူပစ်တာ ထိတယ်ဆိုပြီး အရုပ်အားလုံးကောက်တာ၊ စုမြတ်က ခေါင်းအရုပ်ကမလဲ ဘူး ယိုင်ရုံပဲမို့လို့ နောက်ကပဟာတွေ အကုန်မစားရဘူးဆို ပြီး ပြန်လုတာ"

ကလေးတွေက တစ်ယောက်တစ်ပေါက် ရှင်းပြနေကြပါသည်။ ဖြိုးဖြိုးက ငိုရင်း ရှိုက်ရင်း မျက်ရည်သုတ်ရင်းက ...

"သမီးက စုမြတ်ကို ဆက်မငြင်းဖို့ပြောပြီး ပခုံးကိုဖက်ပြီး ဆွဲခေါ်သွားတာပါ၊ ပြီးတော့ ကာရန့်ကို အရမ်းမငြင်းဖို့ လျှော့ပေးလိုက်ဖို့ ချော့ပြီးပြောတာပါ၊ စုမြတ်ကလည်း သဘောတူပြီး သူလုထားတဲ့ အရုပ်တွေတောင် ပြန်ပစ်ချ လိုက်ပြီ"

"စုမြတ်နဲ့ ဖြိုးဖြိုး ကြည်နေလို့ ဖက်နေလို့ ကာရန် မနာ လိုဖြစ်သွားတာ အန်တီ၊ အဲဒါပဲ ဖြစ်မှာ"





"ဟုတ်တယ်၊ ဖြိုးဖြိုးကို စိုက်ကြည့်ပြီး မျက်နှာကြီးမှုန်နေ ရင်းက ဝုန်းဆို ပြေးပြီးခုန်အုပ်လိုက်တာ"

ဒေါ်နှင်းဆီသည် ဖြိုးဖြိုး ဆံပင်လေးများကို အသာ သပ်တာ ...

"သမီးက သူ့ကို သည်းခံနေကျ လျှော့ပေးနေကျ ချော့ နေကျဆိုတော့ ကာရန်က သမီးကို သိပ်ချစ်တာ မဟုတ်လား၊ သမီးနဲ့စုမြတ် ဝိုခင်သွားမလား ပိုချစ်သွားမလားထင်ပြီး သဝန်တွေတိုပြီး ဒေါသပေါက်ကွဲတာ ဖြစ်မှာပါ သမီးရယ်"

ကာရန်ဟာ စုမြတ်နှင့်တော့ သိပ်မတည့်ပါ။ သူနှင့် မတည့်သူနှင့် သူချစ်တဲ့သူငယ်ချင်း ဖက်လဲတကင်း ချစ်ခင်နေတယ် ဆိုပြီး မခံမရပ်နိုင် ဒေါသဖြစ်ပုံပင်။

"သမီးကိုချစ်လို့ သူ မနာလိုတာပါ သမီးရယ်၊ စုမြတ်ကို ကျတော့ သူ စိတ်မတိုဘူး၊ တွေ့တယ် မဟုတ်လား၊ ကာရန်က အရမ်းချစ်တဲ့ သူငယ်ချင်းဆိုလို့ သမီးတစ် ယောက်ပဲရှိတာ မဟုတ်လား၊ အန်တီ တောင်းပန်ပါတယ် သမီးရယ်၊ ကာရန့်ကို စိတ်မကွက်ပါနဲ့နော်၊ သူ စိတ်ပြေ သွားရင်လည်း သမီးကို တောင်းပန်ရမယ်ဆိုတာ အန်တီ ပြောပြပါ့မယ်၊ သမီးကို ပြန်တောင်းပန်ခိုင်းပါ့မယ် ...နော် သမီး"



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးဖြိုးက ရှိုက်နေသည်။ အားလုံးဟာ အိမ်နီးနားချင်းကလေးတွေပါ။ ခြံဝင်းတွေသာရှိသော ဒီလမ်းထဲ ကာရန်တို့ခြံက အကျယ်ကြီးဖြစ်တဲ့အပြင် ဒေါ်နှင်းဆီကလည်း တခြားကလေးတွေ ဒီခြံထဲ ကာရန်နှင့်အတူ လာဆော့ချင်အောင် မုန့်တွေကျွေး အရုပ်တွေပေးနှင့် စည်းရုံးရေးဆင်းထား၍ ဒီခြံထဲမှာ လာလာစုဆော့နေကျ ဖြစ်နေတာပင်။

"ကာရန့်ကို မခေါ်ဘဲ မနေပါနဲ့နော် သမီး၊ ခွင့်လွှတ်ပါနော်၊ သမီးမခေါ်ရင် ကာရန်က အရမ်းစိတ်မကောင်းဖြစ်မှာ ... နော် သမီး"

ဖြိုးဖြိုးက ခေါင်းညိတ်ရှာပါသည်။

"ကဲ ... သမီးတို့ သားတို့ အားလုံးလာ၊ အန်တီ ပူတင်းနဲ့နို့အေး လုပ်ပေးထားတယ်၊ သွားစားကြစို့"

ဒေါ်နှင်းဆီက ကလေးအားလုံးကို ထမင်းစားခန်းထဲခေါ်လာပြီး ပူတင်းတစ်ပန်းကန် နို့အေးတစ်ဖန်ခွက်စီ ပြင်ဆင်ကျွေးခဲ့ပြီးလျှင် ကာရန့် အခန်းရှိရာ ရောက်လာရပါသည်။

ခုတင်ပေါ်မှာ ခွေခွေလေးလှဲ၍ ထိုင်နေသော ကာရန့်ကို ကြမ်းပေါ်မှာ ဒူးထောက်ရင်းက ခါးကို လှမ်းဖက်ထားသော အေးကြည်က တိုးတိုးတွတ်တွတ် ချော့နေပါသည်။ ဟိုပွတ်ဒီပွတ် ပါးလေးဆွဲလိုက်၊ ပေါင်လေးကို ငုံ့မွှေးလိုက်၊ တတွတ်သလောက် မှတ်သလောက် ချော့နေတဲ့ အေးကြည်ကြောင့် ကာရန်က ဒေါသမျက်နှာတော့ ပြေလျော့နေပါပြီ။



BURMESE CLASSIC .com



အေးကြည်ဟာလည်း အိမ်က အလုပ်သမားပေမယ့် ကာရန့်တစ်သက်နီးပါး နေလာကာ ကာရန့်ကို မွေးမြူလို ချစ်ခင်ဂရုစိုက်နိုင်သူပင်။

ကာရန်က ဒေါ်နှင်းဆီကို မျက်လုံးကြီး ကလယ်ကလယ်နှင့် လှမ်းကြည့်အကဲခတ်သည်။ သူ့သူငယ်ချင်းတွေ ပြန်ကုန်ကြပြီလားဆိုတဲ့ သိချင်တဲ့ မျက်ဝန်းနှင့်ပင်။

"မုန့်စားမယ်၊ လာ ... အပြင်မှာ ဖြိုးဖြိုးတို့ မုန့်စားနေပြီ"

"........"

"သမီးလေးက မဆိုးရဘူးလေကွယ်၊ သမီး အဲလိုလုပ်ရင် နောင်ဆို တဖြည်းဖြည်းနဲ့ သူငယ်ချင်းတွေက သမီးနဲ့ ဘယ်လာ ကစားချင်ပါ့မလဲ"

"........"

"ဘာလို့ သူများကို နာအောင်လုပ်ရတာလဲ၊ မိန်းကလေးဆိုတာ အဲလို မကြမ်းတမ်းရဘူး သမီး"

"........"

ကာရန်က နှုတ်ခမ်းဖူးလေး နှစ်လွှာကို တင်းတင်းစေ့ပိတ်ထားပါသည်။ မျက်လုံးဝိုင်းကြီးကတော့ တဖြည်းဖြည်း မျက်ရည်ပြည့်လျှံလာသည်။

"သမီး ဖြိုးဖြိုးကို ချစ်တယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



အမူအရာပါပါ ရင်ခွင်မှာ လက်နှစ်ဖက်ယှက်လျက် မေးလိုက်သော ဒေါ်နှင်းဆီကို ကာရန်က ခေါင်းခပ်လေးလေး ညိတ်ပြလိုက်ပါသည်။

"ချစ်ရက်သားနဲ့ ဘာလို့ ဒီလိုလုပ်ရတာလဲ၊ ဖြိုးဖြိုးကို ကိုယ်တစ်ယောက်တည်းနဲ့ ပေါင်းရမယ်လို့ သမီးလုပ်လို့ မရဘူး၊ သူ့မှာ တခြားသူငယ်ချင်းတွေလည်း အများကြီး ရှိဦးမှာပေါ့၊ မနာလိုမဖြစ်ရဘူး၊ နားလည်လား သမီး"

ကာရန်က အင်တင်တင် အမူအရာနှင့် ငြိမ်နေပြီးမှ ခေါင်းကို မညိတ်ချင်ညိတ်ချင် ထပ်ညိတ်ပြလိုက်ပါသည်။

"လာ ... ဖြိုးဖြိုးကို တောင်းပန်လိုက်"

ဒေါ်နှင်းဆီက ရင်ညွန့်မှာ လက်အုပ်ချီ သဏ္ဌာန်ကပ်ပြကာ ကာရန့်ကို ခုတင်ပေါ်မှထ,စေလျက် အိမ်ရှေ့ခေါ်လာခဲ့ပါသည်။ ကာရန်သည် ထမင်းစားခန်းဝကို ရောက်လျှင် ခဏရပ်ကာ ကြည့်သည်။ ကလေးတွေက သူတို့ မုန့်စားလက်စကိုရပ်ကာ ကာရန်ကို လှည့်ကြည့်ကြပါသည်။

ကာရန်က ဖြိုးဖြိုးကို စိုက်ကြည့်ရင်း ဖြိုးဖြိုးနံဘေးက ခုံအလွတ်မှာ ဖြည်းဖြည်းဝင်ထိုင်လိုက်ပါသည်။ သူ့ကို မျက်စောင်းထိုးမလိုလို ခွင့်လွှတ်ရမလိုလို ပြုံးမလို မဲ့မလို ရှိနေတဲ့ ဖြိုးဖြိုးကို ရင်ညွန့်မှာ လက်အုပ်ချီသဏ္ဌာန်နှင့် တောင်းပန်လိုက်ပြီးလျှင် ဖြိုးဖြိုးရဲ့ပါးပြင်ကိုပါ လျှပ်ခနဲ နမ်းမွှေးလိုက်ပါသည်။





ပြုံးစိစိဖြစ်သွားတဲ့ ဖြိုးဖြိုးကြောင့် ကျန်ကလေးများလည်း ပြုံးဖြိဖြိ၊ ကာရန်လည်း ရှက်ကိုးရှက်ကန်းပြုံးကာ အခြေအနေက ပေါ့ပေါ့ပါးပါး ဖြစ်သွားပါသည်။ သူ့ကို ပြန်ပြုံးပြတဲ့ ဖြိုးဖြိုးကိုမြင်မှ ကာရန်ရဲ့ စိုးရိမ်မကင်း မျက်နှာကလေး ကြည်ကြည်သာသာရှိသွားပါသည်။

○ ❦ ○

"ကာရန်က ခေါ်မရဘူး မဆွေရယ်၊ နှင်းလည်း စိတ်ညစ်ပါတယ်၊ သူက အမြဲပဲ စိတ်ကောက်နေသလို ဖြစ်နေတာပဲ မဆွေရယ်"

ဒေါ်ခင်ဆွေလင်းက ကော်ဖီယူသောက်ပြီး ပန်းကန်ကို အသာပြန်ချကာ ...

"ထားလိုက်ပါ၊ ကိစ္စမရှိပါဘူး နှင်းရယ်၊ သူ မလာချင် မလာပါစေနဲ့ပေါ့၊ ညှော်သည်တွေ ဘာတွေ ဆင်းတွေ့ရ ညှော်ခံရမှာ သူလည်း ဝန်လေးမှာပေါ့ နှင်းရဲ့"

မိတ်ဆွေဖြစ်သူ ဒေါ်ခင်ဆွေလင်းရဲ့ အမျိုးသားက ဆိုက်ကိုဒီပါ့ထ်မဲင့်က ပါမောက္ခ ဒေါက်တာတစ်ယောက်ဖြစ်၍ ဒေါ်နှင်းဆီက အိမ်ကို အလည်ဖိတ်ခေါ်မိတာပင်။ သမီးဖြစ်သူ ကာရန်နှင့် တွေ့ဆုံ အကဲခတ်စေချင်သည်။ ကာရန့်အပေါ် မြင်မယ့် ဆိုက်ကိုပါမောက္ခရဲ့အမြင်ကို ဒေါ်နှင်းဆီက သိလိုပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှောင်လည်း ရောက်ဦးမှာပါ၊ ဆုံဖြစ်မှာပါ၊ သူ့ စိတ်ပါမှ မတော်တဆ အမှတ်တမဲ့ ဆုံသလိုပဲ ဆုံကြတာပေါ့၊ တကူးတက သူ့ ဆင်းမတွေ့ချင်ရင်လည်း ဒါပြဿနာ မဟုတ်ပါဘူး ဒေါ်နှင်းဆီ"

"ဟုတ်ကဲ့ ဆရာရယ်၊ ကျွန်မလေ သူ့ ဒီအရွယ်ရောက် အောင်အထိ သူ့စိတ်အခြေအနေကို ကြည့်ပြီး အလိုက် အထိုက် ဆက်ဆံရတာ ပင်ပန်းလှပါပြီ၊ သူ့အဖေကတော့ ကျွန်မက ပိုနေတာ သည်းနေတာလို့ပဲ ပြောနေတော့တာ ပါပဲ"

"ဒေါ်နှင်းဆီ ပြောတဲ့ စကားတွေ နားထောင်လိုက်တာနဲ့ ဒီသမီးတစ်ယောက်အပေါ် ဒေါ်နှင်းဆီ အစိုးရိမ်တွေ အရမ်း ပိုနေတယ်ဆိုတာ အကဲခတ်မိတယ်ဗျ၊ ဒါ တကယ်တော့ ကလေးအဖေ ပြောသလို နည်းနည်းလိုအပ်တာထက် ပို နေလိမ့်မယ်လို့လည်း ထင်မိတယ်"

"အမေဆိုတော့ သူ့ကို စိုးရိမ်စိတ်၊ ပူပန်စိတ်နဲ့ အမြဲမျက်စိ ဒေါက်ထောက် ကြည့်နေမိတာပါ ဆရာ"

"လိုတာထက်ပိုရင် သူ့ဘက်မှာ အနှောင့်အယှက် အဟန့် အတား သွားဖြစ်ထတ်ပါတယ်၊ သမီးက ကျန်းမာရေးတွေ ဘာတွေလဲ ကောင်းတယ် မဟုတ်လား"

"ကျန်းမာရေးတော့ ကောင်းပါတယ် ဆရာ"





"နှင်းရဲ့သမီးလေးက ချောလိုက်တာလည်း ကြွေရုပ်လေး လိုပဲ ကိုရဲ့၊ ပုံမှန်ပါပဲ၊ ကျန်းမာစိုပြည်လို့၊ ကိုလည်း တစ် ခါတွေ့ဖူးသားပဲ"

"နှင်း စိတ်ပူတယ် ဆိုတာက လူကြားသူကြားမှာ သူ့ အဆင်ပြေပါ့မလား၊ ပေါင်းသင်းဆက်ဆံရေးမှာ မှန်မှန် ကန်ကန် ဖြစ်ပါ့မလား၊ လူတွေက သူ့အပေါ် နားလည်မှု နဲ့ ဆက်ဆံပေးနိုင်ပါ့မလား ..."

"ကလေးက ဆယ်တန်းအောင်ပြီး တက္ကသိုလ်တောင်ရောက် ပြီပဲ ဒေါ်နှင်းဆီ၊ သူ့ကို အရွယ်ရောက်သူတစ်ယောက်လို ဆက်ဆံပေးပါ၊ ဘောကနေ တစ်ယောက်ထိန်းပေးနေမှ နေထိုင်ဝင်ဆန့်နိုင်မယ့်သူလို့ မဆက်ဆံပါနဲ့၊ သူ့ လူကောင်း ပဲဗျာ၊ ချို့ယွင်းချက်လေးရှိတာ မှန်ပေမယ့် သူ့မှာ ခြေ လက်ကိုယ်အင်္ဂါအစုံနဲ့ သာမန်လူကောင်းတစ်ယောက်ပဲ ဟာ ..."

ကလေးတစ်ယောက်လို တကောက်ကောက်လိုက်ပြီး ဘေးက စောင့်ကြည့် အုပ်ထိန်းမနေပါနဲ့တော့၊ ဒါကိုက သူ့အတွက် အချုပ်အနှောင်တစ်ခု ဖြစ်နေလိမ့်မယ်၊ စိတ် ကျဉ်းကျပ်မှု ဖြစ်စေလိမ့်မယ်၊ အဲဒါကြောင့်ပဲ သူ့စိတ်တွေ ပိတ်လှောင်ကျဉ်းကျပ်ပြီး ထွက်ပေါက်မရသလို မွန်းကျပ် နေတာ၊ ဒါကြောင့် သူ့ပုံစံက ဂျစ်ကန်ကန်လေးလို ဖြစ် နေတာလို့ ကျွန်တော် ယူဆတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ဟိုတစ်နေ့က လမ်းမှာ တစ်ကြိမ်ပဲ တွေ့ဖူးသေးတာပါ၊ တွေ့တုန်း မြင်ရသလောက်တော့ ဂျစ်ကန်ကန်ပုံလေး ဖြစ်နေတာကလွဲရင် အက်ဘ်နော့်မယ်လ် မဟုတ်ပါဘူး ဒေါ်နှင်းဆီ၊ သူ့အရွယ်နဲ့လိုက်ဖက်တဲ့ စည်းကမ်းတကျ လွတ်လပ်မှုမျိုးကိုပေးပါ၊ အိမ်ကြီးထဲမှာပဲ ပိုးမွေးသလို လှောင်မထားပါနဲ့ဗျာ"

"ဟုတ်ကဲ့ပါ ဆရာရယ်"

"သူ့သူငယ်ချင်းတွေနဲ့ သွားချင်လာချင်တာ ပေးသွားလိုက်ပါ နှင်းရယ်"

"အပြင်မှာ ကိုးလိုးကန့်လန့်များ ဖြစ်နေမလားဆိုပြီး ..."

"ဒေါ်နှင်းဆီရဲ့ ပူပန်မှုကြောင့် ချုပ်ချယ်မိတဲ့ အခြေအနေက သူ့အတွက် နောင်တစ်ချိန်မှာ တကယ်ကို ကိုးလိုးကန့်လန့်ဖြစ်အောင် ပြဿနာဖြစ်လာလိမ့်မယ်၊ ခင်ဗျားတို့မိဘတွေအနေနဲ့ သူ့အတွက် သူ အသက်ရှင်သလောက် လိုက်ရှင်ပေးနေလို့ ရတာမဟုတ်ဘူးလေ၊ အရွယ်အရ စီရီယယ်လ် သဘောအရဆိုရင် ခင်ဗျားတို့က အရင်ထွက်ခွာသွားရမှာ၊ တစ်ချိန်မှာ သူချည်းပဲ ကျန်ကိုကျန်ရစ်ရမှာ ...

အဲသလို ကျန်ရစ်တဲ့အချိန်မှာ သူ့ဟာသူ ရပ်တည်ကျန်ရစ်နိုင်အောင် မိဘက ပျိုးထောင်ပေးခဲ့ရမှာ ဒေါ်နှင်းဆီ၊





ခုလို နေရာတိုင်း လက်မောင်းကိုင်လိုက်နေတာက သူ့ကို ကူညီရာမကျဘဲ နောင်တစ်ချိန် ဒုက္ခဖြစ်အောင် လုပ်နေသလိုတောင် ဖြစ်နေတယ်"

"ကိုကလည်း ... နှင်းက မိခင်ဆိုတော့လည်း ..."

"ရပါတယ် မဆွေ၊ ဆရာပြောတာ သဘောကျပါတယ်၊ ဗဟုသုတလည်း ရပါတယ်"

"ကျွန်တော်ကတော့ ဒေါ်နှင်းဆီ ကြိုက်မကြိုက်တော့မသိပေမယ့် စိတ်ရင်းနဲ့ပဲ ဖြစ်သင့်တာကို ပြောပြတာပါဗျာ၊ ကလေးအတွက်ပါ"

"နားလည်ပါတယ် ဆရာ၊ ကျေးဇူးလည်း တင်ပါတယ်၊ ပြောချင်သလို ပြောလို့ရပါတယ် ဆရာ"

"ကလေးက သူ့ရဲ့လက်ရှိအနေအထားကို မကျေနပ်စိတ်နဲ့ ဂျစ်ကန်ကန် ဖြစ်နေတာလို့ ထင်တယ်၊ ဒီအဖြစ်အပျက်ဟာ စိတ်ပျက်စရာ အားငယ်စရာ မဟုတ်ဘူးလို့ သူ မြင်ဖို့လိုတယ်၊ သူ့ဘဝကို သူ မကျေမနပ် ဖြစ်မနေသင့်ဘူး၊ သူ့ဘဝအတွက် သူစိုးရိမ်စိတ် ဝင်မနေသင့်ဘူး၊ ပျော်ရွှင်ကျေနပ်နေနိုင်ရမယ်၊ ခင်ဗျားရဲ့ ဂရုစိုက်ပေးမှုက သူ့ကို စိုးရိမ်စိတ် ပိုဝင်စေတယ်ဗျ၊ ကလေးရဲ့ပုံစံက သူ့ကိုယ်သူ ယုံကြည်မှုမရှိ Secure မဖြစ်ဘူး"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သူ့တို့လောကထဲကို လွှတ်ပေးပါ ဒေါ်နှင်းဆီ၊ သူ့ဟာသူ သွားလာပါစေ၊ ရင်ဆိုင်ပါစေ၊ သူ့ကိုယ်သူ ယုံကြည်မှု၊ သူ့ဘဝသူ လုံခြုံမှုရှိလာရင် သူ ပျော်လာမှာပါ၊ ကျေနပ်လာမှာပါ၊ လွှတ်ပေးဖို့ စိတ်မပူပါနဲ့ ဒေါ်နှင်းဆီ၊ ဘာမှ မဖြစ်ပါဘူး၊ သူ့ဟာနဲ့သူ လောကထဲ ဝင်ဆန့်သွားပါလိမ့်မယ်"

"တိုတစ်နေ့ကလည်း သူ့အဖေက အပြစ်တင်တယ်၊ သူ့အဖေကတော့ တစ်ချိန်လုံး ကျွန်မကို ပိုတယ်ချည်း အပြစ်တင်တာပါ၊ သူ့သမီးက လူကောင်းပဲတဲ့၊ ကျွန်မလုပ်မှ လူနာလိုလို လူမမာလိုလို လူဖြစ်ရှုံးနေသူလိုလို ပိုဖြစ်တယ်တဲ့"

"အဲဒါ မှန်တယ် ဒေါ်နှင်းဆီ"

"အခု ဆရာလည်း ဒီလိုပဲ အကြံပြုတော့ ကျွန်မ ကြိုးစားပါမယ်၊ သူ့ကို ကျွန်မဘေးက မပါဘဲ စိတ်ချလက်ချ အပြင်လွှတ်နိုင်အောင် စိတ်ကိုပြင်ပါမယ်"

"ခင်ဗျား ဘယ်လိုမှ လိုက်မရတဲ့ နေရာတွေ ရှိခဲ့မှာပဲလေ၊ ဥပမာ ... စာသင်ခန်းထဲ လိုက်ထိုင်လို့ ရမလား၊ ဆယ်တန်းဖြေတော့ရော လိုက်ထိုင်စောင့်လို့ ရလား"

"ဟုတ်ပါတယ်၊ ဆရာ"



"ကိုယ်မရှိလည်း သူ့ဘာသာ ရပ်တည်နိုင်အောင် လေ့ကျင့်ပျိုးထောင်ထားဖို့ ပိုအရေးကြီးတယ် ဒေါ်နှင်းဆီ"

"ဟုတ်ကဲ့ပါ ဆရာ"

အတန်ကြာ စကားဆက်လက်ပြောဆိုနေကြပြီး ညည်သည်လင်မယား ထပြန်သွားမှပင် ဒေါ်နှင်းဆီက အပေါ်ထပ်က သမီးကာရန်ရဲ့အခန်းကို ပြန်တက်လာခဲ့ပါသည်။ ကာရန့်အခန်းထဲမှာတော့ ကာရန်ရဲ့ငယ်သူငယ်ချင်း ဖြိုးဖြိုးလည်း ရှိနေသည်။ ဖြိုးဖြိုးက ခုတင်ပေါ်မှာ စာတစ်အုပ်ဖတ်နေပြီး ကာရန်က ပြတင်းပေါက်မှာရပ်လျက် အပြင်ဘက်ကို ငေးမျှော်နေပါသည်။

"ဖြိုး ... သမီး၊ ထမင်းစားပြီးမှ ပြန်နော်"

"နည်းနည်းတော့ စောပြန်ရမှာ အန်တီ၊ နက်ဖြန်မနက်မှာ ဘုန်းကြီးဆွမ်းကျွေးမှာလေ အန်တီ၊ ဒီည ညဉ့်နက်သန်းခေါင်အထိ ဟင်းတွေ ဝိုင်းချက်ကြရမှာ၊ အန်တီတို့ နက်ဖြန်ဆက်ဆက်နော်"

"လာမှာပေါ့ ဖြိုးရယ်၊ သမီးတို့ လုပ်အားအကူလိုရင် ကာရန့်ကို ခေါ်ရင် ခေါ်သွားပါလား၊ သမီးတို့အိမ် အိပ်ပစေပေါ့၊ သူလည်း လိုက်ချင့်ရှင်လေ"

"ဟင် ... တကယ်လား အန်တီ"

"အင်း ... တကယ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကာရန်က လိုက်ချင်တယ် လုပ်နေတာ၊ သမီးက မလိုက်ပါနဲ့ အိပ်ရေးပျက်တယ် ဘာညာနဲ့ ချော့ပြောထားတာ အန်တီ"

ဒေါ်နှင်းဆီက သက်ပြင်းတစ်ချက် ခပ်ပြုံးပြုံးချရင်း ...

"အန်တီ ကာရန့်ကို နောက်ပိုင်းမှာ တတ်နိုင်သလောက် လွတ်လပ်ခွင့်ပေးတော့မယ် သမီးရယ်၊ သူလည်း အရွယ်ရောက်လာပြီမို့လား၊ ဟိုတစ်နေ့က သူပူဆာနေတဲ့ မျှော်စင်ကျွန်းရှိုးပွဲဆိုတာလည်း ဖြိုး အဖော်လိုက်နိုင်ရင် အန်တီလွှတ်မယ်လေ၊ မိုးမှမချုပ်တာ မဟုတ်လား"

"ဟာ ... တကယ်နော် အန်တီ"

ဖြိုး ဝမ်းသာအားရ ခုန်ထ,လိုက်၍ ကာရန့်ထံ အလန့်တကြား လှည့်ကြည့်ပါသည်။

○ ❦ ○





မင်းညို...။

ဒေါ်ခင်လေးမွန်သည် ကျောင်းအုပ်ဆရာမကြီးရုံးခန်း အပြင်ကော်ရစ်ဒါဆီကိုရောက်လျှင် ကော်ရစ်ဒါတွင် တန်းစီလက်ပိုက်ရပ်နေသော ကျောင်းသားတစ်စုကြားထဲ မင်းညို ပါနေတာကို တအံ့တသြ ရင်ဖိုလိုက်ရပါသည်။ ဒေါ်ခင်လေးမွန်နှင့် ခင်နေသော မင်းညိုရဲ့အတန်းပိုင်ဆရာမလည်း ရှိနေတာမို့ ဆရာမထံအပြေးလေး တိုးကပ်ရင်း ...

"ဆရာမ"

"ဩော် ... မမွန်၊ ဟိုမှာလေ ရန်ဖြစ်ကြလို့"

"ဟင် ... မင်းညိုက ရန်ဖြစ်တဲ့အထဲ ပါတယ် ဟုတ်လား ဆရာမ"

"ပါလို့ ဆရာမကြီးက ခေါ်တာပေါ့၊ ကျွန်မက မိန်းကလေးတွေနဲ့ ပန်းဖွားအကသင်တန်းဆီ လိုက်နေရလို့ သေချာ မသိလိုက်ဘူး၊ ဆရာမကြီးကတောင် သေချာမစစ်ရသေး



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ကဲ ... မိဘတွေစုံပြီလား၊ စုံရင် ရုံးခန်းထဲအားလုံး ဝင်ပါ"

အပြင်မှာ မိုးတိုးမတ်တတ် ရှိနေသော မိဘလေးငါးဦးသည် ဆရာမကြီးရုံးခန်းထဲ မျက်နှာငယ်နှင့် ဝင်ရောက်ကြရပါသည်။

"မင်းတို့လည်းဝင်၊ အားလုံးဝင်"

ခုနစ်တန်းကျောင်းသားတွေချည်းဆိုတာ ရင်ဘတ်က အတန်းတံဆိပ်တွေက ဖော်ပြနေကြသည်။ လူပျိုကောင်တောင် သေချာမဝင်ချင်ကြသေးတဲ့ ကလေးသာသာ အရွယ်တွေပါ။ ခေါင်းလေးမွန်သည် နှုတ်ခမ်းထော်ငွတ်စွန်း သွေးခြေဥနှင့် အမေကို မျက်နှာချိုသွေးသလို ပြုံးဖြဲဖြဲလေး ကြည့်နေသော မင်းညာကို သက်ပြင်းတစ်ချက်နှင့် မျက်နှာလွှဲကာ ဆရာမကြီးစားပွဲရှေ့က ကုလားထိုင်များမှာ အခြားမိခင်တွေနှင့်အတူ ဝင်ထိုင်လိုက်ရပါသည်။

"ကဲ ... ကလေးအမေတွေ၊ ရှင်တို့သားတွေ မြင်တဲ့အတိုင်းပဲ ရန်ဖြစ်ကြတယ်ဆိုလို့ ရုံးခန်းရောက်လာတော့ အသီးသီး အသက ဒဏ်ရာဒဏ်ချက်ကိုယ်စီ ဖြစ်နေကြတော့ ကျွန်မ ဘာသာဖြေရှင်းလိုက်ရင် မသိလိုက်ရဘူး၊ မရှင်းလိုက်ရဘူး ဖြစ်မှာစိုးလို့ အားလုံး မျက်နှာစုံညီရှေ့မှာ စစ်မယ် မေးမယ် အပြစ်ပေးမယ်ဆိုပြီး မိဘတွေကို ခေါ်လိုက်တာပဲ ...





ရန်ဖြစ်တယ်ဆိုလို့ ကိုးတန်းတွေလား ဆယ်တန်းတွေလား အောက်မေ့တယ်၊ လက်စသတ်တော့ ခုနစ်တန်းတွေတဲ့၊ ကြည့်စမ်းပါဦး၊ ရုပ်ချွေကြည့်တော့ နို့နံ့တောင် တယ်မစင်ချင်ကြသေးဘူး၊ ဒဏ်ရာတွေအသီးသီးနဲ့၊ မအေတွေတော့ ရင်ကျိုးမယ်၊ ကဲ ... အားလုံးလက်ပိုက်၊ ပြောစမ်း ... မင်းတို့နာမည်နဲ့ အတန်းတွေ"

"ကျွန်တော်က ကျော်ဇောလွင်ပါ၊ ခုနစ်တန်းအီးကပါ"

"အင်း"

"ကျွန်တော် စိုးမိုးကျော်ပါ၊ ခုနစ်တန်းအီးကပါ"

"ကျွန်တော်က သန့်ဇင်ဦးပါ၊ ခုနစ်တန်းအီးကပါပဲ"

"ဘယ်လိုတုန်း၊ ခုနစ်တန်းအီးတွေ၊ အတော်ဂြိုဟ်ထောင်နေတာလား၊ ဟုတ်လား"

ဆရာမကြီးက မျက်နှာထားတင်းတင်းနှင့် စကားပြတ်ပြတ်ပြောတတ်သူဖြစ်ရာ ကျောင်းသားတွေမှာ ခုတော့လည်း ကြောက်ကြောက်နှင့် မျက်နှာငယ်လေးတွေဟာ ဆီးရွက်သာသာလို့ နိုင်းရမလိုပင်။

"ကျွန် ... ကျွန်တော်က ခုနစ်တန်းဒီကပါ၊ မိုးသူရပါ"

"မင်းက ကျောင်းသားသစ် မဟုတ်လား"

"ဟုတ်ကဲ့ ဆရာမကြီး"

"ကျောင်းကို ခုမှပြောင်းတယ်၊ မင်းကလည်း မနေဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ခုနစ်တန်းဘီကပါ မင်းညပါ"

"ဟဲ့ ... မင်းက ခုနစ်တန်းက ကျောင်းကောင်စီ မဟုတ်လား"

"ဟုတ်ကဲ့"

"အမယ်လေး ကျောင်းကောင်စီရယ်၊ မင်းကစပြီး ရန်ဖြစ်ရတယ်လို့၊ ဘယ်လိုဖြစ်ရတာတုံး၊ ကဲ ... မင်းက ကျောင်းကောင်စီဆိုတော့ မင်းပြော၊ ဖြစ်ပုံကို မင်း ရှင်းပြ"

"ဟုတ်ကဲ့ ဆရာမကြီး၊ ဒီကောင်က ကျောင်းသားသစ်ပါ၊ ကျောင်းသားသစ်ကို မုန့်ဈေးတန်းမှာ ကျော်ဇောလွင်က ခြေထိုးခံပြီး ရန်စလို့ သူ မှောက်ရက်လဲပြီး လက်ထဲက ကြာဆံချက်ပန်းကန် ကွဲသွားပါတယ်၊ အဲဒါကို ကျွန်တော်ကဝင်ပြီး မလုပ်ဖို့တားပေမယ့် သန့်ဇင်ဦးတို့ စိုးမိုးကျော်တို့ကပါ ဆက်ရန်စနေပါတယ် ...

ကျွန်တော့်ကို ဝင်ပြောလို့ဆိုပြီး ကျော်ဇောလွင်က တွန်းထုတ်ပါတယ်၊ ပြီးတော့ ကျောင်းသားသစ်ကို ပုဆိုးလိုက်ဆွဲချွတ်ပါတယ်၊ ကျောင်းသားသစ်က မလုပ်ဖို့ပြောပါတယ်၊ သူတို့ဆက်လုပ်နေကြတာကို ကျောင်းသားသစ်က ရန်းပြီး လက်နဲ့ခံကာလိုက်တာ စိုးမိုးကျော် ရင်ဘတ်ကို တံတောင်နဲ့ တွက်မိပါတယ် ခင်ဗျ ...





အဲဒါနဲ့ သူတို့က သုံးယောက်လုံး ဝိုင်းထိုးကြတော့ပါ၊ ကျွန်တော်က ဝင်ဖျန်ဖြေရင်း ဆွဲရင်း ကျွန်တော့်ကိုပါထိုးတာပါ၊ ကျွန်တော်နဲ့ သူနဲ့ကို သူတို့သုံးယောက်က အတင်းလိုက်ထိုးနေလို့ ရှောင်မရတော့တာနဲ့ ပြန်ခံချရတာပါ ...

အဲဒါဖြစ်နေတုန်း မုန့်ဈေးတန်းမှာ ကိုးတန်းကျောင်းကောင်စီ ကိုအာကာလည်း ရှိနေပြီး သူတို့အုပ်စုလည်းမြင်ပါတယ်၊ တီချာဒေါ်လှသန်းသား ကိုမြတ်မော်လည်း မြင်ပါတယ်၊ သူတို့ကတောင် ဟောကောင်လေးတွေ ရန်မဖြစ်နဲ့လို့ ဝင်ပြောပါတယ်၊ ကြာဆံချက်ဆိုင်က ဦးညိုလည်း မြင်ပါတယ်"

မင်းည စကားအဆုံးမှာ အီးတန်းက ကျောင်းသားသုံးယောက်ရဲ့မိခင်တွေကတော့ မျက်နှာခပ်ပျက်ပျက်။

"ကဲ ... သူပြောသွားတာတွေ ဟုတ်သလား မဟုတ်ဘူးလား ကျော်ဇောလွင်တို့ စိုးမိုးကျော်တို့ ပြောစမ်း၊ မဟုတ်ရင် မဟုတ်ဘူးပြော"

"သူလည်း ကျွန်တော်တို့ကို ထိုးတယ် ဆရာမကြီး"

"သူက မင်းတို့လိုက်ထိုးလို့ ခံထိုးရတာလို့ ပြောတယ်၊ ဟုတ်လား"

"........."

"ပြောလေ ... အဲဒါဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

"မင်းတို့ ကျောင်းသားသစ်ကို ဘာဖြစ်လို့ ရန်စရတာလဲ၊ မင်းတို့ကို ဘာလုပ်လို့လဲ"

"..........."

"ပြောလေ သန့်ဇင်ဦး"

"မလုပ်ပါဘူး"

"ဘာမှမလုပ်ဘဲ ဘာဖြစ်လို့ ခြေထောက်ထိုးခံပြီး ရန်စတာလဲ"

"ကျွန်တော် မဟုတ်ဘူး၊ ဒီကောင် ကျော်ဇောလွင်ပါ ဆရာမကြီး"

"မင်းလည်း ဝင်မတားဘဲ အဖော်ပါတာပဲ မဟုတ်လား၊ ပုဆိုးတော့ ဝိုင်းချုတ်တယ် မဟုတ်လား"

"........."

"ဟင်"

"ဟုတ်ကဲ့"

"စိုးမိုးကျော်ရော"

"ကျွန်တော်လည်း ခြေထောက်ထိုးမခံပါဘူး၊ ပုဆိုးပဲချွတ်တာ၊ နောက်မှ သူတို့လည်းထိုးတော့ ကျွန်တော်လည်းထိုးတာ"



"ပုဆိုးကကော ဘာဖြစ်လို့ ချွတ်ကြရတာလဲ၊ မင်းတို့ပုဆိုးရော မင်းတို့ချွတ်ချင်သလား ပြော"

"မချွတ်ချင်ပါဘူး"

"မင်းတို့ အခု ပုဆိုးတွေ ရုံးခန်းထဲချွတ်ခဲ့ပြီး ဘောင်းဘီတိုနဲ့ အတန်းတွေမှာလှည့်ပြီး နောက် ရန်မဖြစ်တော့ပါဘူးလို့ အော်ရမယ်ဆိုရင် အော်ချင်လား"

"မအော်ချင်ပါဘူး"

"အေး ... မင်းတို့တောင် ပုဆိုးမချွတ်ချင်ဘဲနဲ့ သူများပုဆိုးကျတော့ ဘာဖြစ်လို့ ဝိုင်းချွတ်ချင်ရတာလဲ၊ ဟင် ...၊ ကိုယ်က လူအုပ်စုတောင့်လို့ တစ်ဖက်က တစ်ယောက်တည်းလူကို နောက်တာပြောင်တာ အနိုင်ကျင့်တာတွေ မလုပ်ရဘူးလေ၊ မုန့်ဈေးတန်းထဲမှာ မိန်းကလေးတွေလည်း ရှိနေတာပဲ၊ မတော် ပုဆိုးတကယ်ကျွတ်ကျသွားရင် ကောင်းသလား၊ ဘာဖြစ်လို့ သူများကို အရှက်ခွဲချင်တာလဲ"

"........."

"မင်းတို့ ပြောစရာရှိတာပြောနော်၊ ခုတစ်ခါတည်းပြော၊ အိမ်ကျမှ အမေကို နှစ်ကိုယ်ကြား ကျိတ်ပြောပြီး နောက်နေ့ ပြဿနာထပ်မလုပ်နဲ့၊ တစ်ကြိမ်တည်း ပြီးအောင် မင်းတို့အမေတွေ တစ်ခါတည်း ခေါ်လိုက်တာ၊ မင်းညပြောတဲ့အထဲမှာ မှားတာ လိမ်ဆည်တာပါရင် အခုပြော၊

www.burmeseclassic.com

www.burmeseclassic.com



စကားတွေ မညီဘူးဆိုရင် မုန့်ဈေးတန်းက မြင်လိုက်တဲ့ သူတွေကိုပါ သက်သေရအောင် ဆရာမကြီး ခေါ်စစ်ရမှာ၊ ပြော ... အမှန်အတိုင်း၊ မင်းတို့သုံးယောက် ဘာပြောမလဲ၊ ပြောချင်တာ ပြောခွင့်ရှိတယ်"

သုံးယောက်သားကခေါင်းသာငုံ့နေကာ ဘာမှမပြော။

"ဘာဖြစ်လို့ သူ့ဟာသူနေတဲ့ ကျောင်းသားသစ်ကို ရန်စချင်ရတာလဲ"

"........."

"ပြောကြလေ"

"ဟို ... သူက ရှိုးများလို့ပါ"

"သူ့ဟာသူ ရှိုးများတာ မင်း မမြင်ချင်ရင် မကြည့်နဲ့ပေါ့၊ ကျောင်းစည်းကမ်းကနေ ဆောင်ကျော်အောင် ပြင်ဆင်ဝတ်စားရင်တော့ ဆရာမတွေက သတိပေးမှာပေါ့၊ အခုကော မင်းတို့ထက် ဘာပိုထူးပြီး ဝတ်စားထားတာမို့လဲ"

တကယ်တော့ ရုပ်သန့်ပြီး အဆင့်မြင့်တဲ့ပုံလေး ထွက်နေတဲ့ ကျောင်းသားသစ်ကို ကျောင်းသူတွေ ကွက်ကြည့် ကွက်ကြည့်လုပ်မှာ၊ သူငယ်ချင်းဖွဲ့မှာ၊ ခင်ချင်မင်ချင် အခွင့်အရေး ပေးမှာတွေကို ကျောင်းခံ ကျောင်းသားဆိုးလေးတွေက ကြည့်မရ အမြင်ကတ်တဲ့ပုဒ်မမျိုး ဖြစ်မှာပင်။ ပုံစံကြည့်လိုက်သည်နှင့် ဘာကြောင့် အလကားနေရင်း ကြည့်မရသည်ကို မှန်းနိုင်နေပါသည်။



"ကဲ ... မင်းတို့ အပြစ်ရှိသလား၊ ဝန်ခံသလား"

"ဟုတ်"

"ဟုတ်ကဲ့"

"ကဲ ... အမေတွေ ကြားတဲ့အတိုင်းပဲနော်၊ အခုကြားသမျှထဲမှာ မကျေလည်တာ မရှင်းတာ၊ ပြောချင်တာ၊ မေးချင်တာတွေရှိရင် ကျွန်မရှေ့မှာ အခုမေးကြပါ။ မေးခွင့်ရှိပါတယ်၊ ကိုယ့်သားကိုယ်လည်း မေးနိုင်တယ်၊ တခြားလူလည်း မေးနိုင်တယ်၊ ကျေနပ်အောင်မေးပါ"

"မမေးတော့ပါဘူး ဆရာမကြီး၊ သူတို့လည်း ဝန်ခံနေတာပဲ၊ ဆရာမကြီးပဲ ဆုံးမပေးပါ၊ ပြီးတော့ ပထမအကြိမ်မို့ သူတို့လည်း ကလေးတွေမို့ ကြီးကြီးမားမားတော့ အပြစ်မပေးဘဲ ဒီတစ်ကြိမ် ခွင့်လွှတ်ပေးပါ ဆရာမကြီး"

အမေတစ်ယောက်က ဝင်ပြောပါသည်။

"နောက်ကို ရန်ထပ်မဖြစ်အောင် ကိုယ့်သားကိုယ်လည်း ဆုံးမကြမှာ မဟုတ်လား"

"ဟုတ်ကဲ့ပါ ဆရာမကြီး"

ထိုနေ့က ရုံးခန်းထဲက အားလုံးပြန်ထွက်လာကြလျှင် ကျောင်းသားသစ် မိုးသူရနှင့် မိုးသူရမိခင်က မင်းညထံကပ်လာကာ ...

www.burmeseclassic.com

www.burmeseclassic.com



"သား ... သူငယ်ချင်းကို ကျေးဇူးတင်တာပြောလိုက်ဦး"

"မင်းညှ ... ကျေးဇူးပဲ"

"ရပါတယ်ကွ၊ ရပါတယ် အန်တီ၊ ဘာမှအပန်းမကြီးပါဘူး"

"သားသာ ကူမပေးရင် မိုးသူရ နာမှာကွယ့်၊ မိုးသူရက တစ်ခါမှ ရန်တွေ ဘာတွေ မဖြစ်ဖူးဘူး"

"ဟုတ်ကဲ့ ... ကျွန်တော်လည်း မဖြစ်ဖူးပါဘူး အန်တီ၊ ဒါပေမဲ့ သူတို့က သုံးယောက်တစ်ယောက် အမြင်မတော်အောင် ရန်စနေတာမို့လို့ ဝင်ပါလိုက်တာပါ"

"ကျေးဇူးတင်ပါတယ် သားရယ်၊ ကျေးဇူးပါပဲ အစ်မ၊ အစ်မသားလေးက မျက်နှာလေးက ရည်မွန်ကြည်လင်ပြီး အရမ်းချစ်ဖို့ ကောင်းတာပဲ၊ ချက်ချက်ချာချာနဲ့ ဘီတန်းက ဆိုတော့ စာလည်းတော်မယ့်ပုံပဲ"

"အဟဲ ... သိပ်မတော်ပါဘူးအန်တီ၊ သာမန်ပါပဲ၊ မိုးသူရက ကျောင်းသားသစ်မို့လို့ ဒီ,တန်းရောက်နေတာဝါ၊ သူကမှ စာတော်တာ၊ စာလည်းတော် ချောလည်းချောတော့ ကောင်မလေးတွေကလည်း ခင်ကြလို့ ဟိုကောင်တွေက ရှိုးများတယ်လေး ဘာလေးဖြစ်ပြီး ကြည့်မရ ဖြစ်နေကြတာ ခင်ဗျ"



"ဩော် ... အဲဒီလိုလား"

မိခင်နှစ်ယောက်က မင်းသ စကားကြောင့် သဘော တကျ ရယ်မောကြပါသည်။

၀၄

"သားတို့ ညှော်သည်တွေတောင် ရှင်းစပြုပြီ၊ စားကြတော့မလား၊ မင်းညတို့ မိုးသူတို့ ဆာနေကြရောပေါ့ သား"

"မဆာသေးပါဘူး အန်တီ"

"မဆာသေးဘူး မေမေ၊ ဒီကောင် မင်းည အစားထက် အရေးကြီးတဲ့ကိစ္စ ရှိနေတယ်"

"ဟော့ကောင်"

မင်းညက မိုးသူရ စကားကို ပြုံးစိစိဟန့်လိုက်ပါသည်။

မိုးသူရအမေက သားလူပျို့ရဲ့အမေပီပီ နိုက်နိုက်ချွတ်ချွတ် စပ်စုမနေဘဲ "ပြီးတာပဲ"ဆိုတဲ့ နားလည်မှုပေးတဲ့အပြုံးနှင့်သာ သူတို့နားက ပြန်ထွက်သွားပါသည်။

"မင်းနော် ... အန်တီ ရိပ်မိသွားတော့မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရိုပ်မိပစေပေါ့ကွ၊ ကောင်းတာပေါ့"

"ဟော့ကောင် ...၊ မင်း ဒီလောက် အိုက်တင်မခံနဲ့ကွာ၊ အာရခဲ မင်းစရိုအမျိုးလားကွ မိုးသူရ၊ ဟုတ်လား"

မိုးသူရက ဟာဟိဟိ ရယ်နေပါသည်။

မင်းညို မျက်လုံးများက ခပ်လှမ်းလှမ်းစားပွဲမှာ မိခင်ဖြစ်ဟန်တူတဲ့ အမျိုးသမီးကြီးတစ်ယောက်နှင့် အတူထိုင်နေသော အဖြူရောင်ကောင်မလေးထံသာ တဝဲဝဲ ဖြစ်နေပါသည်။ ဆံပင်ပုံ အဆန်းလေးနှင့် ခပ်တည်တည် ဣန္ဒြေရရလေး ထိုင်နေတဲ့ ကောင်မလေးဟာ မင်းညအတွက် ငေးကြည့်ချင်စဖွယ် အလှလေးတစ်ပါး ဖြစ်လို့နေပါသည်။

"ဟော့ကောင် ... ပြောလိုက်စမ်းပါ မိုးသူရရာ၊ ဒီကောင့်ရုပ်ကြီးလည်း ကြည့်ကွာ၊ နားလည်းငြီးလာပြီ"

စိုးသူက ဗိုက်ကိုပွတ်ရင်း ပြောရင်းက တစ်ဆက်တည်း ...

"ဒီကောင်က သူ့အာရုံနဲ့သူ မဆာပေမယ့် ငါဆာတယ်ကွ၊ ဟိုဝိုင်းလွတ်နေပြီပဲကွာ၊ လာ ... သွားစားကြရို၊ မင်းညထကွာ၊ မင်းကောင်မလေးဝိုင်းနဲ့လည်း နီးတယ်၊ အဲဒီကို သွားမယ်"

"အေး"





ကောင်မလေးဝိုင်းနှင့် ပိုနီးသွားတဲ့ စားပွဲကို သူတို့ရွှေ့လာခဲ့ကြပါသည်။ မိုးသူရတို့အဘွားမွေးနေ့ ဘုန်းကြီးကျောင်းမှာ လှူဖွယ်တွေလည်းလှူ၊ ညည့်ပရိသတ်ကိုလည်း ဒံပေါက်ထမင်းကျွေးညည့်ခံတဲ့ အလှူပွဲပါ။ ညည့်သည်တွေ များနေချိန်တုန်းက သူတို့မစားကြသေးဘဲ ဘောဖယ်နေခဲ့တာ။

ခုတော့ လူလည်းရှင်းစပြုပါပြီ။

"ဟော့ကောင် ... သူတို့စားပွဲကို အချိုပွဲတို့ လက်ဖက်တို့ ထပ်ချခိုင်းလိုက်ပါဦး၊ လက်ဖက်ပန်းကန်က ပြောင်တော့မယ်"

"မင်းက အလှူရှင်လား၊ ငါက အလှူရှင်လား ... ဟေ၊ ငါချချင်မှ ချမယ်ကွာ"

"ဟာ ... ဘယ်လိုအလှူရှင်လည်းကွာ၊ တွန့်တွန့်တိုတိုနဲ့ ကုသိုလ်တွေတော့ ရဦးမယ်"

"မင်းကို အမြင်ကတ်လို့ မချမှာကွ"

သုံးယောက်သား ကျိတ်ပြော ကျိတ်ရယ်နေကြပါသည်။ သူတို့စားပွဲကို မိုးသူရရဲ့ အစ်မဝမ်းကွဲ အပျိုကြီးတစ်ယောက်က ဘာလချောင်ကြော်တွေ သရက်ချဉ်တွေ ဟင်းချိုတွေ လာဖြည့်ဆည်း ချပေးနေရင်းက ပြန်အထွက်မှာ ကောင်မလေးတို့ဝိုင်းဘက် မျက်စိရောက်ကာ ...

"ဟယ် ... မိုးသည်း"



www.burmeseclassic.com

www.burmeseclassic.com



မမချိုရဲ့ အော်ကြီးဟစ်ကျယ် ဝမ်းသာအားရသံကြောင့် ကောင်မလေးက လှည့်ကြည့်လာကာ တည်သောမျက်နှာလေး ဝင်းပချိုမြသွားလျက် ...

"မမချို"

"ဟယ် ... ငါ့ညီမလေး လှလို့ဟယ်၊ မတွေ့တာကြာလှပြီ၊ ကြည့်ပါဦး မိုးသည်းရယ်၊ အပျိုကြီးဖားဖားဖြစ်ပြီး ကိုရီးယားမင်းသမီးလေး ကျနေတာပဲ"

"အာ ... မမချိုကလည်း၊ ဟုတ်လည်း မဟုတ်ဘဲနဲ့"

"ဘာလို့မဟုတ်ရမှာလဲ၊ အန်တီ ... နေကောင်းတယ်နော်"

"အေး ... ကောင်းတယ် ချိုရေ၊ ရန်ကုန် ရောက်နေတာလား"

"ဟုတ်ကဲ့ ... သီးစစ်စိုင်ဗာလည်း လာဖြေရင်း အဘွားမွေးနေ့ထိ မပြန်ဘဲ နေလိုက်တာ၊ သောကြာနေ့ပြန်မှာ အန်တီ၊ ဝမ်းသာလိုက်တာ အန်တီတို့ မိုးသည်းတို့နဲ့တွေ့ရတာ၊ အန်ကယ်ရော နေကောင်းတယ်နော်"

မင်းညက ပြုံးစိစိနှင့် မိုးသူ့ရဘက်လှည့်ကာ ...

"မိုးသည်းတဲ့၊ နာမည်က နှစ်လုံးတည်းလား"

"မသိဘူး"

"မင်းကလည်းကွာ၊ ဘာလဲ မင်းအမျိုးလား၊ ညီမဝမ်းကွဲလား"



"မင်းက ဒါတွေမေးပြီး ဘာလုပ်ဖို့လဲ၊ သိတော့ ဘာဖြစ်မလဲ၊ မသိတော့ရော ဘာဖြစ်လဲ"

"ငါသဘောကျလို့ မေးတာပေါ့ကွ၊ ချစ်စရာလေးမို့ သိချင်လို့ပေါ့၊ မင်းကကော ဘာဖြစ်လို့ တိုနေတာလဲ၊ မင်းညီမ မဟုတ်ရင် မင်းကြိုက်နေတာလား"

"အမယ်လေး ... ဒီ ဒစ္စကိုမာနခဲကို ငါက ကြိုက်စရာလား"

"ဘာရယ် ... ဒစ္စကိုမာနခဲ ! ၊ ဘာနာမည်ကြီးလဲ ... ဟားဟား"

"အရင်က နယ်မှာဆိုတော့ကွာ နယ်ကလူတွေက ခေတ်နည်းနည်းဆန်တာကို ဒစ္စကိုတို့ ဘာတို့ ခေါ်ကြတော့ သူ့ကို ကျောင်းမှာ ဒစ္စကိုမာနခဲလို့ ခေါ်တာကွ၊ သူက နယ်ကကျောင်းလောက်မှာတော့ အသွေးအမွေးက ပြတ်ထွက်နေတာကိုး၊ ဘာတာရှူးစ်နဲ့၊ ဇာခြေအိတ်နဲ့၊ အကျီ အဖြူဆိုလည်း ဇာနားလေးတွေ လက်ဖောင်းလေးတွေနဲ့၊ ကျောင်းစိမ်းစကတ်ကလည်း နိုင်ငံခြားကလာတာမျိုး အထပ်အတွန့်ကားကားလေးပေါ့ကွာ၊ မာနကလည်းကြီးတော့ နာမည်က ဒစ္စကိုမာနခဲ"

"ဒါဖြင့် မင်းညီမ မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး၊ သူ့အစ်ကို မဖြစ်ပါရစေနဲ့"

"မင်းကြိုက်နေလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ထပ်တရီး၊ မကြိုက်ရပါဘူးကွာ၊ ကြီးကျယ်လွန်းလို့ ငယ်ငယ်က ရန်ချည်းဖြစ်ရတာ၊ မေမေတို့နဲ့က ခင်နေကြလို့သာ၊ သူ့အဖေက အခုသမားတော်ကြီးလေ ဦးသိန်းတင့်၊ သူလည်းစာတော်တယ်ကွ၊ အိမ်စီကို နှစ်မှတ်နဲ့ပဲ ကပ်ဖြတ်တာတဲ့၊ ငါက ခြောက်တန်းအောင်တော့ ငါတို့အဖေအမေ ရန်ကုန်ပြောင်းတာနဲ့ မင်းတို့နဲ့ ခုနစ်တန်းမှာ လာတွေ့တယ် မဟုတ်လား၊ သူတို့က ကျန်ခဲ့သေးတာ၊ သူ ဆယ်တန်းနှစ်ကျမှ ရန်ကုန်ပြောင်းလာကြတာ၊ မိဘတွေချင်း ဒီမှာပြန်တွေ့ကြ၊ ပြန်ဝင်ထွက်ကြပေါ့ကွာ"

"မင်းတို့ချင်း 'သဘောတူထားသေးလား"

"ပေါက်ပေါက်ရှာရှာကွာ၊ ဇာတ်လမ်းတွေ ဆင်နေပြန်ပြီ"

"ဒါဖြင့် ငါကြိုက်တယ် မိုးသူရ"

"ဟော့ကောင်"

"ဘာလဲ"

"ငါ မကူညီဘူး"

"ဘာဖြစ်လို့လဲ၊ မင်း ကူညီရမှာပေါ့ကွ"

"သူနဲ့ငယ်ငယ်ကတည်းက ခင်တော့ ခင်ပေမယ့် သူက ဖင်ကြီးခေါင်းကျယ်ကွ၊ ခပ်မှန်မှန်ပဲ ခင်တာ၊ သူ့ကိုသွားပြီး ငါသူငယ်ချင်းကို ကြိုက်ပါဟာလို့ အောင်သွယ်ရမှာ အောက်လို့ပါကွာ၊ မင်းဟာမင်းလိုက်၊ ငါနဲ့မဆိုင်ဘူး၊ ကူလည်းမကူညီဘူး"





"မင်းကလည်း"

"မင်းလိုအပ်တဲ့ အချက်အလက်တွေ ပေးမယ်၊ ကိုယ့်ဟာကိုယ် လှုပ်ရှားကွာ"

"ဒါဆိုလည်းပြီးရော၊ နာမည်က မိုးသည်းပဲလား"

"မိုးသည်းသည်းမိုး တဲ့"

"မိုက်တယ်ကွာ"

"သေလိုက်ကွာ"

မင်းညက ကောင်မလေးကို တိတ်တခိုးကြည့်ရင်း ရင်ထဲမြူးထူးလိုက်ခုန်နေပါသည်။ မိုးသူရက ပွစိစိ။

"မင်းနဲ့ သိပ်သဘောမတူဘူး ဟော့ကောင်"

"ဘာလို့လဲကွ"

"မင်းကိုတော့ ဘဝင်မြင့်မှာစိုးလို့ မြှောက်မပြောချင်ပေမယ့် မင်းက သဘောကောင်းတယ်ကွ၊ စိတ်ထားဖြူစင်အေးချမ်းတယ်၊ လူတစ်ဖက်သားကို သနားတတ်တယ်၊ ကူညီတတ်တယ်၊ ကိုယ့်ဘက်က အနွံအတာခံ ပေါင်းတတ်တဲ့ကောင်၊ အနစ်နာခံတယ်၊ တစ်ကိုယ်ကောင်းအတ္တ မရှိဘူး ...

ပြောရရင် မင်းက ကိုယ့်ကိုယ်ကိုယ်အတွက်ထက် သူတစ်ပါးအတွက် ပိုကြည့်မြင်ပေးပြီး ရှင်သန်နေထိုင်တဲ့ လူမျိုး၊ မင်းဒေါသဖြစ်တာ စိတ်ကောက်တာ မျက်နှာပုပ်နေတာ သူများကို မကောင်းပြောတာ စိတ်ပုပ်မွေးတာ



www.burmeseclassic.com

www.burmeseclassic.com



ကလိမ်ကကျစ်ကျတာ လိမ်တာညာတာကို အခုထိပေါင်း လာတဲ့ ခြောက်နှစ် ခုနစ်နှစ်ကျော်မှာ ငါ တစ်ခါမှ မမြင် ဖူးသေးဘူး"

မင်းညှ ခပ်ပြုံးပြုံးနှင့် သူ့မျက်နှာသူ လက်ဖဝါးနှင့် သပ်ကာ ...

"မျက်နှာပိုးသေသေနဲ့ ဣန္ဒြေဆည်ဦးမှ၊ သိပ်ချိုးမွမ်းနေတော့ မျက်နှာပိုး မသေချင်တော့ဘူး"

"မင်းက အရမ်းကောင်းတယ်ကွ၊ စိတ်ထားပြည့်ဝတယ်"

"မင်းကလည်းကွာ၊ သူက မကောင်းလို့လား"

"သူက စိတ်ပုပ်စိတ်ယုတ် မရှိပေမယ့် တစ်မျိုးကွ၊ ကြီးကြီး ကျယ်ကျယ်ပါဆို၊ ဘဝင်ကခပ်မြင့်မြင့်နဲ့၊ ခပ်တည်တည် ပဲများများနဲ့၊ မင်းနဲ့တော့ ပုံစံချင်းမတူတာအမှန်ပဲ မင်းညှ"

"ပုံစံချင်းတူမှ ချစ်ရမယ်လို့မှ မရှိတာကွာ"

"အေးပါ ... ဟုတ်ပါတယ်၊ ဒါပေမဲ့ကွာ ငါက တကယ် အမှန်အတိုင်း ပြောပြတာပါ၊ မင်းဘက်က နမြောတာကွ"

"ဟား ဟား ဟား"

"မင်းက စိတ်ကောင်းနှလုံးကောင်း သဘောဖြူအရှင်း ကောင်မလေးမျိုးနဲ့ ဆုံသင့်တယ်၊ နို့မို့ရင် မင်းသဘော ကောင်းပုံနဲ့ ဟိုဘက်က ရောင့်တက်ပြီး မင်းချည်းပဲ အနိုင်ခံ နေရမှာ"





"ဒါတွေက နောက်မှ စဉ်းစားရမှာပါ မိုးသူရရာ"

"ဘယ်ဟုတ်မလဲ၊ ခုကတည်းက ကြိုစဉ်းစားရမှာပေါ့ကွ"

"မင်းကလည်းကွာ၊ သူ့မျက်နှာလေးက စိတ်ပုပ်ပုံ မရပါ ဘူး"

"စိတ်ပုပ်တယ်လို့လည်း ငါက မပြောပါဘူး၊ ဘဝင်မြင့် တာ၊ သူ့ဘက်က အလျှော့မပေးတတ်တာမျိုးတွေပါ"

"သူ မလျှော့ရင် ငါလျှော့မှာပေါ့ကွ"

"မင်း သေလိုက်တော့ မင်းညှ"

မိုးသူက ဒဲပေါက်ကို ပလုတ်ပလောင်းစားရင်း နားထောင်နေရာက ...

"ခံတဲ့သူက ခံမယ့်ဟာကို ကြားကကောင်က မတွေးနိုင် ဘူးဖြစ်နေပြီ၊ သူ ဒီလောက်ဖြစ်နေလည်း မိတ်ဆက်ပေး လိုက်စမ်းပါ မိုးသူရရာ"

"မဆက်ပေးပါဘူး"

"မင်းကလည်း သူငယ်ချင်းချင်းကို"

"သူငယ်ချင်းချင်းမို့ ပြောနေတာ၊ ဒီကောင် သူ့ဟာသူ အကြောင်းရှာ မိတ်ဖွဲ့တာမှ ပိုအဆင်ပြေလိမ့်မယ်၊ ငါ့ သူငယ်ချင်းဆိုပြီး ငါက သွားမိတ်ဆက်ရင် သူကအကြောင်း ကြီး လုပ်ပစ်လိုက်တော့မှာ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် စိုးသူ နေပစေ၊ ငါလည်း ငါ့ဟာငါ ဝင်ရတာ ပိုကြိုက်ပါတယ်၊ သူငယ်ချင်းကတစ်ဆင့် မိတ်ဆက်ခိုင်း ပြီးသိရတာ နည်းနည်းပေါ့တယ်ကွ"

"ဒါဆိုလည်း ပြီးတာပဲ"

"မိုးသူရ ... မင်းကတော့ သူနဲ့ပတ်သက်တဲ့ အကြောင်း အရာ အချက်အလက်တွေ အားလုံးပြောပြ၊ ငါဝင်ရလွယ် အောင်"

"အင်း ... ပြောပြမယ်"

မင်းညက မိုးသည်းဘက် လှည့်ကြည့် လှည့်ကြည့် လုပ်လွန်း၍ ထင်ပါသည်။ ခဏအကြာမှာတော့ မိုးသည်းက အနည်းအကျဉ်း စတင်ရိပ်မိလာဟန်ရှိပြီး မင်းညကို ခပ်တင်းတင်း သော မျက်လုံးကလေးနှင့် မျက်စောင်းချိတ်မလို ပြန်ကြည့်လာ သည်။

ဆံပင်တိုစတိုင် ဆန်းဆန်းလေးနှင့် လည်တိုင်သွယ် သွယ်လေးမတ်ပြီး မေးစေ့လေးရှေ့ထွက်အောင် မျက်နှာကိုပင့်ချိ ထားတဲ့ ဟန်ကလေးဟာ မင်းည မျက်ဝန်းထဲက မထွက်နိုင်အောင် စွဲမက်စရာ ဟန်မူရာလေး ဖြစ်နေပါတော့သည်။

○ ❦ ○





## မိုးသည်း...။

မိုးသည်းသည် မောင်လေးကို မာမီ ထမင်းကျွေးနေ တာကို မလှမ်းမကမ်း တစ်နေရာမှ မျက်တောင်မခတ် စိုက်ကြည့် နေပြီးသော် ...

"မာမီ"

"ဘာလဲ သမီး"

"မာမီ့ပေါင်ပေါ်မှာ ထိုင်ချင်တယ်"

ရုတ်တရက် ပူဆာပုံကြောင့် ဒေါ်မိုးကလျာက တအံ့တဩနှင့် လှမ်းကြည့်ရင်း ...

"ဘာဖြစ်လို့လဲ သမီး"

"မာမီ့ပေါင်ပေါ်မှာ ထိုင်ချင်လို့"

"အင်းလေ ... ရုတ်တရက် ဘာဖြစ်လို့လဲ သမီးရဲ့"

"ထိုင်ချင်လာလို့"

ဒေါ်မိုးကလျာက ခပ်ဖွဖွ ရယ်မောရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မာမိ… မောင်လေးကို ထမင်းခွံ့ကျွေးနေတယ်လေ သမီးရဲ့"

"မိုးကို ပေါင်ပေါင်မှာ တင်ထားပြီး ကျွေးပါ မာမိ"

"ဟင် … ဘယ်လိုလုပ် ကျွေးမလဲ သမီးရဲ့"

"မောင်လေးက သူ့ဟာသူ လှည်းထဲထိုင်နေတာပဲဟာ၊ မာမိ့ပေါင်ပေါ်မှာမှ မဟုတ်တာ"

"ဒါပေမဲ့ သမီးကို ပေါင်ပေါ်တင်ထားရင် သမီးကိုယ်လုံးက ကွယ်နေတော့ မောင်လေးကို ထမင်းဘယ်လိုခွံ့တော့မလဲ သမီးရဲ့"

"ရအောင်ခွံ့ပေါ့"

"မိုးသည်းတော့ ဂျီတိုက်နေပြီနော်"

"ထိုင်မယ်"

"ပြီးမှထိုင်၊ မောင်လေး ထမင်းကုန်မှ လာထိုင်"

ဆယ်နှစ်သမီးအရွယ် ကလန်ကလားဝင် ဖြစ်စပြုသော မိုးသည်းက လှည်းထဲထိုင်နေသော သုံးနှစ်အရွယ်မောင်လေးတင့်ဘုန်းမိုးကို မနာလိုခြင်းကြီးစွာသော မျက်လုံးကြီးနှင့် မျက်စောင်းထိုးလိုက်၍ မောင်လေး မျက်နှာက ငိုမဲ့မဲ့ ဖြစ်သွားပါသည်။

"မာမိ … အနဲ ထိုင်ချင်တာ"

"မိုးသည်းနော် … ဂျီတိုက်စရာမရှိ လာတိုက်နေတယ်"

"မာမိ့ပေါင်ပေါ်မှာ မိုးသည်း မထိုင်ရတာ ကြာနေပြီ"





"ညည်းဟာညည်း မထိုင်ချင်လို့ လာမထိုင်တာပဲဟာ၊ မာမိ အားလပ်နေတုန်း မောင်လေး အိပ်နေတုန်း ဆော့နေတုန်းတွေကျတော့ လာမထိုင်ဘဲနဲ့"

"ခုမှ ထိုင်ချင်လာတာ"

"နောက်မှထိုင်"

"ဘာလို့လဲ"

မိုးသည်းက ငိုမဲ့မဲ့နှင့် မျက်နှာစူပုပ်လာပါသည်။

"ဟဲ့ … ခြောက်၊ ဒီမှာ ကလေးထမင်းကျွေးနေတယ်လေ၊ ငါ့နှယ်နော်"

"မမဂျမ်းကို ကျွေးခိုင်းလိုက်"

"မမဂျမ်း မအားဘူး"

"မမဂျမ်းကိုပဲ ကျွေးခိုင်းလိုက်ပါဆို၊ မာမိ မိုးသည်းကိုကျွေး"

"ဟင်"

ဒေါ်မိုးကလျာက ရယ်ချင်ပုံ အာမေဍိတ်ပြုပြရင်း မလှမ်းမကမ်း ဒရင်းမ်ဘက်ဒ်ပေါ်မှ ခင်ပွန်းသည်ကို လှမ်းကြည့်လိုက်ပါသည်။ သတင်းစာ ဖတ်နေသော ဦးသိန်းတင့်ကလည်း စကားသံတွေကို နားစွင့်အကဲခတ်နေပါသည်။

"တွေ့လား … ကို့သမီး ဂျီတိုက်နေတာ၊ နေရင်းထိုင်ရင်း"

"သမီးလာ … ဒက်ဒီ့ပေါ် လာထိုင်လေ"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



"လာပါဆို၊ ဒက်ဒီဆီလာ"

"ဟင့်အင်း"

မိုးသည်းမျက်နှာက တစစ ငိုမဲ့နီမြန်းလာရာမှ မျက်ရည်ပေါက်ကြီးတွေ တကယ်ပြုတ်ကျလာပါသည်။

"ဟောတော် ...၊ ရှင့်သမီးတော့ အတော်မျက်ရည်ပေါနေပုံရတယ်၊ မိုးသည်းနော် ... ဘာဖြစ်နေတာလဲ"

"မာမီက မိုးကိုတော့ ထမင်းခွံ့မကျွေးဘူး၊ မောင်လေးကိုပဲ ခွံ့ကျွေးတယ်၊ ဒီကောင်ပဲ မာမီ့အနားကပ်နေတာပဲ၊ စတူးပစ်ကောင်"

"ဟဲ့ ... ညည်းက ဆယ်နှစ်ကျော်ပြီ၊ ထမင်းခွံ့ကျွေးဖို့လိုလား၊ ငယ်ငယ်က ဒီလိုပဲ မာမီခွံ့ကျွေးခဲ့တာပဲဟာ၊ အခုငါးတန်းတောင်ရောက်ပြီ၊ ကိုယ့်ဟာကိုယ် စားနိုင်သားနဲ့ မာမီက ဘာကိစ္စခွံ့ရမှာလဲ၊ မောင်လေးက သူ့ဟာသူ မစားတတ်လို့ ခွံ့ကျွေးတာ"

ဒေါ်မိုးကလျာက သားကို ထမင်းလေးခွံ့လိုက်၊ ရေလေးတိုက်လိုက်၊ စွပ်ပြုတ်လေးတိုက်လိုက်၊ ပါးစပ်လေးသုတ်ပေးလိုက် စည်းချက်ညီညီ ဂရုတစိုက် လုပ်ကိုင်ပေးနေတာကို မနာလိုခြင်းကြီးစွာ ငေးကြည့်ရင်း မိုးသည်းက ခြေဆင်းပေထိုင်နေရာမှ ခြေထောက်ကို ပွတ်ကာ လိမ်ကာ ကျစ်ကာ စိတ်တွေကောက်နေပါလေသည်။



"မိုးကို မကျွေးတာဖြင့် ကြာလှပြီ"

"ကြာပြီပေါ့၊ ကျောင်းတက်တော့ ကိုယ့်ဟာကိုယ်စားတတ်အောင် ကျင့်ရတာပဲဟာ၊ မာမီ ကျွေးစရာ ဘာလိုတော့လို့လဲ"

"ကဲ ... မိုး၊ အခု ဗိုက်ဆာပြီလား၊ သမီးတစ်နပ်တလေ ခွံ့ကျွေးတာ စားချင်ရင် မိဂျမ်းကို ထမင်းပြင်ခိုင်းလိုက်ပြီး ငါ့သမီးကို ဒက်ဒီ ခွံ့ကျွေးပါ့မယ်ကွာ"

"ဟင့်အင်း"

"မာမီ ကျွေးမှလား"

"အင်း"

"ကိုနော် ... ဘာမှ လိုက်လျောစရာ မဟုတ်တာကို အကျင့်ပါလိုက်တာ၊ အကျင့်ဖျက်လိုက်တာ တကယ်ပဲ၊ ကိုယ့်ဟာကိုယ် ဆေးရုံနားရက် အေးအေးဆေးဆေး နေချည်"

"ငါ့သမီးကြီးက ဝမ်းနည်းနေတာကွ၊ ဟုတ်လား သမီးကြီး"

"ဝမ်းမနည်းပါဘူး"

"ဒါဖြင့် ဘာဖြစ်နေလဲ"

"တင့်ဘုန်းကို စိတ်တိုနေတာ"

www.burmeseclassic.com

www.burmeseclassic.com



"မောင်လေးကို စိတ်တိုစရာ ဘာရှိလဲ၊ မိုးသည်းတော့နော်၊ အအေလုပ်တဲ့သူက ချော့ပြောတတ်တဲ့သူမို့ ရှောင့်တက်နေတယ် ဟုတ်လား၊ ဟိုတစ်နေ့ကလည်း အလကားနေရင်း ကလေးကို လုပ်ပြီးပြီ၊ ကိုယ့်မောင်လေး ကိုယ်ကြည့်တာ တောင်မှ မျက်ထောင့်ကြီးနဲ့ ကြည့်တယ်၊ ဘယ်လိုရန်လိုမှန်းကို မသိဘူး"

မာမီ့စကားကြောင့် မျက်ရည်ပေါက်သာ ကျနေလက်စဖြစ်သော မိုးသည်းက ကိုယ်လုံးလေးတုန်ကာ ရှိုက်သံပါထွက်လာပါသည်။

"တော်ပါတော့ ကလျာရယ်၊ မင်းကလည်း ..."

"ဖအေက ကာဆီး ကာဆီး လုပ်မှန်းသိလို့ မောင်လေးကို အမြဲပဲ လိုက်ယှဉ် လိုက်နိုင် လိုက်သဝန်တို မနာလို၊ အကောင်းကို မမြင်ဘူး၊ ထိုင်နေရင်းနဲ့များ ဘာအကြောင်းမှမရှိဘဲ သူ့ဟာသူလိုက်ရစ် သူ့ဟာသူ ရှိုက်ကြီးတငင်ငိုရတယ်လို့ တကယ်ပါပဲ"

"သမီး လာ၊ မာမီ မအားဘူး၊ သမီး ဆက်ဂျီတိုက်နေရင် မာမီက ဒေါသထွက်လာလိမ့်မယ်၊ သမီးနဲ့ ဒက်ဒီနဲ့ လမ်းထိပ်ထိ လမ်းလျှောက်ပြီး ရေခဲမုန့် သွားစားမယ်"

"ဟယ် ... ဒက်ဒီနော်၊ ခဏနေ ထမင်းစားရမယ့်ဟာကို"





"ခဏနေမှ စားရမှာပဲကွာ၊ အချိန်တန်ရင် စားမှာပေါ့"

ပါးနပ်တဲ့ မိုးသည်းဟာလည်း သူ့မာမီထံက ရှေ့တို ဒေါသတွေပဲ ဆက်ကာ ဆက်ကာ တိုးကာ လက်ခံရတော့မှာကို ရိပ်မိသည်ဖြစ်၍ အေးအေးဆေးဆေး ဒက်ဒီနှင့် ရေခဲမုန့်လိုက်စားလိုက်တာက အကျိုးရှိသည်ဆိုတာ သိပါသည်။ ဒါကြောင့်လည်း ဆက်လက်ပေကတ်မနေတော့ဘဲ ဒက်ဒီ့နောက်ကို ထ,လိုက်လာခဲ့ပါသည်။

ဒက်ဒီကတော့ မိုးသည်းကို အမြဲစိတ်ရှည်လက်ရှည် ချော့တတ်သူပင်။

"နောက်ကို သမီးပြောချင်တာတွေ ဒက်ဒီ့ကိုလာပြော၊ မာမီက မောင်လေးကိစ္စဝိစ္စတွေနဲ့ အလုပ်မအားတော့ စိတ်တိုနေတာပေါ့ သမီးရဲ့"

"ဒက်ဒီက ဒီနေ့တစ်ရက်လောက်ပဲရှိတာ၊ ဆေးရုံသွားလိုက် ဆေးခန်းသွားလိုက် သွားရတာ၊ မာမီက အိမ်မှာအမြဲရှိတော့ မာမီ့ကိုပဲ ပြောရတာပေါ့"

"အဲဒါဆို သမီး အဆူခံရမှာပေါ့"

"မာမီက အခု မောင်လေးကို ပိုချစ်နေလို့ မိုးကို ခဏခဏ ဆူတာ မဟုတ်လား ဒက်ဒီ၊ မိုးကို ဂရုမစိုက်ရင် မိုး မကြိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မာမိ မစိုက်ရင်နေ၊ ဒက်ဒီ ဂရုစိုက်မှာပေါ့ သမီးရဲ့၊ ဒက်ဒီကတော့ မောင်လေးနဲ့ယှဉ်ရင် ငါ့သမီးကိုပဲ ပိုချစ်တာ"

မိုးသည်း မျက်နှာက ကျေနပ်သလို ပြေလျော့သွားပါသည်။

○ ❦ ○

"အား ... ဝမ်းသာလိုက်တာကွာ၊ ပျော်လိုက်တာ"

မင်းညက လက်သီးလက်မောင်းတန်း ခုန်ထ,ကာ အော်ဟစ်လိုက်ပြီးသော် သူတို့ထိုင်နေတဲ့ ခုံတန်းရှည်လေးကို စိတ်လှုပ်လှုပ်ရှားရှားနှင့် တစ်ပတ်ပြီးတစ်ပတ် ပတ်လျှောက်နေပါသည်။

"ဘယ်လိုဖြစ်နေတာလဲလို့၊ တကယ်ပါပဲ၊ ခေါင်းတောင်မူးလာပြီ"

ခပ်ရှက်ရှက်လေး မျက်နှာလေး နီရောင်ပြေးနေတဲ့ကြားက မိုးသည်းက ဣန္ဒြေဆည်ကာ မင်းညကို ဟန့်သည်။ မျက်လုံးလေးကတော့ မင်းညကို တည့်တည့်မကြည့်ဘဲ ဆောင်းကို ခပ်ဝဲဝဲလွဲလျက်သားပင်။

"အရမ်းပျော်လို့ပါ မိုးသည်းရ"





"ငြိမ်ငြိမ်ထိုင် ပျော်နေလည်း ရတာပဲဟာ၊ ခုံကို ပတ်လျှောက်နေရတယ်လို့ ထိုင်တော့ဆို မင်းည"

"အင်းပါ"

မင်းညက ဝင်ထိုင်ရင်း ...

"အမိန့်တော်မြတ်အတိုင်းပါ မ,ဖုရား၊ အမိန့်ကို အမြဲတမ်းနာခံပါ့မယ်"

"အမယ် ... အပိုတွေ သိပ်မပြောပါနဲ့၊ မိုးက မင်းည ပြောသမျှစကားတွေ တစ်လုံးမကျန် အကုန်မှတ်ထားတာ၊ နောင်ကိုလည်း မှတ်ထားမှာ၊ နောက်ကျမှ ကိုယ်ပြောတဲ့စကား ကိုယ်မေ့မသွားစေနဲ့၊ မပေးနိုင်တဲ့ ကတိကိုလည်း ခုကတည်းက မပေးနဲ့၊ ပြောပြီး ပေးပြီးရင်တော့ စကားတည်ရမယ်"

"တည်မှာပါ မိုးသည်းရယ်၊ ကိုယ့်ကိုယုံပါ"

"ယုံပါတယ်၊ ယုံရမယ့် ယောကျ်ားတစ်ယောက်လို့ ယူဆလို့လည်း မင်းညကို ခေါင်းညိတ်တာပေါ့ မင်းညရဲ့"

"ခုလို ခေါင်းလေးတစ်ချက်ညိတ်တာကို မြင်ရဖို့အရေး တစ်နှစ်လောက် စောင့်ရတယ်"

"ဩော် ... တစ်နှစ်ကတော့ စောင့်ရမှာပေါ့၊ တစ်နှစ်ပဲ အချိန်ယူစဉ်းစားတာတောင် တကယ်တော့ မြန်နေသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မလေ့ထုံးတမ်းအရဆိုရင် သုံးနှစ်လောက် အချိန်ယူရမှာ"

"မလေ့ထုံးတမ်းတွေ မလိုပါဘူးကွာ"

"လိုအပ်သလောက်တော့ လိုပါတယ်နော်၊ ဒါပေမဲ့ အခုလည်း မိုးက ဘယ်မှာသုံးနှစ်အချိန်ဆွဲလို့လဲ၊ တစ်နှစ်တည်းရယ်၊ တစ်နှစ်ကို ကြေးများမနေနဲ့"

"မများပါဘူး၊ အခု ရပြီပဲ၊ စောင့်ရကျိုးနပ်တယ်"

မိုးသည်းက ရှင်းသန့်ကြည်လင်လှတဲ့ မင်းညရဲ့မျက်နှာကို စိုက်စိုက်လေး ကြည့်လိုက်ပါသည်။ ချစ်သူ ကြိုက်သူ လိုက်သူတွေ အများကြီးထဲက မင်းညကိုမှ မိုးသည်းရဲ့နှလုံးသားက လှုပ်ရှားသက်ဝင်ခဲ့သည်ဖြစ်၍ ကိုယ့်ကိုယ်ကိုယ်တောင် အံ့အားသင့်ရသေးတာပါ။

မင်းညကို မိုးသည်းချစ်ပါသည်။ ကိုယ့်နှလုံးသားက တကယ်တမ်း ချစ်မြတ်နိုးတဲ့သူကျတော့ သူ့ကို ခေါင်းညိတ်မယ် မညိတ်ဘူး အထူးတလည် စဉ်းစားမနေခဲ့ရပါ။ မြန်မြန်ဆန်ဆန် ခေါင်းညိတ် လက်ခံပစ်လိုက်ချင်လို့သာ ကာနှစ်ကြာတဲ့အထိ အချိန်ဆွဲယူလာခဲ့ပေမယ့် နှလုံးသားထဲမှာတော့ သူတစ်ယောက်ကိုသာ မြတ်မြတ်နိုးနိုး သော့စတ်သိမ်းဆည်းထားခဲ့တာကြာပါပြီ။



ဒီအချိန်ကာလတွေ အတွင်းမှာလည်း မင်းညအပေါ် စိတ်ကွက်စရာ စိတ်ပျက်စရာ မနှစ်သက်စရာ မကျေနပ်စရာ ဆိုတာတွေ ဘာတစ်ခုမှ မတွေ့ခဲ့ရတာပါ။ ဒါဟာလည်း မင်းညက တမင်တကာ ဟန်ဆောင်ဖုံးကွယ်ထားတာမျိုး ဘာတစ်ခုမှ မတွေ့ရဘဲ သူ့နဂိုနေအပြုအမူ အကျင့်စရိုက်တွေကိုက အပြစ်ကင်းစင်ပြီး ဖြူစင်နေတာသာပါ။

"မင်းည"

"ဟင် ... မိုး"

"မင်းညကို မိုးရဲ့အကျင့်စရိုက်တွေ ကြိုသိသင့်သလောက် ပြောထားချင်သေးတယ်"

"အင်း ... ပြောလေ မိုး"

"မိုးက အတ္တနည်းနည်းကြီးတယ် မင်းညရဲ့"

မိုးသည်းက မင်းညကို လှည့်ပြီးအကဲခတ်လိုက်ရင်း ...

"တစ်ကိုယ်ကောင်း ဆန်ချင်တယ်"

"အတ္တနည်းနည်းမကြီးဘဲ များများကြီး၊ တစ်ကိုယ့်ကောင်းမက ရှစ်ကိုယ် ကိုးကိုယ် ဆယ်ကိုယ်ကောင်း ဆန်လိုက်စမ်းပါ၊ မိုး ဘယ်လို မိန်းကလေးပဲ ဖြစ်ပစေ မိုးကို ကိုယ်က ချစ်ကိုချစ်တာ၊ သိပ်ချစ်တာ၊ စ,တွေ့တွေ့ချင်း မြင်မြင်ချင်းမှာပဲ အရမ်းချစ်ခဲ့တာ ...

www.burmeseclassic.com

www.burmeseclassic.com



ဒီအချစ်က မိုး ဘာဖြစ်ဖြစ် ဘာလုပ်လုပ် ပျောက်ပျက်သွားမှာ မဟုတ်ဘူး၊ သေတဲ့အထိ တစ်သမတ်ရှိသွားမှာ၊ နည်းနည်းကလေးတောင် လျော့သွားမှာမဟုတ်ဘူး၊ ကိုယ်က ချစ်ဖို့အတွက် မိုး တကူးတက ဘာမှပြင်ဆင်စရာ ရှောင်စရာ ဆောင်စရာတွေ မလိုဘူး၊ နေမြဲတိုင်းနေတာလေးကိုပဲ သိပ်ချစ်နေပြီးသား”

“အပြောလေးက ကောင်းလိုက်တာ ဦးမင်းညရယ်၊ ဒီလိုပြောတတ်မယ်တောင် မထင်ရပါလား”

“ဒါရင်ထဲမှာ အလိုအလျောက် ရှိနေတဲ့ စကားတွေလေ၊ ကြိုးစားဖန်တီးပြီး စကားလုံးစီနေရတာ မဟုတ်ဘူး”

“အင်းပါ၊ မိုး ယုံပါတယ် မင်းညရယ်”

“အပြစ်တွေလည်း ရှာကြံပြောမနေနဲ့”

“ရှာကြံပြောနေတာ မဟုတ်ဘူး မင်းညရဲ့၊ မိုးက သဝန်တိုတတ်တယ်၊ မနာလိုတတ်တယ်၊ ပြီးတော့ ကိုယ့်ဘက်ကသည်းညည်းမခံချင်ဘဲ ကိုယ်ပဲအနိုင်ရချင်တယ်၊ မကောင်းတဲ့အကျင့်တွေ တော်တော်များများ ရှိတယ်၊ အဲဒါကြောင့် မိုးမှာ အပေါင်းအသင်း သူငယ်ချင်းလည်း နည်းတယ်၊ မင်းညမှာဆိုရင် အမြဲတွဲတဲ့သူတွေအပြင် ရောက်လေရာအရပ်မှာ ခင်တဲ့သူ အပေါင်းအသင်းမိတ်ဆွေတွေ အများကြီးပဲ၊ တွေ့သမျှလူတိုင်းက မင်းညကို ချစ်ကြ ခင်ကြတာကို မိုး မြင်နေရတာလေ ...





မင်းညကို ချီးကျူးပါတယ်၊ မင်းညက တကယ်ကိုချစ်ဖို့ကောင်းတာပါ၊ မိုးတင်မကဘဲ ချစ်တဲ့သူတွေ အများကြီးဆိုတာ မိုး သိပါတယ်၊ ကလေး လူကြီးလူငယ်မရွေးပဲ၊ အိမ်မှာ မာမီကတော့ မင်းည အပေါ် အမှတ်ပြည့်ပဲ”

“ဟင် ... ဟုတ်လား၊ ဘာဖြစ်လို့တဲ့လဲ မိုး”

“မာမို့ခွေး ဂျက်ကီ သေသွားတုန်းကလေ၊ မတော်တဆမင်းညလည်း အိမ်ရောက်နေတဲ့အချိန်နဲ့ တိုက်တိုက်ဆိုင်ဆိုင် ... မှတ်မိလား”

“အင်း ... မှတ်မိပြီ မိုး”

“မာမိက ကြေကွဲပြီး မျက်ရည်စမ်းစမ်း ဖြစ်နေတာလေ၊ အဲဒီတုန်းက မင်းညက အန်တီ ... ကျွန်တော် လုပ်ပေးမယ်၊ အန်တီမလာနဲ့ နားနေဆိုပြီး ခြံဘေးဘက်ထောင့်မှာ ပေါက်တူးနဲ့မြေတွင်းတူးတော့တာ၊ မိုးက ဘေးက ဆွတာတလေး ဟိုဟာယူပေး၊ ဒီဟာယူပေး ကူရုံပဲလေ၊ မင်းညပဲ အဝတ်တွေ ဘာတွေနဲ့ သေချာထုပ်၊ တွင်းထဲထည့် မြှုပ်ပေးသွားတာလေ”

မင်းညက ပြုံးနေပါသည်။

တကယ်လည်း သူဟာ သူ့အနီးအနား နံဘေးဝန်းကျင်မှာ တစ်ယောက်ယောက် တစ်ခုခု လိုအပ်နေလျှင် သူကူညီဖြည့်ဆည်းလိုက်ရမှ ကျေနပ်သူတည်း။ သိသိမသိသိ ခင်ခင်



www.burmeseclassic.com

www.burmeseclassic.com



မခင်ခင် ကြွလျှင်ကြွသလို အလျဉ်းသင့်သင့် လှမရွေးတာကို စေတနာပိုပို ကူညီတတ်တဲ့ မင်းညရဲ့အကျင့်စရိုက် အပြုအမူလေးတွေ ချစ်စရာကောင်းလှတာကို မိုးသည်းက တစ်နှစ်လုံးလုံး မြင်နေ တွေ့နေ ကြုံနေခဲ့ရတာပါ။

"မင်းညက စေတနာကောင်းတယ်၊ စိတ်လည်းရှည်တယ်၊ အနွံတာခံတယ်၊ ဒါပေမဲ့ ..."

မင်းညက မျက်ခုံးလေးပင့်၍ မိုးသည်းကို ချစ်စနိုးကြည့်ရင်း ...

"ဘာဒါပေမဲ့လည်း မိုးရဲ့"

"ဘာဒါပေမဲ့လဲဆိုတော့ ... အဲဒီစရိုက်လက္ခဏာလေးတွေ အားလုံးကို မိုး ချစ်ပေးမယ့် အဲဒါတွေ အားလုံးဟာ မိုး အတွက်ပဲ ဦးစားပေးဖြစ်ရမယ်၊ သူများတွေအပေါ် စေတနာ မထားရဘူးလို့ မိုး မပြောပေမယ့် မိုးသည်သာလျှင် ရှေ့ဆုံးက ဦးစားပေး နံပါတ်တစ်ဖြစ်ရမယ်၊ နော် ... မင်းည"

"အင်းပေါ့ မိုးရဲ့၊ မိုးက ပထမဆုံး ဦးစားပေးပဲပေါ့"

"ကျန်တဲ့လူတွေ အားလုံးဟာ မိုးရဲ့နောက်မှာပဲ ရှိရမယ်၊ နော် ... မင်းည"

"အင်းပါ မိုးရဲ့"

"ကတိပေးလား"

"ကတိပေးတယ်"





"ဘာလို့ကတိပေး မြန်ရတာလဲ၊ မင်းည မေမေနဲ့ဖေဖေရှိ သေးတယ်လို့ ဆင်ခြေမတက်ချင်တော့ဘူးလား"

"ဟင့်အင်း ... မေမေက မှာထားတယ် မိုးရဲ့၊ ရည်းစား ထားရင် မိန်းမယူရင် အဲဒီသားရဲ့မိန်းကလေးကို မေမေ ထက် ပိုဂရုစိုက် ဦးစားပေးပါ၊ ယုယပါတဲ့၊ မေမေကလည်း မေမေ့ဆီက အဲဒါလိုချင်ခဲ့တာတဲ့၊ သားချစ်သူကိုလည်း အမြဲပဲ ဦးစားပေး နံပါတ်တစ် ထားလိုက်ပါတဲ့၊ မှာထားတာ မိုးရဲ့"

မိုးသည်းမျက်နှာလေးမှာ ချောက်ပနွံ့သည့်သော အပြုံးပွင့်လေး ဖူးပွင့်ခဲ့ပါသည်။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



# ၁

မင်းညက အပေါ်ထပ် သင်တန်းခန်းမမှ လှေကားအတိုင်း ဆင်းလာပါသည်။ သင်တန်းလွတ်ချိန်မို့ လှေကားမှာ သင်တန်းသား သင်တန်းသူတွေ ရှိနေသည်။

"ဘောကို ... ဘောကို"

နောက်မှ အသံကြား၍ မင်းညက အဆင်းရပ်ကာ မော့ကြည့်လိုက်လျှင် သူ့ဝန်ထမ်းနှစ်ယောက် ကွန်ပျူတာမော်နီတာကြီးတစ်လုံးစီကိုမ,ကာ ဆင်းလာကြတာကို တွေ့ရပါသည်။

"ဘာလုပ်ဖို့လဲ ဇော်ဇော်"

"အောက်က ဆားဗစ်စင်တာကိုပို့ဖို့ ကိုည၊ ဆရာကျော်ပို့ခိုင်းလိုက်လို့ပါ"

ရင်ဘတ်ရှေ့ပိုက်ထားတဲ့ မော်နီတာအလုံးလိုက်နှင့် ကွယ်နေ၍ လှေကားထစ်ကို သိပ်မမြင်ရလေရာ ခေါင်းကိုစောင်း





ပြီး စိတ်မှန်းနှင့် ကျော့ကြည့်ဆင်းရင်းမပျက် ဖြေကြလေသည်။ မင်းညက သူတို့ကျော်သွားတဲ့အထိ ရပ်စောင့်နေစဉ် ...

"ဘောကိုဗျ ဘောကို"

"ဘောကို အစ်မ"

လှေကားက ဆင်းလာသူတွေဟာ အလေးအပင်သယ်လာသူတွေကို အလိုက်တသိ နံရံကပ်ပြီး ရှောင်ပေးကြပေမယ့် ကောင်မလေးတစ်ယောက်ကတော့ မရှောင်။ ဂရုတောင်မစိုက်ဘဲ သူ့လွယ်အိတ်ထဲ အေးအေးဆေးဆေး ငုံ့နှိုက်ပြီး တစ်စုံတစ်ခု ရှာဖွေနေတာမို့ အဲဒီကောင်မလေးနှင့် နီးနေသော မင်းညက ...

"ညီမ ... နည်းနည်း ဘောကို ခင်ဗျ"

အနီးကပ် ငဲ့ပြောလိုက်တာကိုပင် ကောင်မလေးက ဂရုမစိုက်။ မင်းည လှမ်းအပြောမှာ ဖယ်လိုက်တော့မည် အပိုင်တွက်လျက် နောက်က ဇော်ဇော်က သိပ်မရှောင်နေဘဲ ဆက်တိုက်ဆက်ဆင်းအလာ ...။

ကောင်မလေးက မဖယ်။ ဇော်ဇော်က ကွန်ပျူတာမော်နီတာလုံးကြီးနှင့် ကောင်မလေး ကျောတစ်ခြမ်းကို အရှိန်နှင့်အတိုက်။ လုံးဝသတိပြုမိပုံမရတဲ့ ကောင်မလေးဟာ နောက်ကဆောင့်တွန်းခံရသလို ရှေ့ကို မှောက်ရက်ဟပ်ထိုးကြီး ငိုက်အကျ။

"ဟော့ ... ဟော့"



www.burmeseclassic.com

www.burmeseclassic.com



အနီးဆုံး မင်းညသည် မှောက်ရက်ပြုတ်ကျမလို ငိုက်သွားတဲ့ ကောင်မလေးကို နောက်ဖက်ကနေ လက်နှစ်ဖက် လုံးနှင့် လှမ်းပြီးသိမ်းဖက်ဖမ်းလိုက်ရပါတော့သည်။ ရှန်ပူနံ့မွှေး နေတဲ့ ကောင်မလေး ဆံပင်တွေက သူ့မျက်နှာရှေ့ အပ်နေတော့ သည်။

"ဟာ"

ဇော်ဇော်တို့ဆီကလည်း အာမေဋိတ်သံသာ ထွက် လာပြီး မင်းညကို ငဲ့ကြည့်ရင်းက မရပ်တန့်နိုင်ဘဲ ရှေ့ဆင့်နောက် ဆင့် ဆက်ဆင်းသွားကြပါသည်။

"ဟယ်တော့ … ကာရန်"

မင်းညက လှေကားလက်ရန်းဘက် ကပ်လျက်။ ဟိုဘက်နံရံဘက် ဂ ့ ဲရှောင်နေပေးတဲ့ တခြားကောင်မလေးတစ် ယောက်ထံမှ စိုးရိမ်တကြီး အသံထွက်လာလျက် မင်းည လက် ထဲက ကောင်မလေးကတော့ ဘာသံမှတောင် ထွက်မလာနိုင် အောင် အလန့်ကြီးလန့်ဖျပ်သွားပုံပင်။

ဖြစ်နေပုံက ကောင်မလေးက အောက်တစ်ထစ်မှာ၊ မင်းညက အပေါ်တစ်ထစ်မှာ။ မင်းညက နောက်ကနေ ကောင် မလေးကို အားရပါးရ ကျုံးဖက်ထားလျက်သား။ ဗိုက်နှင့်ရင်ညွှန့် တစ်ဝိုက်မှာ မင်းည လက်များက ပိုက်မိထားလျက်သား။ ကောင် မလေးဟာ အဲဒီပုံစံနှင့် ရှေ့ကိုငိုက်စိုက် ဖြစ်နေတုန်း။





မင်းညကပဲ အားနှင့်ဆွဲမတ်ကာ သူ့လက်ကို ဖြုတ် ဖယ်ရင်း …

"ဆောရီး၊ မှောက်ရက်ကျတော့မှာစိုးလို့ပါ"

ကောင်မလေးကို အလွန်အမင်း အားနာစရာကောင်း လောက်အောင် ပူးတပ်လုံးကျစ်သွားရတဲ့ အထိအတွေ့အနေအထား မို့ မင်းညက ခပ်သွက်သွက် တောင်းပန်လိုက်မိပါသည်။

"ရပါတယ် ဆရာ၊ ဆရာ ဆွဲမထားရင် သူ မှောက်လျက် ကျပြီ"

နံဘေးက ကောင်မလေးက ဝင်ဖြေလိုက်ပါသည်။ ကာယကံရှင်မလေးကတော့ တုန်တုန်ယင်ယင် ဖြစ်နေဆဲရှိရာမှ နီရဲနေတဲ့ ရှက်သော လန့်သော မျက်နှာနှင့် မင်းညကို ခမှုပဲ မော်ကြည့်လိုက်ပါသည်။

ဝိုင်းစက်ပြီး မျက်နက်သူငယ်အိမ်ကြီးကြီး မျက်ဝန်း ကြီးများက ကော်ပတ်ရုပ် အရုပ်မရဲ့ မျက်လုံးများလို အပြစ်ကင်း စင်လျက်ရှိသည်။ ဘာမှမပြောဘဲ မျက်ရည်ရစ်လည်တဲ့ မျက်လုံး ကြီးများနှင့် ငေးစိုက်စိုက် ကြောင်တောင်တောင် ဖြစ်နေတာကြောင့် မင်းညက တစ်ချက်ပြုံးရင်း …

"အရမ်းလန့်သွားတယ် ထင်တယ်"

စကားတောင် မပြောနိုင်အောင် ဖြစ်နေတဲ့ ကောင် မလေးကို မင်းညက ဖေးဖေးမမ ပြောလိုက်ပေမယ့် ကောင် လေးက ခေါင်းတောင်မညိတ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ကာရန်"

ဘေးကတစ်ယောက်က သူ့လက်မောင်းကို ကိုင်လှုပ်ခေါ်လိုက်မှ သူ့သူငယ်ချင်းကို လှည့်ကြည့်သည်။

"လန့်သွားလား ... ရရဲ့လား"

ဘေးက သူငယ်ချင်း ကောင်မလေးဟာ လန့်နေတဲ့ကောင်မလေးကို ရင်ဘတ်ကိုတောင် လက်လေးလှမ်းဖိရင်း ဂရုတစိုက် မေးပါသည်။ ဒီတော့မှ "ကာရန်"ဆိုသူလေးက သာယာညင်းပျောင်းစွာ ခေါင်းလေးနှစ်ချက် ညိတ်ပါသည်။

"အောက်ရောက်ရင် ရေလေး ဘာလေး တိုက်လိုက်ပါဦး၊ တော်တော်လန့်သွားပုံပဲ၊ စကားတောင် မပြန်နိုင်ဘူး"

မင်းညက ပြုံးပြုံးရွှင်ရွှင် တစ်ခွန်းထပ်ပြောကာ သူ့အရင်ဆက်ဆင်းလာခဲ့ပါသည်။ သူက သတိမပြုမိပေမယ့် အပေါ်ကသင်တန်းတစ်ခုခုက သင်တန်းသူလေးတွေဖြစ်မှာပင်။ သူ့ကို "ဆရာ"လို့ ခေါ်လိုက်တာယ် မဟုတ်လား။

မင်းညက အပေါ်နှစ်ထပ်မှာ ကွန်ပျူတာသင်တန်းများ၊ အောက်ဆုံးထပ်မှာ တစ်ခြမ်းက ကွန်ပြူတာအရောင်းခန်းမ ရှိုးရွမ်းနှင့် နောက်တစ်ခြမ်းက ဆားဗစ်စင်တာ ဖွင့်လှစ်ထားပါသည်။

Flying Forward နာမည်နှင့် အရောင်းဆိုင်ရော သင်တန်းရော ဖွင့်လှစ်ကာ ကွန်ပျူတာနှင့် ပတ်သက်သည့် လုပ်





ငန်းဆောင်တာတို့နှင့် စီးပွားရေးလုပ်ငန်း ထူထောင်ထားပါသည်။ ဟိုးအရင်ကတည်းက နာမည်ကြီး ကွန်ပျူတာစင်တာတစ်ခုမှာ လုပ်ငန်းအတွေ့အကြုံရရဲ့ နည်းပြ ခဏဝင်လုပ်ဖူးတဲ့အတွက် အခုလည်း သူ့သင်တန်းခန်းတွေမှာ သူသင်ကြားနိုင်တဲ့ Programming ဘာသာရပ်ကို သင်ပါသည်။

ဒီလေးထပ်တိုက်ကြီး တစ်တိုက်လုံးကိုတော့ ဖေဖေပိုင်ကာ ဖေဖေ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောက်လုပ်ထားတဲ့တိုက်ကြီးပင်။ ပြန်မရောင်းဘဲ မင်းညကို အလုပ်အတွက် သုံးစွဲခွင့်ပြုထားကာ လစဉ်တော့ ဖေဖေ့ကို အဆောက်အအုံ ငှားရမ်းခသဘော ပုံမှန် ဘဏ်မှာ ငွေသွင်းအပ်ပေးရပါသည်။

တကယ်တမ်း ဒီလို လမ်းမတန်းမှာ လေးထပ်တိုက်ကြီးတစ်ခုလုံး ငှားရလျှင် ငှားရမ်းခတင် နည်းမှာမဟုတ်။ မင်းညရဲ့လုပ်ငန်းက ခုမှအစမို့ ဒီလောက်ကြီး ဝင်ငွေအင်အား မကြီးသေးပါ။ ဝန်ထမ်းစရိတ်တွေပြီးလျှင် ကိုယ့်တစ်လစရိတ်လည်း ရှိသေးတာမို့ လစဉ် ဘဏ်အပ်သွင်းပေးနိုင်တဲ့ ငွေပမာဏဟာ တစ်လနှင့်တစ်လ မတူ။

ကွန်ပျူတာလုံးရေ များများရောင်းရတဲ့လ၊ အရောင်းမြင့်တင်တဲ့လတွေမှာ များများအပ်နိုင်ပြီး ရောင်းအားမကောင်းလှတဲ့လတွေမှာ နည်းနည်းပဲ အပ်နိုင်သည်။ ဖေဖေက အဆောက်အအုံခ,ရယ်လို့ နာမည်တပ်ထားပေမယ့် တကယ်တမ်းတော့



www.burmeseclassic.com

www.burmeseclassic.com



မင်းည လိုအပ်တဲ့အခါ လုပ်ငန်းပြန်လည်ဝတ်နိုင်အောင် ထုတ်သုံးလို့ရအောင်ပါ။

"တူတူ ... တူတူ"

မင်းညက အောက်ထပ်ရှိုးရွမ်းထဲ ဝင်လာစဉ် မြည်လာတဲ့ဖုန်းကို ထုတ်ဖွင့်ရင်း ...

"ဟယ်လို"

"ည"

"မိုးလေး ... ပြော"

"ရုံးမှာပဲလား"

"အင်း"

"အလုပ်များနေလား"

"ဟင့်အင်း ... ခုနသင်တန်းတစ်ချိန် ပြီးသွားလို့ အခု ရှိုးရွမ်းထဲ ခဏဆင်းလာတာ"

"ည ရှိုးရွမ်းမှာ နတ်ထိဘွတ်ခ်ထဲမှာ တိုရှိဘာတွေရှိလား"

"အင်း ... ရှိတယ်"

"ဈေးတွေ ဘယ်လောက်ရှိလဲ၊ ဈေးမြင့်လား"

"တိုရှိဘာတွေကတော့ အင်း ... နေဦး၊ အခု လိုက်ကြည့်နေတာ၊ ဒီမှာ ခြောက်သိန်းကိုးသောင်းတန်က စ,ရှိတယ်၊ ဆယ်သိန်းကျော်အထိရှိတယ်၊ ဘယ်သူလိုလို့လဲ မိုး"

"ဘယ်သူရှိမလဲ ညရယ်၊ တင့်ဘုန်းပေါ့"





"ဩော် ... တင့်ဘုန်း လိုချင်လို့လား၊ လာခဲ့လေ မိုး၊ ခေါ်ခဲ့၊ တခြား Brand တွေရော Choice လုပ်စရာ အများကြီးရှိပါတယ်"

"အိမ်မှာက ပီစီလည်းရှိတယ်၊ ဒက်ဒီသုံးတဲ့ လက်ပ်တော့ပ်တစ်လုံးလည်း ရှိပြီးသားပဲဟာ၊ သူက အသစ်မှလိုချင်တာတဲ့၊ အောင်စာရင်းထွက်တုန်းကလည်း မုန့်ဖိုးတွေ တစ်ဆွေလုံး တစ်မျိုးလုံးဆီက ပတ်တောင်းပြီးသား၊ ဒက်ဒီ့ဆီကရော မာမီ့ဆီကရောပဲ၊ အဲဒါ အခု တစ်ခါ နတ်ထိဘုတ်ခ်ဝယ်ပေးတဲ့လေ ...

ဆုကလည်း ချလို့ပဲ မပြီးရတော့ဘူး၊ ပူဆာသလား မမေးနဲ့"

"ဝယ်ပေးလိုက်ပေါ့ မိုးရဲ့၊ ဂုဏ်ထူးလေးလုံးတောင် ထွက်ထားတာဥစ္စာ"

တင့်ဘုန်းမိုးက မကြာခင်ကမှ ဆယ်တန်းအောင်ထားတာ ဖြစ်ပါသည်။

"အဲဒီဂုဏ်ထူးကိုပဲ တက္ကသိုလ်မဖွင့်မချင်း ထပ်ခါ ထပ်ခါ ဆုချနေရမှာ ထင်တယ်"

"ဟင်း ဟင်း ... ဈေးအသင့်အတင့်တွေလည်း ရှိပါတယ် မိုးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ ကိုယ်တော်က ဂိမ်းအဓိကဆော့မှာ၊ အင်တာနက်ကနေ ဂိမ်းမ်အကြီးတွေ ဒေါင်းလုဒ်လုပ်ပြီး ဆော့မှာမို့ မဲင်မိုရီလည်းမြင့်မှ၊ ဂရပ်ဖစ်လည်းမြင့်မှ၊ ပါဖောမဲ့င်စ် အကုန်မြင့်မှရမှာတဲ့"

"ဟား ဟား ... အင်း ... ကိုယ် ကြည့်ရွေးပေးပါ့မယ်၊ မိုးတို့ ဘယ်တော့လာမလဲ"

"ညနေလာမယ်၊ မိုးနဲ့ တင့်ဘုန်းပဲ လာမှာ၊ ည အားရဲ့လား"

"အားတယ်၊ လေးနာရီ ငါးနာရီလောက် လာခဲ့လေ မိုး"

"အင်း ... လေးနာရီနောက်ပိုင်း လာခဲ့မယ်နော် ည"

"အင်း"

"ထမင်းစားပြီးပြီလား"

"ခဏနေမှ စားမယ်၊ မိုးရော"

"မိုး ခုပဲစားပြီးပြီ"

အဲဒီနောက်တော့ ချစ်သူနှစ်ဦးရဲ့ ကယုကယင် တယုတယ စကားလေးတွေက ချိုမြလှိုက်လှဲနေပါသည်။

○ ❦ ○





"အန်တီ"

"ဟော ... ဖြိုး၊ ဒီနေ့ သင်တန်း မရှိကြဘူးမို့လား သမီး"

"မရှိဘူး အန်တီ၊ ကာရန့်ဆီ သက်သက်လာတာပါ"

"အတော်ပဲ၊ ကာရန်က မြီးရှည်စားချင်လို့ အန်တီလုပ်ပေးနေတာ၊ သမီးပါ ခဏနေရင်စားကြတော့၊ အိမ်မှာ မေမေရှိလား"

"မေမေ ဆိုင်သွားပြီ အန်တီ"

"အဘိုးနဲ့ အဘွားတော့ ရှိမှာပေါ့"

"ဟုတ်ကဲ့"

"အန်တီ ခဏနေရင် အဘိုးနဲ့အဘွားအတွက် ချိုင့်ပို့လွှတ်လိုက်မယ်"

"များလို့လား အန်တီ၊ ပိုမှပို့ပါ"

"အများကြီး၊ သမီးတို့အိမ်ဖို့ကတော့ ထုံးစံအတိုင်း ပါပြီးသားပေါ့"

ဒေါ်နှင်းဆီသည် ဖြိုးတို့အိမ်ကိုတော့ ဆွေမျိုးအိမ်လိုင် အလွန်အရေးထားပါသည်။ ငယ်ငယ်ကတည်းက ခုထိ ကာရန့်ကို သူငယ်ချင်း အရင်းအချာအဖြစ် အနွံတာခံ ပေးမပြီး



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းသင်းတဲ့ ဖြိုးနှင့် ကာရန့်အတွက်ဆို ဖြိုးကို လိုအပ်သလို ပေါ် အာမှုမရှိပြင်ဘဲ ကြည်ဖြူလှတဲ့ဖြိုးတို့မိသားစုရဲ့ ထန်ဖိုးကို မျှော်ထိန်ငါ။

"အဘိုးနဲ့အဘွားဖို့ ကြက်သားနဲ့ ပို့ပေးမယ်၊ သတ်သတ် လုပ်ထားတယ် သမီး"

"ဟုတ်ကဲ့"

"သမီး တက်သွားလိုက် ရှိတယ်၊ ခုနတော့ စိုင်းစိုင်းအခွေ တစ်ခွေ ကြည့်နေတယ်"

"ဟုတ် အန်တီ"

ဖြိုးက အပေါ်ထပ်လှေကားကို အထစ်ကျော်ကာ ပြေးတက်ခဲ့ပါသည်။ ကာရန့်အခန်းတံခါးကို ဒီတိုင်းဖွင့်ဝင်သွားလိုက်လျှင် ခုတင်ပေါ်မှာ မှောက်လျက်သားရှိနေတဲ့ ကာရန့်ကို တွေ့လိုက်ရပါသည်။

ဖြိုးက ခုတင်နား ကပ်သွားပြီး ကာရန့်တင်ပါးကို ဖျတ်ခနဲရိုက်ကာ ...

"ဟဲ့ ... နင် ဘာလုပ်နေလဲ"

ကာရန်က လန့်သွားပြီးမှ ဝုန်းခနဲ လှိမ့်ထ,လိုက်ကာ သူ့ရှေ့က ပုံဆွဲစာအုပ်အကြီးကြီးကို ဖြတ်ခနဲ ပိတ်ပစ်လိုက်ပြီး သူ့ရဲ့နောက်ဖက်ကို ပို့လိုက်ပါသည်။

"အောင်မယ်"

ဖြိုးက ခါးထောက် နှုတ်ခမ်းမဲ့လိုက်ရင်း ...

"နင်ကများ ငါ့ကို ဖွက်ရသေးတယ်၊ ဘာလဲ အဲဒါ"

ကာရန်က ပြုံးစိစိနှင့် ခေါင်းခါရင်း သူ့နောက်က ပုံဆွဲစာအုပ်ကို သူတို့နဲ့ ပိုဝေးရာဘက်ကိုတောင် နောက်ပြန်တွန်းလိုက်ပါသေးသည်။

"အမယ်"

ဖြိုးက ကာရန့်ပုံစံကို ရယ်ချင်ကာ တခိခိရယ်လိုက်တော့ ကာရန်ကလည်း ပွဲကျသွားသလို တခစ်ခစ် လိုက်ရယ်နေပါတော့သည်။

"ကာရန်နော် ... ပေး ... ငါ့ကိုပြ"

ဖြိုးက လက်ညှိုးထောင်ကြိမ်းပြီး စာအုပ်ကို လက်ခါးဖြန့် တောင်းလိုက်ပါသည်။ ကာရန်က ဖြောင့်စင်းအိထွေးသော ဆံပင်ရှည်လေးများ ဝေ့ဝဲခါယမ်းတဲ့အထိ ခေါင်းလေးကို ဘယ်ပြန်ညာပြန်ခါသည်။

"ကာရန်နော် ...၊ ပုံစံကိုက သိပ်ရယ်ရတာပဲ"

ကာရန်က ဖြိုးပုံစံကိုကြည့်၍ အူမြူးနေသလို တခစ်ခစ်နှင့် ပလုံးပထွေး ရယ်မောနေပါသည်။ ငယ်ငယ်က ပြေးတမ်းလိုက်တမ်း ပုန်းတမ်း ဖွက်တမ်း ကစားနေတာလို ဖြိုးကို အလစ်မပေးဘဲ အသင့်အနေအထားပုံစံနှင့် စိုက်ပြီးစောင့်ကြည့်နေကာ လှုကာ ရယ်မောလို့မပြီး။



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးက ကာရန့်ကို မျက်စောင်းတစ်ချက်ထိုးပြီး ပုံဆွဲစာအုပ်ကို စိတ်မဝင်စားသလို ဆက်မလုဘဲ ကာရန့်ခုတင်ပေါ် လှဲအိပ်ချလိုက်ပါသည်။ ကာရန့်ခုတင်က နှစ်ယောက်အိပ်ခုတင် ကျယ်ကြီး။ တချို့ညတွေ ဖြိုးပါ အတူလာအိပ်ဖြစ်ရင် ကောင်းကောင်းကြီး ဆန့်သည်။

ဖြိုးရဲ့ အေးအေးဆေးဆေး အမူအရာကြောင့် ကာရန်က ကသိကအောက် ဖြစ်သွားပါသည်။ ကာရံက ဒီပုံဆွဲစာအုပ်ကို ဖြိုး အတင်းလုယူပြီး ကြည့်စေချင်တာ။ မပြချင်သလိုလိုကွယ်ရင်းကာရင်းကမှ ကာရန်က မတတ်သာလို့ ပြရသလိုနှင့် ပြချင်တာပါ။ ကာရန်ဆွဲထားတဲ့ပုံကိုမြင်လျှင် ဖြိုး ဖြစ်သွားမည့်မျက်နှာကိုလည်း မျက်တောင်မခတ် စောင့်ကြည့်ချင်သေးသည်။

ဖြိုးက ခေါင်းအုံးနားက အဖို့စင်မဂ္ဂဇင်းကို ကောက်ယူကာ ဟိုလှန်ဒီလှန် လှန်နေလိုက်ပါသည်။ ဖြိုးပုံစံကြောင့် စိတ်ပျက်သွားသယောင်ရှိသော ကာရန်သည် ဖြိုးကို မနှောင့်ယှက်တော့ဘဲ မျက်နှာသေလေးနှင့် ခုတင်ပေါ်မှဆင်းကာ ပြတင်းပေါက်ဆီသွားရပ်လိုက်ပါသည်။

ဖြိုးက ရုတ်တရက် ကိုယ်ကိုလှိမ့်ကာ ခုတင်တစ်ဖက်စွန်းရောက်နေတဲ့ ပုံဆွဲစာအုပ်ကြီးကို လှမ်းယူလိုက်သည်။ ဖြိုးထံမှ လှုပ်ရှားမှုကို မြင်လိုက်တဲ့ ကာရန်က လှည့်ကြည့်လိုက်ကာ ဖြိုးပုံစံကိုမြင်လျှင် ငိုင်နေတဲ့မျက်နှာ ချက်ချင်းပြန်လည်လန်းရွှင်ပြီး





တဟိဟိရယ်ကာ သူပါ ခုတင်ဆီ ဒိုင်ဗင်ထိုးမလောက် ပြန်ခုန်တက်လာလေသည်။

"ငြိမ်ငြိမ်နေ၊ ငါ ကြည့်မလို့"

ကာရန်နှင့် ဖြိုး ခုတင်ပေါ်မှာ ယှဉ်တွဲမှီလှဲလိုက်ကြပါသည်။ ကာရန်က ဖြိုးလက်မှစာအုပ်ကို မလုတော့ပါ။ အသာတကြည်ပင် လက်မလေးကိုက်ရင်း ဖြိုးစာရွက်လှန်တာကို စောင့်နေသည်။

ငယ်ငယ်ကလေးကတည်းက ပန်းချီဆွဲလာခဲ့သူဖြစ်တဲ့ ကာရန့်လက်ရာများက ပရော်ဖက်ရှင်နယ်လ်ဆန်သည်။ အပျော်တမ်းအဆင့်ထက် သာလွန်းပါသည်။ သူ့ပုံဆွဲစာအုပ်ထဲမှာ ဖြိုးပုံဆိုရင် လေးငါးမျိုးပါသည်။

ဖေဖေ့ပုံ မေမေ့ပုံ သူငယ်ချင်းတွေပုံ အိမ်နီးနားချင်းတွေထဲက မှတ်မှတ်မိမိ ရင်းရင်းနှီးနှီး ရှိသူတွေရဲ့ပုံတွေ။ ခဲသားနှင့်ပဲ ခြစ်ဆွဲထားတဲ့ စာမျက်နှာများကို အကြိမ်ကြိမ်ကြည့်ပြီးနေကျဖြစ်၍ ဖြိုးက နောက်ဖက်လှန်ချလိုက်သည်။

"ဟယ်"

ဖြိုးနှုတ်က အာမေဍိတ်သံလေး လွင့်ထွက်လာပါသည်။ ကာရန်က ဖြိုးကို ရှက်ပြုံးလေးနှင့် မရဲတရဲ အကဲခတ်နေပါသည်။

"ကာရန် ... နင် မလွယ်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



ကာရန်က ခုတင်ဘေးစားပွဲပုလေးပေါ်က သူတို့စာရေးနေကျ ကတ်ထူဖုံးစာအုပ်ထူထူလေးနှင့် ဘောလ်ပင်န်ကို လှမ်းယူလိုက်ပါသည်။ စာရွက်တွေ ကမန်းကတန်းလှန်ကာ နောက်ဆုံးရောက်နေတဲ့ စာမျက်နှာရဲ့နောက်မှာ ရေးချလိုက်ပါသည်။

"ဘာလဲ ဖြိုး"

ဖြိုးက ကာရန့်ကို ချစ်စနိုး မျက်စောင်းတစ်ချက်ထိုးကာ စာအုပ်ကို ဆွဲယူလိုက်ပါသည်။

"နင်က ဘာကိစ္စ သူ့ပုံကို ဒီလောက်တူအောင် အလွတ်ဆွဲနိုင်နေရတာလဲ"

ကာရန်က ယူဖတ်ကြည့်ပြီး စာတစ်ကြောင်းပြန်ရေးလိုက်ပါသည်။

"ငါလည်း မသိဘူး"

"သူနဲ့ အကြာကြီးလည်း မတွေ့ရဖူးဘဲနဲ့"

"သူနဲ့တူလား"

"တူတာပေါ့၊ ချွတ်စွတ်ပဲ၊ နင် တော်တော်အံ့သြဖို့ကောင်းတယ်"

"ငါ မှတ်မိသလောက် ဆွဲတာပါ"

"ဒီလောက် မှတ်မိစရာလား၊ နင့်ဟာနင် ငါမပါဘဲ သွားသွားခိုးကြည့်ထားသေးလား"

"ဟင့်အင်း ... ဘယ်လိုလုပ် သွားခိုးကြည့်ရမှာလဲ"





"မသိဘူးလေ၊ ဒါဖြင့် ဘယ်လိုလုပ် အလွတ်ရနေတာလဲ"

"ငါ့မျက်စိထဲ အလိုလို ပေါ်လာတာပဲ"

ဖြိုးက ကာရန့်ကို ငဲ့ကြည့်နေမိပြီးမှ ...

"ကာရန် ... နင် သူ့ကို သဘောကျနေလား"

ကာရန်က ဖြိုးရဲ့စာကြောင်းလေးကိုသာဖတ်ပြီး ပြန်မရေးပေး။ ဖြိုးက စာအုပ်ကို ကာရန့်ဘက် ကမ်းသော်လည်း မယူ။ ငိုင်ငိုင်လေး ငြိမ်နေပါသည်။

"နင် သူ့ကို သဘောကျနေတာလား၊ ခင်နေတာလား၊ ချစ်နေတာလား"

"ဟင့်အင်း ... မသိဘူး"

ဖြိုးက သက်ပြင်းလေးကျိတ်ပြီး ရှိုက်သည်။ သူသက်ပြင်းရှိုက်တာ ကာရန် သိလျှင် ဝမ်းနည်းအားငယ်နေမှာမို့ ကာရန် မသိရအောင် တိတ်တိတ်ကျိတ်ရှိုက်ရပါသည်။ စာအုပ်လေးမှာ စာတစ်ကြောင်း ထပ်ရေးလိုက်သည်။

"သူ့နာမည် နင် သိချင်လား"

ကာရန်က ခေါင်းကို ခပ်သွက်သွက် ညိတ်ပါသည်။ ဖြိုးက ဆက်ရေးရပြန်သည်။

"အဲဒီက လူတွေက သူ့ကို ကိုညလို့ ခေါ်ကြတယ်၊ သူ့နာမည်က ကိုမင်းညတဲ့"

မင်းည ...။



www.burmeseclassic.com

www.burmeseclassic.com



မင်းည ... ...။

ကာရန်သည် ချစ်စဖွယ်ကောင်းသော နာမည်လေး ကို စိတ်ထဲမှာပဲ ထပ်ခါ ထပ်ခါ ရေရွတ်ခေါ်ငင်ကြည့်နေမိ သည်။

"ရာဇာနဲ့ သူနဲ့ နှုတ်ဆက်ဆက်နေကြတာတွေ့လို့ ရာ ကို ငါ မေးကြည့်ထားတယ်၊ သူက အဲဒီကွန်ပျူတာ တာ တစ်ခုလုံးကို ပိုင်တာ၊ အပေါ်က သင်တန်းတွေ အောက်က အရောင်းခန်းရော ဟိုဘက်က Servi Centre ရော သူပဲပိုင်တာ၊ သူ့စီးပွားရေးလုပ်ငန်းပေါ့"

ကာရန်က ဖြိုးရဲ့စာလုံးလေးတွေကိုဖတ်ပြီး ရင်သိ သိမ့် ခုန်လှုပ်လာပါသည်။ သူ့အကြောင်းတွေ သိရဖတ်ရတာ က ရင်ဖိုချင်စရာ ဖြစ်နေသည်။ ဘာကြောင့်များ ဒီလိုဖြစ်ရတာ ပါလိမ့်။

အချစ်လား။ အချစ်ဆိုတာများလား။

ခုချိန်အထိ အချစ်ဆိုတာကို ဘာမှန်းညာမှန်း ကာရန် မသိပါ။ နားမလည်ပါ။ ကြုံမှ မကြုံဖူးတာ။ ကာရန့်မှာ သာမန် မိန်းကလေး လူငယ်တစ်ယောက်လို (မေမေ မပါဘဲ) ဟိုဟိုဒီဒီ သွားခွင့်လာခွင့် ဆိုတာကိုရတာ တစ်နှစ်ခွဲ နှစ်နှစ်နီးပါးလောက် ပဲရှိသေးတာ။

အဲသလို မေမေ ခွင့်ပြုလိုက်လို့ ဖြိုးနဲ့ ဟိုသွားဒီလာ လေး လုပ်ခွင့်ရခဲ့တယ် ဆိုပေမယ့် ထူးထူးခြားခြားလည်း ဘယ်မှ





သိပ်သွားလာစရာ မရှိသလို ကာရန်ကိုယ်တိုင်ကလည်း ငယ်ငယ် လေးကတည်းက လူတောမတိုးခဲ့တော့ ဘယ်ကိုမှ သိပ်သွားချင် တယ် လာချင်တယ်ရယ်လို့ မရှိခဲ့။

ခုထိတောင်မှ လူများများကြားဆိုရင် ကာရန် စိတ် အားငယ်ကာ မနေတတ် မထိုင်တတ် ဖြစ်မိတတ်ဆဲ။ ကိုယ့်အား ငယ်စိတ် သိမ်ငယ်စိတ်နှင့်ကိုယ် တတ်နိုင်သလောက် ဘယ်သူနှင့် မှ လက်ပွန်းတတီး မသိကျွမ်း မခင်မင်ချင်၊ မပြောဆို မဆက်ဆံ ချင်တာပါ။

လမ်းသွားရင် ဘယ်သူ့ကိုမှ စေ့စေ့မကြည့်ဘဲ မျက်လုံးကို အောက်စိုက်၍ ငုံ့ဖယ်ဖယ်သာ သွားတတ်တဲ့ ကာရန် က ဘာကြောင့် အဲဒီ"ကိုမင်းည"ရဲ့ တစ်မျက်နှာကို ရင်ထဲအလွတ် ရနေတာပါလိမ့်။

ဟိုးတစ်နေ့က ကာရန် မှောက်လျက်လဲတော့မလို ဖြစ်သွားတဲ့နေ့က သူက နောက်ကနေ အတင်းကြိုးပြီး သိုင်းဖက် ထားလိုက်ရတုန်းကပဲ သူ့မျက်နှာကို ခပ်ကြာကြာ မော့ကြည့်မိခဲ့ တာပါ။ မှောက်လျက်ကျမလို ဖြစ်တုန်းက ကြောက်သွားပေမယ့် ရင်ထဲကတုန်ကယင်တော့ မဖြစ်ခဲ့ပါဘဲနှင့် ဖက်ဖမ်းထားလိုက် တဲ့ သူ့ရဲ့မျက်နှာကို မြင်လိုက်တဲ့ တစ်ခဏကျမှပဲ ရင်တွေ အသည်းနှလုံးတွေ ပြောင်းဆန်ခုန်လှုပ်သွားခဲ့ရတာ ထူးဆန်းလွန်း ပါရဲ့။

တစ်မျိုးကြီးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျင်ဖျဖျ နွေးထေးထေးနှင့် ရှိန်းဖိန်းလှိုက်ဖိုရပုံက ဘယ်တုန်းကမှ မခံစားခဲ့ဖူးတဲ့ ခံစားချက်သစ် ရသသစ်။ နောက်နေ့တွေလည်း သင်တန်းကိုရောက်လျှင် သူ့ကို အမှတ်တမဲ့ ဖျတ်ခနဲ တွေ့ရမလားလို့ အမြဲတမ်း ရှာဖွေနေမိတတ်ခဲ့ပြီး မမျှော်လင့်ဘဲ မတော်တဆ ဖျတ်ခနဲ မြင်လိုက်ရရင်တော့ လုံးဝကြီးချက်နှာကိုလွှဲဖယ်ငုံ့ချပစ်လိုက်ပြီ၊ လုံးဝဆက်မကြည့်ဖြစ်တော့တာ။

ဒါနဲ့များတောင် ...။

ဒီလောက်တူအောင် အာရုံထဲ စွဲနေရသလား။ ဖြိုးပြောမှ မဟုတ်ပါ။ သိပ်တူတယ်ဆိုတာ ကာရန်လည်း ကိုယ့်ဘာသာသိနေပါသည်။

"ကာရန် ... ဟုပဲဖြစ်ဖြစ် နှင် လူတစ်ယောက်ကို အလွယ်တကူ မြန်မြန်ဆန်ဆန်တော့ ပစ်ကျမသွားနဲ့၊ စွဲလမ်းမသွားနဲ့၊ သိပ်အလွယ်တကူ သံယောဇဉ်မတွယ်မိစေနဲ့ နားလည်လား"

အင်း ...။

နင်ရေးပြတာတွေအားလုံး နောက်ကျသွားပြီ ဖြိုးရဲ့။ အဲဒါတွေအားလုံး ငါ့ရင်ထဲမှာ ဖြစ်ပြီးသွားပြီ။ ပစ်ကျသွားပြီ။ စွဲလမ်းသွားပြီ။

သံယောဇဉ်လည်း တွယ်မိသွားပြီးပြီ။

"သူက ကြည့်ကောင်းတော့ နင် နည်းနည်းရင်ခုန်သွားတာတော့ ရှိမှာပေါ့၊ သဘောကောင်း စိတ်ရှည်တဲ့ပုံနဲ့





smart လည်းဖြစ်တော့ စိတ်ကူးယဉ်ချင်စရာပေါ့ဟာယ်၊ ဒါပေမဲ့ နင် ဘာမှစိတ်ကူးမယဉ်နဲ့၊ သူလိုလူမျိုးမှာ ခုလောက်ရှိ ရည်းစားငါးယောက်လောက် ပြတ်ထားပြီး နောက်ထပ် ငါးယောက်လောက် တန်းစီပြီးသားရှိထားလိမ့်မယ်၊ ယောကျ်ားလေးတွေက ယုံစရာမကောင်းဘူး၊ နင်မှတ်ထား"

ကာရန်က စာအုပ်ကို ဆွဲယူလိုက်ပါသည်။

"ငါကလည်း ယုံချင်တယ်လို့ ပြောနေလို့လား"

"သံယောဇဉ် မထားစမ်းပါနဲ့ ကာရန်ရယ်"

"ဘာဖြစ်လို့ မထားရမှာလဲဟင် ဖြိုး၊ ငါက ဘယ်ယောကျ်ားလေးမှ စိတ်မဝင်စားမယ့် ချိုးယွင်းချက် အားနည်းချက်တွေနဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေလို့လား၊ ဟုတ်လား"

"ငါပြောတာ အဲလိုမဟုတ်ဘူး၊ ဒါပေမဲ့ နင်က သူများတွေထက် ပိုစဉ်းစား ဆင်ခြင်ရမယ်၊ အလွယ်ကလေး စိတ်အလိုလိုက်လို့ မဖြစ်ဘူး။ အထိနာစရာရှိရင် သူများတွေထက် ပိုအထိနာလိမ့်မယ် ကာရန်"

"ဖြိုး ... ငါ သူ့ကို ချစ်နေပြီထင်တယ်ဟာယ်"

○❦○

www.burmeseclassic.com



## ၂

ရှိုးရှမ်းမှန်တံခါးကို တွန်းဖွင့်ထွက်လိုက်တဲ့ မင်းညသည် သူတို့အဆောက်အအုံကြီးရဲ့ ရှေ့ခပ်စောင်းစောင်းလောက်မှာရှိနေတဲ့ ဝက်သားတုတ်ထိုးဆိုင်ကလေးမှာ ဝက်သားတုတ်ထိုး ထိုင်စားနေတဲ့ သူတွေဆီ အမှတ်တမဲ့ မျက်စိရောက်မိရင်း ထိုင်စားနေသူတွေထဲမှာ ဟိုတစ်နေ့က ကောင်မလေး ပါနေတာကို သတိပြုလိုက်မိပါသည်။

ပျော့အိတဲ့ဆံပင်ရှည်လေးတွေကို ပခုံးတစ်ဖက်ဆီ စုသိမ်းချထားပြီး ဝက်သားတုတ်ထိုးစားနေတဲ့ မျက်နှာလေးတစ်ခြမ်းကို ဘေးတိုက်ရှင်းရှင်းလေး မြင်နေရသည်။ အဲဒီကောင်မလေးရဲ့ရုပ်လေးဟာ ဘယ်လို innocent (အပြစ်ကင်း)မှန်းမသိ။

မင်းညက သူ့ပုံစံလေးကိုကြည့်ရင်း တစ်ယောက်တည်း ကျိတ်ပြုံးမိပါသည်။ ခုချိန်အထိ ကောင်မလေးကို သူ အားနာတုန်း။



"ဟဲ့ … ဖြိုး"

လမ်းသွားနေတဲ့ လူတစ်ယောက်က အဲဒီကောင်မလေးဘေးက သူငယ်ချင်း ကောင်မလေးကို ဝမ်းသာအားရနှုတ်ဆက်လိုက်တာဖြစ်သည်။

"ဟဲ့ … ဘိုဘို၊ ဘယ်လဲ"

"ဒီနားပဲ၊ သူငယ်ချင်းတစ်ယောက်ဆိုင်။ နင်ကော"

"ငါတို့ ဒီမှာ သင်တန်းတက်နေလို့"

"သြော်"

ကောင်လေးက ဖြိုးဘေးက ကောင်မလေးကိုကြည့်ကာ ဖြိုးကို ပြုံးစိစိ မေးဆတ်လိုက်ရင်း …

"မိတ်ဆက်ပေးဦးလေဟာ"

"အောင်မာ … မိတ်ဆက်မပေးနိုင်ပါဘူး၊ သွား"

မင်းညက ပြုံးလိုက်မိကာ သူတို့အဆောက်အအုံရဲ့ လုံခြုံရေးဝန်ထမ်း ကိုမြဦးထံ လျှောက်သွားပြီး ကားသော့ပေးလိုက်ရင်း …

"ကိုမြဦး … ကျွန်တော့်ကား သွားမောင်းယူခဲ့ပေးပါဦး၊ '………'လမ်းထဲမှာနော်"

"ဟုတ်ကဲ့ ကိုည"

သူ့အဆောက်အအုံရှေ့ဟာ ကားမရပ်ရ ဧရိယာဖြစ်၍ သူ့ကားကို အမြဲတမ်း အဝေးမှာ သွားရပ်ခဲ့ရပါသည်။ တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



တစ်ရံ နည်းနည်းပဲဝေးကာ တစ်ခါတစ်ရံ များများဝေးသည်။ ဒီနေ့တော့ တော်တော်ခပ်လှမ်းလှမ်းမှာ သွားရစ်ခဲ့ရတာ။

များသောအားဖြင့်တော့ ကားရပ်ထားခဲ့တဲ့ နေရာကို ကိုယ့်ဟာကိုယ်ပဲ သွားယူနေကျပါ။ တစ်ခါတစ်ရံမှသာ ကိုမြဦးကို လွှတ်ပြီး မောင်းယူလာခဲ့ခိုင်းဖြစ်သည်။ ဒီဘက်မှာ အလုပ်လက်စ ရှိလို့ဖြစ်စေ စကားပြောနေဆဲမို့ဖြစ်စေ၊ ရှားရှားပါးပါးမှသာ ခိုင်းဖြစ်ပေမယ့် ဒီနေ့တော့ ဘာကိစ္စမှ ရှိတာမဟုတ်။

မင်းည စိတ်ထဲတွင် အလိုလိုပင် ဟိုကောင်မလေးတွေ စားပြီးထလာရင် တစ်ချက်လောက်ပြုံးပြီး အာလာပသလ္လာပ တစ်ခွန်းလောက် နှုတ်ဆက်လိုက်ပါဦးမယ်လို့ တွေးလိုက်မိလို့တည်း။

မခင်မင် မရင်းနှီးပေမယ့် ကိုယ်က ဒီသင်တန်း ဒီရုံး ဒီလုပ်ငန်းရဲ့ အကြီးအကဲပဲ။ ကိုယ့်ကိုတော့ သူတို့က သိကို သိကြမှာပင်။ အထက်က လူကြီးတစ်ယောက်အနေနှင့် ဖော်ရွေတဲ့ သဘောပြချင်တာ။ ဘာကြောင့်ပြချင်တာလဲဆိုတော့ ရှက်ကြောက် နေမည့်(သူ့အထင်) ကောင်မလေး သူ့ကို မျက်နှာသိပ်မပူအောင်ပဲ ပေါ့ပေါ့ပါးပါး ဖြစ်သွားစေဖို့ပါ။

တွေ့တိုင်း မျက်နှာတွေပူပြီး ပြေးရှောင်မနေရတော့အောင်ပါ။ မနေ့ကပဲ ပြေးရှောင်ပြီးပြီ မဟုတ်လား။ သူတို့က လှေကားအဆင်း၊ မင်းညက လှေကားအတက်။ အထစ်လေးငါး





ခြောက်ထစ်ခြားကတည်းက လှမ်းတွေ့မိကြကာ ရုတ်တရက် အဲဒီကောင်မလေးက ခေါင်းကြီးငုံ့ပြီး ရှောင်ဖယ်ဆင်းပြေးသွားတော့တာ။

သူ မျက်မှောင်တောင် ကုတ်သွားမိပြီးမှ သဘောပေါက် နားလည်ပေးလိုက်ရပါသည်။ သူလေးခမျာ ဟိုတစ်နေ့က နောက်ကနေ ကျစ်ကျစ်ပါ ဖက်ထွေးခံရတဲ့ အတွေ့အကြုံ အထိအတွေ့အတွက် ရှက်ကြောက် မျက်နှာပူနေနိုင်သည်ပဲ။

အဲဒါကြောင့်လည်း ဒီနေ့ ထပ်တွေ့တော့ တစ်ခွန်းတလေ နှုတ်ဆက်လိုက်ဦးမည်လို့ ကိုယ်က အကြီးပီပီ အပေါ်က လူပီပီ စိတ်ကူးရလိုက်တာ။

"ဟယ် ... မိုးဖွားတွေ ကျလာပြီ"

ဖြိုးက လွှတ်ခနဲ ရေရွတ်ရင်း ကာရန့်ပခုံးကို တို့လိုက်ကာ ...

"နင် ဝင်နင့်"

ဝက်သားတုတ်ထိုးသည်မှာလည်း အမိုးဝိုင်းထီးကြီး နှင့်။ ဖြိုးကိုလည်း သူ့သူငယ်ချင်း ကောင်လေးက သူ့မှာပါတဲ့ ထီးရှည် ဖြောင်းခနဲဖွင့်ဆောင်းပေးလိုက်ပြီမို့ ကာရန်က ဖြိုးစကားကို နားလည်စွာ ထ,ရပ်လိုက်ပါသည်။

ဖြိုးက လက်နှင့်ညွှန်ပြရင်း ...

"ဝင်တော့ ... သွား"



www.burmeseclassic.com

www.burmeseclassic.com



ကာရန်က ခေါင်းညိတ်ပြလိုက်ပါသည်။ ပိုက်ဆံလည်း ဖြိုးပဲ ရှင်းလာပစေတော့။ ကာရန်က ခေါင်းကိုမိုးစိုလျှင် အချိန်တိုအတွင်း ဟပ်ချိုးချေမှုန်ကာ အအေးမိနှာစေးသွားလေ့ရှိသည်။ ဖြိုးနှင့် သူ့သူငယ်ချင်းက ခုမှ ဖုန်းနံပါတ်တွေ လိပ်စာတွေ အပြန်အလှန် ဖလှယ်ရေးပေးနေတုန်းရှိဆဲ။

သွက်သွက်လေး လှည့်ပြေးလာတဲ့ ကာရန်သည် ဘောလေ့ကားမှတက်ရန် လှေကားရင်းဆီအရောက် သူ့ရှေ့မှာ လှေကားပေါက်ရှေ့က ကွယ်နေတဲ့ လူတစ်ယောက်ကြောင့် ခေါင်းပေါ် လက်ဝါးလေးဖိထားရာမှ မော့ကြည့်လိုက်ပါသည်။

ဟင် ...။

ကာရန့်ရင်ထဲ လှုပ်ရှားပြိုကွဲသွားသည်မှာ ဒူးတွေတောင် ယိုင်သွားရပါသည်။

မင်းညသည် ခေါင်းပေါ် လက်ဝါးလေး မလုံမခြုံအုပ်ပြီး ကုန်းကုန်းငုံ့ငုံ့လေး ပြေးလာတဲ့ ကာရန့်ပုံစံကို ပြုံးကြည့်နေမိရာက သူ့ကို မော့ကြည့်လိုက်လျှင်တော့ သိသိသာသာ နှစ်နှစ်ကာကာ ပြုံးပြလိုက်ပါသည်။

သူ့ကို ကြောင်တောင်တောင်လေးသာ ပြန်ငေးကြည့်နေတဲ့ ကာရန့်ကို မေးဆတ်၍ အပေါ်ဘက်ညွှန်ရင်း ...

"မင်းက ဒီမှာ သင်တန်းတက်နေတာလား"

"........"





ဘာမှမဖြေဘဲ သူ့နှုတ်ခမ်းလေးနှစ်လွှာကို တင်းတင်းဖိပွတ်လိုက်တဲ့ ကာရန့်အမူအရာကြောင့် အံ့သြသွားသော်လည်း မင်းညက တစ်ခွန်းထပ်ကာ ...

"ဘယ်သင်တန်းမှာ တက်နေတာလဲ"

ကာရန်သည် ရင်ထဲမှာ အကြီးအကျယ် ဖေါက်ဖေါက်ဖွဲကွဲ တုန်ယင်ခုန်လှုပ်လာရင်း ဝမ်းနည်းလာတဲ့ မျက်နှာလေးကို မမြင်အောင် တင်းတည်ကာ ခေါင်းကို တစ်ဖက်လှည့်ပစ်လိုက်ပါသည်။ ဆက်ဝင်သွားဖို့လည်း သူ့ကို တိုးတိုက်ဖြတ်တက်ရမှာ။ သူ့ကို စိုက်ကြည့်နေဖို့လည်း မဖြစ်နိုင်။

ငိုချင်စိတ်က ချက်ချင်းမွှန်တက်လာကာ မျက်နှာတစ်ခုလုံး နီရဲလာပါသည်။

"ဟင် ... ဘယ်သင်တန်း တက်နေတာလဲ၊ ဂရုပ်ဖစ်လား"

"........"

"ဟာ"

"........"

မင်းညက လုံးဝသူ့ကိုထပ်မကြည့်ဘဲ မေးစေ့လွှဲပြီး တစ်ဖက်ကို ပြောင်ပြောင်တင်းတင်းလှည့်နေပြီး တစ်လုံးမှ စကားမပြန်သည့် ကာရန့်ကို တအံ့တသြ မျက်မှောင်ကုတ်ကာ ...

"မင်းကို မေးနေတာလေ၊ ဘာဖြစ်လို့ မဖြေတာလဲ"

"........"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မင်းက ငါ့ကို ဘာလို့ထင်နေလို့လဲ၊ ဒီနားမှာ ကြမ်းပိုးလာထိုးနေတဲ့လူလို့ ထင်နေတာလား၊ ငါက ဒီက ဆရာလေ၊ မင်း မသိဘူးလား"

"........."

"ရော"

လေ့ကားရင်းရဲ့ ဟိုဘက်နံရံမှာကပ်ကာ စီးကရက်ကွမ်းယာဆိုင်လေး ခင်းထားသည့် လူရွယ်က စကားတွေအားလုံးကို ကြားကာ မသိမသာ ကြည့်နေပါသည်။ လေးထပ်တိုက်ရဲ့ ခေါင်မိုးစွန်းက ရေ့ကိုတော်တော်ထွက်ထားတာမို့ သူ့ဆိုင်လေးက တော်ရုံမစိုဘဲ လေနှင့်ပါလာတဲ့ မိုးမှုန်လေးတွေ ပက်ရုံ။

မင်းည ရပ်နေတဲ့ နေရာကလည်း အဲသလိုပင်။ ခေါင်းပေါ်ကို မိုးလုံသည်။ ရှေ့ကတော့ လေနှင့်အတူ မိုးမှုန်စက်လေးတွေ မသိမသာစဉ်သည်။ ကာရန် ရပ်နေရာကတော့ ခပ်ဖွဲဖွဲရွာနေတဲ့မိုး ခေါင်းပေါ်ကျနေနိုင်တဲ့ နေရာပင်။

"မင်း ဘာဖြစ်လို့လဲ၊ တိုတစ်နေ့က မင်းကို ချော်လဲမှာစိုးလို့ ဖမ်းထားလိုက်တာကို စိတ်ဆိုးနေတဲ့သဘောလား"

"........."

"အဲဒါဆိုရင်တော့ ငါလည်း မတတ်နိုင်ဘူး၊ ငါ့ရှေ့မှာ မှောက်ရက်ကြီးလဲတော့မှာမို့ ဖမ်းဆွဲထားတာသက်သက်ပဲ၊ မင်း ဒါကို နားမလည်တတ်ဘူးလား"

"........."





ဟင့်အင်း ... ဟင့်အင်း။ မပြောပါနဲ့တော့။ ဆက်မပြောပါနဲ့တော့ရှင်။ ကာရန် သွားပါရစေတော့။ မသွားရဘူးဆိုရင်လည်း ခုချက်ချင်း ရှေ့ကမြေကြီးနှစ်ခြမ်း ကွဲအက်သွားပြီး ပြုတ်ကျမြေမြှုပ်ခံလိုက်ပါရစေ။

မျက်နှာလွှဲထားပေမယ့် စိတ်လှုပ်ရှားမှုနှင့်အတူ ဂနာမငြိမ်သော ကာရန့်မျက်လုံးစွန်းများက သူ့ခြေဟန်လက်ဟန်နှင့် တအံ့တသြ အလေးအနက် စကားတွေ ဆက်တိုက်ပြောနေတာကို ရိုးတိုးရိတ်တိတ် မြင်ပါသည်။

"ကျွတ်"

မင်းညသည် တော်တော် စိတ်ပျက်သွားပါသည်။ သူ့ရုပ်ကလည်း ပြောင်ချော်ချော် စပ်ဖြဲဖြဲများ ဖြစ်နေလို့လား။ မယုံကြည်လောက်တဲ့ မဆက်ဆံရဲစရာပုံ ပေါက်နေလို့လား။ စိတ်ပျက်ခြင်းနှင့်အတူ အနည်းငယ်လည်း ရှက်ကာ သူ့ရဲ့သိက္ခာတရားကိုလည်း တစ်စုံတစ်ရာက ပွတ်ဖြတ်ကျိုစယ်သွားတယ်လို့ ခံစားလိုက်ရပါသည်။

ဒီလောက်တောင် မျက်နှာနီရဲတင်းမာပြီး မကြည့်ချင်ဘဲ မျက်နှာလွှဲထားလောက်တဲ့အထိ ဟိုနေ့က သူ့ရဲ့ကူညီမှုက ဆိုးဝါးသွားလို့လား။ ဘာမှဆက်မပြောချင်တော့ဘဲ ခေါင်းကိုခါယမ်းမိကာ ဒီမိန်းကလေးကို စူးစူးတောက်တောက် မကျေမချမ်း တစ်ချက်ကြည့်မိပြီး လှည့်ထွက်လာခဲ့လိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုမြဦး သွားယူပြီး ပတ်မောင်းလာတဲ့ ကားကလည်း ရှေ့နားကို ဝင်လာသည်မှာ ကွက်တိပင်။ မင်းညက ကားဆီ ခြေလှမ်းကျဲနှင့်သွားကာ ကိုမြဦး ဆင်းပြီး ဖွင့်ပေးထားတဲ့ တံခါးမှ ဝင်ထိုင်လိုက်ပြီး ခါတိုင်းလို ကိုမြဦးကို ကျေးဇူးပဲလောက်တောင် မပြောမိ။

မျက်နှာမသာမယာနှင့် မောင်းထွက်လာခဲ့ပါသည်။ အဲဒီမျက်နှာက မသာယာလိုက်သည်မှာ မိုးသည်းဆီ ရောက်တဲ့ အထိပင်။

မိုးသည်းနှင့် မိုးသည်းသူငယ်ချင်း မာမာကို ဒီနေ့ ဈေးတွေပတ်ပို့ပေးမယ်လို့ ချိန်းဆိုထားလို့ပင်။ မိုးသည်းသူငယ်ချင်း မာမာက နောက်နှစ်လကျော်မှာ မင်္ဂလာဆောင်ပါမည်။ အဲဒီမင်္ဂလာဆောင်အတွက် ဝတ်စုံကို မိုးသည်းက တာဝန်ယူထားသည်။ Dress Designer လုပ်နေတဲ့ မိုးသည်းဟာ ခုတော့ လုပ်ငန်းတိုးချဲ့ထွင်လာပြီး မင်္ဂလာဝတ်စုံတွေပါ လက်ခံစီစဉ်တော့မှာဖြစ်သည်။

သာမန်ဝတ်စုံတွေ မိန်းကလေးဝတ် အင်္ကျီတွေမှာတော့ မိုးသည်းက နာမည်ရပြီးဖြစ်တဲ့ တက်သစ်စ ဒီဇိုင်နာတစ်ယောက်ပါ။ မိုးသည်းတို့ သူတို့ဘာသာသွားလည်း ရပေမယ့် ဒီနေ့ မင်းည အချိန်အားလည်းရှိကာ မိုးသည်းနှင့်တောင် ကိုယ့်





အလုပ်ကိစ္စ ကိုယ်ရှုပ်ကာ ချစ်သူချင်း မတွေ့ဖြစ်တာ တစ်ပတ်ကျော်ကြာပြီမို့ မင်းည ကိုယ်တိုင်က သူပါအတူလိုက်ရင်း လိုက်ပို့မယ်လို့ ပြောလိုက်တာ။

မိုးသည်း အိမ်ကို သူ ရောက်တော့ မာမာလည်း ရောက်နေပါပြီ။

"တစ်ခါတည်း ထွက်မလား ည"

မိန်းကလေးနှစ်ယောက်က အဆင်သင့် ပြင်ဆင်ပြီး သားပုံနှင့် တံခါးဝမှာ ရပ်လာတာမို့ ....

"သွားလိုက်မယ်လေ၊ ကို မဆင်းတော့ဘူး"

"မာမီရေ ... မိုးတို့သွားပြီ"

"အေးအေး"

အသံနှင့်အတူ ထွက်လာသော ယောက္ခမလောင်းကြီးက မင်းညကို ပြုံးနှုတ်ဆက်ရင်း ...

"မေမေ နေကောင်းရဲ့လား သား"

"ဟုတ် ... အန်တီ၊ အခုတလောတော့ အစားတော်တော်ရှောင်နေပါတယ်"

"အေး ... အေး ... သားအမေကိုတောင် အန်တီပျားမြီးရွက်ပင်လေး လက်ဆောင်ပေးဦးမယ်၊ ခုတော့ အချိန်မရှိတော့ဘူး၊ နောက်တစ်ခေါက်မှပေးမယ်၊ အန်တီ့အစ်ကို ပေးချို



www.burmeseclassic.com

www.burmeseclassic.com



သမားတော့ ဒါနဲ့ဟုတ်နေတာပဲ သားရေ၊ နေ့တိုင်းထမင်းစားရင်း တစ်ရွက် နှစ်ရွက် ထည့်စားပေးနေတာ ဆီးချိုပုံမှန်လေးနဲ့ ငြိမ်နေတာပဲ"

"မာမီကတော့ ဆေးမြီးတို အပင်တွေ အရွက်တွေ လာပြီ၊ ဒက်ဒီကြားရင် ငြင်းခုန်ကြဦးမယ်"

"ဟဲ့ ... ညည်းတို့ဒက်ဒီတို့ရဲ့ ဆေးပညာလည်း သူ့ဟာနဲ့သူ သိပ္ပံနည်းကျသလို အပင်တွေ အရွက်တွေကလည်း သူ့အာနိသင်နဲ့သူ ဆေးဖက်ဝင်ကြတာပဲ"

"ပျားမြီးရွက်ဆိုတာ မေမေ ပြောနေသံလည်း ကြားဖူးပါတယ် အန်တီ"

"သားတို့အိမ်မှာ အပင်ရှိလား"

"အိမ်မှာတော့ မရှိဘူး အန်တီ"

"အေး ... အန်တီပေးမယ်"

"ဟုတ်ကဲ့"

"ကဲ ... မာမီ၊ သွားပြီနော်"

"အေး ... သွား ... သွား ... ကားဖြည်းဖြည်းမောင်း"

"ဟုတ်"

မင်းညကားမောင်းထွက်လာကာ ခြံပြင်ရောက်လျှင် မိုးသည်းက မင်းညဘက်ကို စေ့စေ့လှည့်ကြည့်ရင်း ...





"နေကောင်းရဲ့လား ည"

"ကောင်းပါတယ်၊ ဘာဖြစ်လို့လဲ မိုး"

"ညရဲ့မျက်နှာ တစ်မျိုးပဲ ဖြစ်နေတယ်"

"နေကောင်းပါတယ် မိုးရဲ့"

"နေကောင်းရင် ဘာများဖြစ်သေးလဲဟင်၊ ညရဲ့မျက်နှာကို မိုးက စာအုပ်တစ်အုပ်လို ဖတ်တတ်တယ်"

"အမယ်လေး မိုးရယ်၊ နားကလောလိုက်တာ"

နောက်ခန်းက မာမာက ဖြီးစိစိ ပြောလိုက်ပါသည်။

"ဟုတ်တယ်ဟဲ့၊ ညက အဖြူထည်သမားဆိုတော့ သူ့မျက်နှာပေါ် သူ့မျက်လုံးထဲတွေမှာ ခံစားချက်က သိပ်ထင်ဟပ်တာပဲ၊ ဘာကိုမှ ဖုံးကွယ်ထားလို့ မရဘူး၊ တစ်ခုခုဖြစ်ရင် ငါ တန်းပြီးသိတာပဲ"

"ဖုံးကွယ်လည်း မထားဖူးရပါဘူး မိုးရယ်"

"အင်းပါ၊ စကားအဖြစ် ပြောတာပါ ညရဲ့၊ အလုပ်မှာစိတ်အနှောင့်အယှက် ဖြစ်စရာ ကြုံလို့လား၊ ဒါမှမဟုတ် တစ်ယောက်ယောက်ကိုများ နည်းနည်းတင်းလာသလား"

"အင်း ... မိုး ဗေဒင်ဆရာမ လုပ်ပါလား"

"ဟွန်း"

မင်းညက ခုထိ သက်သောင့်သက်သာ မဖြစ်သေးတဲ့ ခံစားချက်နှင့် အနည်းငယ် ညှစ်ညှစ်ဖျစ်ဖျစ် ရယ်လိုက်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ရောဂါသိကအောက် ဖြစ်လာလို့ပါ မိုးရာ"

"ကဲ ... တွေ့တယ် မဟုတ်လား၊ ည ဘာဖြစ်လို့ စိတ်ကသိကအောက် ဖြစ်ရတာလဲ၊ ပြောပါဦး၊ ညက အရှင်းလည်း သည်းညည်းခံတတ်တဲ့လူ၊ ည စိတ်အနှောင့်အယှက် ဖြစ်တယ်ဆိုတာ ရှားတာပဲဟာ"

မင်းညက သက်ပြင်းချလိုက်ပါသည်။ မိုးကိုပြောဖို့ဆိုတာ အနည်းငယ် ဝန်လေးပေမယ့် မိုးက ရိပ်မိနေတာကိုတော့ မဟုတ်ဘူးလို့ ညာမနေချင်တော့ပါ။ ညာတယ်ဆိုရင်လည်း ညာမှန်း သူ့မျက်နှာက ပေါ်လွင်နေဦးမှာ မဟုတ်လား။

"ကောင်မလေးတစ်ယောက်ပါ မိုးရာ"

ကောင်မလေးဆို၍ မိုးသည်း မျက်လုံးလေးတွေက အဝေးတောက်ကာ မင်းညကို လှည့်ကြည့်ပါသည်။ မင်းညက အဖြစ်အပျက်ကို စိတ်ခပ်ပျက်ပျက်နှင့်ပင် မိုးကို ပြောပြလိုက်သည်။ သူလည်း ပြောချင်နေတာ။ မပြောဘဲ အောင့်ထားရလျှင် အဲဒီ ကသိကအောက် ဖြစ်ရမှုက တော်တော်နှင့် ပျောက်ပျက်မှာမဟုတ်။

"အဲဒါကွာ ... မျက်နှာကို ဟောဒီလို ဟိုဘက်လွှဲထားတာ၊ ကျွတ် ... တကယ်ပါပဲ"

"ဟင် ... လုံးဝ တစ်ခွန်းတောင် ပြန်မပြောတာလား"

"အင်း ... လုံးဝမပြောတာ"



"ဘာဖြစ်တာလဲ သူက"

"ကိုယ်လည်း မသိဘူးလေ"

"သူက ဘာမို့လဲ၊ တအားဟော့ရှော့လား၊ ဘီလျံနာသမီးလား"

"အဲလိုလည်း မဟုတ်ဘူး"

"ဟာ ... ကြားရတာတောင် စိတ်တိုလိုက်တာ ညရာ"

"ဟင်း ဟင်း ... စိတ်ကိုလျှော့ပါ မိုးရဲ့"

"ရယ်မနေပါနဲ့ ညရဲ့၊ ကိုယ့်ချစ်သူကို မိန်းမတစ်ယောက်က မတူမတန်ပုံစံ ချိုးသွားတာ မကျေနပ်ပါဘူး၊ လုံးဝ ဒေါကန်တယ်ကွာ"

"အမယ်လေး မိုးရယ်၊ ကိုမင်းညာ စိတ်တိုဖို့ ထားပါဦး"

"သူက စိတ်မှမတိုတာ၊ အောင့်သက်သက် ဖြစ်ရုံလောက်နဲ့ ပြီးနေတာလေ၊ ဒါ ဒီလိုပဲ ပြီးသွားမှာလား ည"

"ဩော် ... မိုးကလည်း၊ ဒီလို မပြီးဘဲ ဘယ်လိုပြီးရမှာလဲ"

"ကြောသွားတာလေ"

"မိုးရယ်"

"အဲဒီ ငတုံးမက ညဟာ ဒီသင်တန်းကြီး ကုမ္ပဏီကြီးရဲ့ ပိုင်ရှင် လုပ်ငန်းရှင် Boss ပဲဆိုတာတောင် မသိဘူးလား"

"သူ မသိလို့ ဖြစ်ပါလိမ့်မယ် မိုးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မသိဘဲ မသိပါစေဦး၊ ညရုပ်က စကားတောင် ဖက်မပြော ချင်လောက်အောင် ကလေကချေ ဖြစ်နေလို့လား၊ စုတ်ဆေ နေလို့လား"

မိုးသည်း အကြီးအကျယ် ဒေါကန်နေတာမို့ မင်းညို က ရယ်ချင်လာကာ သူ့ရင်ထဲက အစိုင်အခဲတွေတောင် လျော့ပါး သွားသလို ဖြစ်ရပါသည်။

"ရှုံးများနေလား"

မာမာက တိုးတိုး မှတ်ချက်ချသည်။

"အရှုံးဘာ ကွန်ပျူတာ လာသင်ပါမလားဟဲ့"

"မသိဘူးလေ၊ ဒီလိုပဲ တွေးကြည့်တာပေါ့ဟဲ့"

"ဒါမှမဟုတ် အဲဒီနေ့က ညက ဖက်ပြီးဖမ်းလိုက်တာကို သူက အသားယူတဲ့သူ လက်ရဲဇက်ရဲလူ နှာဘူး စသဖြင့် သတ်မှတ်လိုက်တဲ့ပုံလား"

"ကိုယ်လည်း ဘယ်သိမလဲ မိုးရာ"

"အဲဒါကြောင့်လေ ... ညကို သိပ်အသည်းယားတာ"

"ဟင်"

"အလကားနေ သူများကို ကူညီချင်ဦးလေ"

"မိုးကလည်း၊ အဲဒီနေ့က ကိုယ်မဆွဲရင် သူ တကယ်ကို အပြေးလိုက်ကြီး မှောက်လျက်ကျပြီး ရှေ့သွားတွေ ရှစ် ချောင်းလောက်တော့ ပြုတ်သွားမယ်"





"ပြုတ်ပစေပေါ့၊ အဲသလို ပြုတ်သွားရမှာ ဒီမိန်းမမျိုး"

"ဟား ဟား ဟား"

"မရယ်ပါနဲ့ ညက၊ တွေ့လား သူ ကသိကအောက်ဖြစ် လည်း ခဏပဲ၊ အခု သူ့စိတ်ပြေသွားပြီ"

"စိတ်မပြေရင် ကိုယ်ပဲ ခံစားနေရပြီး ကိုယ်ပဲ ရှုံးတာပေါ့"

"မဟုတ်သေးပါဘူး၊ ဒီလောက်တော့ မြန်မြန်ကို ခွင့်မလွှတ် ရပါဘူး ညရာ၊ ဒီမှာ ဒီကောင်မလေးကို နောင် ဘယ် တော့မှ နှုတ်မဆက်နဲ့တော့နော်"

"အင်းပါ"

"လှည့်ကို မကြည့်နဲ့"

"အင်းပါ မိုးရဲ့"

"သိပ်မဆက်ဆံချင်တောင် တစ်ခွန်းလောက်ပြောပြီး ရှောင် ထွက်သွားလို့ ရပါတယ်၊ လွန်လွန်းတယ် ... ကျွတ်"

"စိတ်လျှော့ပါ မိုးရာ"

"ဒီမှာ ည၊ အဲဒီနေ့က သူ့ကိုဖမ်းလိုက်တာ ဘယ်လောက် ထိများ ဘာများဖြစ်သွားသေးလဲ"

"ဘာဖြစ်ရမှာလဲ မိုးကလည်း"

"ဟီ ဟီ"

မာမာက ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ ရှင့်ရင်ခွင်ထဲ သူက လုံးဝကပ်သွားတာပေါ့"

"အဲ ... အမ်း ... အင်းပေါ့ ... အင်းပေါ့၊ အဲဒီသဘောပေါ့"

"ဘယ်လောက်ထိအောင် ကပ်လဲ"

"ဟာ ... မိုးကလည်းကွာ"

ဖြေရင်းက မင်းညသည် အဲဒီနေ့က သူ ရှူရှိုက်လိုက်မိရတဲ့ ရှမ်ပူရနံ့ကလေးကိုပင် ခုချက်ချင်း ရလိုက်သလို ပြန်အမှတ်ရလာမိပါသည်။

"ပြောလေ"

"အာ ... မိုးကလည်း၊ နောက်က ဆွဲဖက်လိုက်တယ်၊ အတော်အားစိုက် ကျုံးဖက်လိုက်ရတာ၊ သူက အရှိန်နဲ့ ဟပ်ထိုးဖြစ်နေပြီကိုး၊ ဒါပဲပေါ့။ ဒီထက်တော့ ပိုပြီးမပြောတတ်တော့ပါဘူးကွာ"

"သူက ရှင့်ကို အသားယူတဲ့ နာဘူးပဲ ထင်သွားပုံပါပဲ ... ကျွတ်"

"မိုးကလည်းကွာ၊ ဟုတ်မှ မဟုတ်တာ"

"မဟုတ်တာ မိုးပဲသိတာလေ သူက သိမလား၊ တခြားဘာအကြောင်းရှိမှာလဲ၊ ညလို ယောကျ်ားမျိုးကို အသားလွှတ်သွေးကြီးနေမယ့် မိန်းမမျိုး ဒီခေတ်ထဲမှာ ရှိလို့လား"

မင်းညက ကားမောင်းရင်း နဖူးထိပ်လေးကို ကုတ်နေမိသည်။ မိုးဖြစ်နေပုံကို သူ ရယ်လည်းရယ်ချင်နေကာ မရယ်





မိအောင် အောင့်ထားရပါသည်။ ဟိုဟာမလေးကိုတော့ စိတ်ဆိုးတာက စိတ်ဆိုးတာပဲဆိုပေမယ့် ကိုယ်နဲ့ အသိအကျွမ်း ရင်းနှီးသူလည်း မဟုတ်၍ သိပ်တော့ ခေါင်းထဲထည့်မနေချင်တော့ပါ။

"ဒီမှာ ... ည"

"အင်း ... အင်း"

"နောက်ကို သူတစ်ပါးကို သနားညှာတာ ကိုယ်ချင်းစာပြီး ကူညီတာတွေ လျှော့ဦး၊ အထူးသဖြင့် မိန်းကလေးတွေကို၊ တချို့ မိန်းကလေးတွေက လူလူချင်း ကိုယ်ချင်းစာပြီး ကူညီတာတောင် သူတို့လှလို့ သူတို့ကိုစိတ်ဝင်စားလို့ သူတို့ကိုအငမ်းကြောထူပြီး ကူညီတာလို့ စိတ်ကစွပ်စွဲချင် စွပ်စွဲနေတာ"

"........."

"ကြားလားလို့"

"အင်းပါ"

"အသားချင်း ထိကိုင်ကူညီရမှာမျိုးကို ဘယ်တော့မှ မကူညီနဲ့"

"မှောက်လျက်လဲမှာ ဆိုရင်ကော"

"လဲပစေပေါ့"

မိုးသည်းက စိတ်တိုပြီး အော်ပစ်လိုက်ပါသည်။ မင်းညက ခေါင်းတညိတ်ညိတ်နှင့် ငြိမ်နေလိုက်ရပါသည်။

"သူ့ထိုက် သူ့ကံပေါ့၊ ရှင် တွန်းချတာမှ မဟုတ်ဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"တချို့မိန်းကလေးတွေက ကွယ်ရာကျ အသားယူပြောတတ်တယ်၊ တချို့များ သူတို့ကို တစ်ချက်လှမ်းကြည့်မိရင်တောင် ဒီကောင် ငါ့ကြိုက်နေပြီလို့ အရပ်တကာလှည့်ပြီး ပြောရင် ပြောတတ်တာ"

"အင်း"

"ပြီးတော့ ခုလိုကိစ္စမျိုးဆိုရင် ဟုတ်လည်းမဟုတ်ဘဲနဲ့ သွားပုပ်လေလွင့်တောင် သတင်းတွေ ဖြန့်ချိလို့ရတယ်"

မင်းညက တွန့်ခနဲတောင် ဖြစ်သွားရပါသည်။ မိုး ပြောမှပဲ အဖြစ်က ဆိုးဆိုးလာနေပြီ။ သွားပုပ်လေလွင့် မပြော ဖို့တောင် ပြေးတောင်းပန်ရတော့မလိုလို။

"ဒီလိုသတင်းတွေ ဖြန့်လို့ကတော့ ရှင်လူယုတ်မာလုံးလုံး ဖြစ်ပြီသာမှတ်တော့ ည၊ မိန်းမတစ်ယောက်ရဲ့ နူးညံ့တဲ့ နှုတ်ခမ်းလေးနှစ်လွှာကြားက ထွက်လာတဲ့စကားလုံးတွေကြောင့် တိုင်းပြည်တောင် ပျက်သွားနိုင်တယ်"

"အင်းပါ မိုးရာ၊ ကိုယ် နားလည်ပါပြီ"

"ဟွန်း ...၊ မှတ်ထားတယ်နော်၊ ကောင်မလေးတွေကို လုံးဝလိုက်လိုက်မကူညီနဲ့"

"တစ်သက်လုံးလား"

"တစ်သက်လုံးပေါ့"

"အင်းပါ ... အင်းပါ"



"ဒီကောင်မလေးကိုတော့ အထူးသဖြင့် ကိုယ့်ရှေ့မှာ ကားက တက်ကြိတ်သွားရင်တောင် ထပ်မဆွဲနဲ့တော့"

"အား ... မိုးကလည်း ... ဖွ ... ဖွ"

"ဘာဖွလဲ၊ ညနော် ...၊ ဘာကိစ္စမှ ဝင်မကူညီနဲ့၊ လှည့်လည်းမကြည့်နဲ့၊ စကားလည်း လုံးဝသွားမပြောနဲ့၊ ရှိတယ်ကို မမှတ်နဲ့"

မင်းညက သက်ပြင်းတစ်ချက် ချလိုက်ပါသည်။

"တကယ်ပဲ ဒီမိန်းမတော့၊ မိုးကိုယ်တိုင်တောင် မြင်ဖူးအောင် လိုက်ကြည့်ချင်စိတ် ပေါက်လာပြီ"

"ဟာ ... မိုးကလည်း၊ ဘာဖြစ်လို့ လိုက်ကြည့်ရမှာလဲ၊ အဓိပ္ပာယ်မရှိတာ"

"အင်းပါ ... မကြည့်ပါဘူး၊ သူ့ကို လိုက်ကြည့်ရမှန်းသိရင် ပိုကြီးကျယ်မှာစိုးလို့၊ ရှိးတယ် ရှိးတယ်နဲ့ ကိုယ်ဘာလုပ်လုပ် တင့်တယ်တယ်၊ သူများက ကျေးဇူးတင်မယ် ထင်မနေနဲ့ ည၊ အခု တွေ့လား၊ ဒီကောင်မလေးက ည သူ့ကိုကူညီကယ်ဆယ်လိုက်တာကို မကြိုက်ဘူး တွေ့လား၊ တချို့ကိစ္စတွေကျ ကိုယ်နဲ့လည်း မဆိုင်ဘဲနဲ့ မဆိုင်သလို မျက်နှာလွှဲထားလိုက်စမ်းပါ"

"အင်းပါ မိုးရယ် ... အင်းပါ"

www.burmeseclassic.com

www.burmeseclassic.com



## ၃

သူ ကာရန့်ကို ကြည့်သွားတဲ့ စိမ်းတောက်တောက် မျက်ဝန်းတွေကို နောက်ဆုံးမှာ မြင်လိုက်ရပြီးတဲ့နောက် ထိုအကြည့်ရဲ့ ထိုးခွဲခြေမွှမှုကြောင့် ကာရန့်ရင်ဘတ်တစ်ခုလုံးထဲမှာ မွမွကြေ စုတ်ပြတ်သတ်နေရပါပြီ။

ခါးသီးသီးနှင့် စိတ်ပျက်လက်ပျက် ပစ်ပစ်ခါခါကြည့်လိုက်တဲ့ အကြည့်ထဲမှာ "မင်းက ဘာမို့လဲ"၊ "မင်း ငါ့ကိုစော်ကားတာလား"၊ "မင်း ဘာဖြစ်လို့ ဒီလောက် ရိုင်းရတာလဲ" စတဲ့ မေးခွန်းပေါင်း မြောက်မြားစွာ ပျော်ဝင်နေသည်။ သွားပြီ။ ကိုမင်းည ကာရန့်ကို အတော်မုန်းတီး နာကြည်းပါသွားပါပြီ။

စိတ်လိုက်မာန်ပါ ရန်တွေ့သလို ပြောနေတဲ့ စကားလုံးတွေကို ကိုယ့်နားက မကြားရပေမယ့် နှလုံးသားက ခံစားလို့



သည်။ ခွင့်လွှတ်ပါနော်၊ ကာရန့်ကို စိတ်မဆိုးလိုက်ပါနဲ့ရှင်ရယ်။ အထင်မမှားလိုက်ပါနဲ့။ ရှင့်ရဲ့ အဲဒီအကြည့်ကြောင့် ကာရန့်ရဲ့ အသည်းတစ်ခြမ်း မီးလောင်သွားရသလို ခံစားရပါတယ်။

ကာရန်သည် မင်းည လှည့်ထွက်သွားအပြီးမှာ လူကားကို ကမူးရှူးထိုး ပြေးတက်ခဲ့ပြီး တစ်ဆစ်ချိုးကွေ့ တစ်နေရာအရောက်တွင် ရင်တစ်ခုလုံး ဖိုလိုက်ပြီး အသက်ရှူမှားကာ တစ်ယောက်တည်း ယောင်ကြောင်ကြောင် ရပ်နေမိလေသည်။ ဆံပင်မှတစ်ဆင့် ဦးရေပြားကို မိုးစက်မှုန်တွေ စိမ့်ဝင်စိုရွှဲနေတာကို ခံစားမိကာ လူက ရှိန်းဖိန်းလာသလို ခံစားနေခဲ့ရပါသည်။

သိပ်မကြာခင် လှေကားမှ ဖြိုးတစ်ယောက် အပြေးတက်လာခဲ့ကာ ...

"ဟဲ့ ... ကာရန်၊ ငါ့ကိုစောင့်နေတာလား၊ ဆောရီးနော် ဟဲ့၊ လာလေ တက်ကြစို့၊ နည်းနည်းနောက်ကျနေပြီလား မသိဘူး"

ကာရန်သည် ဖြိုးရဲ့စကားကို မကြားရပေမယ့် ဖြိုးအပြောနေတယ်ဆိုတာ သိပါသည်။ သူ့ဘဝမှာ သူ အဲဒီလို အမြဲသိသူဟာ နှစ်ယောက်။ မေမေနှင့် ဖြိုး။ နည်းနည်းအရေးပါတဲ့ ထိစွတွေမှာသာ အသေးစိတ်ကို မသိနိုင်တဲ့အတွက် စာနဲ့အပြန်အလှန် ရေးပြောကြပေမယ့် ပုံမှန်ထမင်းစားရေသောက်ကိစ္စမျိုး

www.burmeseclassic.com



လုပ်ရိုးလုပ်စဉ် ပြောရိုးပြောစဉ် ကိစ္စမျိုးတွေမှာ သူတို့ ဟန်ပန်မူရာကိုကြည့်တာနှင့် သူတို့ ဘာစကားမျိုး ပြောနေတယ်ဆိုတာ ကာရန် အကျွမ်းတဝင် သိနေပါပြီ။

"ကာရန် ... လာလေ"

"........."

"ဟဲ့ ... ဘာပေကတ်နေတာလဲ၊ ဘာလဲ ... ငါကြာလို့ စိတ်ကောက်နေတာလား"

ဖြိုးကွေးပြတဲ့ လက်ညှိုးအကွေးလေးကို လှမ်းဆုပ်ကိုင်လိုက်ရင်း ကာရန်က ခေါင်းလေး အသာယမ်းလိုက်ပါသည်။ လူက ရှိန်းဖိန်း၍ မွန်ထူချင်လာကာ ရုတ်တရက် နှာတစ်ချက်ချေလိုက်မိသေးသည်။

"ဟာင် ... နင် မိုးစိုသွားသေးလား"

ဖြိုးက ကာရန့်ဆံပင်ကို လှမ်းကိုင်ရင်း ...

"ကြည့်စမ်း ... ခေါင်းစိုနေပြီ"

"........."

"နင် ချက်ချင်း တက်မသွားဘူးလား၊ မိုးရွာထဲ ရပ်နေသေးတာလား"

"........."

"နင် အခု ဘာလဲ၊ နေမကောင်းဘူးလား"





ကာရန်က ဖြည်းညင်းစွာ ခေါင်းယမ်းပြလိုက်ရင်း ရက်ရည်လေး လည်လာသည်။

"ဘာဖြစ်လို့လဲ ကာရန်၊ ဟင် ... နင် ဘာဖြစ်လို့လဲ"

"မင်းည"ကို သူတို့နှစ်ယောက် သင်္ကေတလုပ်ထားတဲ့ "အစ်ကို"ဆိုတဲ့ သင်္ကေတ လက်ညှိုးလေးတစ်ချောင်း နှာခေါင်းပေါက်အောက်မှာ-ကန့်လန့်ဖြတ် ကပ်ပြကာ လက်ဝါးကိုအပြားလိုက်မြှောက်တက်ပြလိုက်ပြီး အဲဒီညာလက်ဝါးကို ရှေ့ကိုဖြန့်ပြကာ လက်ညှိုးလေးနှင့် လက်မထိပ်တို့ ကွေးထိပြီး ကျန်လက်ချောင်းသုံးချောင်း ပူးထောင်ပြတာမြင်လျှင် မြန်မာအက္ခရာ"ည" မှန်း သိလျက် ...

"ကိုမင်းညလား"

ကာရန်က ခေါင်းညိတ်ပြလိုက်သည်။

"သူ ဖြစ်လို့လဲ"

"........."

ကာရန်သည် ဝမ်းနည်းတဲ့အမိပ္ပာယ် ရင်ဘတ်မှာ လက်ဝါးဖြန့်လျက် စက်ဝိုင်းသဏ္ဌာန် ပွတ်တိုက်ဟန် လုပ်ပြပြီးလျှင် ဘာမှဆက်မရှင်းပြနိုင်ဘဲ နှုတ်ခမ်းလေးနှစ်လွှာ တဆတ်ဆတ်တုန်ကာ မျက်ရည်တွေ ပိုလည်လာသည်။ ဖြိုးက စိုးရိမ်ပူပန်စွာ ကာရန့်ပခုံးလေးကို သိုင်းဖက်ရင်း လက်ညွှန်ပြလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ပြန်မလား"

"..........."

ကာရန်က ခေါင်းညိတ်ပြလိုက်ပါသည်။

"ငါ ဖုန်းဆက်ပြီး ကားလှမ်းခေါ်လိုက်ဦးမယ်"

များသောအားဖြင့် ကာရန့်အိမ်ကားနှင့် ဒရိုင်ဘာကို အသုံးများပေမယ့် တစ်ခါတစ်ရံ မေမေ ကိစ္စတစ်ခုခုရှိရင်တော့ ဖြိုးတို့အိမ်ကကားကို တစ်လှည့်သုံးမြဲ။ ဒီနေ့ မေမေ လူနာသတင်းမေး တစ်နေရာသွားစရာရှိ၍ ဖြိုးတို့ကားနှင့် လာခဲ့တာဖြစ်သည်။ ဖြိုးအိမ်ကို ဖုန်းဆက်ကားခေါ်လျှင် ဆယ်မိနစ်လောက် မောင်းပါက ရောက်လာနိုင်တာပင်။

လှေကားကဆင်းရင်း ကာရန်က ဖုန်းမဆက်ဖို့ လက်ဟန်ပြလိုက်ပါသည်။

"ဘာလို့လဲ၊ ကားခေါ်လိုက်မယ်လေ၊ မိုးရွာနေတယ်"

"........."

ဟင့်အင်း။ ဒီနားမှာ ရပ်စောင့်မနေချင်တော့ပါဘူး။ သူက ပြန်ချင် ပြန်ရောက်လာမှာလေ။ ထပ်ပြီး မျက်နှာချင်းဆိုင် မဆုံချင်ပါဘူး။ ဒီနားကနေ အမြန်ဆုံးပဲ ထွက်ခွာသွားလိုက်ချင်ပါပြီ။

ကာရန်က တက္ကစီတစ်စီး ဖြတ်မောင်းသွားတာကို လက်ညှိုးထိုးပြလိုက်၍ ...





"ကားငှားသွားမှာလား"

ကာရန် ခေါင်းညိတ်တာကို ဖြိုးက ပူပင်မကင်းသလို စိုက်ကြည့်နေပြီးမှ ကာရန့်ကို လှေကားခွင်အတွင်းမှာပဲထားကာ သူက ထီးဖွင့်ဆောင်း၍ အပြင်ထွက်လိုက်သည်။ ပလက်ဖောင်းစပ်အထိ ကားငှားဖို့ သွားရပ်နေသော ဖြိုးကိုလှမ်းကြည့်ရင်း ကာရန် ချစ်ခင်ကျေးဇူးတင်သည်။

ဖြိုးဟာ သူ့အတွက် အကောင်းဆုံး အဖော်မွန် သူငယ်ချင်းပါပဲ။

ခဏတွင်းချင်းပင် ဖြိုး ကားငှားလို့ရသွားကာ ကာရန့်ဆီ ပြန်ပြေးလာ၍ ထီးနှင့်လာခေါ်သည်။ တက္ကစီပေါ် ထိုင်မိလျှင် ကာရန်က သူ့အိမ်သွားမည့်အကြောင်း အမူအရာ ပြလိုက်၍ ...

"အင်းပါ၊ နင့်အိမ်ရောက်မှ ငါ့အိမ် ဖုန်းဆက်ရမယ်၊ သင်တန်းကို ထွက်မကြိုတော့ဖို့ တားရဦးမယ်၊ စောသေးတော့ မီပါတယ်၊ ခုမှ သင်တန်းစချိန်လောက် ရှိသေးတာ သွားကြိုဦးမှာ မဟုတ်ဘူး၊ အင်း ... ငါတို့နှစ်ယောက်မှာလည်း ဟန်းဒ်ဖုန်းလေးတစ်လုံးလောက် ရှိရင်ကောင်းသား"

ဖြိုး တစ်ယောက်တည်း တတွတ်တွတ် ပြောနေတာကို ကာရန်က မေးလေးဆတ်ကာ ဘာလဲ ... ဘာလဲ မေးနေတော့မှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲန်းဒ်ဖုန်း ... ဟဲန်းဒ်ဖုန်း ..."

"..........."

"ဟုတ်တယ်၊ နင့်ရော ငါရော ဟဲန်းဒ်ဖုန်းတစ်လုံးစီရှိရင် ကောင်းမယ်၊ သိလား ကာရန်၊ ငါတို့ မတွေ့ကြတဲ့ အချိန်တွေမှာလည်း တစ်ယောက်နဲ့တစ်ယောက် Message တွေပို့ပြီး စကားပြောနေလို့ရတယ်၊ အရေးအကြောင်းဆိုရင် နင့်အတွက် အရမ်းအသုံးဝင်တယ်၊ နင် ဘယ်သူ့ဆီကို Message ရိုက်ပြောပြော ပြောလို့ ရတယ်လေ၊ နင့်အမေကို ဝယ်ပေးခိုင်းလိုက် သိလား"

ဖြိုးရဲ့စကားအရှည်ကြီးကို နားမလည်တဲ့ ကာရန်က ဖြိုးပြောနေတာကို ကြောင်ငေးငေးလေးသာ သိချင်သလို ငေးကြည့်နေပါသည်။

တစ်ခါတစ်ရံတော့ ဖြိုးသည် သူပြောသမျှ လုံးစေ့ပတ်စေ့ကို ကာရန် နားလည်နိုင်အောင် မကြိုးစားချင်တော့။ ကာရန့်အတွက် အသုံးပြုတဲ့ လက်ဟန်သင်္ကေတတို့ကိုလည်း ဖြိုး အားလုံး အလွတ်သိတာမဟုတ်။ ဒါပေမဲ့ ချစ်သောသူငယ်ချင်းကို စကားမပြောဘဲလည်း မနေနိုင်။ ထို့ကြောင့် ပြောချင်တာတွေ ရှည်ရှည်လျားလျား ပြောနေမိလိုက်တာပင်။

ကာရန်ကလည်း ဖြိုး အဲသလို ခြေဟန်လက်ဟန် မပါတဲ့ စကားရှည်ရှည် ပြောနေပြီဆိုရင် နားလည်းမလည်တဲ့တူတူ



ဖြိုးကို ခပ်ငေးငေးဘဲ ကြည့်နေတတ်သည်။ ဖွတ်တရွတ် သိရအောင်မမေး။ အဲသလိုလေး နားမလည် ပါးမလည် ငေးကြည့်နေလျှင် ကာရန့်မျက်လုံးလေး မျက်နှာလေး အမူအရာလေးတွေက ချစ်စဖွယ် သနားစဖွယ် ကောင်းလှ၍ ဖြိုး စိတ်ထိခိုက်ရလေသည်။

"ငါလည်း ဖုန်းတစ်လုံး ပူဆာရမယ်၊ ငါ့အမေကတော့ ဝယ်ပေးချင်မှ ဝယ်ပေးမယ်၊ ငါ့ဘကြီးကတော့ ငါ့မွေးနေ့ကျရင် ဘာယူမလဲ မေးထားတယ်၊ ဘဘမှာ သူ့လုပ်ငန်းသုံးဟန်းဒ်ဖုန်းတွေ အများကြီး၊ မန်နေဂျာတစ်လုံး ဖိုမင်တစ်လုံး ပြာတာတစ်လုံး ဒရိုင်ဘာတစ်လုံး ဆိုသလို ပေးကိုင်ထားနေတာ၊ ငါ ဘဘဆီက ဟဲန်းဒ်ဖုန်းအဟောင်း အပိုတစ်လုံး တောင်းရမယ် ...

ဒရိုင်ဘာတောင် ပေးကိုင်သေးတာပဲ၊ တူမကိုလည်း ပေးမှာပါ၊ သူ့မှာ ငါကလွဲလို့ ပေးစရာရှိတာလိုက်လို့၊ ငါကမတောင်းလို့သာ၊ ကောင်းတယ်၊ အကြံပိုင်တယ်၊ ဘဘဆီက ဟဲန်းဒ်ဖုန်းတစ်လုံး ပူဆာမယ်၊ နင်လည်း ပူဆာ"

ဖြိုးက စကားပြောရင်း ကာရန့်ဘက် လှည့်မကြည့်ဘဲ ဝခုံးချင်းတစ်ချက်တိုက်လိုက်၍ ကာရန်က ငေးငေးလေးကြည့်နေရာမှ ရောတောရောင်တောင် ခေါင်းတိုပင် ညိတ်လိုက်မိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကာရန်တို့ အိမ်ရှေ့ရောက်လျှင် ကာရန်က တက္ကစီခ လှရှင်းလိုက်ပြီး ပြန်အိမ်းငွေ ရပြီးတာနှင့် နှစ်ယောက်သား အိမ် ထဲအပြေးဝင်လာခဲ့ကြသည်။ ဖြိုး သူ့အိမ်ကို လာမကြိုဖို့အကြောင်း ကာရန့်အိမ် ရောက်နေပြီဖြစ်တဲ့အကြောင်း ဖုန်းလှမ်းဆက်နေစဉ်

"ဟယ် ... ကာရန်၊ ခေါင်းစိုလာတာလား၊ ယောတော်"

အိမ်တော်ပါလူရင်း အေးကြည်ဟာလည်း ကာရန် အပေါ် မေတ္တာစေတနာ ရှိသူတစ်ယောက်ပင်။ ကာရန့်ဆံပင်ရှည် လေးတွေ ရေစိုကာ အချောင်းလိုက်ဖြစ်နေတာမြင်လျှင် ခုန်ပေါက် အော်မြည်နေပြီး မျက်နှာသုတ်ပဝါကို တစ်မှဟုတ်ချင်း သွားယူ လာသည်။

"ကာရန် ... လာ ထိုင်"

လက်ကိုဆွဲကာ ထမင်းစား ကုလားထိုင်မှာ ထိုင် နိုင်းပြီး သူက နောက်ကရပ်၍ ခေါင်းသုတ်ပေးပါသည်။ ကာရန် ကတော့ ငြိမ်နှင့် ခေါင်းသုတ်ခံမနေချင်။ ဖြိုးကိုသာ လှည့်တကြည့် ကြည့်။ ဖြိုးနှင့်အိပ်ခန်းထဲပြေးပြီး ဖြိုးကို ဓာတ်ကြောင်းပြန်ချင်ရ ပြီ။

"ဪ ... ကာရန်ရယ်၊ ခေါင်းကို ဒီဘက်လှည့်ပြီး ငြိ ငြိမ်ထားစမ်းပါ၊ နာစေပြီး ဖျားတော့မှာပဲနော်"

"အူး"





ကာရန်က သူ မကြိုက်လျှင် မကြိုက်တဲ့ ဒီကရိုကို လိုက်၍ သံရှည် သံတို တိုးတိုး ကျယ်ကျယ် စူးစူးဝါးဝါး စသဖြင့် အဆင့်ဆင့် အမျိုးမျိုး မူကွဲနှင့် အော်လေ့ရှိတဲ့အသံမျိုး အလယ်အလတ်အဆင့် အော်ပစ်လိုက်ပြီး ခေါင်းသုတ်ခံနေရာမှ ထ,ပြေးပါသည်။

"ဟဲ့ ... ကာရန်"

ဖြိုး ဖုန်းပြောတာ ပြီးသွားပြီမို့ အိပ်ခန်းထဲပြေးဖို့ စိတ်ဇောထက်သန်နေလို့ပင်။ ဖြိုးက အေးကြည်လက်ထဲမှ မျက်နှာ သုတ်ပဝါကို လှမ်းဆွဲရင်း ...

"ဖြိုး သုတ်ပေးလိုက်မယ် မမအေးကြည်"

"ဘာဖြစ်လာကြတာလဲ၊ သင်တန်း မရှိဘူးလား"

"ဟုတ်"

"ဪ ... ထမင်းတော့ မစားကြရသေးဘူးမို့လား"

"ဟုတ်"

"ခဏနေ ဆင်းစားကြနော်၊ ဒီကြားထဲ မုန့်တွေမစားလိုက် ကြနဲ့ဦး"

"ဟုတ်ကဲ့ မမအေးကြည်"

"သူ့ဆံပင် သေချာလုပ်ခိုင်းဦး၊ ဒရိုင်ယာမှုတ်ရင်မှုတ်၊ ဒီကောင်မလေးတော့ ဖျားတော့မှာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကာရန်နှင့်ဖြိုး အပေါ်ထပ် ရောက်သွားတဲ့အထိ အေးကြည်က ဖျစ်တောက် ဖျစ်တောက် လုပ်တုန်းပင်။ ကာရန်နှင့် ဖြိုးက အိပ်ခန်းထဲရောက်လျှင် တံခါးပိတ်ပြီးတာနှင့် ကာရန်က သူတို့စာရေးနေကျ စာအုပ်လေး ပြေးဆွဲသည်။

"ဆံပင်သုတ်ဦး ကာရန်"

ကာရန်က ဖြိုး ကျေနပ်ရုံ မျက်နှာသုတ်ပဝါဆွဲပြီး လေးငါးချက် ပွတ်သုတ်လိုက်ပြီး မျက်နှာသုတ်ပဝါကို စားပွဲပေါ် အလွယ်တကူ လှမ်းပစ်တင်လိုက်သည်။

"ဟဲ့ ... နင် ဖျားမယ်နော်"

ကာရန်က စာအုပ်နှင့် ဘောလ်ပင် မြန်မြန်ဆွဲလိုက်ကာ ...

"ငါ့ကို သူ စိတ်ဆိုးသွားပြီ ဖြိုး"

ဖြိုး ဆွဲယူဖတ်နေစဉ် ကာရန်က လက်ဖဝါးလေးချင်း ပွတ်ခြေဆုပ်နယ်နေမိသည်။ စိတ်တွေ ဂနာမငြိမ်။ ဝမ်းနည်းနေသလိုပင်။ ဖြိုးက မြန်မြန်ရေးခြစ်လိုက်ရင်း ကာရန့်ဘက် ထိုးပေးလိုက်သည်။

"ဘာဖြစ်လို့လဲ"

"သူ ငါ့ကို စကားလာပြောတယ်"

ဖြိုးက ပြန်မရေးနိုင်ဘဲ ကာရန့်ကို ငိုင်ကြည့်နေမိသည်။





"အဲသလိုဆိုရင် ငါ ဘာပြန်လုပ်ရမလဲဟင်၊ အခု ငါသူ့ကို ဟိုဘက်လှည့်ပြီး မျက်နှာလွှဲထားလိုက်တယ်၊ လှေကားရင်းမှာ သူက ရပ်နေတော့ သူ့ကိုကျော်ပြီး ငါဝင်သွားလို့လည်း မရဘူး၊ သူ ငါ့ကိုစကားတွေအများကြီး ပြောနေတာ၊ နောက်ပိုင်းပြောတဲ့စကားတွေက စိတ်လိုက်မာန်ပါနဲ့ ဒေါသထွက်နေသလိုပဲ ဖြိုးရယ် ...

နောက်ဆုံး သူ လှည့်ထွက်သွားတဲ့အချိန်မှာ ငါ့ကို မင်း တော်တော်ရိုင်းတယ် ဆိုတဲ့ အကြည့်မျိုးနဲ့ ခါးခါးသီးသီး စိမ်းစိမ်းကားကား ကြည့်သွားတာ"

ကာရန်က စာရွက်ပေါ် ပေါက်ခနဲ ပြုတ်ကျသည့် မျက်ရည်စက်လေးကို စာရွက်ပေါ်မှ ကမန်းကတန်း တောက်ပစ်လိုက်ပါသည်။

"မငိုနဲ့ဟာ"

"ဖြိုး ... ငါ တအားခံစားရတယ်၊ ငါရှေ့လျှောက် တစ်သက်လုံး ဒီလိုကိစ္စ ထပ်တူထပ်မျှတွေ အများကြီးထပ်ခံစားရတော့မှာ"

"ဘာလို့ ခံစားရမှာလဲ၊ ကိုယ့်ဟာကိုယ် ခပ်တည်တည်နေရုံပေါ့"

"ငါ သူ့ကို ချစ်နေပြီ ထင်တယ်၊ သေချာတယ်"

"ချစ်လို့ရတာပဲ၊ ချစ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲသလို အလွယ်လေး မပြောပါနဲ့ ဖြိုးရယ်"

"ကာရန်၊ နင် ချစ်ချင်တဲ့သူကို ချစ်ခွင့်ရှိတယ်၊ တစ်ဖက်က နင့်ကို ချစ်မချစ်ဆိုတာကတော့ ကုသိုလ်ကံပေါ့ဟာ၊ ဒါ လူတိုင်းအတွက် တူတူပဲလေ၊ အခုနေ ငါ ကောင်လေးတစ်ယောက်ကို ချစ်မိပြီး သူ ငါ့ကို စိတ်မဝင်စားဘူးဆိုတာ ကြုံနိုင်တာပဲ၊ ဒါဟာ နင့်အတွက်မှ ကွက်ပြီးဖြစ်နေတာ မဟုတ်ဘူး၊ ကိုယ်ချစ်တဲ့သူ ကိုယ့်ကို ချစ်မချစ်ဆိုတာဟာ နင် ငါ တခြားလူတွေအားလုံးအတွက် အလောင်းအစားတစ်ခုလို အခွင့်အရေး အနည်းအများ ကြုံရမှာအားလုံးတန်းတူပဲ"

"တန်းတူ မဟုတ်ဘူး၊ ငါ့အခွင့်အရေးက နည်းပါးတယ်ဆိုတာ နင် သိပြီးသားပါ ဖြိုးရယ်"

"မဆိုင်ပါဘူး"

"ဆိုင်တယ်၊ ဘယ်သူက ခွံ့အနားမကြားတဲ့ ကောင်မလေးတစ်ယောက်ကို မဆွံ့မအ နားလည်းကြားတဲ့ ကောင်မလေးတစ်ယောက်လို ချစ်မြတ်နိုးနိုင်မှာလဲ"

"ဘာလို့ မချစ်မြတ်နိုးနိုင်ရမှာလဲ၊ ဖူးစာဆိုတာ ရှိပါသေးတယ်"

"ဖူးစာဆိုတာ လူသာမန်တွေအတွက်ပါ"





"နင်လည်း လူသာမန်ပဲ၊ လူတိုင်းမှာ ချို့ယွင်းချက်ဆိုတာ ရှိစမြဲပဲဟာ၊ ငါ့မှာလည်း နင်နဲ့မတူတဲ့ တခြားချို့ယွင်းချက်ရှိမှာပဲ"

"မတူဘူး၊ အခု နင် ငါ့ကို စကားရေးစကားပြောနေရတာတကူးတက အလုပ်ပိုပြီး လက်ဝင်မနေဘူးလား"

"ဟင့်အင်း၊ အဆန်းတောင်ဖြစ်သေး၊ ငါတော့ ပျော်တယ်"

ကာရန်က ဘောလ်ပင်ကိုချ၍ ဖြိုးကို ဖက်ထားလိုက်ပါသည်။ ဖြိုး ပခုံးပေါ် မှောက်တင်ထားတဲ့ မျက်နှာမှာ မျက်ရည်ဆို့နှင့်ပင်။ တိတ်ထိတ်ကျိတ်ကာ စီးကျနေသော မျက်ရည်တို့ကရှိုက်ဖို့စိမ့်လာလျှင် ဖြိုးက အထိအတွေ့ကြောင့် သတိပြုမိသွားပါသည်။

ဖြိုးရင်ထဲလည်း နင့်နေပါသည်။ ကာရန့်ကို သနားသည်။ ခုနက သူတို့နှစ်ယောက် အဲလို မျက်နှာချင်းဆိုင်ဆုံတုန်းကအနားနားမှာ ရှိနေရင် ကောင်းမှာ။ ခုတော့ ...။ အင်းလေ ... တစ်နေ့ သိလာမယ့်ကိစ္စကို ကိုမင်းည စောစောစီးစီး သိသွားရင်လည်း တစ်မျိုးကောင်းတာပါပင့်။

ခုဟာကတော့ သိမသွားဘဲ အထင်အမြင် မှားယွင်းသွားတာ။ တကယ်တော့ အဖြစ်မှန်ကို ပတ်ဝန်းကျင်က သိကြတာ ပိုကောင်းတယ်လို့ ဖြိုး ထင်ပါသည်။ ကာရန်က အားငယ်တာနှင့် တော်ရုံ ဘယ်သူ့ကိုမှ မသိစေချင်နေတာကြောင့်သာ။



www.burmeseclassic.com

www.burmeseclassic.com



ဆေးပတ်ဝန်းကျင်က လူတို့သည် ကာရန့်ကို မဖော်ရွေဘူး မာန ကြီးတယ်၊ ရင့်တယ် စသဖြင့် အမြဲမှတ်ချက်ချကုန်တတ်စမြဲ။

ဘယ်လိုလူစားပင် ဖြစ်ပါစေ လူမှန်လျှင် ခုလို ကာရန့်ရဲ့ရှိုးယွင်းချက်ကို သိရလျှင် သူသူကိုယ်ကိုယ် စိတ်မ ကောင်းခြင်းကြီးစွာ ကရုဏာသက်သွားတတ်ကြစမြဲပါ။ မခေါ် မပြောချင် ဖြစ်သွားမယ့်သူဆိုတာ မရှိပါ။ ဒီအဖြစ်ဟာ ရှုံမုန်း စရာမှ မဟုတ်ဘဲ သနားကြင်နာစရာသာ ဖြစ်သည်လေ။

ဒါပေမဲ့ ကာရန်လေးတစ်ယောက်က သူ့အခြေအနေ အဖြစ်အပျက်ကို ပတ်ဝန်းကျင်မှာ အမှန်အတိုင်း ရင်ဆိုင်အသိ ပေးရမှာကို ဟိုးငယ်ငယ်ကတည်းက ဝန်လေးအားငယ်ခဲ့တာ။ ကာရန် မကြိုက်မုန်းသိလို့ ဖြိုးကလည်း တော်ရုံတန်ရုံ ဆေးပတ် ဝန်းကျင် မရိပ်မိသာအောင် ဆေးကဖေးဖေးမမ ကွယ်ကွယ်ကာ ကာ အမြဲကူညီဖုံးဖိပေးထားခဲ့မိတာ။

၀❀၀

# ၄

"ကိုညှ"

"ဗျ"

တံခါးခေါက်ပြီးဖွင့်ကာ ခေါင်းပြူဝင်ပြီး ခေါ်လိုက် တဲ့ ကိုစောကို ပေါ့ပေါ့ပါးပါး ထူးလိုက်လျှင် ...

"ဧည့်သည်တွေ့ချင်လို့တဲ့ ကိုညှ"

"ဘယ်သူပါလိမ့် ကိုစော"

"ဒီက သင်တန်းသူပါပဲ"

"သင်တန်းသူ !! "

"ဟုတ်ကဲ့၊ ဂရပ်ဖစ်ဒီဇိုင်းအတန်းကပါ"

"ဟုတ်လား ... လွှတ်လိုက်လေ၊ လွှတ်လိုက်ပါ၊ ဘာကိစ္စ ပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



မင်းညက နုတ်ထိဘုတ် မော်ဒယ်လ်အသစ် ကက် တလောက်ကြီးတစ်ခုကို ကြည့်နေရာမှ ခေါင်းကိုမတ်ပြီး ဝင်လာ ညို့ ညှို့သည်တို့ ဆောင့်ကြည့်နေလိုက်ပါသည်။ သူ့ရဲ့အခန်းတွင်း ထောင့်အတွင်းမှ သူ့ရဲ့စာရေးတပည့်ကျော်ကြီးလည်း အတူရှိပါ သည်။

ကောင်မလေးတစ်ယောက် ဝင်လာတာကို လှမ်း ကြည့်ရင်း ဘာကိစ္စပါလိမ့်ဟု ဇဝေဇဝါ တွေးမိသော်လည်း ဖြစ် နိုင်ချေ စဉ်းစားမရ။ သူ ဝင်သင်တတ်တဲ့ အတန်းကလည်း မဟုတ်။ တခြားကလည်း သူ့ကို တွေ့ခွင့်တောင်းစရာကိစ္စမရှိ။

"လာ ... ထိုင်"

ကောင်မလေးက ရှိရှိကျိုးကျိုး ပုံစံလေးနှင့် လက် လေးနှာက်ပစ် ရပ်နေရာမှ မင်းည ပြောလိုက်မှ သူ့ရှေ့ကုလား ထိုင်မှာ ဝင်ထိုင်လိုက်ပါသည်။

"ကဲ ... ဆို၊ ဘာကိစ္စရှိလို့လဲ"

ဖြိုးက အခန်းတွင်းမှာရှိနေတဲ့ စာရေးပုံစံလူကို နည်းနည်းငဲ့ကြည့်မိသည်။ အင်းလေ ... သူရှိလည်း ပြောရတော့ မှာပါပဲ။

"ဘာလဲ ... ညီမ၊ ပြော ...၊ ပြောစရာရှိတာပြော၊ ဘာ အခက်အခဲရှိလဲ"

"ဖြိုးက ဂရပ်ဖစ်ဒီဇိုင်း တက်နေတာပါ"





"အင်း"

မင်းညက နံရံက ဗို့က်ဘုတ်ပေါ် ရေးဆွဲထားသည့် ချိန်ဇယားကိုကြည့်ရင်း ...

"ဒီနေ့ ဂရပ်ဖစ်သမားတွေ အတန်းမရှိဘူးပဲ"

"ဟုတ်ကဲ့ ... မရှိပါဘူး"

"အတန်းမရှိဘဲ ကျောင်းမှားလာတက်တာလား"

"မဟုတ်ပါဘူး၊ ဦးမင်းညဆီ လာတာပါ"

"ပြောလေ၊ ဘာကိစ္စရှိလဲ"

"ဟို ..."

ဖြိုးက နှုတ်ခမ်းလေး ဖိပွတ်နေမိရင်း ...

"ဟို ... ဟို ..."

မင်းညက မျက်မှောင်ကုတ်မိကာ တအံ့တဩနှင့် ...

"ပြောပါ၊ ပြောစရာရှိတာ ပြောလို့ရပါတယ်၊ မကျေနပ် တာ တစ်ခုခုရှိလို့ တိုင်ချင်တာလား"

"မဟုတ်ပါဘူးရှင့်"

"ဒါဖြင့် !!"

"ဟို ... ကာရန့်ကို ဦးမင်းည သိမလား မသိဘူး"

"ကာရန် !!"

"ဖြိုး သူငယ်ချင်းပါ"

"မင်းရဲ့သူငယ်ချင်း ... ကာရန် !!"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ကိုယ်က ကျောင်းသူကျောင်းသားတွေကို တစ်ယော
ချင်း နာမည်တွေအားလုံး ဘယ်သိနိုင်ပါ့မလဲ၊ မင်းနာမည
ကိုလည်း ခုမှသိတာလေ၊ ဒါပေမဲ့ ထားပါ၊ အဲဒီ ကာရ
ဘာဖြစ်လို့လဲ"

"ကာရန် ဆိုတာ ဟိုးတစ်ခါက လှေကားမှာ ခေါက်ရ
လဲကျခါနီး ဦးမင်းည နောက်ကနေ ဖမ်းထိန်းပေးထ
လိုက်တဲ့သူပါ"

မင်းညက ဖြိုးကို မျက်မှောင်လေး မသိမသာကျ
ပြီး ကြည့်နေမိသည်။ အဲဒီကျောင်းသူကိုတော့ ရေရေရာရာသိတ
ပေါ့။ နာမည်သာ မသိတာ။ ရှေ့က ဖြိုးဆိုတဲ့ ကျောင်းသူကိုတေ
မျက်နှာမြင်ဖူးထားသော်လည်း ကာရန့်သူငယ်ချင်းလား ဘာလ
ရယ်လို့တော့ ခွဲခြားမသိပါ။

လှေကားမှာတုန်းက သားက ဝင်ထိန်းပေးခဲ့
တဲ့ ကျောင်းသူတစ်ယောက်ပါတာကို သတိရပြီး ဒီမျက်နှာမှ
တော့ မမှတ်မိရာက ခုတော့ တစ်ရေးရေး ပြန်မြင်ယောင်လ
သည်။

"အင်း ... သိပြီ"

ခေါင်းညိတ်လိုက်ရင်း မျက်နှာက နည်းနည်းလေ
ယောင်ယောင်မှု တင်းသွားရသလို ရှိပါသည်။ တစ်နေ့က သူ့ကို



တွေ့မတန်သလို အထင်သေးတာလိုလို အဖက်မလုပ်တာလိုလို ခပ်ရိုင်းရိုင်းနှင့် စာစ်ခွန်းမှ ပြန်မပြောဘဲ တစ်ဖက်လှည့်နေလိုက်တဲ့ ထိုမိန်းကလေးကို မေ့မေ့ပျောက်ပျောက်ထားတဲ့ကြားက တစ်ချက် တစ်ချက် ခေါင်းထဲကို ပြန်ပြန်ရောက်လာကာ ကသိကအောက် ခံစားရသဲဖြစ်တာကြောင့် အပြုံးတောင် မျက်နှာပေါ်က ပျောက်သွားရတာပင်။

"ဟိုတစ်နေ့က ..."

"နေဦး ..."

"ဟုတ်ကဲ့"

"မင်းပြောမယ့်စကားက အရေးပါလား"

"ဟုတ်ကဲ့ ... ပါပါတယ်"

"တော်တော် အရေးပါတာလား၊ မဖြစ်စလောက် အရေးပါတာလား"

"ဟို ... တော်တော်အရေးပါပါတယ်"

"မင်းတို့အတွက် အရေးပါတာလား၊ ငါ့အတွက် အရေးပါတာလား"

"ဖြိုးတို့ ကာရန်တို့အတွက် အရေးပါပါတယ်၊ ကာရန့်အတွက် အရေးအပါဆုံးပါ၊ ဒီစကား မပြောလိုက်ရရင် ဖြိုးတို့အားလုံးကြားမှာ လိုအပ်ချက် ဟာကွက်ကြီးတစ်ခု လစ်လပ်နေမှာပါ၊ ဦးမင်းည အနေနဲ့လည်း ဒီစကားကို

www.burmeseclassic.com

www.burmeseclassic.com



နားမထောင်လိုက်မိရင် အမှားတစ်ခု ရင်ထဲ တစ်ချိန်လုံး ရှိသွားတော့မှာပါ”

“နားမထောင်မိရင် ကျုပ်က မှားမယ်ပေါ့”

မင်းညက ရယ်ချင်ချင်နှင့် ရွဲ့တဲ့တဲ့ မေးလိုက်မိသည်။

“ဟုတ်ကဲ့ ... တစ်နေ့မှာ ဦးမင်းည ဟို ... စိတ်မကောင်း ဖြစ်နေရမှာစိုးလို့ပါ”

“ဟား ဟား၊ ကိုယ်ကတောင်မှ စိတ်မကောင်း ဖြစ်ရမယ်၊ အဲဒီနေ့က ဘာဖြစ်လဲ မင်းသိလို့လား”

“ဟုတ်ကဲ့”

“သူ ပြောပြတာပေါ့”

“ဟုတ်ကဲ့၊ သူ့ဆီက သိရတာပါ”

“ကဲပါလေ၊ ဘာပဲဖြစ်ဖြစ် ပြောပါ၊ လူတစ်ယောက်ကို ပြောခွင့်ပေးမှ မှန်ကန်မှာပေါ့၊ ပြောတဲ့စကားအပေါ် လက်ခံ၊ မခံ ယုံကြည်မကြည်က တစ်ပိုင်းပါ၊ အဲဒီနေ့က မင်းသူငယ်ချင်းက တော်တော်ရိုင်းတာပဲ၊ ငါကတော့ ကိုယ့်ဆီကသင်တန်းသူ ညီမလေးတွေဆိုတဲ့ သဘောနဲ့ အရောတဝင် ခင်ခင်မင်မင် နှုတ်ဆက်လိုက်မိတာပါ၊ ငါ့တစ်သက်မှာ ငါ့အပေါ် အဲသလောက် ရင့်ရင့်သီးသီး ရိုင်းလိုက်တဲ့ မိန်းကလေးမျိုးနဲ့ မကြုံကြိုက်ဖူးသေးပါဘူး ...





သူက ငါ့ကို ဘာကြောင့် ခုလို ဆက်ဆံတဲ့တယ်ဆိုတာကိုလည်း ငါက သိချင်နေတာပါ၊ ဒါပေမဲ့ ရှေ့လျှောက်မှာတော့ သူ့ကို အရောတဝင် တရင်းတနှီးရှိဖို့ အကြောင်း မရှိပါဘူး၊ သိချင်တာကလည်း မှတ်ထားဖို့ပါ၊ ငါ့ဘဝမှာ ယောက်ျားမိန်းမ ဘယ်သူ တစ်ဦးတစ်ယောက်နဲ့မှ မပြေလည်မှုဆိုတာ မရှိခဲ့တော့ ငါ ကိုယ်တိုင်လည်း တနုံ့နုံ့နဲ့ ကသိကအောက် စိတ်ကိုဖျောက်မရပါဘူး”

မင်းညက သူ ပြောသမျှကို မျက်လုံးဝိုင်းလေးနှင့် အာရုံစူးစိုက်နားထောင်ကာ မတ်မတ်လေး ထိုင်နေတဲ့ ဖြူးဆိုတဲ့ ကောင်မလေးရဲ့ မျက်နှာပေါ်က ကြည်လင်ငြိမ်းချမ်းမှုကလေးကို သတိပြုမိကာ သက်ပြင်းတစ်ချက်ချရင်း ...

“ဒီကိစ္စ လာပြောဖို့ အတန်းမရှိဘဲ သက်သက်ဝင်လာခဲ့တာပေါ့”

“ဟုတ်ကဲ့ပါ၊ သူ့ကိုယ်စား ...”

“သူ့ကိုယ်စား တောင်းပန်မယ် ဆိုရင်တော့ ပြန်လိုက်တော့ ညီမ၊ ညီမက သူငယ်ချင်းကိုချစ်တဲ့ စိတ်ကောင်းရှိတဲ့ မိန်းကလေးတစ်ယောက် ဖြစ်လိမ့်မယ်လို့ ထင်ပါတယ်၊ ဒါပေမဲ့ မလိုအပ်ပါဘူး၊ သူတောင် အေးအေးနေနိုင်တာ မင်းက ကြားက ဘာမှဝင်ပြီး အားနာပါးနာ ညှိနှိုင်းတောင်းပန်ပေးဖို့ မလိုဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

မင်းညက မျက်မှောင်ကုတ်ရင်း ...

"ဟုတ်ကဲ့ဆိုရင် ပြန်လေကွာ"

"ဦးမင်းည"

"........."

"ကာရန်က Deaf mute ပါ"

"ဘာ"

"ဟုတ်ကဲ့ ... နားလည်းမကြား စကားလည်းမပြောတတ်ပါဘူး"

မင်းညသည် ရုတ်တရက် ပါးစပ်ပွင့်ဟပြီး ဒီအတိုင်း ခပ်ကြာကြာ ငြိမ်သက်သွားပါသည်။ ထို့နောက် ခေါင်းတစ်ချက်ယမ်းလိုက်ပြီး ...

"ဘာ"

"ဆွံ့အ နားမကြားပါ"

မင်းည ရင်ထဲတွင် တစ်စုံတစ်ရာကို အကြီးအကျယ် ဝမ်းနည်းပက်လက် နောင်တရမိသလို မခံစားနိုင်အောင် တင်းကျပ်သွားပြီး ဆုံလည်ကုလားထိုင်ရဲ့ နောက်မှီကို ခပ်လျော့လျော့ မှီလိုက်မိပါသည်။ ဝူးခနဲ လေပူတစ်ချက် မှုတ်ထုတ်လိုက်မိပြီး ဘာပြောလို့ ပြောရမှန်း မသိအောင် စကားစရှာမရဘဲ ယောင်ဝါးဝါးခံစားရာကအဲကွန်းခန်းထဲ လူကအိုက်စပ်လို့ပင် လာမိသည်။





အသားတွေပါ စပ်ပူစပ်လောင် ကျိန်းတက်လာကာ မျက်နှာပြင်ပေါ်လည်း ပုရွက်ဆိတ်တွေ တရွရွတက်လာသလို အထဲကလေတွေ ထွက်လာသလိုလို အတော့်ကို ဆိုးဆိုးဝါးဝါး ခံမထိ ထိုင်မသာ ဖြစ်သွားရပါသည်။

"လှေကားတုန်းကလည်း နောက်က မော်နီတာ သယ်လာတဲ့ သူတွေက ဘေးကို ဘေးကို အော်ပေမယ့် သူ မကြားလို့ပါ၊ ဒီကြားထဲ ဦးမင်းညနဲ့ ကာရန် မျက်နှာချင်းဆိုင် ထပ်ဆုံတာကိုလည်း ဦးမင်းည သတိမထားမိခင် သူ လှည့်ပြေးတာ ရှောင်တာတွေ လုပ်ခဲ့တာပါ၊ ဦးမင်းညက တစ်ခုခု လှမ်းပြော နှုတ်ဆက်လိုက်မှာ သူ စိုးရိမ်လို့ပါ၊ အဲဒီနေ့က တော့ ရုတ်တရက် ရှောင်မရဘဲ တိုးမိနေတာ ...

ဖြိုးကလည်း အသိတစ်ယောက်နဲ့ စကားမပြတ်တာနဲ့၊ နို့မို့ရင် ကာရန့်အနားမှာ ဖြိုး အမြဲရှိနေရင် ဒီလိုကိစ္စတွေ ဖြစ်ခဲ့ပါတယ်၊ အဲဒီနေ့ကလည်း ဘေးမှာ ဖြိုးရှိရင် ပြေရာပြေကြောင်း ဝင်ပြောလို့ ရမှာပါ၊ အကြောင်းတိုက်ဆိုင်သွားတော့ သူနဲ့ ဦးမင်းညပဲ နှစ်ယောက်တည်း တိုးသွားလို့ပါ"

မင်းညသည် စိတ်မကောင်း လက်မကောင်း ခေါင်းကို ခါယမ်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်"

"အဲဒါကြောင့် ဦးမင်းညက ရိုင်းတယ်လို့ ယူဆတဲ့ အမူအရာ အပြုအမူမျိုး သူ ဖြစ်ခဲ့ရတာပါ"

"မဟုတ်သေးဘူးကွ၊ သူ နှုတ်ခမ်းတို့ နားတို့ကို လက်နဲ့ ညွှန်ပြီး လက်ခါပြတာမျိုးလောက် သင်္ကေတလေး လုပ်ပြရင်တောင် ကိုယ် နားလည်ပါတယ်၊ အင်း ... စိတ်မကောင်းလိုက်တာ၊ သိမှမသိတာ"

"သူက ဦးမင်းညကို မပြောချင်တာပါ"

"ဘာလို့လဲ"

"သူ ဒီလိုပါ ဆိုတာကို သူက ပြောပြဖို့ ဝန်လေးပါတယ်"

"အင်းလေ ... ဒါကတော့ ဖြစ်မှာပေါ့လေ၊ အပြစ်မဆိုသာပါဘူးလေ"

သာမန်လူတွေကိုထက် ဦးမင်းညကိုမှ ပိုတောင်မှ ကာရန်မပြောချင်ပါ။ သူ့ရဲ့တိတ်တခိုး စိတ်ကူးယဉ်ချစ်သူကို သူ့အားနည်းချက် ချို့ယွင်းချက်ကို မသိစေချင်တာပင်။

"အင်း ... စိတ်မကောင်းပါဘူးကွာ"

"အဲဒါ ... ဦးမင်းည သူ့ကို ခွင့်လွှတ် ..."

"ပြောနေစရာ မလိုတော့ပါဘူးလေကွာ၊ လုံးဝခွင့်လွှတ်ရမှာပေါ့၊ မသိလို့ စိတ်ထဲအနှောင့်အယှက် ဖြစ်မိတာပဲ၊ ကောင်းပါတယ်၊ မင်းလာပြောပြတာ ကောင်းပါတယ်၊





ဒါပေမဲ့ သူက မသိစေချင်တာကို မင်းက လာဖွင့်ပြောတယ်ဆိုပြီး မင်းကို စိတ်ဆိုးနေပါဦးမယ်"

"အသိပေးရမယ်လို့ သူ့ကို ပြောပြီးပါပြီ၊ နောင်ကို အရှိကိုအရှိ အမှန်ကိုအမှန် ရင်ဆိုင်ရမယ်လို့လည်း သူ့အမေရော ဖြိုးရော သင်ထားပါတယ်"

"သူ ဘယ်ပြောချင်ပါ့မလဲလေ၊ ကိုယ်ချင်းစာပါတယ်"

"အခုတော့ ... နင်ပဲ ပြောပေးပါဆိုပြီး ကာရန်က ဖြိုးကို ပြောတာပါ၊ အဲဒီနေ့ကလည်း အိမ်ပြန်ရောက်ပြီး ငိုနေလိုက်တာ၊ သူ့အမေလည်း အပြင်ကပြန်လာတော့ သိကုန်တော့တာပဲ"

"ဟား ... ဒုက္ခပါပဲ၊ လူကြီးတွေလည်း ဘယ်စိတ်ကောင်းမလဲ"

"ကာရန်က အရမ်းငိုနေတာကိုး၊ သူ့အမေက စိတ်တအားပူတာပေါ့၊ ဖြိုး အားလုံး သေချာရှင်းပြပါတယ်"

"သူက ဘာလို့ တအားငိုရတာလဲ"

"ဦးမင်းည အထင်လွဲသွားတယ် စိတ်ဆိုးသွားတယ် ဆိုတာကို အရမ်းဝမ်းနည်း စိတ်ထိခိုက်သွားတာပါ"

"အား ... ဒီလောက်ကလည်း ငိုရလောက်အောင်လည်း မဟုတ်ပါဘူးလေ၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် အခုတော့ ကိုယ်လည်း ရှင်းလင်းနားလည်သွားပြီပဲ၊ ကိစ္စမရှိဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုပြောလိုက်ပါ၊ သိလိုက်ရတော့ ခွင့်လည်းလွှတ်တယ်၊ စိတ်လည်းမကောင်းဘူးလို့ သူ့ကို ဖြိုးကပြောပြပါ"

"ဟုတ်ကဲ့"

"အင်း ... ပြီးတော့၊ ဒါတွေကတော့ ရင်းနှီးခင်မင်မှ ပြောလို့ကောင်းတဲ့ စကားတွေပါ၊ သိပ်မရင်းနှီးဘဲပြောတော့ စွက်ဖက်ရာ ဆရာလုပ်ရာ ကျတာပေါ့၊ တကယ်တော့ သူ့အနေနဲ့ အရှိကို အရှိအတိုင်း သတ္တိရှိရှိ ရင်ဆိုင်နိုင်ရဲရမယ်"

"သူက သတ္တိရှိပါတယ် ဦးမင်းည၊ အခုမှသာ အရမ်းဝမ်းနည်းနေတာပါ၊ တကူးတက မပြောနေမိပေမယ့် မတော်တဆ ဘေးပတ်ဝန်းကျင်က လူတစ်ယောက်ယောက်က သိသွားတယ်ဆိုလည်းပဲ သူ ဘာမှမဖြစ်ပါဘူး၊ ရင်ဆိုင်နိုင်ပါတယ်၊ သူတို့မှာ ရင်ဆိုင်ရတာတွေ အများကြီးပါပဲ၊ တော်ရုံစွဲသတ္တိ မရှိဘဲ ခုလို ဆယ်တန်းအောင် ဘွဲ့ရဆိုတဲ့ အခြေအနေအထိ ဖြစ်မလာပါဘူး"

"ဒါပေါ့ ... ဒါပေါ့ ... ဟုတ်ပါတယ်"

မင်းညက ဖြိုးကို သဘောတကျကြည့်ရင်း ...

"မင်းက မင်းသူငယ်ချင်းကို တော်တော်ချစ်တယ် ထင်တယ်၊ ဟုတ်လား"

"ဟုတ်ကဲ့"





"အဲဒါကြောင့် မင်း မျက်နှာမှာလည်း စိတ်ကောင်းရှိတာလေး ပေါ်နေတာ"

"သူ့ကိုခင်လို့ သူပြောင်းတဲ့ကျောင်း လိုက်ပြောင်း၊ ဆယ်တန်းအောင်တော့ သူယူတဲ့ဘာသာတွဲလိုက်ယူ၊ သူ့ဘေးကနေ စောင့်ရှောက်နိုင်အောင် ဖြိုး သူနဲ့ပဲအတူ အမြဲနေခဲ့တာပါ၊ သူ့မှာ တခြားသူငယ်ချင်းလည်း မရှိဘူးဆိုတာ ဖြိုး အသိဆုံးဆိုတော့ ဖြိုး ကူညီနိုင်တာဆိုရင် သူ့ကို အမြဲကူညီပေးခဲ့တာပါ"

"ချီးကျူးပါတယ် ညီမ"

"ဒါပေမဲ့ ဖြိုး ဘယ်လိုမှ ကူညီပေးလို့ မရတာတွေလဲ ရှိပါတယ်"

"ဒါပေါ့၊ ရှိတာပေါ့"

"တကယ်တော့ ကာရန်တို့လို လူတွေဆီမှာ ကွက်လပ်တွေ အများကြီးပါ ဦးမင်းည၊ ဘေးကနေ အလိုက်တသိတော့ ကိုယ်ချင်းစာပေးနိုင်ပေမယ့် မြင်ရသလောက် ကူညီအားပေးနိုင်ပေမယ့် ကွက်လပ်မရှိအောင်တော့ သူ့အမေတောင်မှ ဘယ်ဖြည့်ဆည်းပေးနိုင်ပါ့မလဲ၊ သူတို့ရင်ထဲက ခံစားချက်ကို ကိုယ်မှ အပြည့်အဝ နားမလည်တာ၊ ကိုယ်မှ နားမကြား မဖြစ်ဖူးတာ ကိုယ်မှ မဆွံ့အဖူးတာ"



www.burmeseclassic.com

www.burmeseclassic.com



မင်းညက သက်ပြင်းတစ်ချက်ရှိုက်ရင်း ခေါင်းညိတ်နေမိပါသည်။ သူ တော်တော်စိတ်မကောင်းပါ။ အဲဒီနေ့က သူ ကာရန့်ကို မျက်နှာထားတစ်မျိုးနှင့် ကြည့်မိခဲ့သည်။ ထိုမျက်နှာထားဟာ ဒီလိုအခြေအနေမျိုးနှင့် မိန်းကလေးအတွက် အလွန်တရာ နာကျင်စေပါလိမ့်မည်။

ပြီးတော့ ဒီရက်အတွင်း တနံ့နံ့ သတိရပြီး သတိရတိုင်း မျက်နှာမှိုင်းမှုန်သွားတဲ့အထိ စိတ်အနှောင့်အယှက် ဖြစ်ဖြစ်နှင့် (ရှင်းရှင်းပြောရရင်) ဒီကောင်မလေးကို အမြင်ကတ်နေခဲ့တာ။ ဒါကို ကာရန် သိတာလည်းမဟုတ်၊ ခံစားရတာလည်း မဟုတ်ပေမယ့် ကိုယ့်တစ်ဖက်ဖြစ်တာ ကိုယ်သိရုံနှင့်ပင် သူလေးကို အားနာ်ကာ သနားကရုဏာသက်မိပါသည်။

“ဖြူး ပြန်ပါဦးမယ် ဦးမင်းည”

ခုံမှထရပ်လိုက်သော ကောင်မလေးကို မင်းည ခေါင်းညိတ်ပြရင်း …

“ကောင်းပြီ ညီမ၊ ခုလို လာအသိပေးတာ သိပ်ကျေးဇူးတင်ပါတယ်၊ ဒီအမှန်ကို မသိရင် ကိုယ့်ခံစားချက်တွေက ဘယ်လောက်ထိ ဆက်မှားနေဦးမလဲ မသိဘူး၊ သူ့ကိုတော့ ကိုယ့်စိတ်ထဲ ဘယ်လိုမှ ဖွေမယူတဲ့အတွက် စိတ်ရှင်းရှင်းနဲ့ စိတ်ချမ်းသာပါလို့၊ မငိုပါနဲ့လို့ ပြောလိုက်ပါ”

○ ❦ ○





# ( ၁ )

“လေဆိပ်ထိ လိုက်ပို့မနေနဲ့တော့ ည”

“ဘာဖြစ်လို့လဲ မိုးရဲ့”

“အမယ်လေး … ညရယ်၊ ဗန်ကောက်လေး သုံး၊လေး၊ငါး ရက်သွားမှာ လူတစ်ပြုံကြီး လိုက်ပို့နှုတ်ဆက်ရမယ်လို့ ရှက်စရာကြီး”

မင်းညက မိုးသည်းကို မကျေနပ်တဲ့အကြည့်နှင့် ကြည့်လိုက်၍ မိုးသည်း ရယ်မောရင်း …

“ဟုတ်တယ်လေ၊ ညလည်း မိုးသူရနဲ့ ဒီနေ့ချိန်းထားတယ် မို့လား၊ သွားတော့”

“ဘာလို့သွားရမှာလဲ အစောကြီးရှိသေးတယ်၊ ဒီကောင်နဲ့ ချိန်းထားတာ ညနေပိုင်းမှပါ”

“ဘာလုပ်ကြမှာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဝင်းခိုင် ဩစတြေးလျကနေ ခဏရောက်လာလို့၊ ဒီညနေ ထွက်စားကြမလို့"

"ဟွန်း ... မိုးကိုလိုက်ပို့ပြီး သည်းပြမယ့်အစား ညကျရင်သာ ကောင်မလေးတွေရှိတဲ့ဆိုင်မျိုး သွားမစားနဲ့၊ ခပ်ရှုပ်ရှုပ် ကာရာအိုကေတွေ မသွားနဲ့"

"မသွားပါဘူး ... မိုးကလည်းကွာ"

"ညတို့ မိုးသူရတို့က သိပ်မသွားတတ်ပေမယ့် ဝင်းခိုင်က သွားရင်သွားချင်မှာပေါ့၊ မိုးသည်း မကြိုက်ဘူးလို့သာ ပြောလိုက်"

"........."

"ကြားလားလို့ ... ည"

"အင်းပါ ... အင်းပါကွာ၊ လေဆိပ်ကျ မလိုက်ရဘူး"

"ညကလည်း၊ အိမ်ကဒရိုင်ဘာနဲ့ မာမီနဲ့က တစ်ကားလိုက်ပို့မယ်၊ မာမာတို့အိမ်က တစ်ကားလိုက်ပို့မယ်၊ မာမှာ့ဘဲကလည်း လိုက်ပို့ဦးမှာ"

"မာမှာ့ဘဲကျတော့ လိုက်ပို့ရပြီး ကိုယ်ကျတော့ မပို့ရဘူး"

"သူတို့က ယူခါနီး ဘာတွေမှာဦး ကြားဦးမလဲမှ မသိတာ"

မင်းညက အသံနိမ့်ရင်း ...

"ဒါဖြင့် ကိုယ်တို့လည်း မကြာခင် ယူမယ်"

"ဟွန်း"





မိုးသည်းက မျက်စောင်းထိုးရင်း ...

"မပို့ရတာ သက်တောင်သာသေး"

အရင်ကလည်း မိုးသည်းက သူ့အမေနှင့်တစ်ကြိမ်၊ သူငယ်ချင်းတွေနှင့်တစ်ကြိမ်၊ နှစ်ကြိမ်လောက် ဗန်ကောက်ကို Shopping ထွက်ဖူးနေကျပါ။ ဒါပေမဲ့ ဒါက မင်းညနှင့် ချစ်သူမဖြစ်ခင်က၊ ချစ်သူဖြစ်ပြီးမှ ဒီတစ်ခါ ပထမဆုံးသွားတာမို့ ဒီသုံးလေးရက်လောက်ကိုပဲ မင်းညက လွမ်းချင်သလိုလို ဖြစ်နေပါသည်။

"ဟိုတလောကဆို ညလည်းအလုပ်များ၊ မိုးလည်းအလုပ်များနဲ့ ငါးရက်လောက်တောင် မတွေ့ကြဘူးလေ၊ ဒီသဘောလောက်ပဲဟာ"

"အင်းပါ၊ ဒါပေမဲ့ ခုက တခြားနိုင်ငံ ..."

"နည်းနည်းဝေးတာကလွဲရင် တခြားနိုင်ငံလည်း ဒီမြေကြီးပေါ်မှာပဲ၊ ဖုန်းဆက်မယ်လေ ညတိုင်း"

အခုတစ်ခါကတော့ အရင်လို မိုးသည်းရဲ့ဒီဇိုင်နာလုပ်ငန်းအတွက် ယေဘုယျလိုအပ်တဲ့ ပိတ်စတို့ accessory တို့ အလွတ်သဘော ဒီမှာမတွေ့တဲ့ အသစ်အဆန်းတွေ လျှောက်ဝယ်မှာတင်မက မာမှာ့ မင်္ဂလာဆောင်အတွက်ပါ ပါသည်။

မာမှာ့ wadding dress ကို မိုးသည်း စိတ်ကူးထားသလိုဖြစ်ဖို့အတွက် ဒီမှာ နီးစပ်တဲ့အစမရှိဘဲ အများသုံးနေကျတွေသာ မြင်ရတာမို့ စိတ်တိုင်းကျ မရသေးပါ။ မာမှာ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံကလည်း နှစ်စုံ၊ မာမာ့ညီမလေးကိုလည်း မိုးသည်းပဲ ချုပ်ပေးရမှာ။ မာမာ့အမေတို့ ဘာတို့ကျတော့ ဒီမှာရှိတဲ့ ချိတ်နှင့်ပဲ ရပါသည်။

မာမာ့ကိစ္စကြောင့်ရော မိုးသည်း ကိုယ်တိုင် ဇန်တောက်ထွက်ပြီး အသစ်အဆန်း ရှာဖွေမွေနှောက် မဝယ်ရတာ ကြာပြီမို့ရော မာမာတို့ သားအမိနှင့်အတူ သွားကြမှာဖြစ်ပါသည်။

"မျက်နှာက ပုပ်မနေနဲ့"

"ဘယ်မှာပုပ်လို့လဲ"

"လေဆိပ်ကျ သိပ်လည်းနေလို့ရတာ မဟုတ်ဘဲနဲ့၊ မိုးတို့လည်း တက်သုတ်ရိုက်ဝင်ကြနဲ့ ကိစ္စဝိစ္စနဲ့ ကောင်းကောင်းတောင် နှုတ်ဆက်ရတာ မဟုတ်ဘူးမို့လား၊ မိုးတို့ထွက်ရင် ညလည်းပြန်လေ"

"ဟုတ်ကဲ့ပါ"

"ဟင်း ဟင်း ..."

မိုးသည်းက ချစ်စဖွယ် ရယ်မောရင်း မင်းညရဲ့ပါးပြင်ကို တစ်ချက် လိမ်ဆွဲလိုက်ပါသည်။ မင်းညကို မိုးသည်းက ချစ်ပါသည်။ မာန်ကလေးနှင့် နေတတ်ခဲ့တဲ့သူမို့ ဘယ်ယောက်ျားလေးတစ်ယောက်ကိုမှ စိတ်တောင်မဝင်စားဖူးတာပါ။ မင်းညကျမှပဲ သဘောကောင်း ရဲည်မွန်ဖြူစင်တဲ့ သူ့စရိုက်လေးက ချစ်မွေးကိုပေါက်စေတာလား မသိ၊ မချစ်ဘဲ မနေနိုင်အောင် ဖြစ်ခဲ့တာ။





ပြီးတော့ တည်တည်ကြည်ကြည် ရိုးရိုးသားသား နေတတ်ပုံတွေ၊ တခြား ဘယ်ကောင်မလေးကိုမှ စိတ်မဝင်စားဘဲ သည်းအပေါ် သစ္စာရှိတာတွေ၊ ဒါတွေကိုလည်း ချစ်ရသည်။ အားမှာ လှတီးလှတ ကောင်မလေးတွေ တွေ့လည်းပဲ ညက ချိတ်မငမ်းတဲ့သူပါ။ လှမ်းကြည့်မိလျှင်လည်း အဲဒီမျက်လုံးတွေက ငြိသန့်စင်သည်။

ပြောရရင် အခု မာမာယူမည့် ခင်ပွန်းလောင်းဟာ ကောင် လက်ထပ်ခါနီး ချစ်သူနှင့် အတူသွားနေ လာနေရင်း တဲ့ မော့ရှော့မလေးတွေတွေ့လျှင် မကြည့်ဘဲ မငမ်းဘဲမနေ။ ဒါတွေတွေ့တော့ ညရဲ့မျက်လုံးလေးတွေ စိတ်နှလုံးတွေ ရိုးသား ဖြူစင်သန့်ရှင်းတာကို မိုးသည်း အလွန်နှစ်သက် သဘောကျဂုဏ်ယူစွာ ညကိုလည်း ချစ်မြတ်နိုးလှပါသည်။

"မိုးမရှိတုန်း ကောင်မလေး ချောချောလှလှတွေ လိုက်ကြည့်မနေနဲ့"

"ပြောစရာလား ဒါမျိုး"

"ဟင်း ဟင်း"

"ကြည့်ရုံနဲ့ ဘာလုပ်ရမှာလဲလို့ ပြောမလို့"

မိုးသည်းမျက်နှာ မည်းပုပ်သွားတာ ...

"ညနော် ... ည"

"တွေ့လား ... သူ့ကိုစရင်တော့ မကြိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တခြားဟာစပေါ့၊ ကောင်မလေးကိစ္စနဲ့ ပတ်သက်ပြီး လာမစနဲ့၊ စလို့မရဘူးဆိုတာ မသိဘူးလား၊ အပြောင် အပြက်သဘောတောင် လေသံမသာလပ်နဲ့နော် ... ည၊ မိုး လုံးဝမကြားနိုင်ဘူး"

မင်းညက ပခုံးတုစ်ချက်တွန့်ပြီး ရယ်ကျဲကျဲလုပ် လိုက်ရပါသည်။ လိုက်ပို့ခွင့်မရလို့ သူက စိတ်ကောက်မလား ကြံပါတယ် ထုံးစံအတိုင်း ပြောရင်း ဆိုရင်းက မိုးသည်းစိတ်ဆိုး မှာစိုးပြီး မျက်နှာချိုသွေးရတဲ့ အဖြစ်ကိုပဲ ရောက်သွားပြန်သည်။

"အဲဒါကြောင့် ယောကျ်ားတွေသေရင် မျက်စိစပုပ်တယ်ဆို တာ ဟုတ်ကိုဟုတ်တယ်"

"မိန်းမတွေက ပါးစပ်စပုပ်တာတဲ့၊ ဖွတ်ဖွတ် ... ဖွတ်ဖွတ် နဲ့ ပြောလွန်းလို့"

"ဘာဖွတ်ဖွတ် ဖွတ်ဖွတ်လဲ၊ ရယ်အောင် လာပြောမနေနဲ့ မရယ်ဘူး"

"ရယ်လေကွာ"

"လုံးဝမရယ်ဘူး"

"မရယ်လည်းနေ အပြန်ကျရင်တော့ ကိုယ့်ဖို့ လက်ဆောင် ပါပစေ"

"မပါပါဘူး လုံးဝပဲ"





"ဟာ ... ဝင်းနိုင် ပြန်လာတာတောင် လက်ဆောင်ရတယ်"

"မသိဘူး၊ မိုးက မိုးသွားနေတုန်း ညရဲ့အခြေအနေကို လေ့လာဦးမှာ၊ စိတ်တိုင်းကျမှ လက်ဆောင်ဝယ်ခဲ့မယ်"

"ဘယ်လိုလေ့လာမှာလဲ"

"ညမေမေကိုလည်း လှမ်းမေးမှာ၊ လူကြီးဆိုတော့ ညာပြော မှာ မဟုတ်ဘူး၊ တခြားလည်း ညကိုသိတဲ့ မိုးရဲ့စုံထောက် တွေ အများကြီးရှိတယ်"

"ဟား ဟား"

"ဘာရယ်တာလဲ"

"ဘာမှမဟုတ်ဘူး"

"ညနော် ... ည၊ နောက်လား ပြောင်လား လုပ်မနေနဲ့၊ မိုးစိတ်ကို ညသိတယ်နော်၊ မိုးအကြောင်း မာမီ အမြဲပြော နေတာ ကြားတယ်နော်"

"အင်းပါ မိုးရယ်၊ ဟင်း ... မလွယ်ပါလားနော်၊ ရည်းစား လေးတစ်ယောက်ရှိပါတယ် မလွယ်ပါလား၊ နှစ်ယောက် သာဆို သေရချည်ရဲ့"

မိုးတို့ အိမ်ကထွက်ကြတော့မှပင် မင်းညလည်း အိမ်ပေါက်ဝမှ လက်ပြကျန်ရစ်ရပြီးမှ ကိုယ့်ကားပေါ် ကိုယ်တက် ၍ ပြန်ခဲ့ရသည်။ နည်းနည်းစောနေပေမယ့် ရုံးကိုမပြန်ချင်သေးသဲ့ မီးသူရ ဆိုင်ကို ခဏဝင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေကျလျှင် ထွက်စားသောက်ကြမှာ မိုးသူရလည်း ဝါသည်။ မင်းညက ကားမယူချင်တော့ဘဲ မိုးသူရကို သူ့ကိုဝင် ခေါ်ခိုင်းခဲ့ ပြောခဲ့လို့ ဝင်လာတာပါ။ မိုးသူရရဲ့ဟန်းဒ်ဆက်တွေရောင်းတဲ့ ဆိုင်ကလည်း မင်းညရဲ့ရုံးကို အပြန်လမ်းပေါ်မှာပဲ လမ်းသင့် နေလို့ပါ။ ဒီမှာခဏနေပြီးမှ ညနေရုံးဆင်းခါနီး ရုံးဆီပြန်၊ နည်းနည်းပါးပါး စစ်ဆေးကြည့်ရှုပြီး အိမ်ကိုပြန်၊ ရေမိုးချိုးပြီး မိုးသူရ လာအခေါ်ကိုစောင့်။

ကိုယ့်ဟာကိုယ် စိတ်ထဲစီစဉ်ရင်း မိုးသူရဆိုင်ကို ရောက်လာသည်။ ကားကို ဆိုင်ရှေ့ကျောက်ကျောက်မှာရပ်ပြီး ဆိုင်ထဲသို့ မှန်တံခါးတွန်းဖွင့် ဝင်လာခဲ့ပါသည်။

"ဟော့ကောင် ... လာ"

"အေး ... ရတယ် ... လုပ် လုပ်"

"ညနေမှ မဟုတ်လား ... ဟော့ကောင်"

"အေးပါ၊ ငါက ဒီလမ်းပေါ်ကပြန်ရင်း ဝင်လာတာပါ။ အချိန်နည်းနည်းရလို့ မင်းဆီ ခဏဝင်တာ၊ လုပ် ... နောက်မှ စကားပြောမယ်"

မင်းညက ဖုန်းထိုင်ကြည့်ဖို့အတွက် ချထားပေးတဲ့ နှစ်ယောက်စာ စားပွဲကုလားထိုင်လေးများထဲက တစ်စုံမှာ ဝင်ထိုင်လိုက်ပါသည်။ မိုးသူရ ဆိုင်က ဈေးမှန်တဲ့အတွက် လူတွေတော်တော် လာပါသည်။ တစ်လုံးချင်းကို အမြတ်နည်းနည်းပဲယူပြီး





အလုံးရေများများရောင်းတဲ့နည်းကို ရွေးထားတာ မှန်တယ်ဆိုရမှာပေါ့။

ဘာမှသိပ်မကြော်ငြာဘဲနှင့်ကို မိုးသူရရဲ့ "Hello Hello" ဆိုတဲ့ ဆိုင်လေးက လူသိများလှသည်။ အမြဲလိုပဲ ဆိုင်မှာ လူရှိသည်။ ဆိုင်မှာ ကြာကြာလူပြတ်နေတာမျိုး တစ်နေကုန် ရောင်းရတာမျိုး မရှိပါ။

အခုလည်း ဆိုင်က ကောင်လေးတစ်ယောက် ကောင်မလေးနှစ်ယောက် ကိုယ်စီဟာ ကပ်စ်တမ်မာနှင့် စားပွဲလေးတွေမှာ ဖုန်းပြပြီး ရှင်းလင်းပြသနေကြသည်။ အဲဒီအပြင် မိုးသူရ ရှိနေတဲ့ ကောင်တာအမြင့်ရှေ့မှာလည်း စတီးဆုံလည်ခုံမြင့်မြင့်လေးတွေနှင့် ထိုင်ကြည့်နေတဲ့ ကပ်စ်တမ်မာ သားအမိကနှစ်ယောက်။

စုစုပေါင်း ကပ်စ်တမ်မာ လေးစုရှိသည်။ အနည်းဆုံး နှစ်ယောက်လောက်ကတော့ ဝယ်ဖြစ်သွားမှာပင်။ မိုးသူရ ရောင်းကောင်းနေတာကို မင်းည သဘောကျနေဆဲ သူ့ဘေးနားစားပွဲက လူငယ်က ဖုန်းတစ်လုံး ဝယ်ဖြစ်သွားပါသည်။ ဆိုင်ဝန်ထမ်းလေးက ငွေရေတွက်လက်ခံ သောက်ရှာသွားပြီးနှင့် ဖုန်းဝယ်သူ ထွက်သွားတဲ့အခါ မျက်မှန်းတန်း သိကျွမ်းပြီး မင်းညထံလာကာ ...

"အစ်ကိုရော ဘာကြည့်ဦးမလဲ"

"ဘာတွေထွက်လဲ"

"နိုကီရာကော ဆိုနီကော အသစ်တွေ ရောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ဆီမှာ N 97 ရော ရှိလား"

"တစ်လုံးပဲရှိတယ် အစ်ကို၊ ကြည့်မလား"

"အေး"

ကောင်လေးက မှန်ဗီရိုကေ့စ်ထဲမှ ဖုန်းလေးကို ဗန်းလေးနှင့် ထုတ်ယူသယ်လာသည်။ မင်းညက ဖုန်းလေးကို ကြည့်နေပါသည်။

"ဟော့ကောင် ... မင်းမင်းရေ၊ ဟိုဘက်က ဖုန်းကာဗာလေးတွေ ဖုန်းတပ်တဲ့ အရုပ်လေးတွေ ယူခဲ့စမ်းပါ ဟော့ကောင်"

မိုးသူရက လှမ်းပြောလိုက်ရင်း တစ်ဆက်တည်း ...

"အန်တီ ... ဖုန်းထဲ ဘာထည့်ပေးရဦးမလဲ၊ Wall paper တော့ အရုပ်လှလှလေးတွေ တင်ပေးလိုက်မယ်၊ နောက် သီချင်းလေးတွေရော ... ဒြော် ..."

မိုးသူရက ပြောလက်စ စကားရပ်ကာ ရှေ့ကသားအမိကို အားနာပါးနာကြီး ကြည့်လိုက်မိပါသည်။ စကားမှားပြီလေ။ ကျွတ် ...။ မိုးသူရ ခေါင်းကုတ်မလို နဖူးကုတ်မလို ရှုံ့မဲ့မဲ့ အီလည်လည် ဖြစ်သွားတာမြင်လျှင် ဒေါ်နှင်းဆီက ...

"ကိစ္စမရှိပါဘူး သားရယ်၊ သီချင်းတော့ မလိုပါဘူး"

"ဟုတ်ကဲ့ အန်တီ"

ဒေါ်နှင်းဆီဟာ မိုးသူရရဲ့အဒေါ်နှင့် ကျောင်းနေဖက်ဖြစ်ခဲ့ကာ ခင်မင်ကြပါသည်။ မကြာ မကြာ မတွေ့ဖြစ်ပေမယ့်





ပွဲလမ်းလေးတွေကျ ဆုံဖူးနေသည်။ သိပ်ကြီးမရင်းနှီးပေမယ့် နှင်းဆီရဲ့သမီး ကာရန် ဆိုတဲ့ ကောင်မလေးရဲ့ ထူးခြားတဲ့ အံ့ထားကြောင့် အဒေါ်ထံက ပြောသံကြားဖူးပြီး သိနေတာ

မိုးသူရ ဖုန်းဆိုင်ဖွင့်ထားမှန်းသိ၍ သူငယ်ချင်းရဲ့တူ အဖြစ် ဒေါ်နှင်းဆီက ဒီကိုပဲလာတာပင်။ သားအမိနှစ်ယောက် ခြေဟန်လက်ဟန်နှင့် အနည်းငယ် ပြောဆိုတိုင်ပင်နေတာကို သူရ ကြည့်နေဆဲ ဒေါ်နှင်းဆီက ...

"သား ... အဓိက,က သူသုံးမှာက စာရိုက်တာ Message ပို့တာပဲလေ၊ သား သဘောပေါက်တယ်မို့လား၊ ဒါပဲ သူ သုံးမှာ၊ သူ အပြင်သွားနေရင် အန်တီအိမ်ကနေ မက်ဆေ့ဂျ်ပို့ပြီး မေးလို့ရတယ်၊ သူကလည်း အိမ်ကို အဖေအမေဆီကို မက်ဆေ့ဂျ်ပို့ပြီး တစ်ခုခု အကြောင်းကြားလို့ရတယ်၊ ဒါပဲ သူ့အတွက် အသုံးဝင်တာ မဟုတ်လား"

"ဟုတ်ကဲ့ အန်တီ"

"ဒီတော့ စာရိုက်တာနဲ့ ပတ်သက်ပြီးတော့ပဲ တခြားဘာ ထပ်ထည့်လို့ရတာရှိလဲ၊ အဲဒါပဲ လိုတယ်"

"ဒီမှာကတော့ အင်္ဂလိပ်လို မက်ဆေ့ဂျ်ပို့တာကတော့ နဂိုအပါဆိုတော့ အန်တီ ထပ်ထည့်ချင်ရင်တော့ မြန်မာလို စာရိုက်စနစ် ထည့်လို့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မြန်မာလိုက ဘယ်လိုလဲ၊ မြန်မာစာနဲ့ရိုက်၊ မြန်မာစာနဲ့ ပေါ့ပေါ့"

"ဟုတ်ကဲ့ ခင်ဗျ"

"အဲဒါ ကောင်းတာပေါ့၊ မြန်မာလို ပို့ရတော့ ပိုပြီးလုံးဆွေ ပတ်ဆွေ နှိုက်နှိုက်ချွတ်ချွတ် ရေးလို့ရတာပေါ့၊ အင်္ဂလိပ်လို ကမှ တကူးတက စာစီနေရဦးမယ်၊ သူပြောချင်တဲ့စကား လုံးကို သူ Spelling မသိရင် တစ်ခါ ဒုက္ခရောက်နေဦးမယ်"

"ဟုတ်ကဲ့"

ဒေါ်နှင်းဆီက ကာရန့်ဘက်လှည့်ကာ လက်ဟန်ပြ၍ မေးလိုက်ပါသည်။ ကိုယ်မွေးခဲ့ရတဲ့ သမီးလေး ဒီအရွယ်ထိ ရောက်မှတော့ သူသုံးရတဲ့ Sign Language ခေါ်တဲ့ လက်ဟန်ပန် မူရာနဲ့ သရုပ်ဖော်စကား ပြောခြင်းကို ဒေါ်နှင်းဆီပါ ကောင်း ကောင်းကျွမ်းနေရပါပြီ။

"အင်း ... အင်း၊ အဲဒါ ထည့်လို့ရရင် ကောင်းသား၊ သား ဆိုင်မှာပဲ ထည့်လို့ရလား"

"ဟုတ်ကဲ့ ... ကျွန်တော် ဆော့ဖ်ဝဲ ဝယ်ထားတယ်၊ ထည့် လို့ရတယ် အန်တီ"

"အင်း ... ဘယ်လိုနေလဲ သား၊ သူ့ကိုသုံးရတာ၊ အင်္ဂလိပ် လိုပို့သလွယ် လွယ်လွယ်ပဲမို့လား"





"အန်တီ ... အင်္ဂလိပ်စာကတော့ ဗျည်းပဲရှိတော့ ပိုလွယ် ပါတယ်၊ မြန်မာစာကတော့ ဗျည်းရော သရရောဆိုတော့ လက်ကွက်မှတ်ရ နိပ်ရ နည်းနည်းတော့ ပိုလက်ဝင်တယ် လို့ ပြောလို့ရပါတယ်၊ ဒါပေမဲ့ မြန်မာစာရိုက်ဖို့ အားသန် တဲ့သူလည်း ရှိပါတယ်၊ ရိုက်ရင်းနဲ့တော့ ဒါပဲသုံးရင် အလေ့အကျင့်ရပြီး ကျွမ်းကျင်သွားမှာပါ"

"အန်တီတို့ နမူနာကြည့်လို့ရလား"

"နမူနာ ...၊ နမူနာတော့ အန်တီ ... ထည့်ပြမှပဲ ဖြစ်မှာ လေ၊ အဲ ... ခဏအန်တီ"

မိုးသူရက တစ်ခု သတိရသွားပြီး ...

"ဟော့ကောင် ... မင်းည"

"ဟော"

"မင်း ဟိုးတစ်ခါကတည်းက ထည့်ထားဖူးတဲ့ မြန်မာဖောင့် နဲ့ စာရိုက်စနစ် မင်းဖုန်းထဲမှာ ရှိသေးလား"

မိုးသူရရဲ့ထံက "မင်းည"ဆိုတဲ့အသံကြားလို့ လှည့် ကြည့်လိုက်မိတဲ့အထိ မိုးသူရရှေ့က ကပ်စ်တမ်မာတွေကို သေချာ ရှုမြင်ကြည့်မိပါ။ သေးက အန်တီကြီးကတော့ သူ့ထံလှည့်ကြည့် လိုက်၍ မင်းညလည်း ခပ်လျှမ်းလျှမ်း မြင်လိုက်ရင်း ...

"အေး ... ငါ ပြန်မှမဖြုတ်သေးဘဲ၊ ရှိတာပေါ့"

"ဒါဆို မင်းဖုန်း ခဏပေးစမ်းပါကွာ ဟော့ကောင်၊ ငါဒီမှာ ခဏနမူနာပြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာလေ"

မင်းညထံကဖုန်းကို မင်းမင်းကယူပြီး မိုးသူရထံ သွားပေးသည်။ လာပေးတဲ့ မင်းမင်းကို သော်ကလူရိပ်ကြောင့် စောင်းလှည့်ငဲ့ကြည့်လိုက်တဲ့ ကာရန့်မျက်နှာကို ခုမှပဲ မင်းညအံ့အားတသင့် တွေ့လိုက်ရပါသည်။

ကာရန် ...။ ကာရန်ပဲ။

ဒီနာမည်လေးကို ဖြိုးဆိုတဲ့ ကောင်မလေး ပြောသွားကတည်းက နားထဲစွဲပြီး မမေ့တာ။ ဒီကြားထဲတစ်ရက် သူတို့သင်တန်းရက်မို့ ကောင်မလေးနှစ်ယောက် သင်တန်းအလာကို တမင်တကာ တကူးတက လှေကားထိပ်က ရပ်စောင့်ဆုံအောင် လုပ်ပြီး ကာရန့်ကို အားပေးနွေးထွေးတဲ့ အပြုံးလေးတစ်ခု မင်းည ပေးခဲ့ပြီးပါပြီ။

လှေကားထိပ်မှ ရပ်စောင့်ကြည့်ကာ နွေးထွေး လိုက်လှဲတဲ့ အပြုံးနှင့် သူ့စိတ်ထဲ ဘာမှအဖုအထစ် မရှိကြောင်း သိသာစေအောင် ပြုံးပြတဲ့အခါ ကာရန် ဆိုတဲ့ ကောင်မလေးမျာ အံ့အားသင့်ပြီး ရှက်ကိုးရှက်ကန်း ဖြစ်သွားပါလေသည်။

သြော် ... ကာရန်ပဲ။

"အန်တီ ဒီမှာ ကျွန်တော် ဖွင့်ပြမယ်နော်၊ ညီမကို ရှင်းပြပါဦး"

မိုးသူရ ဖွင့်ပြနေဆဲ ကာရန်ခေါင်းလေးလိမ်စောင်းပြီး စိုက်ကာ သေချာဂရုစိုက် ကြည့်နေဆဲ မင်းညက ထိုင်ရာမှ





ထလာခဲ့ပါသည်။ မိုးသူရရှေ့က ကျောင်းတာရဲ့ရှေ့မှာ စတီးခုံလည်ခြင့်လေးတွေက အများကြီး လွတ်နေသေးတာ။ မင်းညက ကာရန် ထိုင်နေတဲ့ခုံနှင့် တစ်ခုံခြားတဲ့ ခုံမြင့်လေးမှာ ဝင်ထိုင်လိုက်ပါသည်။

"ဒါက ကကြီး ခကွေး ချေးတာ၊ ပြီးတော့ ဟို သရတွေ ကတျတော့၊ အဲ ... ဆော့ကောင် လုပ်ပါဦးကွာ။ ငါမကျွမ်းဘူး၊ အန်တီ့ကိုရှင်းပြ ..."

မိုးသူရက မင်းည လက်ထဲ ဖုန်းလှမ်းထည့်လိုက်မှ ကာရန်က မင်းညဘက် လှည့်ကြည့်လိုက်ပါသည်။

"အယ်"

တစ်မျိုးသော အသံလေး ထွက်လာသလိုပင်။ ဘာသံမှန်း မသဲကွဲတဲ့ မပီကလာ အသံလေးတစ်ခု ကာရန့်ထံက ကြားလိုက်ရတာပါ။ မင်းညက ကာရန့်ကို ပြုံးပြလိုက်သည်။ ရှက်ချင်း နီမြန်းသွေးရောင်လျှမ်းတက်လာတဲ့ ကာရန့်ပါးပြင်လေးတာ နှင်းဆီပန်း ပန်းနုရောင် ပွင့်ဖတ်လေးတွေနဲ့ပဲ တူသေးတော့။

ကာရန်က အမေဘက်လှည့်ကာ ကမန်းကတန်းပင် သူ့ရဲ့ဆရာဖြစ်ကြောင်း လက်ဟန်နှင့် ပြလိုက်ပါသည်။

"ဟင် ... သြော် ... ဆရာလား"

"........."

"ကျောင်းကလား၊ မဟုတ်ဘူး ... သြော် ... ကွန်ပျူတာ သင်တန်းက"



www.burmeseclassic.com

www.burmeseclassic.com



သူ့သမီး လက်ဟန်ကို အကုန်နားလည်နေသူမို့ ဒေါ်နှင်းဆီက မင်းညကို ဖော်ဖော်ရွှေရွှေ လှမ်းကြည့်လိုက်ရင်း…

"ကာရန်တို့ ကွန်ပျူတာသင်တန်းက ဆရာလား"

"ဟုတ်ကဲ့၊ ကျွန်တော်တော့ သူတို့အတန်း မသင်ရဘူး အန်တီ၊ ဒါပေမဲ့ သင်တန်းက ကျွန်တော်ဖွင့်ထားတာမို့လို့ ဆရာလို့ သူပြောတာ ဖြစ်ပါလိမ့်မယ်"

"ကာရန့်အကြောင်း သိတယ်ပေါ့နော်"

"ဩော် … ဟုတ်ကဲ့၊ ဟိုတစ်ရက်လောက်ကမှ ဖြိုးပြောတာနဲ့ …"

"ဖြိုးပြောက !!"

"ဖြိုးက ရှင်းပြစရာလေးရှိလို့ လာပြောတာပါ ခင်ဗျ၊ အဲဒီတစ်ရက်က ကျွန်တော်က ကာရန့်ကို နှုတ်ဆက်တာကို ကာရန်က ဟို … မျက်နှာလွဲထားသလို ဖြစ်သွားလိုက်တော့ ကျွန်တော်လည်း ရတ်တရက် ဘယ်လိုပါလိမ့်လို့ …"

"ဩော် … အန်တီ သိပြီ၊ အဲဒါ ဆရာကိုး"

"ဟို … အန်တီ၊ မင်းညပဲ ခေါ်ပါ အန်တီ၊ ကျွန်တော်က ဆရာစစ်စစ်ကြီးတော့လည်း မဟုတ်ပါဘူး"

"ဩော် … သူ စိတ်မကောင်းဖြစ်ပြန်လာတာ အဲဒါ မောင်မင်းညကိုး"

"ကျွန်တော်လည်း လုံးဝ …"





"အန်တီ နားလည်ပါတယ်ကွယ်၊ ဘယ်သူက သိမှာလဲ၊ ထင်မှာလဲ၊ ဒီလိုပဲ နားလည်မှုတို့ အထင်အမြင် လွဲမှားတတ်ကြတာပေါ့"

ကာရန်သည် မေမေ့ကိုတစ်လှည့် ကိုမင်းညကိုတစ်လှည့် လိုက်ကြည့်နေမိပါသည်။ မေမေနဲ့ ဘာတွေပြောပါလိမ့်။ ကာရန့် အကြောင်းပဲ မေမေ ပြောနေမှာပေါ့။ ကာရန်သည် ရှက်တာလိုလို ဝမ်းနည်းတာလိုလို ပူရှိန်သော ခံစားချက်တစ်မျိုးနှင့် တုန်လှုပ်နေကာ ရင်တွေလည်း အကြီးအကျယ် ခုန်နေသည်။

"ကာရန့်ကို ကျွန်တော် လက်ကွက်နှိပ်တာပြပေးလိုက်ဦးမယ် အန်တီ"

"အေး … အေး၊ ပြပေးပါ မောင်မင်းည၊ မြန်မာစာရှိရင် သူ့အတွက် ပိုအဆင်ပြေမှာ၊ ကာရန်က အင်္ဂလိပ်စာလည်း သိပ်ကြီး မရဘူးလေ၊ ဆယ်တန်းအောင်တုန်းကရော တက္ကသိုလ်မှာရော သာမန်အမှတ်လောက်ပဲလေ၊ သိတဲ့အတိုင်း သူတို့က သင်္ချာတို့ ကွန်ပျူတာတို့လိုဟာတွေ ပိုကျွမ်းကြတာ မဟုတ်လား"

မင်းညက ကြားမှာနစ်ပေလောက်သာကွာတဲ့ ကာရန့်ကို ကလေးတစ်ယောက်ကို ချော့မော့ အားပေးနစ်သိမ့်သလိုအပြုံး ကြည်မျိုးနှင့် ပြုံးပြရင်း ဖုန်းကို ကာရန် မြင်သာအောင်လှည့်ပြီး လက်နှိပ်တာလေးတွေ အကြမ်းဖျဉ်း ပြပေးလိုက်သည်။ ကာရန်က



www.burmeseclassic.com

www.burmeseclassic.com



Bright ဖြစ်ပုံနှင့် ချက်ချင်းပဲ မြန်သွက်ကာ ကျွမ်းကျင်စပြုလာသည်။

"မြန်မာစာထည့်မလား အန်တီ၊ သူ ထည့်မယ်ဆိုရင် ကျွန်တော် သွင်းလိုက်တော့မယ်"

"ထည့်မယ်နော် သမီး၊ ထည့်မှာလား၊ အင်း ... ထည့်မယ်တဲ့ မောင်မိုးသူရ"

အဲဒီနောက်တော့ ကာရန့်ဖုန်းနှင့် မင်းညရဲ့ဖုန်း အချင်းချင်း စမ်းသပ်ပို့ကြည့်ကြပါသည်။ ကာရန့်ဖုန်းနံပါတ်ကို အန်တီထံမေး၍ မင်းညက အရင်ပို့လိုက်သည်မှာ ...

"မင်္ဂလာပါ၊ ကိုယ်က မင်းညပါ"

ကာရန်သည် သူဝယ်မယ့်ဖုန်းထဲ သွင်းပြီးသွားပြီဖြစ်၍ သူ့ဖုန်းကိုင်၍ ကြိုးစားပမ်းစား စာရိုက်နေပြီး ပို့လိုက်လျှင် ...

"ကျွန်မ ကာရန်ပါ၊ ကျေးဇူးအရမ်းတင်ပါတယ် ကိုမင်းည"

"ဘာဖြစ်လို့လဲ"

"မသိဘူး ... ကာရန် ပြောမပြတတ်ဘူး"

"ရပြီလား ... ရိုက်တတ်ပြီလား"

"ဟုတ်ကဲ့၊ ညကျရင် ကာရန် မက်ဆေ့ချ်လှမ်းပို့ကြည့်ဦးမယ်၊ ရလားဟင်"

"အင်း ... ရပါတယ်"

၀ ❦ ၀





## ၆

စိုးသူနှင့် ဝင်းခိုင် မလာသေး၍ မြရိပ်ညိုက Sport Bar ဆိုင်လေးမှာ မိုးသူရနှင့် မင်းည နှစ်ယောက်တည်းထိုင် ဘီယာသောက်ရင်း စောင့်နေပါသည်။ ပွပွနွေးနွေး နေ့လယ်ကဆုံ ထားသည့် အကြောင်းရပ်ဆီ စကားလမ်းကြောင်း ရောက်သွားကာ မိုးသူရက ကာရန့်အကြောင်း သူသိသလောက် မင်းညကို ပြောပြ နေပါသည်။

"သူ့အမေက ငါ့အဒေါ်နဲ့ ငယ်ငယ်ကတည်းက ကျောင်း နေဖက်၊ ခင်ကြတယ်၊ ကြီးလာတော့ ကိုယ့်အလုပ်ခွင်နဲ့ကိုယ် ကိုယ့်ပတ်ဝန်းကျင်နဲ့ကိုယ် မတွေ့ကြတော့ သိပ်မဆုံဖြစ်ကြ ပေမယ့် ပွဲတို့လမ်းတို့ ဆရာကန်တော့ပွဲတို့ ဂုဏ်သားရင်းတို့ လိုဟာမျိုးတွေကျ ဆုံရင် အရမ်းပျော်ကြတာ"

"တစ်ဦးတည်းသော သမီးလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... သူ့ကို မွေးရာပါ နားမကြားတာ၊ သူ့အမေက ငါ့အဒေါ်ကို ပြောပြလို့ ငါ့အဒေါ် စိတ်မကောင်းဖြစ်ပြီး မေမေ့ကို ပြောပြနေတာ ငါကြားဖူးတာ၊ ချောချောလေးနဲ့ ဆွံ့အနားမကြားဆိုတော့ မေမေလည်း စိတ်ဝင်စားပြီး သနားပြီး စပ်စုနေတာပေါ့ကွာ၊ ဂဃနဏကို မေးနေတာ၊ ငါတို့မိသားစုကတော့ အဲဒီ ကာရန်နဲ့ အများကြီး သိပ်မဆုံဖူးပေမယ့် သူ့ကို ကောင်းကောင်းသိကြတာ"

"မွေးကတည်းက မကြားတာ ... ဟုတ်လား"

"အင်း ...၊ သူ့အမေက သူ့ကိုမွေးတုန်းက နည်းနည်း အခက်အခဲရှိပြီး တော်တော်နဲ့ မွေးမရဘူးတဲ့၊ မွေးချိန်ကြာ သွားတာပေါ့နော်၊ အဲဒီမှာ ကလေးက အောက်စီဂျင်မရဘဲ ဖြစ်ခဲ့တဲ့အတွက် နားလေးသွားနိုင်တယ်၊ သူ့ကိုတော့ အဲသလို ယူဆတယ်ပေါ့ကွာ၊ မွေးရာပါ နားလေးရခြင်း အကြောင်းတွေတော့ ရှိသေးတယ် ...

ဥပမာ ကလေးက မွေးစမှာ အသားဝါဖြစ်ပြီး ပြင်း ထန်လို့ သွေးလဲလိုက်ရရင်လည်း အဲဒီကလေးက အကြော ဆွဲတတ်တယ်၊ နားလေးတတ်တယ်၊ တချို့လည်းအကြော ပဲဆွဲတယ် နားမလေးဘူးပေါ့ ...,

နောက်တစ်ခါ အမေဖြစ်တဲ့သူက ကိုယ်ဝန်ဆောင် ထားချိန်မှာ ဂျိုက်သိုးပေါက်ခဲ့ရင်လည်း ကလေးက နားမ





ကြားဘူး ဖြစ်တတ်တယ်၊ နောက်တစ်ချက်က မျိုးရိုးလိုက် ပြီးတော့လည်း နားမကြားတာ ဖြစ်တတ်တယ်၊ ကလေး လေးယောက် မွေးထားရင် နှစ်ယောက်က နားမကြားတာ ပါလာတာမျိုးပေါ့ ...

နောက်ဆုံးတစ်မျိုးက မွေးတုန်းက ကြားတယ်၊ နောက်မှ နားပြည်ယိုရောဂါ ဖြစ်တာကို သေချာမကုသမိ ပဲ ပေါ့ဆသွားမိတာနဲ့ နားစည်ပေါက်ပြီး နားလေးသွား တာမျိုးပေါ့"

"ကာရန်ကတော့ မွေးရခက်ခဲပြီး မွေးချိန်ကြာလို့ပဲပေါ့"

"သူ့အမေရော ဆရာဝန်တွေရော ဒီလိုပဲ ယူဆတယ်၊ မွေးပြီးခဏကြာတော့ လသားနုနုလေးမှာပေါ့ နားမကြား ဘူးဆိုတာ သူ့အမေ ရိပ်မိတာ၊ နောက် စစ်ဆေးလိုက် တော့ ဟုတ်နေတယ်၊ ဒါနဲ့ သူ့အမေက နောက်တစ်ယောက် ထပ်မယူတော့တာ၊ တကယ်လို့ မျိုးရိုးထဲက ဇုပ်ဂျင်းဆို ရင်လည်း နောက်တစ်ယောက် ထပ်မွေးပြီး ထပ်ပါမလာ အောင်၊ မျိုးရိုးမဟုတ်ဘူးဆိုလည်း ဒီသမီးလေးတစ်ယောက် ကိုပဲ သေချာပုံပြီး ဂရုစိုက်ပြုစုစောင့်ရှောက်သွားနိုင်အောင် ဆိုပြီး ထပ်မယူတော့တာ"

"ငါကြားဖူးတာ တစ်ခုက စကားမပြောတတ်ဘူး ဆိုတာ က နားမကြားရလို့တဲ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဟုတ်တယ်ကွ၊ သူ့အမေ ပြောတယ်၊ လျှာတိုင်မှာ အသံအိုးပါတယ်၊ အသံထုတ်နိုင်စွမ်း ရှိတယ်တဲ့ ဒါပေမဲ့ မွေးကတည်းက နားမကြားရတော့ အသံကို မမှတ်နိုင်တဲ့အတွက် ကိုယ့်ဆီက အသံကိုလည်း ကိုယ်မ ထုတ်တတ်ဘူး၊ ကလေးဘဝ ဆော့ရင်းပြုရင်း ခုနပြောသလို နားပြည်ယိုရောဂါဖြစ်လို့ နားမကြားတော့တဲ့ ကလေးက ကျတော့ မွေးတုန်းက နားကြားတယ်၊ နားကြားတဲ့အတွက် စကားပြောနိုင်တယ်၊ သူတို့ကျတော့ နောက်မှ နားလေး သွားပေမယ့် အရင်က သိခဲ့ဖူးတဲ့ ပြောခဲ့ဖူးတဲ့ စကားတွေ ကို ပြောနိုင်သိနိုင်တုန်းပဲ၊ အသစ်ထပ်မကြားရတဲ့အတွက် ဝေါဟာရတော့ ချို့တဲ့မယ်၊ နားလည်ရုံတော့ ပြောနိုင်တယ်"

မင်းညက သက်ပြင်းတစ်ချက် ချလိုက်ပါသည်။

သနားပါတယ်။ ဒီနေ့လယ်ကမှ သေသေချာချာ ကြည့်မိတော့ ကာရန်ဟာ မျက်လုံးကြီးကြီးလေးတွေနှင့် ယုန်လေး တစ်ကောင်လို အပြစ်ကင်းစင် သနားစရာကောင်းတဲ့အပြင် ရုပ် ကလေးက ချောချောလှလှ အဆင့်ရှိရှိလေးပါ။ ဘဝကဝဋ်ကြွေး ပဲ ထားပါတော့၊ သနားစရာကောင်းလှပါသည်။

"သူ့အမေက တော်တယ်၊ အရမ်းဂရုစိုက်တယ်ကွ၊ အဲဒီလို တစ်ခုခု ချို့ယွင်းနေတဲ့ Disable ချင်းတူတူ အမေထ





ခေတ်ရင် အမေထားတဲ့ Value ပေါ် မူတည်ပြီး ကလေးက တော်တယ် မတော်ဘူး၊ ဝင်ဆန့်တယ် ဝင်မဆန့်ဘူး၊ တစ်ယောက်နဲ့ တစ်ယောက် လုံးဝကွဲပြားသွားတတ်တာတဲ့၊ Disable ဖြစ်ပေမယ့် လူရာဝင်ဝင်လေး တော်တဲ့ ထက်တဲ့ ကလေးတွေတွေ့ရင် သေချာတယ်၊ နောက်ကွယ်မှာ အရမ်း ဂရုစိုက် စောင့်ရှောက်ပျိုးထောင်တဲ့အမေ ရှိပြီတဲ့ကွ"

"အေးလေ၊ ကာရန့်ပုံစံက မပြောရင် Deaf and mute လို့ ဘယ်သူသိပါ့မလဲ။ သာမန်လူတစ်ယောက်လိုပဲ ချက်ချက် ချာချာ အမူအရာ အနေအထိုင် ရှိသားပဲ၊ ငါ လုံးဝမထင် ခဲ့တာ မိုးသူရ"

မင်းညက သူ ကသိကအောက် ဖြစ်ခဲ့ရတဲ့ အဖြစ် အပျက်ကို မိုးသူရကို ပြန်ပြောပြဖြစ်သည်။

"ဩော် ... အေး၊ သနားပါတယ်"

"သိမှမသိတာကွာ၊ သူ့ပုံစံက ထင်မှမထင်ရဘဲ"

"အေးပေါ့လေ"

"သူက ကွန်ပျူတာသင်တန်း တက်နေတာဆိုတော့ ကျောင်း တွေ ဘာတွေရော"

"ဟိုတလောကမှ အဝေးသင်သင်္ချာနဲ့ ကျောင်းပြီးသွားပြီကွ"

"ဩော် ... တော်တာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွ၊ ဒါတောင် သူ့အမေက သူ့သမီးလေးကို စိတ်မချ လက်မချ ပူပူပန်ပန်နဲ့ ဆယ်တန်းအထိ အိမ်ထဲမှာ ပိုးကလေးလို ဥထားတာတဲ့၊ ဆယ်တန်းအောင်ပြီးမှ သူလည်း အရွယ်ကရောက်လာ၊ ဆရာဝန်ကရော အသိမိတ်ဆွေတွေကရော သူ့အဖေကပါ သာမန်လူလိုသာ လူတွေကြားမှာ ရင်ဆိုင်ရုန်းကန်ပါစေလို့ တိုက်တွန်းကြလွန်းလို့ သူ့အမေလည်း လွှတ်ပေးလိုက်တာ"

"သူ့မှာ သူငယ်ချင်းတစ်ယောက် ရှိတယ်ကွ၊ အဲဒီကောင်မလေးက ဖြိုးတဲ့၊ အဲဒီ ဖြိုးကလည်း သူ ဘယ်သွားသွား အတူတူပါပုံပဲ၊ သူ့ကို သိပ်ချစ်ခင်ပုံပဲ၊ ကူညီကာကွယ်စောင့်ရှောက်ပေးပုံပဲ၊ အဖော်ကောင်းကောင်းလည်း ရှိနေတော့ သွားလာနေတာ ကိစ္စမရှိပါဘူး"

"အေးပေါ့"

"အသက်နှစ်ဆယ်ကျော်ပဲ ရှိမယ်ထင်တယ်"

"သေချာမသိဘူးကွ၊ ဒီလောက်ပဲ ရှိမှာပေါ့၊ ကျောင်းပြီးတာမှ မကြာသေးတာ၊ ပုံစံလေးကလည်း ငယ်ပါသေးတယ်၊ မင်းပြောမှ ဒီဇင်ဘာထဲမှာ သူ့မွေးနေ့ရှိတာ သတိရတယ်၊ ငါ့မွေးနေ့နဲ့ နီးလို့မှတ်မိနေတာပါ၊ နှစ်ရက်လားပဲကွာတယ်၊ မနှစ်က နှစ်ဆယ်ပြည့်တာ ... ဟုတ်တယ်၊ မွေးနေ့ဖိတ်လို့ ငါအဒေါ်ရော မေမေပါ လိုက်သွားသေးတယ်၊ ဒါဆို မကြာခင် သူ နှစ်ဆယ့်တစ်နှစ်ပြည့်မှာ"





"ကလင် ... ကလင်"

"ဟော"

မင်းညရဲ့ဖုန်းမှ မက်ဆေ့ဂျ် Alarm မြည်သံကြောင့် မင်းညက ဘောင်းဘီအိတ်မှဖုန်းကို ထုတ်ယူရင်း ...

"ဟိုကောင်တွေ ဘာဖြစ်လဲ မသိဘူး၊ နောက်ကျမယ်ထင်တယ်"

ပြောရင်း ဖုန်းကိုငုံ့ကြည့်လိုက်လျှင် စာတစ်စောင်ရောက်ကြောင်း စာအိတ်လေးပုံနှင့် သတင်းပို့နေတာ တွေ့ရကာ ဘယ်ကရောက်ကြောင်း ဖော်ပြသည့် ဖုန်းနံပါတ်ကလည်း သူနှင့်စိမ်းကာ မသိတဲ့နံပါတ်။

"ဘယ်သူလဲ"

"မသိဘူးကွ၊ မသိတဲ့ နံပါတ်ကြီး"

"မင်းကို ဖုန်း Bill လာထပ်သွင်းဖို့ သတိပေးတာ ဖြစ်ရင်ဖြစ်မှာပေါ့"

"မဟုတ်ပါဘူး၊ ဖုန်း Bill မက်ဆေ့ဂျ်ကလည်း ညကြီးမင်းကြီး လာပါ့မလား"

"အကျီဆိုင်တွေကလည်း အခါကြီး ရက်ကြီးတွေဆိုရင် Sale တွေ လုပ်မှာကို မက်ဆေ့ဂျ်လှမ်းပို့တတ်တယ်ကွ၊ ဖွင့်ဖတ်လိုက်ပါ မင်းကလည်း"



www.burmeseclassic.com

www.burmeseclassic.com



မင်းညက ကြည့်ရင်းက ဒီဖုန်းနံပါတ်ကို သိသလိုလို ရှိလာသဖြင့် မဖွင့်ခင် ဘယ်သူလဲ ဖွတ်လေပြီး စဉ်းစားနေသေးတာ။ မိုးသူရ စိတ်မရှည် လက်မရှည်ပြောမှ ဖွင့်လိုက်လျှင် ...

"ကိုမင်းည ...

မှတ်မိသေးလား၊ ကာရန်ပါ ...

အခု ဘာလုပ်နေလဲ"

"ဟိုက်ရော ... သေရော"

"ဘာသေတာလဲ၊ ဘယ်သူလဲ"

"ကာရန်ကွ"

"ကာရန် !! "

မိုးသူရက အလန့်တကြားကြီး ရေရွတ်လိုက်ပါသည်။

"အေး ... ဟုတ်သားပဲ၊ သူ နေ့လယ်က ပြောတယ်၊ ညကျ မက်ဆေ့ဂျ်စမ်းပို့ဦးမယ်တဲ့"

"အခု ဘာတဲ့လဲ"

"ကိုမင်းည မှတ်မိသေးလား၊ ကာရန်ပါတဲ့၊ အခု ဘာလုပ်နေလဲတဲ့"

"ဘီယာဆိုင်မှာလို့ ပြောလိုက်ကွာ"

"ဟာ ... မင်းကလည်း၊ ကလေးကို"





"ဟ ... ကလေးလို့တော့လည်း ခေါ်ရလောက်အောင် မကွာပါဘူးကွာ မင်းညရာ၊ မင်းကကော ဘယ်လောက် အသက်ကြီးသေးလို့လဲ၊ အစိတ်တောင် မရှိသေးတာ"

"ဒါပေမဲ့ သူက အရမ်း အင်နိုးဆဲန့် ဖြစ်လွန်းတော့ ငါ့ စိတ်ထဲမှာ ကလေးလေးတစ်ယောက်လို ခံစားရလို့ပါ"

"ပြောလိုက်ဦးလေ တစ်ခုခု"

"ဘာပြောရမှာလဲကွ၊ ငါ့နှယ်နော် ... တကယ်ပို့တာကိုး ဒီကောင်မလေးက"

မင်းညသည် ဆံပင်ထဲ လက်ထိုးဖွပြီး တကယ်ကုတ်ခဲ့လိုက်မိကာ သူ ဘာလုပ်ရမလဲ တစ်ခဏ စဉ်းစားရပါသည်။ သူ စာပြန်ပို့ရမလား၊ မပို့ရဘူးလား။ အတန်ကြာ စဉ်းစားနေပြီး နောက်မှာတော့ သူက တစ်စုံတစ်ခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ချက် ချလိုက်ပါသည်။

ပို့ရမည်။

သူကသာ Message ပြန်မပို့ဘဲ နေလိုက်လျှင် ကာရန့်စိတ်ထဲမှာ သူ့ကို အဆွဲ့အအမို့ အရေးမယူ အဖက်မလုပ်တာလို့ ထင်သွားမှာ သူ အစိုးရိမ်ဆုံးပင်။ အားနည်းချက်ရှိသူ တစ်ယောက်ယောက်ကို အဲဒီအားနည်းချက်ကြောင့်ပင် သူများထက် ပိုပြီး ဂရုတစိုက် ဖေးမတတ်သည်မှာ မင်းည ထုံးစံပင်။



www.burmeseclassic.com

www.burmeseclassic.com



ကာရန့်ရဲ့အခြေအနေကြောင့် ကာရန့်ကို သူ ဘ[illegible] နည်းနဲ့ဖြစ်ဖြစ် ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ပြန်ဆက်ဆံမည်[illegible] ဆုံးဖြတ်ချက် ချလိုက်ပါသည်။ အလိုလိုက် အလျှော့ပေးပြီး စိတ်[illegible] ချမ်းသာအောင် တတ်နိုင်သမျှ ဖေးမပေးမည်လို့လည်း ဆုံးဖြတ်[illegible] လိုက်ပါသည်။

မင်းညက ဖုန်းကိုဖွင့်ပြီး ...

"ကိုယ် သူငယ်ချင်းတွေနဲ့ အပြင်မှာ ..."

မြန်မာစာ မရိုက်တာကြာ၍ သူ ခဲခဲယဉ်းယဉ်းဖြင့် ရိုက်ပေးလိုက်ပါသည်။

ပို့လိုက်ပြီး စာထွက်သွားတာကိုတွေ့မှ ဖုန်းကိုစားပွဲ ပေါ် ပြန်ချလိုက်ပြီး ဘီယာကို တစ်ကျိုက်မော့ချလိုက်တယ်ရှိ သေး ...

"ကလင် ... ကလင်"

"ဟာ"

ချက်ချင်း ပြန်ထပ်ဝင်လာတဲ့ မက်ဆေ့ဂျ်။ မင်းညက တအံ့တသြ ဖွင့်ဖတ်လိုက်လျှင် ...

"အပြင်ဘယ်နားမှာလဲဟင်"

မင်းညက သက်ပြင်းချပြီး စာလုံးတွေ နှိပ်ပြန်သည်။

"စားသောက်ဆိုင်"





ဖုန်းကိုချထားပြီး စားမယ် သောက်မယ် ပြင်လိုက် နောက်ထပ်စာတစ်စောင်က ချက်ချင်းထပ်ဝင်လာလိုက်။ "ကလင်" "ကလင်"နှင့် အဆက်မပြတ်စတမ်း ဖြစ်နေရတော့ကာ မင်းည လည်း စမ်းတဝါးဝါး နှိပ်ရင်း နှိပ်ရင်းကပင် မကျွမ်းဝင်တဲ့ မြန်မာစာလုံးကိုပင် ရိုက်ရင်းကမြန်ကာ ကျွမ်းလုလု ရှိလာတဲ့ထိ။

"သူငယ်ချင်းတွေနဲ့လား"

"အင်း"

"ကာရန် စာပို့တာ အနှောင့်အယှက် ဖြစ်လား"

"မဖြစ်ပါဘူး ရပါတယ်"

"ကာရန် ပျင်းနေလို့ပါ"

"အင်း"

"ခုန ဖြိုးနဲ့ စာရိုက်စကားပြောပြီးပြီ"

"ဟုတ်လား"

"ဖြိုးဆီမှာ မြန်မာစာလုံးမရှိတော့ အင်္ဂလိပ်လိုပဲ ရိုက်ရတာ၊ ကာရန်က စာလုံးများများ မသိတော့ ခက်တယ်"

"ကြိုးစားရိုက်ပေါ့၊ အင်္ဂလိပ်စာ တိုးတက်လာမှာပေါ့"

"ဟင့်အင်း ... နောက်ဆို ကိုမင်းညနဲ့ပဲ စာပို့တော့မယ်"

ရော ...။

ခက်နေပါလား။ မင်းညဘက်က ချက်ချင်းတုံ့ပြန်တဲ့ စာမလာလျှင်လည်း ချက်ချင်းဆိုသလို သူ့ဘက်ကပဲ ထပ်ဝင်လာ တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဆိုင်မှာလဲ"

"စပို့ဘား"

"ဘယ်မှာလဲဟင်"

"မြရိပ်ညို"

"စားလို့ကောင်းလား"

"အင်း ... ကောင်းတယ်"

"ကာရန် စားသောက်ဆိုင်တွေမှာ မစားဖူးဘူး"

"ဟုတ်လား ... ဘာဖြစ်လို့"

"လူတွေများတော့ ကာရန် အမှားအယွင်းကြုံမှာ ရှက်လို့ပါ"

"ဘာဖြစ်လဲ၊ ဂရုစိုက်စရာ မလိုပါဘူး"

"ကျောင်းရယ် သင်တန်းရယ် ဈေးဝယ်ထွက်တာရယ်က လွဲရင် တခြား လူများများပါတဲ့ ပွဲတွေကို ကာရန် ရှောင်တယ်"

"ဘာလို့ရှောင်ရမှာလဲ"

"အမှားဖြစ်လိမ့်မယ်တော့ မဟုတ်ပါဘူး၊ ကာရန်ကလည်း လုပ်သက်နှစ်ရှည်ကြောင့် ကိုယ့်ကို လူတွေဂရုမပြုမိအောင် နေတာ ကျွမ်းနေပါပြီ။ လူတွေကြားထဲ ရောက်သွားရင် တစ်ခါ တစ်ခါ သူများတွေနဲ့မတူတဲ့ ကိုယ့်ကိုယ်ကိုယ် ပြန်သတိထားမိပြီး ဝမ်းနည်းရတတ်လို့ပါ"





စာက ရှည်သွားလျှင် ဖြတ်ကာ နှစ်ကြိမ်ခွဲပို့ရင်လည်း ပို့သည်။ စာရိုက်တာကိုတော့ တစ်နေ့လယ်ခင်းလုံး ကျင့်ထားပုံနှင့် အတော်တောင် ကျွမ်းလာပါပြီ။

"ဝမ်းမနည်းနဲ့၊ ဘယ်နေရာမဆို ရဲရဲဝံ့ဝံ့သွားပါ ကာရန်"

"ကိုမင်းည အဖော်ပြုပြီး လိုက်ပို့ပေးမလား"

"ပို့ပေးမှာပေါ့"

ခပ်သွက်သွက်ပင်ရိုက်ကာ Send လုပ်လိုက်ပြီးမှ အပြင်တွေ ပို့ပေးမယ် ပြောမိတာ မှားပြီလားဟု ကမန်းကတန်း ပြန်တွေးကြည့်ရသည်။ မတတ်နိုင်တော့ပါ။ ရှိပါစေတော့။ သူက လည်း စေတနာအလျှောက် ပြောတာပဲလေ၊ စကားမှားသွား လွန်သွားလည်း မတတ်နိုင်ပေဘူးပေါ့။

"ကာရန့်မှာ ဖြိုးကလွဲရင် တခြားသူငယ်ချင်း မရှိဘူး"

"သူငယ်ချင်းများများထားပေါ့"

"အခုကစပြီး ထားတော့မယ်လေ၊ ကိုမင်းညလည်း ကာရန့် သူငယ်ချင်း လုပ်ပေးပါနော်"

"လုပ်ပေးမှာပေါ့"

မိုးသူရက ရှေ့ကနေ ရှုံ့မဲ့ပြီး ခေါင်းတွေကုတ်ပြနေဆဲ ဝင်းနိုင်နှင့် စိုးသူ ဝင်လာကြပါသည်။

"ဟေ့ကောင်တွေ မင်းတို့ နှစ်ယောက်ကလည်း စံတော်ချိန်ပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... မင်းတို့ မှန်နေပြီလား၊ ဟိုကောင် ဘာတွေလုပ်နေတာလဲ၊ ဟင် ... စာတွေရိုက်နေတာ၊ ဘာလဲကွာ မကြီးမငယ်နဲ့ ဘာလုပ်နေတာလဲ"

"ဒီကောင့်ကို ပစ်ထားလိုက်စမ်းပါ"

"ဘာလဲ ... မိုးသည်းနဲ့လား"

"မဟုတ်ပါဘူး၊ အခြားကိစ္စပါ"

မိုးသူရ ဝင်ဖြေပေးနေတာမို့ မင်းညက စာပို့တာ ခဏရပ်ထားရင်း ...

"နောက်ကျလိုက်တာကွာ"

"ဒီကောင့်ကိစ္စတွေချည်းပဲ များနေလို့"

"ကလင်"

"ယော"

"ကလင်"

"ဟ ... စာတွေ လာနေပြန်ပြီ၊ ဘယ်သူလဲကွ"

"ငါသင်တန်းကပါ"

"ဘာလုပ်နေတာလဲ"

"ဘာမှမလုပ်ဘူး၊ မြန်မာစာလက်ကွက် ကျင့်နေတာဟ"

"ဘာလုပ်ဖို့လဲ"

"ဆော့ဖို့"

"ကလင် ... ကလင်"





"ယော ... ယော ... လာလှချည်လား မင်းမက်ဆေ့ဂျ်တွေက၊ ဘယ်ဖြစ်တာလဲ"

"တော်တော့လေကွာ"

မိုးသူနှင့် ဝင်းခိုင်က တစ်ယောက်တစ်ပေါက် အော်နေ၍ မင်းညက ဖုန်းကိုပြန်ဖွင့်ကာ မက်ဆေ့ဂျ်တွေကိုကြည့်သည်။

"ကိုမင်းည"

"ကိုမင်းည"

"ကိုမင်းည"

တောက်လျှောက်ခေါ်နေသလို ဆက်တိုက်ပို့နေတာ။ မလွယ်ပါလား။

"ဘာဖြစ်လို့လဲဟင်၊ တစ်ခုခု ဖြစ်နေလား၊ တစ်ယောက်ယောက် ရောက်လာလား"

မက်ဆေ့ဂျ်တစ်ခုက ထပ်တက်လာသည်။

"ဘယ်လိုလုပ်သိလဲ"

"ခုန စာပို့လို့ ရနေရက်နဲ့ အခု စာမပို့နိုင်တော့လို့လေ"

"ကိုယ့်သူငယ်ချင်းနှစ်ယောက် ရောက်လာတာ၊ ကိုယ်ဖုန်း ခဏပိတ်တော့မယ်နော် ကာရန်၊ နောက်နေ့တွေမှ ပြောကြတာပေါ့"

"ဟုတ်ကဲ့ ... တာ့တာ"



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တော့လည်း ချက်ချင်းပဲ ပိတ်ချသွားပါသည်။ ရစ်နေတာမျိုးမရှိ။

"ပြောစရာရှိသမျှ စကားအားလုံး စာနဲ့ပဲချရေးနေရမယ်၊ မက်ဆေ့ဂျ်ပဲ ရိုက်နေရမယ် ဆိုရင်တော့ မလွယ်ကြောပဲ"

"ဘာဖြစ်လို့လဲ ... အ,နေလို့လား"

စိုးသူက ဘာရယ်မဟုတ် တစ်ခွန်းဝင်ထောက်လိုက်တာကို ကြားလိုက်ရတဲ့ နားထဲမှာ မသက်မသာ ဖြစ်သွားရပါသည်။ အ,နေလို့လားတဲ့။ ဟုတ်တော့ ဟုတ်ပေမယ့် ဒီစကားလုံးတွေသုံးဖို့ရာ ကာရန်တို့လို ချို့ယွင်းသူတွေအပေါ် အားနာသလိုလို သနားစာနာမိပါသည်။

"ဟင် ... ဟုတ်လား"

"အေး ... ဟုတ်တယ်"

"ဟင် ... ငါက နောက်လိုက်တာပါကွ၊ တကယ်လား၊ ဘယ်သူလဲ"

"ဘယ်သူမှ မဟုတ်ပါဘူး၊ သင်တန်းက ကောင်မလေးတစ်ယောက်ပါ"

"ဟော့ကောင် ... ငါတို့ အသိထဲမှာ ကောင်မလေးတစ်ယောက်ရှိတယ်၊ သူက Deaf and mute ပေါင်းရသင်းရ သိပ်ခက်တာပဲ၊ ဘယ်သူနဲ့မှ ကီးမကိုက်ဘူး၊ သူများကို မကောင်းမြင်တတ်တာကလည်း လူတစ်ဖက်သားကို မယုံ





ကြည်ရဲတဲ့ သူတို့စိတ်အခံကြောင့်ပေါ့၊ သူတို့စိတ်မှာလည်း မပြည့်စုံမှုတွေ မလုံခြုံမှုတွေ အစစအရာရာအပေါ် အပြည့်အဝ နားမလည်မှုတွေက အများကြီးလေ၊ လူတွေက သူတို့ကို နှိမ့်ချမြင်တယ်ဆိုတဲ့ အထင်လည်း သူတို့မှာရှိကြတယ်"

ဝင်းခိုင် စကားကို နားထောင်ရင်း မင်းညက သူ့ကို တရင်းတနှီး စာရိုက်ပို့တဲ့ ကာရန့်ကို တအံ့တဩလေး ထူးဆန်းမိကာ တွေးရင်း ပြုံးနေမိပါသည်။

○❦○



www.burmeseclassic.com

www.burmeseclassic.com



# ၇

ဒီနေ့ ကာရန်တို့ သင်တန်းရှိတဲ့နေ့ဆိုတာ သိ၍ မင်းညက ရုံးခန်းထဲပဲ ငြိမ်နေပါသည်။ အပြင်ကို လတ်လျားလတ်လျား ထွက်နေရင် မျက်နှာချင်းဆိုင် သွားတိုးနေမှာစိုး၍ပင်။ ရှောင်တယ်မှတော့ မဟုတ်ပေမယ့် ရှောင်ရလိမ့်မယ် ထင်တယ်လို့ သူ တွေးမိသည်။

မိုးသူရတို့နှင့် စားသောက်ဆိုင် သွားသည့်နေ့က ဝင်းခိုင်တို့ ရောက်အလာမှာ ဖုန်းမက်ဆေ့ဂျ်ကို ရပ်လိုက်ပြီးနောက် ပြန်ကြတဲ့အချိန် ညဆယ်နာရီလောက်မှာ တစ်ခါထပ်ဝင်လာပြန်ကာ ပြန်ပြီလား ဘာလားနှင့် အပြန်အလှန် ဆယ့်ငါးမိနစ်လောက်ကြာသေးသည်။

"ကောင်မလေးကြည့်ရတာ ကစားစရာ အသစ်ရသလို ဖြစ်နေပြီ ထင်တယ်ကွ"





မိုးသူရက ကားပေါ်မှာ မှတ်ချက်ချသည်။

"သူလည်း ပျင်းမှာပေါ့ကွာ၊ လောလောဆယ်တော့ Message ပို့ရတာ အသစ်အဆန်းဖြစ်ပြီး ပျော်နေပုံပဲ"

"မင်း အကျင့်ကြီးပါသွားရင်တော့ မိုးသည်းနဲ့ ကွိုင်မယ်နော် ဟေ့ကောင်"

"အင်း ... ဟုတ်တယ်"

မနေ့ကတော့ နံနက်တစ်ကြိမ် နေ့လယ်တစ်ကြိမ် ညတစ်ကြိမ်။ နေကောင်းလား၊ စားပြီးပြီလား။ ဘာဟင်းလဲ၊ ဘာလုပ်နေလဲ၊ ဘာသီချင်းကြိုက်လဲ၊ ဘယ်မင်းသမီးကြိုက်လဲ၊ အိမ်က ဘယ်မှာလဲ၊ ညီအစ်ကိုမောင်နှမ ...၊ သူ့ကိုခင်လား၊ စိတ်ရှည်ရဲ့လား။ သူ့မှာ မေးခွန်းတွေ မြောက်မြားစွာ ရှိသည်။

တစ်ကြိမ်မှာ သူ့ဘက်ကပို့တာ စာတို နှစ်ဆယ်လောက်။ သုံးကြိမ် ခြောက်ဆယ်။ စာတိုတစ်ခါထွက် အစိတ်။ ဒီနေ့ သူနဲ့တင် ထောင့်ငါးရာလောက် ထွက်သွားပြီဆိုတာ မင်းညက တွက်ပြသေးသည်။ မေမေ ပေးလိမ့်မယ်တဲ့။ အင်း ...။

မနေ့ညက စာပို့ကြရင်း သူတို့ဂရုပ်ဖစ်တွေ ဒီနေ့ သင်တန်းရှိတာ သိရ၍ မင်းည ငြိမ်ကုပ်နေတာပင်။ စာလေးတွေဖွဲ့ရင်းက စကားပြောသလိုပဲမို့ တစ်ယောက်အကြောင်း တစ်ယောက်သိ၊ တစ်ယောက်စိတ် တစ်ယောက်မှန်းမိသောအခါ ကာရန့်စိတ်တလေးကို မင်းည နှစ်သက်သဘောကျမိပါသည်။ ကလေးလို ဖြူဖြူစင်စင်လေးတွေးကာ စိတ်မနော‌လေးက ဖြောင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိကောင်းဖခင်မှ ကြီးပြင်းလူလားမြောက်ရကာ နားလည်းမကြား စကားလည်း မပြောနိုင်ပေမယ့် မိခင်ဖြစ်သူရဲ့ အမြဲမပြတ် ထိထိတွေ့တွေ့ သွန်သင်မှု ဂရုစိုက်မှု ကူညီဖြေရှင်းမှုတို့ကို အပြည့်အဝ ရနိုင်ခဲ့သူဖြစ်၍ အထီးကျန်ခြင်း အားငယ်ခြင်း အယုံအကြည်ကင်းမဲ့ခြင်း မလုံခြုံခြင်း စတဲ့ စိတ်ခံစားချက်ဝေဒနာမျိုးတွေလည်း အတော်ပင် နည်းပါးပါသည်။

မင်းည သိသလောက် မွေးရာပါ နားမကြားသူတွေဟာ သင်ယူနိုင်တဲ့ စကားလုံးတွေ အကန့်အသတ်ရှိတဲ့အတွက်တော်ရုံနှင့် ဝေါဟာရမကြွယ်ဝတတ်ကြဘူးလို့ပင်။ သူတို့ရေးနိုင် လက္ခဏာပြနိုင်တဲ့ ဝေါဟာရ ဆိုတာက အတိုင်းအတာ ထစ်ခုအတွင်းသာ ရှိကြပါသည်။

ကာရန်ကတော့ တော်တော်ကလေး စကားလုံးကြွယ်ဝတာ တွေ့ရသည်။ ဒါဟာ သူ့အမေ သူ့အဖေ သူ့မိသားစုကြောင့်။ တကူးတကစောင့်ပြီး သင်ပြညွှန်ကြားနေမယ့်သူရှိရင် ရှိသလို တိုးတက်မှာပင်။

"ကလင် ... ကလင်"

ဟော ... လာပြီ။ နာရီကြည့်လိုက်တော့ သူတို့ဂရပ်ဖစ်ဒီဇိုင်းတွေ လွှတ်ချိန်ပင်။ ဖုန်းမက်ဆေ့ဂျ်ကို ဖွင့်ကြည့်လိုက်လျှင် ...

"အားလားဟင်"





မင်းညက သက်ပြင်းတစ်ရှိုက်နှင့် ပြန်ရိုက်လိုက်ပါသည်။

"မအားဘူး ညီမ"

"ညနေ ရုံးဆင်းမှ အားမှာလားဟင်"

အင်း ... တယ်ခက်ပါလား။ ချက်ချင်းပြန်ဝင်လာတဲ့ မက်ဆေ့ဂျ်ကို စိုက်ကြည့်နေမိပြီး တစ်လုံးချင်း ပြန်ရိုက်လိုက်ပါသည်။

"ကာရန် ဘာလုပ်ချင်လို့လဲ"

"ဆိုင်ကောင်းကောင်းလေးတစ်ဆိုင်မှာ သွားစားဖို့ အဖော်လိုက်မယ်ဆို၊ ကာရန် ကျွေးပါ့မယ်"

"ကလေးက ကျွေးတာ လူကြီးက စားလို့မကောင်းဘူး"

"ဒါဖြင့် ကိုမင်းညပဲ ကျွေးတော့"

သေရော။ မင်းညက ပြုံးနေမိပါသည်။ အားနာတဲ့ စိတ်က ကြီးစိုးလာကာ ...

"ဖြိုးပါ ခေါ်လိုက်လေ"

"ဟုတ်ကဲ့၊ ဘယ်အချိန်လဲဟင်"

"အခု ဆယ့်နှစ်နာရီဆိုတော့ အခုပဲ သွားလိုက်တာပေါ့"

"မအားဘူးဆို"

"အလုပ်ကို နောက်ရွှေ့လိုက်မယ်"

"ကျေးဇူး အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



အင်း ...။ အင်း ...။

ပိုက်ဆံအိတ်ယူ ဆောင်းဘီအိတ်မှာထိုးကာ အပြင်ထွက်လာတဲ့အခါ သူ့ရုံးခန်းနှင့် မလှမ်းမကမ်းမှာ ရပ်စောင့်နေတဲ့ ချာတိတ်မနှစ်ယောက်ကို တန်းမြင်ပါသည်။ ကာရန့်မျက်နှာကလေးသည် မှော်လင့်ချက်တစ်မျိုးနှင့် ကြည်နူးတောက်ပလျက်။

ကာရန်နှင့် ဖြိုးတို့ သူ လျှောက်လာတာကိုကြည့်ရင်း ခြေဟန်လက်ဟန်နှင့် ပြောဆိုနေကြ၍ မင်းညက ဖြိုးကိုဖြိုးကာ ...

"ဘာတွေပြောနေကြတာလဲ"

"ကာရန်က ဦးမင်းညကိုပေးဖို့ လက်ဆောင်တခ်ခုပါတယ်"

"အာ ... ဘာလက်ဆောင်လဲ၊ မလုပ်ပါနဲ့"

"မဟုတ်ပါဘူး ဦးမင်းည၊ ဒါကတော့ ဦးမင်းညအတွက်လိုတယ်၊ ခုဆိုရင် ဦးမင်းညနဲ့ ကာရန်က ခင်နေပြီမဟုတ်လား"

ဖြိုးစကားတွေကြောင့် မင်းညက ကာရန့်ကို တစ်ချက်ကြည့်လိုက်ပါသည်။ ဖြိုးကို သူ ဘယ်လိုများ ပြောထားမှာပါလိမ့်။ ဘာပဲပြောပြော မပြောပြော ကာရန့်မျက်နှာပေါ်က ထူးခြားဆန်းကြယ်တဲ့ ကြည်နူးမြူးဖျရိပ်လေးကို မင်းည တွေ့သလို ဖြိုးလည်း တွေ့မှာပင်။





ကာရန်သည် ဟိုအရင်မြင်ဖူးတဲ့ တုံ့နှေးနှေး ခပ်ငြိမ်ငြိမ်ပုံစံနှင့် မဟုတ်ဘဲ ထူးခြားစွာ ပေါ့ပါးသွက်လက်နေတဲ့ဟန်လေးတစ်မျိုးနှင့် သူ သိုင်းလွယ်ထားတဲ့ ဘေးလွယ်အိတ်လေးကို အဖုံးဖွင့်ကာ တစ်စုံတစ်ရာ ထုတ်ယူလိုက်သည်။ ဗီစီဒီလေးတစ်ချပ်။

မင်းညလက်ထဲ လှမ်းထိုးပေးလိုက်တာမို့ မင်းညက ယူကာကြည့်လိုက်ပါသည်။

"မေရီချက်ပ်မင်း နားမကြားသောကလေးများကျောင်း
Sign Language
သင်ထောက်ကူ V.C.D "

ဗီစီဒီကာဗာမှ ပုံလေးတွေကို ကြည့်ရုံနှင့် ဘယ်လိုအခွေလဲ သိပါပြီ။ လက်ဟန်မူရာနှင့် သင်္ကေတပြတဲ့ ဘာသာစကားကို သင်ယူနိုင်ရန်ပေါ့။

"ဖြိုးဆိုရင် ဒီအခွေထဲက ဆိုင်းလဲန်းဝွေ့ဂျ်တွေကို အားလုံးနီးပါး ရနေပြီ ဦးမင်းညရဲ့၊ ဒါကြောင့် သူ့အမူအရာကို နားလည်တာပေါ့၊ သူ ပြောတာကို အမူအရာနဲ့လည်း ဖြိုးနားလည်တယ်၊ တစ်ခါတစ်ခါ သူက အားမရဘဲ စာနဲ့ရေးပြတယ်၊ သူပြောစကားတွေကို နားအလည်ဆုံးက အန်တီနဲ့ ဖြိုးပဲ ...

သူ့အဖေတောင် ဖြိုးလောက် နားမလည်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဖြိုးက သူငယ်ချင်း မိတ်ဆွေကောင်း ပီသပါတယ်"

"ဖြိုးကလည်း ဦးမင်းညကို အဲဒီလိုစကားမျိုး ပြောချင်တာ၊ ကာရန့်လို မိန်းကလေးတစ်ယောက်ကို စိတ်ရှည်လက်ရှည် လိုက်လျောခင်မင်ပေးမယ့်သူက အရမ်းရှားတာလေ၊ သူ့မှာ ယောကျ်ားလေးမိတ်ဆွေဆိုရင် အခု ဦးမင်းညပဲ ရှိတယ်၊ အရင်တုန်းကလည်း ယောကျ်ားလေးတွေထဲကဆိုရင် သူ့ကို စတာတို့ နောက်ပြောင်တာတို့ပဲ များတော့ သူက ယောကျ်ားလေးဆို အပေါင်းအသင်း မဖြစ်ချင်ခဲ့တာ ...

အခု ဦးမင်းညကကျတော့ လူကြီးလူကောင်း တစ်ယောက်လည်း ပီသပြီး ကာရန့်ကို ခုလို အချိန်ပေးတာ လိုက်လျောပေးတာတွေကို အရမ်းအံ့သြပြီး ဝမ်းသာပြီး ကျေးဇူးတင်ပါတယ်"

မင်းညသည် ဖြိုးရဲ့ပဲ ဖြိုးနိုင်ကာ အနေရအထိုင်ရပင် ခက်ရသည်။ ကာရန့်ကို အကြောင်းပြချက် ကောင်းကောင်းလေး တစ်ခုခုနှင့် နောက်ဆုတ်လိုက်ရမလား တွေးထားသမျှအပေါ်လည်း ကိုယ့်ကိုယ်ကိုယ် စာနာစိတ်မရှိသလို ပြန်မြင်ပြီး Guilty ဖြစ်မိကာ နောက်ဆုတ်ဖို့အတွေးကို ခေါင်းယမ်းပြီး ဖျောက်ထုတ် လိုက်ရပါသည်။

○ ❦ ○





ဆိုင်က အကောင်းကြီး မဟုတ်ပေမယ့် ကန်တော် ကြီးဝင်းထဲမို့ ကာရန်က ပျော်နေပါသည်။ အရာရာကို ငေးမော ထူးဆန်းနေရာ မင်းညက တတ်သမျှ မှတ်သမျှ အနီးစပ်ဆုံးလက် ဟန်နှင့် ...

"ကာရန် မရောက်ဖူးဘူးလား"

ကာရန်က မင်းညလက်ဟန်ကို နားလည်ကာ ခေါင်း လေးယမ်းပြသည်။ မျက်နှာလေးကတော့ ပြုံးပျော်လျက်။

"လူများတဲ့နေရာတွေ သူ မသွားဘူး ဦးမင်းည၊ တစ်ခုခု အမှားအယွင်းဖြစ်မှာ၊ လူကွဲမှာ၊ စကားမပြောမဖြစ် ပြော ရတာမျိုး ရှိလာမှာတွေစိုးပြီး သူ ရှောင်တယ်၊ သူ့အမေက ပထမတော့ သူကိုယ်တိုင်မပါရင် အပြင်ကို မလွှတ်ရာက လွန်ခဲ့တဲ့ တစ်နှစ်လောက်ကမှ ဖြိုးနဲ့နှစ်ယောက်တည်း သူ မပါဘဲ စ,လွှတ်တာ ...

စစချင်းသွားတာ မျှော်စင်ကျွန်းရှိုးပွဲ၊ အဲဒီမှာ ဖြိုးနဲ့ လူကွဲပြီး သူ ပျောက်သွားတာ၊ အဲဒီမှာ အမှတ်သည်းခြေ ကြီးပြီး ကန်တော်ကြီးဆို ဘယ်တော့မှ မသွားဘူး ဖြစ်သွား တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် သူ အခုလာရတာ အဆင်ပြေရဲ့လား၊ နေရာပြောင်း မလား"

"ဟင့်အင်း ... လမ်းမှာ သူ့ကိုစာရေးပြပြီးမေးတာ၊ သူက ဦးမင်းညနဲ့မို့လို့ သွားမယ်တဲ့"

မင်းညသည် သူ့ဘေးနားက တဆွဆွ လျှောက်ရင်း ပျော်နေသော ကာရန့်ကို ကြင်နာစွာ ငဲ့ကြည့်ကာ ...

"လူကွဲတုန်းက သူ အခုရမ်းကြောက်သွားမှာပဲ"

"ဟုတ်၊ ဘယ်သူ့မှလဲ မမေးနိုင်၊ သူမေးမိတဲ့သူက လူ ကောင်းမဟုတ်မှာလည်း သူကကြောက်၊ သူမေးရင် သူ့ အခြေအနေကို သိပြီလေ၊ မှောင်ထဲ တစ်နေရာမှာ ထိုင်ငို နေတာ"

"ဖြစ်မှ ဖြစ်ရလေကွာ"

မင်းည ရင်ထဲ နာကျင်မိသည်။

"ဖိုးလည်း ထူပူပြာနှမ်းသွားတာပဲ၊ ဟိုပြေးရှာ ဒီပြေးရှာပေါ့၊ နောက်ဆုံး လုံခြုံရေးတွေ အကူအညီတောင်းပြီး အုပ်စုဖွဲ့ ရှာရတယ်၊ ပြန်တွေ့လို့ တော်သေးတာပေါ့ ဦးမင်းညရယ်၊ ဖိုးလည်းငို သူလည်းငို၊ သူလည်း အိမ်ရောက်တာနဲ့ဖျား တာပဲ၊ အဖျားတွေကြီးတာမှ သတိတောင်လစ်တယ်"

သူတို့ စားသောက်ဆိုင်မှာ စားနေကြတုန်း ကာရန့် ထံ မက်ဆေ့ဂျ်လေးတွေ လာနေပါသည်။ ကာရန်ကလည်း ပြန်





ပို့ကာ၊ ဟိုက ထပ်လာလိုက်။ ကာရန်က နဖူးပေါ်လက်ဖဝါးလေး အဝံကာ ပွတ်ဆွဲပြ၍ ...

"သူ့အမေဆီက"

"သြော်"

ခဏအကြာမှာတော့ ကာရန်က သူ့ဖုန်းထဲက သူ့ အမေရဲ့မက်ဆေ့ဂျ်ကို မင်းည မြင်သာအောင် လာပြပါသည်။

"သမီးသူငယ်ချင်း ဆရာကိုလည်း အိမ်ကိုဖိတ်ခေါ်ခဲ့ဦး"

မင်းညက ရယ်ဟဟနှင့် ပခုံးတွန့်ကာ လက်နှစ်ဖက် ဖြန့်ပြလိုက်ပါသည်။ အဲဒီ အမူအရာကိုပဲ ကာရန့်မှာ သဘောကျ ဆုံး။ သူ ဆိုလိုတာက အိမ်လိုက်လည်ရန်မှာ စိတ်ကျဉ်းကျပ် သွားပြီး ဘာအတွက်လဲ ဆိုတဲ့သဘော။ ကာရန်ကတော့ ဘယ်လို နားလည်လည်း မသိပါ။ မင်းည လုပ်ပြတဲ့ ပုံစံကို လိုက်လုပ်ပြ ရင်း ရယ်နေသည်။

"ဦးမင်းညနဲ့ ဒီနေ့ အပြင်ထွက်စားမှာ ခုနက ကားပေါ်မှာ သူ့အမေဆီ မက်ဆေ့ဂျ်ပို့တော့ သူ့အမေက သဘောကျ ပါတယ်"

မင်းညမှာ မျက်ခုံးကိုပင့်၍ ခေါင်းသာညိတ်ပြရပါ တော့သည်။

အပြန်မှာ အခက်အခဲတစ်ခု ဖြစ်ရတာကတော့ ကားကို အဝေးမှာ ရပ်ထားရစ်ခဲ့ပြီး မိုးတွေရွာချလာခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းက ကားကို သင်တန်းအဆောက်အအုံရှေ့ ဒါမှမဟုတ်အေး သစ်ပင်မှာ ရပ်စောင့်ကြိုနိုင်းတဲ့ ကာရန်တို့နှစ်ယောက်မှာ ထီးမပါ။ မိုးရွာလျှင် ဒရိုင်ဘာက ကားပေါ်ကထီးနှင့် လာစောင့်နေပေးတတ် နေကျမို့ပင်။

ပထမတော့ မိုးဖွဲဖွဲကို စဲသွားအောင် စောင့်နေတာ နည်းနည်းပိုကာ စိပ်လာသည်။ ဒီအတိုင်းပြေးလျှင် ခုနက တော် သေးမည်။ ခုတော့ ဆက်စောင့်မလား ကားဆီသွားမလား ဝေခွဲ မရ။ မင်းညက မိန်းကလေးနှစ်ယောက်ကို သိပ်အပြန်နှောက်မကျ စေချင်။ အကြာကြီး လျှောက်လည်နေတာ မဖြစ်စေချင်။ သူတို့ ကလည်း မင်းည အလုပ်ပျက်မှာ အားနာသည်။ ငုံ့နေရတာက ကာရန် မိုးမိမှာကိုပင်။ သို့သော် ...

"နင် ဖျားနေဦးမယ်နော် ကာရန်"

ဖြိုးပြောတဲ့ ကြားကာပင် ကာရန်က အရင်ထကာ ပြေးတော့တာ။ အသံတစ်မျိုးလေး ထွက်တဲ့အထိကိုရယ်ပြီး အတင်း ပြေးတာပင်။ ဒီတော့ မင်းညနှင့် ဖြိုးလည်း အပြေးအလွှား လိုက် ကြရတော့သည်။ ကာရန်သည် အရမ်းကို အူလိုက်သည်းလိုက် ပျော်မြူးနေပုံ အထင်းသား။

ပုံမှန်လေး ခပ်တည်တည်နေလျှင် ပုံမှန်မဟုတ်တဲ့ Disable တစ်ယောက်လို့ လုံးဝမထင်ရတဲ့ ကာရန်သည် တအား ရယ်မောတဲ့အခါ မသိမသာ အသံကလေး ထွက်တဲ့အခါတွေမှာ





အူးအူးအဲအဲနှင့် သူ့အခြေအနေမှန်ကို ပေါ်လွင်စေကာ တစ်မျိုး သနားစရာကောင်းလှပါသည်။

ကားပေါ်ရောက်လျှင် သူ့နံဘေးရှေ့ခန်းမှာ ကာရန့် ကို ထိုင်နိုင်းကာ ကားထဲမှာပါတဲ့ မျက်နှာသုတ်ပဝါ လက်ကိုင် ပဝါလေးနှင့် ကာရန့်ခေါင်းကို မင်းညက သုတ်စေသည်။ ကာရန် ကတော့ အူမြူးပြီး ရယ်မဆုံး။ သူ့ရယ်သံက မိန်းကလေးငယ် လေးတွေလို ခစ်ခစ် ခီးခီး အသံမထွက်ဘဲ တစ်မျိုးအသံပါပေ။

ရင်ထဲ ဘယ်လိုကြီးလဲမသိ ခံစားရကာ သူ့ဟာနှင့် သူ အချိုးမကျ ခေါင်းသုတ်နေတာကို အကြင်နာကရုဏာပိုပိုနှင့် လေးငါးဆယ်ချက် အားနှင့်ဖိပြီး ကူသုတ်ပေးလိုက်မိပါသေးသည်။

"ဖြိုး ... သူ့အမေများ ဆူနေမလား၊ စိုပြီးပြန်လာလို့"

ဖြိုးက နှုတ်ခမ်းလေးရွဲ့ရင်း ...

"သူ့အမေကို နိုင်တယ် ဦးမင်းညရဲ့၊ အမေက အလိုလိုက် နေကျပါ၊ သူကတောင် ဟင်း ... ဟဲ ... နဲ့ မကျေမနပ် ပြန်အော်တတ်သေးတာ"

အပြန်လမ်းမှာ ကာရန်က ပြုံးစိစိ။ မင်းညက စကားနည်းနေမိပြီး အဲသလို ငြိမ်နေမိတာကို ဖုံးကွယ်ရန်အလို့ငှာ ကက်ဆက်ကို နှိပ်ဖွင့်လိုက်မိသည်။ ကက်ဆက်ထဲက ပူစူးရဲ့သီချင်း သံတစ်ပုဒ် ထွက်လာတာကို ခဏနားထောင်နေမိပြီးမှ မင်းည တစ်မျိုးဖြစ်သွားကာ ကက်ဆက်ကို ပိတ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှာ လူသုံးယောက်ပါတာ နှစ်ယောက်က သီချင်းကို နားထောင်နိုင်ပြီး တစ်ယောက်က သီချင်းကို နားမထောင်နိုင်တဲ့အခါ သူ သီချင်းဖွင့်ထားတာဟာ သင့်လျော်ပါရဲ့လား။ သူ နားမလည် မတွေးနိုင်ပေမယ့် အားနာသလို မညီမျှသလိုဖြစ်ကာ သူလည်း နားမထောင်ချင်တော့တာပါ။

ဝ ❦ ဝ

ခါတိုင်း မက်ဆေ့ဂျ်လာနေကျအချိန် မက်ဆေ့ဂျ်တွေ ရောက်မလာ၍ မင်းည အမျိုးမျိုးတွေးနေမိသည်။ သူ့အဖေများ ဆူလား။ သူ့အမေက မင်းညကို သဘောကျတယ်၊ သူ့သမီးကို အလိုလိုက်တယ်ဟော့ ပြောပေမယ့် အဖေလည်း ရှိသေးတာပါ။ သိသာနေမယ့် သူ့သမီးရဲ့သံယောဇဉ် ရှေ့ပြေးတွေကိုမြင်ကာ ကြိုတင်တားမြစ်ခြင်းလည်း ပြုချင်ပြုနိုင်တာပဲ။

သူ ကာရန့်ဆီက မက်ဆေ့ဂျ်ကို မျှော်နေမိခြင်းမှာ သူ့ဟာနှင့်သူတော့ အကြောင်းပြချက်ရှိသည်။ မနေ့ကလည်း ကာရန် မက်ဆေ့ဂျ်ပို့တဲ့အချိန်က နောက်ကျသွားတော့ မိုးသည်း ဖုန်းလှမ်းဆက်ချိန်နှင့် တိုက်သွားသည်။ သူ မက်ဆေ့ဂျ်တစ်ခု ပြန်ရိုက်နေတုန်း မိုးသည်း ဖုန်းဝင်လာ၍ မက်ဆေ့ဂျ်က အလိုအလျောက်ရပ်သွားပြီး ဖုန်းဆက်ပြောနေလိုက်တဲ့အခါ သူ့ထံက



အပြန်ကိုစောင့်နေတဲ့ ကာရန်က ထုံးစံအတိုင်း ဟိုဘက်ကနေ "ကိုမင်းည" ... "ကိုမင်းည"နှင့် ဆက်တိုက် ရိုက်ပို့နေတော့တာပင်။

သူ ဖုန်းပြောပြီးသွားလို့ မက်ဆေ့ဂျ်ပြန်ပို့လိုက်တော့ ကာရန်က စိတ်ကောက်နေပါသည်။ စိတ်ကောက်နေမှန်း ဘယ်လိုလုပ်သိရလဲဆိုတော့ ...

"စိတ်ကောက်နေတယ်"ဆိုတဲ့ မက်ဆေ့ဂျ်ကို ပို့လိုက်မှုပါ။ ဘာလုပ်နေတာလဲ မေးတော့ ရည်းစားဆီက ဖုန်းလာနေလို့ ဖုန်းပြောနေတယ်လို့ သူ မဖြေဖြစ်ခဲ့ပါ။ သူငယ်ချင်းဆီက ဖုန်းလာလို့,လို့ပဲ ဖြေဖြစ်ပါသည်။ အဲဒီအတွက် သူ့ကိုယ်သူ နားမလည်တဲ့အတွေးတွေ တွေးမိပေမယ့် သေချာတာ တစ်ခုက ကာရန့်အပေါ် သူလိုတာထက် ပိုငဲ့ညှာမိတာ။

ကာရန် သူ့အပေါ် ရက်ပိုင်းအတွင်း သံယောဇဉ်တွေ အကြီးအကျယ် တွယ်ငင်နေတာ သူ အသိပဲလေ။ ဒီသံယောဇဉ်ကို ရိုးသားတယ်လို့လည်း သူ မထင်ထားပါ။ သူ့မှာချစ်သူရှိတယ်ဆိုတဲ့ အသိဟာ ကာရန့်ကို အနည်းနှင့်အများ စိတ်ပျက်စိတ်ဓာတ်ကျစေမှာ မလွဲပါ။ တက်ကြွလန်းဆန်းနေတဲ့ ကာရန့်ရဲ့ အခြေအနေသစ် သံယောဇဉ်သစ် မျှော်လင့်ချက်သစ်လေးကို သူ ရိုက်မချိုးရက်ပါ။

မျှော်နေတဲ့ မက်ဆေ့ဂျ်က မလာ မလာနှင့် မိုးသည်းရဲ့ဖုန်းသာ အရင်ဝင်လာပါသည်။ မိုးသည်းရဲ့ဖုန်း ဝင်လာတော့

www.burmeseclassic.com

www.burmeseclassic.com



လည်း သူ ဝမ်းသာသွားတာပင်။ ချစ်သူရဲ့ဖုန်းပဲလေ၊ မတွေ့ကြ ရဘဲ စကားပဲ ပြောရမှာမို့ သူ မတက်ကြွဘဲ နေပါ့မလား။

"သန်ဘက်ခါ ပြန်မယ်ဆိုတာ ပြန်ဖြစ်လား မိုး"

"မပြန်ဖြစ်ဘူး ည"

"ဟင် ... ဘာဖြစ်လို့လဲ"

"ညရယ် ... ဒီမှာ တန်ဆောင်တိုင်ပွဲ အရမ်းစည်တာရှိတယ် ဆိုလို့ ညရဲ့၊ နောက်သုံးရက် စောင့်လိုက်ရင် တန်ဆောင် တိုင်ပွဲ ရှိပြီလေ၊ ပွဲကို တစ်ရက်လောက်တော့ နွှဲလိုက်ဦး မယ်၊ မကြုံဖူးသေးလို့"

"မိုးကလည်းကွာ"

"ညရယ်၊ တော်ရုံနဲ့ကြုံဖို့မှ မလွယ်တာ၊ ကိုယ်လည်းရောက် တုန်း၊ ရက်ကလည်း မနီးမဝေးမှာ၊ မာမာကလည်း နေ ချင်တယ်၊ အန်တီကလည်း နေချင်တယ်"

"သူတို့နေချင်တာဆိုရင် သူတို့ နေခဲ့ပစေပေါ့၊ မိုး တစ် ယောက်တည်း ပြန်ခဲ့ပေါ့၊ ဒီခရီးလေးပဲဟာကို"

"အဟင်း ဟင်း ... မိုးလည်း နေချင်လို့ပေါ့ ညရဲ့"

"မိုးကလည်းကွာ၊ ဈေးဝယ်လေး ထွက်တာ သူများတွေဆို သုံးရက်ပဲ၊ မိုးကျမှ စရိတ်ထောင်းလိုက်တာ"

"ဟား ဟား ... စရိတ်က မထောင်းဘူးလေ၊ အန်တီ သူငယ်ချင်း ကိုတ်မုန့်ဆိုင်ပိုင်ရှင် အန်တီအပျိုကြီးဆီ





တည်းရတာပဲဟာ၊ ဟိုတယ်ခလည်း မကုန်ဘူး၊ စားစရိတ် တောင် အနုပ်တိုင်း မကုန်ဘူး၊ စရိတ်မထောင်းပါဘူး ညရဲ့"

"ဘာပဲဖြစ်ဖြစ်ကွာ ကြာတယ်"

"ပြန်မလာမှာ ကျနေတာပဲ ညကလည်း"

"ကိုယ်သာ ခုလို လေး,ငါးရက်ဆို ထွက်သွားပြီး တစ်ပတ် ကျော် ဆယ်ရက်လောက် ကြာမယ်ဆိုရင် မိုး ရန်ကုန်က နေ အော်ဟစ်ဆူပူနေမှာ"

"ညတို့ယောကျ်ားလေးတွေကျတော့ အပျော်အပါးတွေနဲ့ ကဲနေမလားလို့ မိုးတို့က ပူရမှာပေါ့၊ မိုးကိုတော့ ညက ဘာမှမှ ပူစရာမရှိဘဲနဲ့ဟာ"

"မိုးကလည်းကွာ"

"အို ... ညကလည်း ဘာဖြစ်နေတာလဲ၊ ကလေးကျနေတာ ပဲ၊ သူ့ရုပ်ကြည့်ရင် ဒီလို ချွဲပစ်နေမယ် မထင်ရဘူး ... ဟင်း ဟင်း"

"မိုး ... တကယ်မလာသေးဘူးပေါ့"

"ဘာလဲ ည၊ စိတ်ကောက်သံကြီးလား၊ ဟား ဟား"

"ဟုတ်တယ်"

"ညကလည်းကွာ၊ ကဲ ... ကဲ ... မိုးကို ပြောပါဦး၊ ည ဒီနေ့ ဘာတွေလုပ်တယ်၊ ဘယ်တွေသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"လျှောက်လည်နေတယ်"

"ဘယ်ကိုလဲ"

"ကန်တော်ကြီးကို"

"ဟင်း ဟင်း ... ဘယ်သူနဲ့လဲ"

"ကောင်မလေး နှစ်ယောက်နဲ့"

"အမယ်လေး ... တစ်ယောက်ဆို တော်ရောပေါ့ ကိုလောဘ ရယ်၊ ဟား ဟား ... နှစ်ယောက်နဲ့တောင် လျှောက်လည် တယ် ... ဟုတ်လား"

"ဟုတ်တယ်"

"အမယ်လေးတော် ... အဲဒီနှစ်ယောက်က ရှင့်ကိုလုရင်းနဲ့ ရန်တွေဖြစ်ကြရောလားဟင် ... ည၊ ဟုတ်လားဟင်"

"မိုး"

"........."

"မိုး မြန်မြန်ပြန်လာရင် ကောင်းမယ်ကွာ"

"အမယ်လေးနော် ... ပညာတော်သင်သွားတာ ကျနေတာပဲ ညရယ်၊ နှစ်ပေါက်မယ့်လူကို မှာနေသလိုပဲ၊ နောက်လေး ရက် အလွန်ဆုံး ငါးရက်မှာ ပြန်ရောက်လာမှာကို"

"နောက် ငါးရက်ဆိုရင် ဆယ်ရက်တောင်ကျော်ပြီ"

"ဆယ်တစ်ရက်တည်းပါ"





မိုးအသံကို ကြားရတာ ဟိုမှာ ပျော်နေပုံရပါသည်။ ဒါပေါ့လေ။ အရင်က အမေနဲ့သွားတာ။ အခုက သူငယ်ချင်းနဲ့။ ပိုပျော်နေလို့ နေမှာပေါ့။

"ညရေ ... သိလား၊ အခု မာမာ့အတွက်ရတဲ့ ပိုးစလေးက အရမ်းလှတာပဲကွယ်၊ အရောင်လေးကလေ ဘာရောင်ဆိုတာ တောင် ပြောရခက်တယ်၊ ရောနေတဲ့ အရောင်ဆန်းလေး၊ အဲဒီပိတ်စလေးကြည့်ပြီး မိုးတောင် မင်္ဂလာဆောင်ချင်စိတ် ပေါက်လာတယ်၊ ဟင်း ဟင်း ... ဝတ်ချင်လာတယ်"

"တစ်ခါတည်း ပိုဝယ်ခဲ့ပေါ့"

"အို ... ညကလည်း၊ ဝယ်ထားတော့လည်း ဒီပိတ်စ ဒီ အမျိုးအစား ဒီ့ဒီဇိုင်းက ရှိးသွား ဟောင်းသွားမှာပေါ့"

"မရှိးခင် မဟောင်းခင် ပြန်ရောက်ပြီး မကြာခင် လက်ထပ် ကြတာပေါ့"

"အမယ် ... ဒါတော့ တတ်တယ်ပေါ့"

မိုးနှင့် နာရီဝက်လောက် ဖုန်းပြောဖြစ်အပြီးမှာတော့ မိုးက ဖုန်းချသွားပါသည်။ မိုးဖုန်းချသွားတဲ့အခါ မင်းညက သူ့ ဖုန်းထဲ မက်ဆေ့ဂျ်တွေ ဝင်ထားသေးသလား ကြည့်မိသည်။ ဘာ မက်ဆေ့ဂျ်မှ ဝင်မထားပါ။

ဒီတော့ သူ့မှာ တစ်မျိုးစိတ်ပူရလေသည်။ ဒီအချိန် ထိ မက်ဆေ့ဂျ်မပို့တာဟာ တစ်ခုခုကြောင့်ပဲလို့ပဲ တွေးမိတာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်စနောင့်စနင်း ဖြစ်မိသည်။ သူ့ဆီက ပလာသေးတော့ရော ဘာဖြစ်လဲ၊ ကိုယ့်ဆီကလည်း ပို့လို့ရတာပဲ။ ဘာပဲဖြစ်ဖြစ် သူတို့ ကာရန်တို့ ဖြိုးတို့ အကြားမှာ ခင်မင်မှုတစ်ခု ပေါက်ဖွားနေပြီးပြီ မဟုတ်လား။

မင်းညသည် နေမထိထိုင်မသာ ဖြစ်မှုကြောင့် ဖုန်းကိုဖွင့်ပြီး မက်ဆေ့ဂျ်တစ်ကြောင်း ရိုက်လိုက်သည်။

"ကာရန် ... နေကောင်းရဲ့လား"

မက်ဆေ့ဂျ် တစ်ဖက်ကို ရောက်သွားသော်လည်း ခါတိုင်းလို "ကလင်"ခနဲ ဟိုဘက်ကတစ်ခု ပြန်တက်မလာ။ မင်းညက ဇဝေဇဝါနှင့်ပင် ဖုန်းကို ခေါင်းအုံးဘေးချမည်ပြုစဉ် ဖုန်းခေါ်သံတစ်ချက် မြည်လာပါသည်။ ကောက်ယူကြည့်လိုက်တော့ တအံ့တဩ ဖြစ်သွားရသည်။ ကာရန့်ဖုန်းနံပါတ်ပါလား။

မင်းညက ဖုန်းကမန်းကတန်းဖွင့်ကာ ...

"ဟယ်လို"

"ဩော် ... မက်ဆေ့ဂျ်လေး ရောက်လာလို့၊ မောင်မင်းညထင်တယ်၊ အန်တီ ကာရန့်အမေပါ သား"

"ဗျာ ...၊ ခင်ဗျာ ... ဩော် ... ကျွန်တော်က ... ဟို"

"ကာရန် မိုးမိလာတာနဲ့ နေ့လယ်တည်းက ဖျားတာ သားရယ်။ သူက ဖျားရင် အပူကြီးတယ်၊ တစ်ရာ့သုံး၊ လေး၊ ငါးတွေ ဖြစ်တတ်တယ်၊ ငယ်ငယ်ကဆို တက်တာ၊ အခု

www.burmeseclassic.com



လည်း ဆေးခန်းတောင် မသွားဘူး၊ ဆရာဝန် အိမ်ပင့်ရတယ်၊ အခုတော့ အိပ်ပျော်နေလို့ သား"

"ဩော် ... ကျွန်တော်လည်း နေမှကောင်းရဲ့လားလို့ပါ"

"ဂရုစိုက်တာ ကျေးဇူးတင်ပါတယ်ကွယ်၊ ခုနကတော့ မှိန်းမသွားခင် ဖုန်းတောင်းနေတယ်၊ မက်ဆေ့ဂျ်ပို့မလို့တဲ့၊ အန်တီက မနက်မှပို့လို့ ပြောနေရင်းပဲ သူ့ဟာသူ အိပ်ပျော်သွားတာ၊ သား အားရင် နက်ဖြန်ကျ ကာရန့်ကို ခဏလောက် လာကြည့်ပါဦးလား သား၊ ဖြိုးလည်း မနက်ကတည်းက ရှိမှာပါ"

"ဩော် ... ဟုတ်ကဲ့၊ ကျွန်တော်က ..."

"အလုပ်က အားတဲ့အချိန်ပေါ့၊ ဘယ်အချိန်ဖြစ်ဖြစ်ပါ၊ ကာရန်က သားကိုခင်တယ်၊ အိမ်ခေါ်လာဦးမယ်ပြောလို့ အန်တီတို့က ခေါ်ခဲ့လို့ ပြောနေတာ"

မင်းည နှုတ်တွေ ဆွံ့အထုံထိုင်းခဲ့ရသည်။ အဲဒီည ကတော့ ကာရန်ပေးတဲ့ Sign Language အခွေကို ဖွင့်ကြည့်မိတာ လက်ဟန်တွေကို မှတ်သားနေမိသည်။

○ ❦ ○

www.burmeseclassic.com



၀

ကာရန့်ကို မြင်မြင်ချင်း နဖူးမှာ လက်ညှိုးလက်ခလယ်နှစ်ချောင်းကပ်ကာ ဆလုရိုက်ပြလိုက်သည်။ မင်္ဂလာပါ။ ကာရန်က ပြုံးရွှင်သွားပါသည်။ ကာရန့်အမေရော ဖြိုးပါ ခြိုင်ရုံလျက်သူ့ကို ကာရန့်အခန်းထဲအထိ ခေါ်သွားကြတာ။ ကာရန့်အမေရဲ့ သူ့အပေါ် အရေးထား ဂရုစိုက်လှုပုံကို မင်းည ဂရုပြုမိကာ အားနာနေရပါသည်။ အခန်းထဲက ဆက်တီမှာ ထိုင်မိလျှင် မင်းညကို ကာရန် လုပ်ပြနေတဲ့ လက်ဟန်မူရာတို့ကို မင်းည လိုက်မမီ နားမလည်ဘဲ ပခုံးတွန့် လက်ခါပြကာ ရယ်နေမိလျှင် ကာရန့်အမေက ...

"သူ့ဗီစီဒီခွေ ကြည့်ပြီးပြီလား မေးနေတာ သားရဲ့"

မင်းညက သူ မှတ်မိနေတဲ့ တချို့အကွက်ကလေးတွေထဲက "ပြီးသွားပြီ"လို့ အဓိပ္ပာယ်ရတဲ့ လက်ဟန်မူရာ လုပ်





ပြလိုက်လျှင် ကာရန်က သဘောကျကာ လက်ခုပ်လေးတီးပြီး ရယ်မောနေပါသည်။

"သူက သိပ်အအေးမိလွယ်တယ် သားရဲ့၊ မိုးမိတာနဲ့ဖျားတာ၊ မဖျားပဲ မနေဘူး"

"ကျွန်တော်က မသိတော့ သူ မနေ့က မိုးထဲပြေးသွားတာ မတားလိုက်မိဘူး အန်တီ"

"ကိစ္စမရှိပါဘူး၊ ဖျားတာက ကုလို့ရပါတယ်ကွယ်၊ သူ့အတွေ့အကြုံသစ်နဲ့ စိတ်ချမ်းသာ ပျော်ရွှင်နေတာက ပိုအရေးကြီးပါတယ်၊ အခု သူ့မှာ ပျော်နေတာ ဟဲန်းဒ်ဖုန်းဝယ်တဲ့ နေ့ကတည်းက၊ မက်ဆေ့ဂျ်တွေ ပို့ရတာပဲ သူ့မှာ ဆော့စရာတစ်မျိုး ဖြစ်နေတာ မောင်မင်းညရဲ့"

မင်းညက အနည်းငယ် မျက်နှာပူသွားရပါသည်။ သူ့အမေ အကုန်သိနေတာပဲ။ မသိစေချင်ဘူးတော့ မဟုတ်ပေမယ့် နည်းနည်းတော့ နေရထိုင်ရ ခက်ပါသည်။

"သူ့ကို စိတ်ရှည်ရှည်နဲ့ သည်းညည်းခံပြီး အနှောင့်အယှက် သဘောမထားဘဲ မက်ဆေ့ဂျ်ပြန်ပို့ပေးနေတာကို သိပ်ကျေးဇူးတင်တာပါ မောင်မင်းည"

"အဲ ... အဲဒီလောက်ကြီးလည်း သည်းညည်းခံ စိတ်ရှည်နေရတာ မဟုတ်ပါဘူး အန်တီ၊ အနှောင့်အယှက် မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ့ဆီရယ်၊ ဖြိုးကိုရယ်၊ သားဆီကိုရယ် ဒီသုံးယော
နဲ့ပဲ သူက မက်ဆေ့ဂျ်ပို့တာ၊ ကာရန်တို့လို မိန်းကလေး
မျိုးက အပေါင်းအသင်း အသိုင်းအဝိုင်းနည်းတော့ စွဲမိစွဲ
သံယောဇဉ် ကွယ်မိတွယ်ရာကို အတွကြီးကြီးနဲ့ကို စွဲလမ်း
တော့တာပဲ၊ သည်းခံနိုင်သလောက်တော့ သည်းခံပြီး ကာရ
ကို ဖေးမပေးပါနော် သား"

"စိတ်ချပါ အန်တီ၊ တောင်းဆိုနေဖို့တောင် မလိုပါဘူး
ကာရန့်ကို ကျွန်တော် ခင်လည်း ခင်ပါတယ်၊ သနားလည်း
သနားပါတယ်"

မင်းညကို သူ့အမေကပဲ စကားပြောနေ၍ ကာရန်က စိတ်တိုလာပုံနှင့် သူ့အမေကို တင်ပါးကို ဘိုးခနဲ ဘတ်ခနဲ ရိုက်ကာခေါ်ရင်း စုပုပ်ပြပါသည်။ ဒေါ်နှင်းဆီက ရယ်ရယ်မောမော နှင့် ကာရန့်နဖူးကိုစမ်းရင်း အစာစားပုံ လုပ်ပြကာ ...

"တစ်ခုခုစား"

ကာရန်က ခေါင်းခါသည်။

"မောင်မင်းညလည်း စားမှာ"

ကာရန်က မင်းညကိုကြည့်ရင်း "ဟုတ်လား" ဆိုတဲ့ မေးခွန်း မျက်ဝန်းကလေးနှင့် ခပ်ရီရီလေး ကြည့်ပါသည်။ မင်းညက ခေါင်းညိတ်ပြလိုက်ရင်း ...

"စားမယ်၊ အတူတူ စားမယ်လေ"





လက်ညှိုးနှစ်ချောင်းပူးယှဉ်ကာ အစာစားပုံပြလျှင် ကာရန်က ရှက်စနိုးပြုံးလေးနှင့် ခေါင်းလေးညိတ်လိုက်ပါသည်။

"ဒါဖြင့် မောင်မင်းညနဲ့ မေမေ ဆင်းနှင့်မယ်၊ ဖြိုးက သူ့ကို အဝတ်အစားလေး ကူလဲပေးပြီး အောက်ကိုခေါ်ခဲ့နော် သမီး"

"ဟုတ်ကဲ့ အန်တီ"

မင်းညက ဒေါ်နှင်းဆီနှင့်အတူ အောက်ထပ်ကို လိုက်ဆင်းလာသည်။

"အေးကြည်ရေ ... ထမင်းပွဲ အသင့်ပြင်နော်၊ ကာရန့်ဖို့ ဆန်ပြုတ်ပါ အောက်မှာပဲ ပြင်ထားတော့"

ဒေါ်နှင်းဆီက ဧည့်ခန်းမှာ မင်းညကို ထိုင်ခိုင်းရင်း နီးကပ်သောခုံမှာ သူ့ပါဝင်ထိုင်လိုက်ကာ ...

"ကာရန့် တစ်သက်တာမှာ ဒီရက်ပိုင်းက မျက်နှာအကြည်လင်ဆုံးနဲ့ သူ့အရွှင်မြူးဆုံးကာလပဲ မောင်မင်းည၊ အန်တီက အမေမို့ အသိဆုံးပဲ၊ သူတို့လို Disable တွေဟာ သူတို့ကိုယ်သူတို့တောင်မသိတဲ့ abnormal စိတ်လေးတွေ ရှိတတ်တာပေါ့လေ၊ အရမ်း အရိပ်တကြည့်ကြည့် ဂရုစိုက်ရပါတယ်ကွယ်၊ သူ့စိတ်ရဲ့လိုအပ်ချက် ကွက်လပ်ကို တတ်နိုင်သလောက် ရသလောက် လိုက်ဖြည့်ပေးရတာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



သူ့ ခုလို စိတ်ချမ်းသာနေတာ ပျော်နေတာ မမြင်စဖူး မြင်ရတော့ အမေတစ်ယောက် အနေနဲ့ အန်တီပါ ရောပြီးပျော်တယ်၊ မောင်မင်းညကို ကျေးဇူးမမေ့ပါဘူး ကာရန့်ကို တတ်နိုင်သလောက် ဖေးမပေးပါ”

“ဟုတ်ကဲ့ပါ အန်တီ၊ ဖြိုးလည်း ကာရန့်ကို အတော်ချစ်တဲ့သူပဲနော်”

“ဖြိုးလေးဟာ ကာရန့်အတွက် သိပ်ကြည့်ပေးတယ်၊ ကာရန့်ကျောင်း လိုက်တက်ပေးတဲ့အထိပဲ၊ ငယ်ငယ်က ကျောင်းချင်းမတူဘူးလေ၊ ဖြိုးက ရိုးရိုးကျောင်း တက်ရတာပေါ့၊ ကာရန်ကတော့ မွေးရာပါ Deaf-mute ဆိုတော့ ငါးနှစ်ပြည့်တော့ မေရီချက်ပ်မင်ကျောင်းမှာ ထားရတာပါ”

“သြော်”

“အဲဒီမှာ ကျောင်းအိပ်ကျောင်းစား ကလေးတွေ ရှိပေမယ့် ကာရန်ကတော့ မိဘလည်း ရန်ကုန်မှာဆိုတော့ အိမ်ကပဲ ကျောင်းတက်တာပေါ့၊ အဲဒီမှာ ခြောက်တန်းထိ ကျောင်းတက်ခဲ့တာလေ”

“သြော်”

“အဲဒီက ဆရာမတွေက တော်တယ်၊ မွေးရာပါ နားမကြားတဲ့သူတွေဟာ အသံကို မသိတော့ အသံကို မထုတ်တတ်ကြဘူးလေ၊ မေရီချက်ပ်မင်ကို ငါးနှစ်ကနေ ရှစ်နှစ်အတွင်း လောက်ရောက်ခဲ့ရင် ဆရာမတွေ သင်တာကြောင့် စကားရယ်လို့ မပြောနိုင်ပေမယ့်လို့ အသံတော့ ထွက်လာတယ်၊ မပီကလာပေါ့၊ ရှစ်နှစ်ကျော်မှ ရောက်ရင်တော့ အသံအိုးက အသံမထုတ်ရဘဲ နေသားကျသွားပြီး အသံထွက်လာအောင် လုပ်ဖို့ မလွယ်တော့ဘူးပေါ့”

“ဟုတ်ကဲ့၊ ကာရန်ကတော့ အသံထွက်လို့ ရတာပေါ့နော် အန်တီ”

“ရယ်သံ ငိုသံတို့ စကားမဟုတ်တဲ့ အူးအူးအဲအဲ အသံမျိုး ထွက်နိုင်လာတယ်လေ၊ ဆရာမတွေ သင်နိုင်လို့ပဲ”

“ခြောက်တန်းပြီးတော့ရော အန်တီ”

“ခုနစ်တန်းကစပြီး ဒဂုံ(၃)မှာ တက်ရတယ်”

“သြော်”

“ခြောက်တန်းထိပဲ မေရီချက်ပ်မင်မှာ တက်လို့ရတာ၊ အောင်ရင် သူတို့ဆီမှာပဲ အသက်မွေးဝမ်းကြောင်းပညာ တစ်ခုခု တက်ရင်လည်း ရတယ် သင်ပေးတယ်၊ အင်္ကျီချုပ်တာ သိုးမွေးထိုးတာဆိုလည်း စက်ထိုး လက်ထိုး အားလုံးပေါ့၊ ဇာထိုးပန်းထိုး၊ ကွန်ပျူတာ၊ အချက်အပြုတ်၊ မုန့်ဖုတ်၊ အနှိပ်ပညာ စတာတွေ၊ တကယ်လို့ ကျောင်းတက်







www.burmeseclassic.com

www.burmeseclassic.com



နေမယ်ဆိုရင်တော့ အထက(၃)ဒဂုံမှာ တက်ရတယ်၊ တချို့နှစ်တွေဆို ခုနစ်တန်း သွားတက်တာ များရင်များတယ်၊ တချို့နှစ်တွေ လူနည်းရင် နည်းတယ် ...

ကာရန်ကကျတော့ မေရီချက်ပ်မင်တုန်းက သူငယ်ချင်းတွေရှိပေမယ့် ငယ်ငယ်ကတည်းက အကူတူ ဆော့လာခဲ့လာတဲ့ ဖြိုးကိုပဲ သိပ်ခင်တာ၊ အဲဒါနဲ့ ဖြိုးခမျာ သူ့ဟာသူ တက်လက်စကျောင်းကနေထွက်ပြီး ကာရန်နဲ့အတူဖြစ်အောင် ဒဂုံ(၃)ကို ပြောင်းလာခဲ့ပေးရတယ်၊ ဖြိုးမိဘတွေကိုလည်း အန်တီက ဘယ်တော့မှ ကျေးဇူးမမေ့ဘူး"

"ဒဂုံ(၃)ကျတော့ သူတို့အတွက် သီးသန့် Well trained လုပ်ထားတဲ့ ဆရာမတွေ မဟုတ်ဘဲ သာမန်ဆရာ,ဆရာမတွေဆိုတော့ စာသင်တာကို ကာရန်တို့ နားလည်ရဲ့လား အန်တီ"

"နားလည်တာက သင်္ချာ၊ ကျက်စာတွေ ဘာတွေကိုတော့ သူတို့က ဝေါဟာရမကြွယ်ဝတော့ နားမလည်ဘူး၊ ဥပမာ သမိုင်းဘာသာရပ်ဆိုရင် ရှင်းပြတာ မကြားနိုင်တဲ့အတွက် သူတို့နားမလည်ဘူး၊ သမိုင်း, မြန်မာစာ, ပထဝီ စတဲ့ ကျက်စာတွေက သူတို့အတွက် မနည်းလိုက်ရတဲ့ ဘာသာတွေလေ၊ သင်္ချာဆို အေးအေးဆေးဆေး ရတယ်၊ အတန်း





ကြီးတော့လည်း ဖစ်ဆစ်စ်တို့ ကယ်မစ္စတြီတို့ ရတယ်၊ တွက်တာတွေကျ သူတို့ မျက်လုံးကကြည့်မှတ်ရတာရှိတော့ ရပါတယ် ...

သူတို့က နားမကြားနိုင်တော့ မျက်မမြင်ကို သင်ရတာထက် ခက်တယ် သား၊ မျက်မမြင်က နားကြားတော့ ရှင်းပြသမျှ မှတ်နိုင်တယ်၊ အားလုံးကြားနေတော့ နားမကြားသူတွေထက် ဗဟုသုတ ပိုများတယ်၊ ကာရန်တို့အဖို့ကကျတော့ ဥပမာ... ဒါဟာ ကျောက်ပျဉ်ဆိုရင် ကျောက်ပျဉ်ကိုယူပြမှ သူတို့သိနိုင်တာ၊ ဘောလုံးဆိုရင် ဘောလုံးကိုပြမှ ဒါပါလားဆိုတာ ရွဲသိတာ ...

ဒီတော့ စိတ်ခံစားမှုနဲ့ဆိုင်တဲ့ ဝေါဟာရမျိုးတွေဆိုရင် ဘယ်လိုမှ ရှင်းပြလို့ မရတော့ သူတို့ သိပ်နားမလည်ဘူး၊ ရှင်းလို့မရတဲ့ စကားလုံးတွေများတော့ သမိုင်းဘာသာရပ်ဆိုရင် ကာရန် အကြောက်ဆုံးပေါ့"

"ဪ"

"ကွန်ပျူတာတို့ ဘာတို့ဆိုရင် သူတို့ကိုသင်ဖို့ လွယ်တယ်၊ အကျွမ်းကျင်ဆုံး ဘာသာရပ်ပဲ" "

အပေါ်ထပ်မှ ဖြိုးနှင့် ကာရန် အပြေးအလွှား ဆင်းလာကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဩော် ... လူမမာနယ်၊ လိမ့်ပြုကျနေပါဦးမယ် ဟယ်"

ကာရန်သည် နေမကောင်းနေတယ် မထင်ရဘဲ ရွှင်မြူးနေပါသည်။ အဲဒီ အမြူးခာတ် အကြည်ခာတ်က မင်းညရင်ကိုပါ ကူးစက်သည်။ သူဟာ ချို့ယွင်းချက်နှင့် ကောင်မလေးတစ်ယောက်ရဲ့ဘဝကို စိုပြည်လန်းဆန်း မြူးထူးတက်ကြွစေနိုင်စွမ်းရှိတဲ့သူ ဖြစ်နေတာကိုလည်း အံ့သြသလိုလို သဘောကျသလိုလို ကျေနပ်သလိုလိုပင်။

ထမင်းစားပွဲမှာထိုင်ပြီး လက်ဟန်ခြေဟန်နှင့် မင်းညကို လှမ်းပြောနေတဲ့ စကားတွေကို အဓိပ္ပာယ်ဖမ်းမရဘဲ ...

"တနင်္လာမနက် ဘုရားသွားမယ်တဲ့၊ လိုက်ခဲ့တဲ့၊ အင်္ဂါနေ့ကျရင် သင်တန်းပြီးရင် သူ လိုက်ကျွေးမယ်တဲ့၊ ဗုဒ္ဓဟူး ..."

ကာရန်က ဖြိုးပါးစပ်ကို လက်ဝါးလေးနှင့် လှမ်းအုပ်လိုက်သည်။ မပြောနဲ့ဆိုတဲ့ သဘော။ မင်းညဘာသာ အဓိပ္ပာယ်ဖော်ပစေဆိုတဲ့ သဘော။ သူ ကြည့်ပြီးသော ဗီစီဒီခွေထဲလည်း အားလုံးတော့ အပြည့်အစုံ မပါသဖြင့် မင်းည မသိနိုင်သေးတာတွေ အများကြီးပါ။ တစ်နေ့ပြီးတစ်နေ့ ဘာလုပ်မယ် ဘယ်သွားမယ် စီစဉ်နေမှန်းတော့ သိသည်။

"အေး ... နင့်အစီအစဉ်တွေ အဲလောက်ကျပ်နေရင် ကိုမင်းညထွက်ပြေးလိမ့်မယ်"





ဖြိုးက စကားနှင့်ရော လက်နှင့်ပါ ဝင်ပြောပါသည်။

ဓလေ့ဓဝါဖြစ်နေတဲ့ မင်းညကြောင့် ကာရန်က အနီးက ရေခဲသေတ္တာအမိုးပေါ်မှ စာအုပ်ငယ်နှင့် ဖောင်တိန်ကို လှမ်းယူလိုက်သည်။ ကာရန် ရေးပြနိုင်ဖို့ တစ်အိမ်လုံး နေရာအနှံ့မှာ ထိုစာအုပ်လေးတွေ ထားထားတာပါ။

"ညီမက အစ်ကို အားမှလို့ ပြောတာပါ"

ကာရန်ပြတဲ့ စာလေးကို မင်းည လှမ်းဖတ်လိုက်ပြီးလျှင် သက်ပြင်းတစ်ချက် ခိုးရှိုက်လိုက်ရပါသည်။

○ ❦ ○

"မိုး ဒီဘက်တိုးလေ"

မင်းညက ထီးအောက်ဝင်အောင် မိုးသည်းရဲ့ပခုံးတစ်ဖက်ကို လှမ်းဆွဲဖက်လိုက်ပါသည်။

"အမယ်လေးနော် ... မိုးကနည်းနည်း အသားယူတာကများများ ဖြစ်နေပြီ"

"မိုး ခေါင်းစိုရင် ဖျားမှာစိုးလို့ပါ"

"မိုးက ခေါင်းမှာ မိုးရေစိုလို့ ဘယ်တုန်းက ဖျားဖူးလို့လဲ၊ ရည်းစားဘဝကို ဖြတ်သန်းလာတာ အရင်နှစ်မိုးတွင်းအာဆိုတော့ ဒီမိုးနဲ့ဆို နှစ်မိုးလောက်ရှိပြီနော် ည၊ မိုးစိုစိုလေ



www.burmeseclassic.com

www.burmeseclassic.com



လူလန်းလေ၊ ဘယ်တော့မှ မဖျားတဲ့ဟာကို ဘာတွေ ကြောင်နေလဲ ညာ"

အင်း ...။

ဘာတွေကြောင်နေလဲ။

မင်းညာက နှုတ်ဆိတ်သွားမိပါသည်။ ညာကျ မက်ဆော့ဂျ်ပို့ဖြစ်တဲ့ ထုံးစံလေးတော့ မပျက်သေးဘဲ ကာရန်နှင့်အပြင်တွေကို မသွားဖြစ်ဖို့တော့ ရှောင်နေတာ ကြာပါပြီ။ သူ လုံးဝ မအားဘူး၊ အလုပ်တွေ တအားရှုပ်နေလို့လို့ပဲ သိစေ ထားတာပါ။ သင်တန်းဆင်းချိန် ပြန်ခါနီးလေးကျ ရုံးခန်းတံခါးလာခေါက်၊ ခေါင်းပြူဝင်လာပြီး "တာ့တာ" လုပ်တာလေးကလွဲပြီး ကာရန်က စာဒကမတက်ပါ၊ မပူဆာပါ။

မက်ဆေ့ဂျ်မှာသာ ...

"အစ်ကို့အလုပ်တွေ ကာရန် ကူလုပ်ပေးတတ်ချင်တယ်၊ ဒါမှ အလုပ်ရှုပ်တာတွေ မြန်မြန်ပြီး မြန်မြန်အားပြီး အစ်ကိုနဲ့ လျှောက်သွားလို့ရမယ်"

အဲသလိုလေးသာ ညည်းညူတတ်တာပါ။ သနားပေမယ့်လည်း သူ လူကောင်းတစ်ယောက် ဖြစ်ချင်ပါသည်။ ကာရန့်ကိုလည်း ဝေဒနာ မရင့်စေလို၊ မိုးအပေါ်လည်း သစ္စာမပျက်လိုပါ။

"ကဲပါ ညာရယ်၊ ဒီထီးကြီး ဖယ်ပစ်စမ်းပါ"

"မိုးရွာနေတာကွ"





"ဖွဲဖွဲလေးပါနော်၊ ညာ ဘာဖြစ်နေလဲ၊ ညာ နေမကောင်းလို့လား၊ ဟုတ်လား"

"ကောင်းပါတယ်"

"ညာဘက်ကြီး ရှေ့ကထီးက ကွယ်နေရှုပ်နေသေးတယ်၊ ကားတွေကကျပ်၊ အားမရပါဘူး ညာရာ၊ ထီးပိတ်ပါဆိုနေ၊ ဘာစိတ်ကူးနဲ့များ မိုးကုန်ခါနီးရာသီကို သူ့ကားထဲထီးကြီး ဆောင်ထားပါလိမ့်"

"မိုးကုန်ခါနီးပေမယ့် အခု ရွာသေးတယ်လေ"

"ဒါလောက်လေးများ"

မင်းညာက မိုးအလိုကျ ထီးရှည်ကိုပိတ်ကာ မိုးပခုံးတစ်ဖက်ကိုတော့ မလွတ်ဘဲ ဆက်ဖက်ထားပါသည်။ ဒါကတော့ ကားတွေရှုပ်နေလို့ပါ။ မြေနီကုန်းက ပြည်လမ်းနှင့် ရှင်စောပုလမ်း တစ်ပတ်မှာ ကားတွေ ကျပ်ရှုပ်နေသည်။ စစ်တီးမားထ်ထဲကိုဝင်တဲ့ ကား၊ အထဲကထွက်တဲ့ကား၊ မီးပွိုင့်မိတဲ့ကား၊ လူဆင်းတက်နေတဲ့ကား၊ ရှုပ်ထွေးနေရတဲ့ ကြားထဲ မိုးဖွဲဖွဲ စိုစွတ်စွတ်ကြောင့် ပိုဆိုးနေတာ။

ဒါကြောင့် ပွတ်တိုက်ဖြတ်မောင်းနေတဲ့ ကားတွေရန်က ကာကွယ်ရအောင် မိုး ပခုံးတစ်ဖက်ကို ဆွဲဖက်ထားမိတာပါ။ မင်းညာတို့က စစ်တီးမားထ်ထဲက ဂျပန်ဆိုင်လေးမှာစားပြီး ပြန်ထွက်လာတာ။ ကားကပါကင်မရ၍ ရှင်စောပုလမ်းပေါ် ခပ်သွမ်းလှမ်းမှာ။



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာရင်း ရှေ့ကထိုးဝင်လာတဲ့ ကားမီးရောင်ကြောင့် ခဏရပ်ကာ ဘေးကပ်နေလိုက်ရဆဲ မင်းညနှင့် မျက်နှာချင်းဆိုင်ကို မိသားစုတစ်စုပုံစံ လူတချို့ လျှောက်လာတဲ့အထဲ ရှေ့ဆုံးက ချိတက်လာသူက ဖြိုး။

ကားမီးရောင်ထိုးထား၍ လင်းခြင်းနေတဲ့ မင်းညနှင့် မိုးသည်း စုံတွဲကို ဖြိုးက ခြေလှမ်းတောင် ရပ်သွားပြီး အံ့သြငေးမောနေသည်။ သူရပ်တော့ သူ့နောက်ကလာတဲ့သူတွေပါ ရပ်ကုန်ကြကာ သတိပြုမိစရာလို ဖြစ်သွားပါသည်။

"ဟဲ့ ... မိဖြိုး၊ ဆက်မလျှောက်ဘဲ ဘာလုပ်တာတုန်း"

မင်းညသည် ဖြိုးရဲ့ပါးစပ်အဟောင်းသား တအံ့တသြ အကြည့်ကိုမြင်လျှင် ရုတ်တရက်ပင် မိုးမခုံးပေါ်ကလက်ကို ဖြုတ်ဖယ်လိုက်မိသည်။ တကယ်ဆို သူ့မှာ ဘာများအလန့်တကြား ဖြစ်ရာ အမြင်မခံနိုင်စရာ အကြောင်းရှိပါသနည်း။ သူ့ဟာသူ ကိုယ့်ချစ်သူကို ဖက်ဖက် မဖက်ဖက်။ ဒါပေမဲ့ သူ တစ်မျိုးတော့ ဖြစ်သွားခဲ့ရတာ အမှန်ပါ။

"ဟဲ့ ... သွားလေ၊ နောက်မှာ လမ်းပိတ်နေပြီ"

နောက်က အမျိုးသမီးကြီးကလည်း ဖြိုးကိုတွန်း၊ မိုးကလည်း သူ့ကိုဖက်ထားရာက လက်ဖြုတ်လိုက်တဲ့ မင်းညကို မော့ကြည့်။

"ကိုမင်းည ... ဟို ... အဟင်း ..."





ဖြိုးက သူ့ရဲ့သွားကြီးကြီးလေးတွေနှင့် ရယ်ကျဲကျဲလုပ်လိုက်ရင်း ...

"ဘယ်ကလာတာလဲ"

"ဒီကိုပဲလာတာ ဖြိုး၊ ဒီမှာ ဂျပန်ဆိုင်မှာ လာစားတာ"

အဲဒီမှာပဲ ဖြိုးရယ် ကာရန်ရယ်နဲ့ တစ်ရက်စားခဲ့ပြီးပြီ။

ဖြိုးက သိပ်အလှပကြီး မဟုတ်ဘဲ ကလေးဆန်တဲ့ ရုပ်ရိုးရိုးလေးနှင့် မိုးသည်းကို အကဲခတ်နေလျှင် မင်းညသည် တမင်တကာပင် ဖျစ်ညှစ်အားယူရင်း ...

"ဒါ မိုးသည်းတဲ့၊ မှတ်ထားပေါ့"

ဘာရယ်လို့ နှုတ်ကဖွင့်ဟ မကြေညာပေမယ့် ခုနက ဖြုတ်ချလိုက်မိတဲ့ လက်တွေကို မိုးသည်း ပခုံးပေါ် ပြန်တင်ပြီး ဖက်ထားလိုက်တာမို့ ဖြိုးက မျက်တောင်ပေကဲလတ်နှင့် ...

"ဟုတ်ကဲ့ ... အစ်မ"

သူ့ပခုံးကို ပြန်ဖက်လိုက်တာကို ကျေနပ်သွားတဲ့ မိုးသည်းကလည်း ဖော်ဖော်ရွေရွေ ပြုံးပြလိုက်ပါသည်။ ဖြိုးခမျာ ဆွေးမြည့်သလို ဖြစ်သွားတဲ့ ရုပ်လေးကို မပြင်နိုင်ပါ။ သူ့ကိုယ်သူလည်း ရိပ်မိပုံရကာ နောက်ကလည်း တွန်းထိုးနေကြပြီမို့ ...

"ဖြိုးတို့သွားတော့မယ် ကိုမင်းည၊ ဟော့ပေါ့လာစားတာ"

"အေး ... အေး"



www.burmeseclassic.com

www.burmeseclassic.com



ကားဆီသို့ မင်းည တိတ်ပြီးလျှောက်လာမိသည်။ ပြန်မပြောမှာပေါ့။ သိသွားတာလည်း ကောင်းတာပဲ။ ကား တစ်ယောက် ကိုယ့်ခြေလှမ်းကိုရပ်ဖို့ သဘောပေါက်သွားတာ လည်း တစ်နည်း အဆင်ပြေတာပင်။ ခံစားရလည်း ခဏပေါ့ ဖြစ်သမျှဟာအကောင်း။ တကယ်ကို အကောင်းဖြစ်သွားတာပဲ သူ တွေးလိုက်သည်။

"ကိုယ့်မှာ ရည်းစားရှိတယ်"လို့လည်း ကာရန့်ကို သူ့နှုတ်က ဘယ်လိုစကားစပ်ပြီး သွားပြောရမလဲ။ သူကမေးရင် လည်း တစ်မျိုးပေါ့။ မသိတာကြာလေ ကာရန့်ဘက်က ဒီဇရီတွေ တက်လေ ဖြစ်မှာမို့ ကိုယ်ဖွင့်မပြောရဘဲ သိသွားခြင်းဟာ တကယ် ကိုကောင်းတာ။

"ည ... ည ...၊ ဘယ်လိုဖြစ်နေတာလဲ"

"ဟင်"

"တွေ့လား ... ဘာတွေ တွေးနေတာလဲ"

"ကားတွေ ရှုပ်လွန်းလို့ပါ မိုးရာ၊ ပြန်ကွေ့ပြီး မီးပွိုင့်က သွားမလား၊ ရှမ်းလမ်းကိုဆင်းပြီး အောက်ကသွားမလား စဉ်းစားနေတာ"

အင်း ... သူတောင် ညာတတ်ပြီပဲ။ သူ ဘာဖြစ်နေ တာပါလိမ့်။

"ဖြိုးက ဘယ်သူလဲ မေးနေတာကို"





"ဂရပ်ဖစ်ဒီဇိုင်း တက်နေတဲ့ ကလေးတွေပါ"

"ထင်တော့ ထင်သားပဲ၊ ဒါများ ပခုံးပေါ်ကလက်ကို ဘာ ကိစ္စ ဖြုတ်ပစ်ရတာလဲ၊ နောက်ရည်းစားတစ်ယောက်နဲ့ တိုးတာကျနေတာပဲ"

"ဟာ ... မိုးကလည်း၊ ကိုယ်က ဟိုမှာ လူကြီးလည်းဖြစ် ဆရာလည်းဖြစ်၊ ကိုယ်သိနေတဲ့တပည့်ရှေ့ ရည်းစားကို ပခုံးဖက်ထားမိတာ ရုတ်တရက် မျက်နှာပူသွားလို့ပါ၊ နောက်တော့လည်း ကိစ္စမရှိပါဘူးတွေးပြီး လက်ပြန်တင် လိုက်တာပဲဟာ၊ ရုတ်တရက်မို့ပါ"

"အင်း ... ပြီးတော့ ပြန်ဖက်လိုက်တာမို့လို့ ဗွေမယူဘူး လွှတ်စေ"

ကားထဲရောက်ကာ မင်းည ကားမောင်းထွက်လာ လျှင် ...

"ညက ကျောင်းသူလေးတွေနဲ့ ဒီလိုပဲ ခင်နေလား"

"အင်း ... တချို့တလေလောက်နဲ့ပါ"

"ဒီကောင်မလေးကတော့ မျက်နှာလေး မျက်လုံးလေးတွေ ရိုးရိုးပဲ၊ မိုး သိတယ်၊ တခြားကောင်မလေးတွေရော ညနဲ့ ခင်မင်နေတဲ့ထဲမှာ မရိုးမသားပါသေးလား"

"မပါပါဘူး မိုးကလည်း၊ မရိုးသားစရာ ဘာရှိလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် _ ရီးနေလိုက်တာ ညရယ်၊ ခုခေတ် ကောင်မလေးတွေက ယောကျ်ားလေး ချောချောသန့်သန့် အဆင့်အတန်းရှိရှိဆိုရင် မရလည်းအရင်း၊ ရရင်အမြတ်ဆိုပြီး ခင်တာမင်တာ အရောဝင်တာတွေ အမြဲလုပ်နေကျပဲဟာ၊ ညက မသိသော်လည်း သူ့တို့စိတ်ထဲ မရိုးသားတဲ့သူ ရှိရင်ရှိမှာပဲ၊ ဆရာအစစ်လည်းဟုတ်မှမဟုတ်တာ၊ အသက်ကဘောဘာများကွာလို့လဲ၊ သတိထားဦး ရှင်၊ သိပ်ရီးမနေစမ်းပါနဲ့ ညရယ်"

မင်းညက နှုတ်ဆိတ်နေလိုက်ပါသည်။ ကားမောင်းနေရင်း လက်ကနာရီကို တစ်ချက်ခိုးကြည့်လိုက်မိကာ ကာရန့်ထံက မက်ဆေ့ဂျ်လာချိန် နီးနေပြီ ဆိုတာကိုလည်း သတိပြုမိနေပါသည်။ ကားကို မသိစိတ်က မြန်မြန်မောင်းနေမိ၍ မိုးကပင် ...

"ည ... လမ်းတွေ မိုးရွှဲနေတယ်လေ၊ ဖြည်းဖြည်းမောင်းလေ"

ခုလောက်ဆို ကာရန့်ထံ ဖြိုး မက်ဆေ့ဂျ်ပို့ပြီး သတင်းပေးပြီးနေလောက်ပြီလား။ ကာရန့်ထံက မက်ဆေ့ဂျ်ရောက်လာလျှင် ဘယ်လိုမက်ဆေ့ဂျ်မျိုး ရောက်လာမလဲ။ ဒါကိုတွေးကာ မင်းည စိတ်စောနေပါသည်။ ခုချိန်မှာ ကာရန် သိပြီးလောက်လျှင် စိတ်မကောင်းရှုံလောက်ပဲ ဖြစ်နေမလား။ ဝမ်းနည်းပြီး မျက်ရည်များကျမလား။ ပေါက်ကွဲနေမလား။





ကာရန့်သံယောဇဉ်ကို သူ့မျက်လုံးအကြည့်လေးတွေကလွဲရင် အရိပ်အငွေ့ကလေးတွေနှင့်သာ မင်းည ခံစားရပေမယ့် အလုံးစုံ အပြည့်အဝ နားလည်နေပါသည်။ ဒီကောင်မလေးရဲ့ ခံစားချက်တွေဟာ သူ့အပေါ် အလေးအနက် ငြိစွန်းနှောင်တွယ်နေတာ။ မင်းညလည်းပဲ ရှောင်တော့မလို ငြင်းဖယ်ရတော့မလိုနှင့်ပင် မရှောင်ရက်ပဲ တဝဲလည်လည် ဖြစ်နေတာ။

"ကဲ ... ည၊ Good night ၊ နက်ဖြန် ညနေစာအိမ်လာစားရမှာ မေ့မနေနဲ့ဦးနော်"

"မမေ့ပါဘူး မိုးရဲ့၊ Good night "

မိုးသည်းရဲ့အဘွား တောင်ကြီးကရောက်နေ၍ မင်းညကို တွေ့ဖူးလိုသည်ဆိုတာကြောင့် မိုးသည်းတို့အိမ်ကို ထမင်းစားကြွရောက်ရမှာ ဖြစ်ပါသည်။

မင်းညက အပြန်လမ်းမှာ နာရီကိုတကြည့်ကြည့်။ သူကစပြီးတော့ Message မပို့ဖူး၍ ခုလည်းမပို့ချင်။ စ,ပို့ဖြစ်တဲ့နေ့ကစပြီး ကာရန် အပြင်းဖျားတဲ့ ညတစ်ညကလွဲရင် တစ်ညမှ မပျက်စဖူး ကာရန်ကစ,၍ မက်ဆေ့ဂျ်ပို့နေကျ၊ စိတ်က ချိတုံချတုံ တွေးကာ ပူပင်နေဆဲ ...

"တူ ... တူ ... တူ"

ဖုန်းမြည်သံကို ရုတ်တရက် Message လာပြီဟုတောင် ထင်လိုက်မိပြန်သည်။ နောက်မှ Message အချက်ပေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အသံတို့ပျောက်ဘဲ Ring သံ သီချင်းတီးလုံး ဖြစ်နေတာ သတိပြုမိပါသည်။ ဖုန်းနံပါတ်ကို သူ မသိပေမယ့် မင်းညက ချက်ချင်း ဖွင့်ကိုင်လိုက်ပါသည်။

"ကိုမင်းညလား"

"ဟုတ်ပါတယ်"

"ဖြိုးပါ"

"သြော် ... ဖြိုး၊ ပြောလေ၊ ဘာပြောမလို့လဲ၊ ဘာဖြစ်လို့လဲ"

"ကိုမင်းညကို တစ်ခုလောက် တောင်းပန်ပါရစေ"

"ဘာများလဲ ဖြိုး"

"ခုန ကိုမင်းညတို့ စုံတွဲနဲ့ ဖြိုးနဲ့တွေ့တာ ကာရန့်ကိုမပြောပါနဲ့"

မင်းညက ခဏတိတ်သွားမိသည်။

"ဖြိုးလည်း ကာရန့်ကို မပြောဘူး"

"ဘာဖြစ်လို့လဲ ဖြိုး"

"ပြောလို့ မဖြစ်ဘူး၊ ကာရန်က စုတလော ဖွတ်တရွတ် ခေါင်းမာချင်တယ်၊ ပြီးတော့ ... ပြီးတော့ သူ့စိတ် သူ့အတွေး သူ့ရဲ့ ... ဟို ... အားလုံးကို ဖြိုးပဲ အကုန်သိပါတယ်၊ ဘာပဲဖြစ်ဖြစ် မပြောမှကောင်းမှာမို့ပါ၊ မပြောပါနဲ့နော်၊ ပြီး ... ပြီးတော့ ... ဟို ... မမိုးသည်း ဆိုတာ ရှိတာကိုလည်း သူ့ကို ... သူ့ကို သွားမပြောပါနဲ့နော်"





မင်းညသည် ရင်ထဲမှာ ဘယ်လိုမှန်း ပြောမပြတတ်တဲ့ ခံစားချက်တစ်ခုကို တုန်ယင်နာကျင်စွာ ခံစားလိုက်ရပါသည်။ ဖြိုးရဲ့ဆိုလိုရင်းကို နားလည်သည်။ မင်းညမှာ ချစ်သူရှိတယ်ဆိုတဲ့ အခြေအနေတစ်ရပ်ကို ကာရန် လက်ခံယူနိုင်စွမ်းမရှိ။ ဒါပဲပေါ့။

"ဖြိုးတို့က တားပိုင်ခွင့်တော့ မရှိပေမယ့် အန်တီ့သဘောထားလည်း ဒီလိုပဲ ရှိမှာပါ၊ ဒီည ကာရန် မက်ဆေ့ဂျ်ပို့လာရင် ကိုမင်းည စာပြန်တဲ့အခါ ထည့်ပြောမိမှာ စိုးလို့ပါ၊ လုံးဝမပြောပါနဲ့နော်"

မင်းညသည် အဖြေမပေးဘဲ သက်ပြင်းရှည်ကြီးသာ ချလိုက်မိပါသည်။

○❦○



www.burmeseclassic.com

www.burmeseclassic.com



## ၉

"ဥပမိရုပ်ကတော့ ကောင်းသား၊ ကောင်းမှာပေါ့လေ မိမိုးသည်း ရွေးမှတော့ လက်ရွေးစင်ထဲကပဲ ဖြစ်တော့မှာပေါ့ ... မဟုတ်ဘူးလား"

မိုးသည်းအဘွားက ခင်စရာ ကောင်းပါသည်။ အသက်ခုနစ်ဆယ်နား နီးနေပေမယ့် နုနယ်လန်းဆန်းတုန်းပင်။ အိမ်မကြီးကနေ သတ်သတ်တစ်ဆောင်ထုတ်ထားတဲ့ ခန်းမအပိုနှစ်ဆပ်ဆောင်လေးမှာ အင်္ပါထပ်က ပိတ်စလိပ်တွေ မိုးသည်းရဲ့ လုပ်ငန်းသုံးပစ္စည်းတွေထားကာ မိုးသည်းရဲ့ ရုံးခန်းသဘောလည်းဟုတ်၊ နံရံနှစ်ဖက်မှာလည်း ညှော်သည်ထိုင်နိုင်အောင် ဆိုဖာရှည်တွေ ဆက်တိုက်ချထားပါသည်။

မိုးသည်း အလုပ်မအားတဲ့အတွက် မင်းညရော ဘွားဘွားပါ မိုးသည်းအခန်းမှာ လာထိုင်ပြီး စကားပြောဆိုနေရတာ





ပင်။ ဘွားဘွားနဲ့ မင်းည အိမ်မကြီးရဲ့ ဧည့်ခန်းမှာပဲ စကားပြောကြမယ်ဆိုတော့ သူ လုံးစေ့ပတ်စေ့ မကြားရမှာစိုးလို့ဆိုကာ သူ့အလုပ်ခန်းဆီပဲ ဖွတ်ခေါ်နေတာ။

"သမီးနဲ့ ဘယ်သူပိုလှလဲ ဘွား"

"ညည်းပဲ ပိုလှပါတော်"

"ညက ပိုလှတာကို၊ ဘွားကလည်း"

"ဒါတော့ ကိုယ်ထင် ခုတင်ရွှေနန်းပေါ့"

"ည ... ဘွားကလည်း ည မြင်ဖူးသမျှ Old lady တွေထဲမှာ ကျက်သရေအရှိဆုံးပဲ မဟုတ်လား ... ခိ ခိ"

"မိမိုးသည်း ... ကြားကနေ ချစ်ကြည်ရေး လုပ်နေတယ် ... ဟင်း ဟင်း ဟင်း"

"အဘွားက တကယ်ကို ကျက်သရေရှိတာပါ ဘွား"

"ဘွား ... ကြားတယ်နော်၊ မိုးရဲ့သင်ကြားအုပ်ချုပ်မှုအောက်မှာ ရှိတယ်"

"အမယ်လေးနော် ... နားကြားမြင်း ကတ်လိုက်တာ။ သူဘာမှမသိရှာလို့ အပိုတွေ ရှည်ရှည်ဝေးဝေး ပြောနေတာသား၊ ဘွားက သားကိုသိပြီးသား၊ လူသာ ခုမှ မြင်ဖူးတာ"

"ဟုတ်ကဲ့ အဘွား"

"သားတို့အဖေရဲ့အဖေ အဘိုးနဲ့ ဘွားရဲ့အစ်ကိုက အရမ်းချစ်တဲ့ သူငယ်ချင်းတွေကွယ့်၊ ဘွားအစ်ကိုက စောစောပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးသွားတယ်၊ ဒါကြောင့်သာ နည်းနည်းဆက်ဆံရေးလှမ်းသွားတာ၊ အရင်က ဝင်ဝင်ထွက်ထွက် သိပ်ခင်ကြတာ"

"အဘွား ... ဓာတ်လမ်းဟောင်းလေးတွေများ ..."

"ဟဲ့ ... ဒီကောင်မလေး ဘယ်လိုဖြစ်နေလဲ၊ လူကြီးစကားပြောနေတာကို ပေါက်တီးပေါက်ရှတ်နဲ့"

"အဟိ"

"သားတို့အဖေ အတော်အတန်ကြီးတဲ့အထိ အဆက်အဆံရှိကြတယ်၊ နောက်တော့ အဘွားတို့က တောင်ကြီးပြန်ပြောင်းကြတာနဲ့ မတွေ့တာ ကြာနေတာ၊ မတွေ့ပေမယ့် သတင်းစကားတော့ ကြားတယ်၊ သားအဖေရဲ့ စီးပွားရေးလုပ်ငန်း အောင်မြင်တာတွေ ဘာတွေလဲ ကြားတော့ အဲဒါ ကိုဖော်လတ်သားပဲလို့ ပြောဖြစ်နေရတာ"

"ဟုတ်ကဲ့ အဘွား၊ ကျွန်တော့်ကို ဟိုးအရင်က အဘိုးနဲ့ ရင်းနှီးခင်မင်သလိုပဲ သဘောထားပါ၊ လူရင်းချာတွေလို သတ်မှတ်ပါနော်"

"အေးပါကွယ်"

မင်းညက နာရီတစ်ချက် ကြည့်လိုက်မိ၍ ...

"ဟဲ့ ... မိမိုးသည်း၊ ညည်းဟာတွေ လက်စမသတ်သေးဘူးလား၊ ရက်ကပ်မှ ဒီလောက် သဲကြီးမဲကြီး လုပ်ရလား၊ ရှေ့ကတည်းက မှန်မှန်လုပ်မလာဘူးလား"





"အာ ... အဘွားကလည်း တစ်ရက်မှ မအားတာ၊ ဝတ်စုံတွေက အကုန်အမြန်လိုချင်ကြတာချည်းပဲ၊ ဒီတ်တွေနဲ့ကြည့်ညှိပေးနေရတာ၊ ရှေ့ရက်တွေလည်း တစ်ရက်မှ မအားခဲ့ပါဘူး"

"ဒါဖြင့်လည်း ညည်းက အလုပ်လောဘ အရမ်းကြီးတဲ့သဘောပေါ့၊ နိုင်သလောက်ပဲ လက်ခံပေါ့ ငါ့မြေးရဲ့"

"အဘွားကလည်းနော်၊ ကိုယ့်ဆီလာအပ်တာကို ကိုယ်ကငြင်းရင် ကိုယ့်ကပ်စ်တမ်မာ သူများဆီရောက်သွားမှာပေါ့၊ ကဲပါ ... ဘာဖြစ်လို့ အဘွား ဒီလောက်လောနေတာလဲ"

"ဩော် ... ဒီသူငယ် ဆာရောပေါ့အေ၊ ထမင်းပွဲ ပြင်ကြပါစို့တော့လား"

"ဟင်း ဟင်း ... အဘွားကလည်း၊ ခုမှ ငါးနာရီခွဲ၊ သူလား ဒီလောက်စောစော ဆာတတ်မှာ၊ သူ့အိမ်သူဆိုရင် ပိုတောင်နောက်ကျသေး"

"အဘွား ... ဆာပြီလား"

မင်းညက မေးလိုက်ပါသည်။

"မဆာပါဘူးကွယ်၊ အရမ်းနောက်ကျသွားမှာစိုးလို့ပါ၊ ပြီးတော့ ညစာစောစောစားရတယ်ကွယ့်၊ ညစာနောက်ကျရင် မကျန်းမာဘူး သားရဲ့၊ ကြားလား"

"ဟုတ်ကဲ့ အဘွား"



www.burmeseclassic.com

www.burmeseclassic.com



"ဆာဆာ မဆာဆာ ခဏနေရင် စားကြစို့တော့ မိမိုးရေ"

"ဟုတ်ကဲ့ပါ အဘွားရဲ့"

မိုးသည်းကလည်း အလုပ်ကို ခပ်မြန်မြန် လက်စသတ်ကာ အိမ်မှာ ညအိပ်တဲ့ဝန်ထမ်းနှစ်ယောက်ကို မှာကြားထားရစ်ခဲ့ပြီး ဟိုဘက်အိမ်ကြီးထဲ ပြန်ကူးလာခဲ့ကြပါသည်။

"ည ... ဆာပြီလား"

"ဟင့်အင်း"

"အဘွားရော"

"မဆာပါဘူး"

"ဒါဖြင့် ဒက်ဒီစောင့်လိုက်ဦးမယ်လေ အဘွားရဲ့"

"ညည်းဒက်ဒီက မိုးချုပ်မှာ မဟုတ်လား"

"မိုးအရမ်းမချုပ်ပါဘူး၊ နည်းနည်းနောက်ကျရုံပါ၊ ဒီကြားထဲ ဆာလာရင်လည်း ထ,စားလိုက်ကြတာပေါ့ အဘွားရဲ့"

မိုးသည်းရဲ့အမေကတော့ မင်းညနှင့် ရင်းနှီးပြီးသားမို့ ဝင်ချည် ထွက်ချည် လုပ်စရာရှိတာ လုပ်ချည်နှင့် လှမ်းစကားပြောလိုက် ပျောက်သွားလိုက်။ အဘွားနှင့် မင်းညက ဒိုင်ခံစကားပြောသူတွေ။ မိုးသည်းကတော့ သူ့ကပ်စ်တမ်မာတွေဆီက ဖုန်းတစ်ခုပြီးတစ်ခုဝင်ကာ ချိန်းရချက်ရ မအား။

ခြောက်နာရီခွဲကျော် အချိန်လောက်မှာ မင်းညရဲ့ဟဲန်းဒ်ဖုန်း ဝင်လာ၍ မင်းညက ကြည့်လိုက်လျှင် မနေ့ကပေါ်





လာတဲ့ ဖြိုးရဲ့နံပါတ်ဆိုတာ တွေ့လိုက်ရပါသည်။ မင်းညက ဖုန်းဖွင့်လိုက်ပြီး ...

"ဟယ်လို"

"ကိုမင်းည"

"ဟုတ်ကဲ့"

အဘွားဘက်လှည့်ကာ "အဘွား ... ခဏနော်"ဟု ပြောပြီး အိမ်တံခါးပေါက်ဝနား ထ,လျှောက်ခဲ့ပါသည်။

"ဖြိုးပါ ကိုမင်းည"

"အင်း ... ပြော"

"ကိုမင်းည ... ကာရန်လေ အိမ်ကထွက်သွားလို့"

"ဗျာ"

"ကာရန် ပျောက်နေတယ်၊ ဘယ်ထွက်သွားလဲ မသိဘူး"

"ဘယ်လိုဖြစ်တာလဲ"

"ဒီနေ့မနက်လေ ဖြိုးရဲ့ဖုန်းကို သူက အမှတ်တမဲ့ ယူကြည့်ရင်း ဖြိုး ညက ကိုမင်းညကို ဖုန်းခေါ်ထားတာ သူသွားတွေ့တယ်၊ ဖြိုးအပြစ်ပါ၊ သူ့ကို အသိမပေးဘူးဆိုပြီးတော့ ဖုန်းထဲကနံပါတ်ကိုတော့ မဖျက်မိဘူး၊ သူကတွေ့တော့ ကိုမင်းညဆီ ဖြိုးက ဘာကြောင့် ဖုန်းဆက်ရတာလဲ မေးတယ်၊ ဖြိုးကလည်း ပါးစပ်ထဲတွေ့ရာ မောင်ဝမ်းကွဲတစ်ယောက် သင်တန်းအပ်ဖို့လို့ပြောတာ သူက မယုံဘူး၊



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းရှိတဲ့ရက်ကျမှ မေးရင်လည်း ရတာကို ဖုန်းဆက်တယ်ဆိုတာ မဖြစ်နိုင်ဘူး၊ တခြားဘာကိစ္စရှိလဲဆိုပြီး ...”

“အင်း”

“ဖြိုးကလည်း ဘူးချည်းငြင်းတော့ သူ ဖြိုးကို စိတ်ဆိုးတယ်၊ ဖြိုးကိုလည်း အိမ်ပြန်ဆိုပြီး မောင်းထုတ်လိုက်တာနဲ့ ဖြိုး အိမ်ပြန်လာတာ၊ နေ့လယ်ကျတော့ သူက ကိုမင်းညဆီ ရုံးလိုက်သွားမယ်ပြောတော့ သူ့အမေက ချော့ပြောရင်း မရတော့ လေသံမာတာပေါ့နော်၊ ဘာကိစ္စလိုက်သွားရမှာလဲ၊ ဒီလိုလိုက်မေးစရာ အကြောင်းမရှိဘူး၊ မိန်းကလေးဆိုတာ ဣန္ဒြေရရ နေရတယ်နဲ့ ဆူလိုက်တာ”

“အင်း”

“အဲ ... အဲဒါပဲ ကိုမင်းည၊ အခု အိမ်မှာမရှိလို့ ဒီမှာ ဒေါင်းတောက်နေပြီ၊ လုပ်ပါဦး ... ဘာလုပ်ရင် ကောင်းမလဲဟင်”

“သူ့ဖုန်းကိုရော”

“မက်ဆေ့ဂျ်ပို့နေတယ်။ မပြန်ဘူး၊ ဒီကဆက်သွယ်နေတာ သိအောင် ဖုန်းပဲ အကြိမ်ကြိမ် ခေါ်နေတာ၊ ဖုန်းခေါ်ရင် ဟိုမှာ ဗိုင်ဘရိတ် ဖြစ်မှာပဲလေ၊ ခေါ်နေမှန်း ဆက်သွယ်နေမှန်း သူ သိပါတယ်၊ မတုံ့ပြန်ဘူး”

“ဘယ်အချိန်လောက်က ထွက်သွားတာလဲ”





“မသိလိုက်ဘူး၊ ဒါပေမဲ့ ငါးနာရီနောက်ပိုင်းပဲ၊ ငါးနာရီ မထိုးခင်က အောက်ဆင်းလာပြီး အအေးတောင်းတယ်၊ မမအေးကြည်ဆီမှာ”

“အန်တီရော”

“အခုရှိတယ်၊ ဖြိုးလည်း ဒီအိမ်မှာ”

“မောင်မင်းညရေ”

ဖြိုးက ဖုန်းလှမ်းပေးလိုက်ပုံနှင့် အန်တီ့အသံက ကတုန်ကယင် ထွက်လာပါသည်။

“အန်တီ ... အခု လိုက်ရှာသေးလား”

“ရှာနေတယ်၊ သူ့အဖေရော အိမ်ကဒရိုင်ဘာကြီးရော ကားတစ်စီးစီနဲ့ ထွက်သွားကြတယ်၊ မိုးတွေကလည်းရွာနေတော့ စိတ်ပူလိုက်တာ သားရယ်၊ နာလန်ထတာလည်း မကြာသေးဘူး၊ အခုက သားဆီများ ဆက်သွယ်လားလို့ပါ”

“မဆက်သွယ်သေးဘူး အန်တီ”

“သားဆီများ ဆက်သွယ်မလားလို့ ဖြိုးက ထင်တယ်ဆိုတာနဲ့ အန်တီလည်း ဖုန်းဆက်ခိုင်းကြည့်တာပါ၊ စိတ်အနှောင့်အယှက်ပေးသလို ဖြစ်နေမှာပါ၊ အားနာပါတယ် သားရယ်”

“ပြောရမှာပေါ့ အန်တီ၊ အားနာစရာ မလိုပါဘူး၊ လူများများသိ များများဝိုင်းကူရှာနိုင်ရင် ကောင်းတာပေါ့၊ ကျွန်တော်လည်း နည်းနည်းကြိုးစားကြည့်ပြီး အကြောင်းထူးရင် ဖုန်းပြန်ဆက်မယ် အန်တီ”



www.burmeseclassic.com

www.burmeseclassic.com



“ကျေးဇူးတင်ပါတယ် သားရယ်”

မင်းညသည် ဖုန်းပိတ်ကာ ရင်ထဲမှာ တဒိန်းဒိန်းနှင့် တုန်လှုပ်မှုလောင်နေပါသည်။ အန္တရာယ်တစ်ခုခုများဆိုလျှင် မပြောနိုင် မဆိုနိုင် မအော်နိုင် မဟစ်နိုင်တဲ့ ကာရန်လေး ခက်ရပါချည်ရဲ့။

“ဘာလဲဟင် ည”

“မိုး ... ကိုယ်ကိစ္စတစ်ခု ပေါ်လာတယ်”

“ဘယ်သူ ဘာဖြစ်လို့လဲ”

“အဒေါ်တစ်ယောက်ဆက်တာ၊ သူ့သမီး အိမ်ကပျောက်သွားလို့”

“ညရဲ့ညီမဝမ်းကွဲပေါ့”

“အင်းပေါ့”

“ဘယ်သူလဲ”

“မိုး မသိဘူး၊ အရင်းကြီး မဟုတ်ပါဘူး၊ ဒါပေမဲ့ ကိုယ်နဲ့က ခင်နေတော့ သူတို့လှမ်းအကူညီတောင်းတာနဲ့”

မိုးသည်းက မျက်နှာညှိုရင်း ...

“ဟင် ... ထမင်းမှ မစားရသေးတာ”

“ဟဲ့ ... မြေးရဲ့၊ အရေးကြီးကိစ္စ ဖြစ်ပုံရတာကို ထမင်းမစားရသေးဘူးလည်း ဘာအရေးလဲ၊ အဘွားတို့က ထပ်ဆုံလည်း ရတာပဲ”

“ညကူ ဘာလုပ်နိုင်မှာမို့လဲ”



“လူခွဲပြီး ဖြန့်ရှာရမှာပေါ့”

“ယောကျ်ားနောက် လိုက်သွားတာ ဆိုရင်ကော”

“ဟဲ့ ... မိမိုးသည်း၊ ညည်းပါးစပ်ပေါက်ကလေ”

“အဘွားကလည်း ဒီအရွယ် မိန်းကလေးငယ်တွေ ဖြစ်တတ်တာကို ပြောပြတာပါ၊ ဒါပဲဖြစ်ဖို့များတာပဲဥစ္စာ၊ ဒီကိစ္စမဟုတ်ဘဲတော့ မိန်းကလေးတွေက အိမ်ကထွက်ပြေးတယ်ဆိုတာမျိုး သိပ်မှအကျင့်မရှိဘဲ”

“မိုး ... ကိုယ့်ကို ခွင့်လွှတ်ပါ၊ ကိုယ် လိုက်သွားရလိမ့်မယ်”

မိုးသည်းက စူပုပ်ပုပ်နှင့် နှုတ်ဆိတ်နေ၍ ...

“လိုက်သွား ... လိုက်သွား မောင်မင်းည၊ နောက်မှထပ်ဆုံပြီး စားကြ သောက်ကြတာပေါ့၊ ကိုယ့်အမျိုးအဆွေဒီလိုအရေးကိစ္စရှိလို့မှ မကူညီနိုင်ရင် ဘယ်လိုလုပ်မလဲ”

“ဟုတ်ကဲ့ အဘွား၊ သွားလိုက်ပါဦးမယ်၊ မိုး ကိုယ်သွားပြီ”

အပြေးအလွှား ထွက်လာခဲ့ပြီးမှ သူ့ပုံစံဟာ မိုးရှေ့မှာ သိပ်ကိုမှုလောင်_ ပျာယာခတ်နေခဲ့သလားလို့ မျက်နှာပူမိပါသည်။ မတတ်နိုင်ပါ။ သူ ကာရန့်အတွက် တကယ်စိတ်ပူနေတာ။ ကာရန့်လို မိန်းမငယ်လေးတစ်ယောက်အတွက် ညကြီးမင်းကြီး မိုးရွာကြီးထဲ ဒုက္ခအမျိုးစုံ ကြုံတွေ့သွားနိုင်သည်။

သူ လက်လွှတ်စပယ် မျက်နှာမလွှဲနိုင်။ မင်းညသည် မိုးသည်းတို့အိမ်က ထွက်လာပြီး လမ်းထိပ်ရောက်လျှင် ကားကို

www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေးထိုးကပ်ရပ်လိုက်ပါသည်။ ဖုန်းကိုထုတ်ကာ စာလုံးလေး အချို့ကို နှိပ်ရေးလိုက်ပါသည်။

"ကာရန် ... အခု ဘယ်မှာလဲ၊ ကိုယ် သိပ်စိတ်ပူနေတယ်"

မက်ဆေ့ဂျ်ကို Send လုပ်ပြီး ရင်တခုန်ခုန်နှင့် ငြိမ်ပြီး ထိုင်စောင့်နေမိပါသည်။

ဘာမှပြန်မလာ၍ စိတ်မငြိမ်နိုင်ဘဲ ...

"ကာရန်ရှိတဲ့ဆီ ကိုယ်လာခေါ်မယ်၊ ပြောပါ ကာရန်၊ ကိုယ့်ကို စိတ်ပူအောင် မလုပ်ပါနဲ့"

နောက်တစ်ကြိမ်ပို့လိုက်ရင်း မင်းညသည် လက်မနှင့် လက်ညှိုး လက်သည်းထိပ်တွေကို သွားနှင့်ကိုက်နေမိကာ စိတ်ဂနာမငြိမ် ဖြစ်နေပါသည်။

"ကလင်"

"ဟော"

မက်ဆေ့ဂျ်ဝင်သံမို့ ကမန်းကတန်း ဖွင့်ဖတ်လိုက်ပါသည်။

"ကို ... ကာရန် ကန်တော်ကြီးမှာ"

ဖုန်းကို ဘေးခုံပေါ် ပစ်တင်ပြီး ဝူးခနဲ စက်နှိုး၍ တရကြမ်း မောင်းထွက်လာခဲ့မိသော မင်းညသည် ကာရန့်အိမ်ကို ဖုန်းဆက်ဖို့လည်း သတိမရ။ သူနဲ့အခုတွေ့ရမှ စိတ်အေးမလိုဖြစ်နေကာ သနားစရာ ဒီမိန်းကလေးကို သူ့ရင်ခွင်ထဲ တစ်ခဏ





လောက် လုံလုံခြုံခြုံ ထွေးဖက်ထားလိုက်ချင်သော စိတ်မျိုးသာရှိနေပါတော့သည်။

သူ ဘာဖြစ်နေပြီလဲ။ ဘာဖြစ်ဖြစ် သူ ဂရုမစိုက်ချင်ပါ။ ကာရန့်ကို သနားကြင်နာ ကရုဏာသက်ခြင်းတွေသာ ရင်ထဲပြည့်၍ နင့်နေသည်။ ကာရန့်အတွက် စိတ်မကောင်းမှုက သူ့ရင်ကို နာကျင်စေသည်။

သူ့အပေါ် လွှတ်သွားမှာစိုးတဲ့ ကောက်ရိုး တစ်ပင်လို အစွဲကြီးကြီး အမောတကော ဆုပ်ကိုင်ထားချင်တဲ့ သဘောကို သူ ခံစားနိုင်သည်။

"ကို ..."တဲ့။ ကာရန် ကန်တော်ကြီးမှာ တဲ့။ စာလေးကို ပြန်မြင်ကာ သူ ပြုံးနေမိပါသည်။ သိပ်လိမ္မာတဲ့ ကာရန်ပဲ။ သူ့အပေါ် မှီနေပါ။ ချက်ချင်း အဖြေလှမ်းပေးသားပဲ။

မင်းညက ကန်တော်ကြီးဝင်းထဲ ပိုက်ဆံပေးကာ ဝင်ခဲ့ပြီး ကားကိုပါကင်တစ်နေရာ ထိုးလိုက်ပါသည်။

"ကာရန် ... ကိုယ် ရောက်နေပြီ၊ ကာရန် ဘယ်မှာလဲ"

"ကာရန် ဒီဘက်က ကုန်းလေးပေါ်မှာ၊ ကို ဘယ်မှာလဲ"

"ကိုယ် ကားပါကင်မှာ၊ ကာရန် ဘာဝတ်ထားလဲ"

"ဂျင်းဘောင်းဘီနဲ့ မိုးကာအဝါ"

မင်းညသည် ကာရန့်အတွက် ဆောင်ထားမိတာဖြစ်တဲ့ ထီးအကြီးကြီး ဖွင့်ဆောင်းကာ ဟိုရှာဒီရှာ လျှောက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်၊ ဟော ... ဟိုမှာ။ ကုန်းလေးပေါ်က သစ်ပင်တစ်ပင်ရှိ ချောင်ချည်းမည်းထဲမှာ မိုးကာဝါဝါလေးနှင့် တွေ့ပြီပဲ။

"ကာရန်"

ဝမ်းသာအားရ ခေါ်လိုက်မိပြီးမှ သူလေး မကြားနိုင်ပါလားဆိုတာ သတိရပါသည်။ အပြေး သူရောက်သွားလျှင် ကာရန်က ထီးအောက်ကို မြန်မြန်ဝင်လိုက်ရာ လူချင်းနီးကပ်သွားတဲ့တစ်ခဏ လွတ်နေတဲ့ သူ့လက်တစ်ဖက်က ကာရန့်ပခုံးဆီ။ ကာရန့်လက်လေးနှစ်ဖက်က သူ့ခါးဆီ။

အလိုအလျှောက်ပါပဲ။ ထွေးဖက်လိုက်မိကြမှုဟာ အလိုအလျှောက်ပါပင်။

"ဘာလို့ လျှောက်ထွက်သွားရတာလဲ ကာရန်၊ ကိုယ်တို့ ဘယ်လောက် စိတ်ပူရလဲ"

ကာရန်သည် ဘာစကားမှ မကြားသော်လည်း ယယ်ထိပ်နှင့် မင်းညရဲ့လည်ပင်း ထိကပ်နေမှုကြောင့် မင်းည စကားပြောနေတာ သိကာ မော့ပြီးကြည့်နေမိပါသည်။ ပြောချင်ရာတွေပြောနေပါ။ ဘာမှမကြားရပေမယ့် အားလုံးကို နားလည်ပါတယ်။ ကို စိတ်ပူတဲ့အကြောင်းတွေ ကရုဏာဒေါသောနဲ့ ပြောနေမှာ မဟုတ်လား။

မင်းညက ကာရန့်ကို ပခုံးမှ နောက်ဆုတ်တွန်းကာ နေစေ့မြင်ရအောင်ကြည့်ရင်း ...





"နောက် မလုပ်နဲ့နော်"

ကာရန်က အပြုံးလေးနှင့် လက်ညှိုး လက်ခလယ်နှစ်ချောင်းပူးကာ နားကိုတစ်ချက် ပါးစပ်ကိုတစ်ချက် ထိကပ်ရင်း ပခုံးတွန့်သည်။ သူ ဘာမှမကြား ဘာမှမပြောနိုင်ပေ။ မကြားလည်းနေကွာ။ ထီးတစ်ဖက်နှင့် လက်ဟန်မှုရာလည်း မင်းည မလုပ်နိုင်။

"နောက် ဘယ်တော့မှ ထွက်မသွားနဲ့"

ကာရန်က ခေါင်းလေးညိတ်ရင်း ညိတ်ရင်း သူ့လက်နှစ်ဖက်ကို လက်သီးဆုပ်နှင့် ရင်ဘတ်ပေါ် ကြက်ခြေယှက်ပြသည်။ ချစ်တယ် ... တဲ့။

"ဒီမှာ မင်းကိုချစ်လားလို့ မေးနေတာ မဟုတ်ဘူး၊ နောက်ကို ခုလိုစိတ်ပူအောင် ထွက်မသွားဖို့ ပြောနေတာ"

"အမ်း"

ကာရန့်ဆီက အသံတစ်မျိုး ထွက်လာကာ မျက်နှာရိပ်မျက်နှာကဲနှင့် ပေါင်းစပ်စဉ်းစားရလျှင် သူ သိပါတယ်ဆိုတဲ့ပုံစံပင်။

နာခေါင်းအောက် လက်ညှိုးလေး ပွတ်ဆွဲ၊ လက်ဝါးလေး မှောက်ဖြန့်ကာ မြင့်တဲ့ပုံစံလေး လုပ်ပြတော့ "အစ်ကို"ပေါ့။ သူ့ကိုယ်သူ လက်မလေးညွှန်တော့ "ကာရန်"ပေါ့။ လက်သီးဆုပ်လျက် လက်နှစ်ဖက် ရင်ဘတ်ရှေ့ ယှက်ပြတော့ "ချစ်တယ်"ပေါ့။ ခက်လိုက်တာ ကာရန်ရယ်။ အစ်ကို့ကို ကာရန် ချစ်တယ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မင်းညသည် သက်ပြင်းရှည်ကြီးတစ်ချက်နှင့် ကာရန့်ကို ရင်ခွင်ထဲပြန်ပြီး တင်းတင်းဖက်ထားလိုက်မိပါသည်။ ကိုယ်လည်း မင်းကိုချစ်လို့,လို့ မင်းယူဆမှာပဲနော်။ မင်းကို ချစ်သလား မချစ်ဘူးလား မသိတောင် မသိတော့ပါဘူး ကာရန်ရယ်။ မင်းအတွက် စိတ်မကောင်းခြင်းတွေသာ ရင်ထဲနစ်မွန်းနေလို့လေ။

ဘယ်လိုပဲဖြစ်ပစေ မင်းကို မျက်နှာလွှဲခဲပစ်တော့ မဆိုင်သလို မနေနိုင်ဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ် အသိဆုံးပါပဲ။

ကားဆီရောက်လျှင် ကာရန့်မိုးကာကို ချွတ်ပေးကာ ကားနောက်ခန်းထဲထည့်၊ ကာရန့်ကို ဝင်ထိုင်စေပြီးမှ သူ ထီးပိတ်ကာ တစ်ပတ်ပတ် ဝင်ထိုင်လိုက်သည်။ တအားမစိုပေမယ့် ချမ်းနေတဲ့ ကာရန့်ကို ငဲ့ကြည့်နေမိရင်း ပြုံးပြနေတဲ့ မျက်နှာလေးကို သူ ဥပေက္ခာပြုဖို့ ခက်တယ်ဆိုတာ ပိုပိုနားလည်လာသည်။

ကာရန့်ခေါင်းလေးကို တစ်ချက်ပုတ်ပြီး မင်းည ဖုန်းဖွင့်လိုက်ပါသည်။

"အန်တီ ... ကျွန်တော် ကာရန့်ကို တွေ့ပါပြီ၊ ဟုတ်ကဲ့ ... ကျွန်တော် အခု အိမ်ပြန်ခေါ်လာနေပါပြီ"

ဖုန်းပိတ်ကာ မင်းညက ကားကို မောင်းထွက်လာခဲ့သည်။

○❦○





## ၁၀

"ဟာ ... မင်းကလည်းကွာ၊ ဘယ်နှရက်ရှိသေးလို့ ဒီလို ကိစ္စ ရှိရတာလဲ၊ လောကကြီးမှာ ဒီလိုကိစ္စမျိုးတွေရှိပေမယ့် မင်းညနဲ့ မဆိုင်ဘူးလို့ ငါက သတ်မှတ်ထားတာ"

မင်းညက ခေါင်းငုံ့ပြီးခံရမယ့် အပြုံးနှင့် ငြိမ်နေလိုက်ပါသည်။ ပြောစရာ ဖြစ်ခဲ့ပြီလေ။ ဘယ်လိုက ဘယ်လိုဖြစ်ပြီး နှစ်နေရာမှာ ချစ်သူနှစ်ယောက်နှင့် သူ့အဖြစ်က ရှုပ်ထွေးခဲ့ပါလိမ့်။ မပြောတတ်တော့ပါ။ သူ့မှာ ဖောက်ပြန်လိုတဲ့ နဂိုအခြေခံစိတ်လည်းမရှိ။ မိုးကိုလည်း သူ ချစ်ပါသည်။ မိုးအပေါ်လည်း သစ္စာမဲ့ဖို့ ဘယ်တုန်းကမှ မတွေး။

ရှင်းရှင်းပြောရရင် သူ့ကိုယ်သူ ဒီလိုဖြစ်သွားလိမ့်မယ်လို့ စိတ်ကူးတောင်မယဉ်၊ အိပ်မက်တောင် မမက်ဖူးပါ။ ဘယ်လိုဖြစ်သွားခဲ့ပါလိမ့်။ ကံဆိုးမိုးမှောင်ကျပြီး ခုလို ရှုပ်ထွေး



www.burmeseclassic.com

www.burmeseclassic.com



[illegible] မင်းည မပြောလို့။ ကာရန့်ကိုလည်း အပြစ်မတင်လိုပါ။

ခုချိန်မှာ သူ ဘာဆက်လုပ်ရမယ်ဆိုတာ သူ မသိတော့။

"ဟော့ကောင် ... မင်းည"

"အေး"

"ဘာအေးလဲ၊ အေးမနေနဲ့၊ မိုးသည်းသိရင် ကျိုင်နော် ... ကျိုင်ကွ"

"အင်း"

"ဟော့ကောင် ... မိုးသည်းက ပါးလိုက်တာမှ တလှစ်လှစ်နေတာနော်၊ မင်း သူ လုံးဝမရိပ်မိအောင် နေဖို့ဆိုတာ မလွယ်ဘူး"

"အင်း"

"မင်း ... ကာရန့်ကို သနားသွားတာ မဟုတ်လား"

"သနားတာလည်း ပါတာပေါ့ကွာ"

"မင်း သနားပြီးတော့ မင်းနှလုံးသွားက ... [illegible] တော့ သူ့ဘက်က ငြိတွယ်နေတာ ဒ်ကို ဥပေက္ခာမပြုရက်ဘူး၊ ဒီသဘောပဲ မဟုတ်လား၊ ဒါနဲ့မဲ့ မင်း မိုးသည်းလည်း ရောထွိုင်လိုက်တာ မဟုတ်လား"

"ဒီလိုသက်သက်ချည်းလည်း မဟုတ်ဘူး"





"ဒီအခြေအနေက နောက်ဆုတ်လို့ ရပါသေးတယ်ကွာ၊ မင်း နောက်ဆုတ်လိုက်ပါလား"

"မဖြစ်ပါဘူး မိုးသူရရာ"

"ဘာဖြစ်လို့လဲကွ"

"ငါ နောက်မဆုတ်ရက်ဘူး၊ နောက်ဆုတ်လိုက်ရင် သူ ရူးသွားမလားတောင် မသိဘူးကွ၊ သူ့ခမျာ ငါ့ကို အရမ်းချစ်နေတာ"

"ဒါဆို ... မင်း မိုးသည်းကို ဖြတ်မလို့လား"

"မိုးသည်းကိုလည်း မဖြတ်ပါဘူး၊ မိုးသည်းမှာလည်း ဘာအပြစ်မှ မရှိတာ"

"ဒါဖြင့် မင်း မိန်းကလေးနှစ်ယောက်ကြားမှာ ဘယ်လို လုပ်မလို့လဲ"

"အေး ... ဒါကို ငါလည်း စိတ်ရှုပ်နေတာ"

"အဓိပ္ပာယ်မရှိတာကွာ၊ မင်းကတော့၊ နှစ်ယောက်စလုံးက ငါနဲ့ မကင်းရာ မကင်းကြောင်း အသိမိတ်ဆွေတွေချည်းပဲ ဖြစ်နေတာနော် ဟော့ကောင်၊ မင်းက လည်လည်းမလည် ဘဲနဲ့ ရှုပ်ချင်တယ်ကွာ"

"ငါရှုပ်ချင်တဲ့သူ မဟုတ်ပါဘူးကွာ မိုးသူရ၊ အဖြစ်အပျက်က သူ့အလိုလို ဖြစ်ပျက်သွားတာ"

"အဲဒါ မင်းစိတ် မခိုင်မာလို့ ပျော့ညံ့လို့ တွေဝေနေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ခိုင်မာလို့ ချောညှဲ့လို့ တွေဝေလို့ တစ်ခုမှ မဟုတ်ဘူး ငါ ဘယ်သူ့ချစ်ရမှန်းမသိ ဖြစ်နေတာ မဟုတ်ဘူး မိုးသူရ နှစ်ယောက်စလုံးကို ချစ်နေတာ"

"အာ ... မင်းတော့ကွာ၊ ဆဲမိတော့မှာပဲ"

"ဟာ ... အဲဒါ ငါ့စိတ်ထဲမှာ ဖြစ်နေတာကို ရိုးရိုးပြော တာကွ၊ ငါလည်း စိတ်ရှုပ်တာပဲ၊ ဒီလိုကြီး နှစ်ဖာတ်လမ်း ဖြစ်မနေချင်တာတော့ အမှန်ပဲပေါ့"

"ဒီကိစ္စမျိုးက ကြံဖန်ပြီး ပေါ်တတ်တာပဲ မင်းညာ၊ မင်းလို တစ်သက်လုံး ကလိမ်ကကျစ်မရှိတဲ့ကောင်က ပိုတောင် မဖုံးမဖိတတ်ဦးမယ်၊ ပေါ်သွားမယ့်အချိန်ကို တွေးကြည့်ရင် ရင်မောစရာကြီးကွ"

"အင်း ... အဲဒီနေ့ကတောင် နည်းနည်းလေး ရှုပ်တော့မလို ဖြစ်သွားသေးတယ်၊ ငါက အဲဒီနေ့က ကာရန့်ကို သူ့အိမ် ပြန်ပို့ရင်း အဲဒီမှာ ခဏဆက်နေလိုက်တော့ ညကိုးနာရီ လောက်အထိ ဖြစ်သွားတယ်၊ ကာရန့်အမေကလည်း အတင်း ထမင်းစားပြီးမှ ပြန်ခိုင်းနေတာနဲ့"

"ဟွန်း ... မင်းညတို့ကတော့ ဟိုအိမ်ဒီအိမ် နှစ်အိမ်ခွစား စရာကိုဖြစ်လို့၊ မိုးသည်းအိမ်မှာ မစားခဲ့ရတဲ့ ထမင်းကို ကာရန့်အိမ်မှာ ဆက်စားတာပေါ့လေ"





"ငါ အဲဒီမှာ ထမင်းစားနေတုန်း မိုးဆီက ဖုန်းလာတယ်ကွ၊ ငါလည်း နောက်မှပြန်ဆက်လိုက်မယ်၊ ဒီမှာ စကားပြောဖို့ အဆင်မပြေလို့လို့ပြောပြီး ချလိုက်တယ်၊ အဲဒါကို မိုးက ငါ့အမေဆီ လှမ်းဆက်မေးပါလေရော"

"ဟာ"

"ငါကလည်း အခေါ်တွေ ဝမ်းကွဲညီမတွေ ပြောထားမိတာ ကိုး၊ အဲဒါကြောင့် ငါ့အမေလည်း သိမှာပဲဆိုပြီး လှမ်းမေး တာ၊ မေမေက ဘာမှမသိဘူးဆိုတော့ မေမေပါ လန့်ဖျတ် အံ့ဩပြီး ငါ့ဆီလိုက်ဆက်"

"နောက်ဆုံးတော့ မင်း မိုးသည်းကို ဘယ်လိုဖြေရှင်းလဲ"

"ဒီအခေါ်က လူကြီးတွေချင်း သိပ်မခေါ်ပြောကြဘဲ ငါနဲ့ သာ အဆက်အသွယ် ရှိနေတာလို့၊ တခြားဆွေမျိုးတွေ လည်း ဒါကြောင့် သိပ်အားကိုးစရာ မရှိလို့ ငါ့ကိုလှမ်း ခေါ်တာပေါ့ကွာ၊ မိုးလုပ်လို့ မေမေ သိသွားပြီး အတော် ခေါင်းကျိန်းရတယ်လို့၊ နောက်ဆိုရင် ငါ မပြောနိုင်သေး တာကို မေမေ့ကို လှမ်းလှမ်းမမေးပါနဲ့လို့၊ နောက်မှ ငါ အကုန်ပြောမှာပါလို့ ပြောရတာပေါ့"

မိုးသူရက မင်းညကို ပါးစပ်အဟောင်းသားနှင့် ခေါင်းတညိတ်တညိတ်လုပ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ရောက်ကိစ္စတွေအတွက်ပါ တစ်ချိတည်း ပိတ်ပစ်လိုက်တာပဲ၊ မင်း တော်တော်တောင် ကလိမ်ကကျစ် တတ်လာပြီပဲ မင်းည"

မင်းညက စိတ်ရှုပ်ရှုပ်နှင့် ရယ်မိပါတော့သည်။

"ကဲ ... ငါ တစ်ခုမေးပါရစေဦး"

"အင်း"

"မင်း ယူတော့ ဘယ်သူ့ကိုယူမှာလဲ"

မင်းညက သက်ပြင်းရှိုက်ရင်း ...

"ငါ ဘယ်လိုဖြေလို့ ရမှာလဲ"

"အစကတော့ မင်း မိုးသည်းကို ယူမှာပဲလေ၊ မိုးသည်း သူငယ်ချင်း မင်္ဂလာဆောင်မှာကိုကြည့်ပြီး မင်းတို့တောင် မကြာခင် ယူချင်သလိုလို ဖြစ်လာတယ် မဟုတ်လား၊ အခုတော့ မိုးသည်းကို မယူတော့ဘူးလို့ တွေးလိုက်နိုင်ပြီလား"

"မိုးသူရ... တစ်ယောက်ကို ရွေးပြောလိုက်တာဟာ နောက်တစ်ယောက်ကို ဖြတ်ဖယ်ချခဲ့တဲ့သဘော သက်ရောက်နေတယ်ကွ၊ ငါ ဘာမှမပြောနိုင်တာပါ၊ ငါလည်း အရမ်းစိတ်ရှုပ်နေတယ်ကွာ၊ သေချာတာကတော့ ငါ အလကားသက်သက် သွားကြောင်တာလည်း မဟုတ်သလို သူတို့နှစ်ယောက်ကိုလည်း နာကျင်စေလိုတဲ့သဘော လုံးဝမရှိဘူး"





မိုးသူရပါ စိတ်မောမော ရင်လေးလေးနှင့် သက်ပြင်းကြီး မှုတ်ထုတ်ရသည်။

"ငါ့မှာ အပြစ်ရှိတယ်၊ သူတို့နှစ်ယောက်စလုံးအပေါ်မှာ ငါ အပြစ်ရှိတယ်လို့ ခံစားရတယ်ကွာ"

တကယ်ကို မင်းည စိတ်ဓာတ်ကျနေပါသည်။ သူ့ကိုစိတ်ဓာတ်က ပေါ့ပေါ့နေ ပေါ့ပေါ့တွေး မဟုတ်ပါ။ ကောင်မလေးတွေကို တန်ဖိုးမထားဘဲ အလွယ်အပေါ့ သဘောထားတဲ့သူလည်း မဟုတ်ပါ။ မိကောင်းဖခင်သားတစ်ယောက်အဖြစ် ဣန္ဒြေရရ တည်တည်တံ့တံ့ ရှိချင်သူပါ။

"မင်းတောင် ငါ့အပေါ် လုံးစေ့ပတ်စေ့ သဘောပေါက်မှာ မဟုတ်ဘူး မိုးသူရ၊ ငါ တော်တော်စိတ်ပျက်နေတယ်ကွာ၊ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုဖြစ်သွားမှန်း မသိတော့ဘူး"

နွမ်းမှိုင်းနေတဲ့ မင်းည မျက်နှာကိုကြည့်၍ မိုးသူရက သဘောပေါက်သွားပါသည်။ မင်းည သဘောထားတွေကိုလည်း သူ အသိဆုံးပဲလေ။ ငယ်ကတည်းက ပေါင်းလာတာ။ သူလည်း ဒီကိစ္စအပေါ် ပျော်မနေ။ စိတ်ပဲ ရှုပ်ထွေးနေတာ။

"သိပ်လည်း စိတ်ရှုပ်ထွေးမနေပါနဲ့ကွာ"

"စိတ်ဓာတ်ကို ကျနေတာကွ"

"စိတ်ဓာတ်လည်း မကျပါနဲ့ကွာ၊ ဒါပေမဲ့ မင်း တစ်ခုကိုတော့ တစ်ချိန်မှာ ပြတ်ပြတ်သားသား ရွေးရမယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးအားယူထားကွာ၊ ဒီတိုင်းကြီးကတော့ ဘယ်လိုမှ ခရီးဆက်ဖို့ မဖြစ်နိုင်ဘူး မဟုတ်လား”

ခက်နေတာက နှစ်ယောက်စလုံးရဲ့အိမ်တွေ မိဘတွေက မင်းညကို သိရှိအသိအမှတ်ပြုထားကြတာပင်။ လူကြီးတွေပါသိကာ အဲဒီလူကြီးတွေကလည်း သူ့ကို လိုလိုလားလား ရှိကြတာကြောင့် ပိုပြီးစိတ်မကောင်း အားနာချင်စရာကောင်းသည်။

“မိုးသည်း တစ်ယောက်ဟာ သူ့မောင်ကိုတောင် ဗိုလ်ကျချင်တာ၊ သူငယ်ချင်းတွေနဲ့ဆိုလည်း ခဏခဏ ရန်ဖြစ်ရတာနဲ့ စိတ်ကောက်ရတာနဲ့ မခေါ်ရတာနဲ့၊ သူ ပြဿနာမဖြစ်တာ မောင်မင်းည တစ်ယောက်တည်းနဲ့ရယ်၊ မောင်မင်းည သူ့ကို သည်းခံတယ် အလိုလိုက်တယ်ဆိုတာ ထင်ရှားနေတာ၊ မိုးသည်း အပေါ် စိတ်ရှည်လို့ ကျေးဇူးတင်ပါတယ် သားရယ်၊ မိုးသည်းက သားလို ချစ်သူမျိုးနဲ့ပဲ ဖြစ်မှာ၊ သူ့အတွက် ရင်မောရ ရင်လေးရတာတွေ ခုတော့ စိတ်အေးနိုင်နေပါပြီ”

ဒါကတော့ မကြာ မကြာဆိုသလို မိုးသည်းရဲ့အမေ မင်းညကို ပြောမြဲဖြစ်သော စကားဖြစ်ပါသည်။ ဘယ်လိုပင်ဖြစ်စေ မိုးကို သူ ကျော့မခိုင်းနိုင်။

“ကျေးဇူးတင်ပါတယ် သားရယ်၊ အန်တီ ဘယ်လိုပြောရမှန်းတောင် မသိဘူး၊ အန်တီလေ ... အန်တီတို့သာ သေ





ခဲ့ရင်ဆိုပြီး သူ့ကို တစ်ယောက်တည်း ကျန်ရစ်ခဲ့မှာ စိတ်မချလွန်းလို့၊ ကိုယ်တောင် အရင်မသေချင်ဘူး၊ ကိုယ့်သမီးကိုယ်လည်း မသေစေချင်ရက်တော့ သေရွာရှိ ပြိုင်တူသာ သေလိုက်ချင်တယ် ...

သားရှိလာတာ အန်တီ တအားတက်လိုက်တာ၊ ကာရန့်ကို ဘယ်တော့မှ ပစ်မထားနဲ့နော် သား၊ အမေရင်း အနေနဲ့ မျက်နှာပူပူနဲ့ ပြောရရင် သားနဲ့ပတ်သက်ပြီး သူ့မှာ ခံစားချက်တွေ မျှော်လင့်ချက်တွေ အများကြီးဖါ၊ ဒီအတွေ့အကြုံလည်း ဘယ်တုန်းကမှ မရှိခဲ့တော့ အရူးတစ်ပိုင်းလို ဖြစ်နေတဲ့ ကာရန်လေးကို စောင့်ရှောက်ပေးပါ သားရယ် ... နော်၊ သား တတ်နိုင်သလောက်ပေါ့ ...

အန်တီ ဖြစ်စေချင်သမျှ အကုန် သားကို တောင်းဆိုဖို့ နှုတ်ကမထွက်ပါဘူး ...

သားတတ်နိုင်သလောက် အားပေး စောင့်ရှောက်ပေးပါလို့ပဲ ...”

ဒါကတော့ ကာရန့်မေမေက သူ့ကို မျက်ရည်ကြည်ရစ်လည်း၍ ပြောခဲ့တဲ့ စကားပါ။ သူ့ကိုတွေ့တာနှင့် ချစ်တဲ့အထိမ်းအမှတ် လက်သီးဆုပ်နှစ်ဖက်နှင့် ရင်ဘတ်ရှေ့ လက်ကိုကြက်ခြေခတ်ပြီး တုန်တက်ပြလိုက်တတ်သေးသော ကလေးဆန်ဆန် ကာရန်လေးကိုလည်း သူ ချစ်မြတ်နိုးမိတာ အမှန်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့်ပဲ မင်းညက မိုးသည်းနှင့်တွေ့တော့ "မိုး" ရဲ့ "ည"။ ကာရန်နှင့်တွေ့ချိန်မှာ "ညီမ"ရဲ့ "ကို"။ ဤအခြေအနေနှစ်ရပ်ကြားမှာ ...။

○ ❦ ○

ကျောင်းဝင်းထဲ ကားကိုကွေ့ဝင်လိုက်လျှင် ကာရန့်မျက်နှာလေးက သိသိသာသာ ပြုံးလာပါသည်။ အနည်းငယ်အိုမင်းနေတဲ့ ကျောင်းအဆောက်အအုံတွေကို ငေးကြည့်ရင်း မင်းညက ကားပေါ်က ဆင်းလိုက်ပါသည်။

ဒီနေ့ဟာ နိုဝင်ဘာလ ၃၀ ရက်နေ့။

သူ့ရဲ့ငယ်စဉ်က မိခင်ကျောင်းဖြစ်ခဲ့တဲ့ မေရီချက်ပ်မဲင်ကျောင်းမှာ အကပြိုင်ပွဲရှိလို့ ဆိုကာ ကာရန်က လိုက်ပို့ပေးဖို့ ပူဆာခဲ့သည်။ မန္တလေးဆွံ့အနားမကြားကျောင်း၊ ရန်ကုန်မှ မေရီချက်ပ်မင်ကျောင်းတို့ အကပြိုင်ကြမှာဖြစ်ပါသည်။ သူနဲ့ခင်မင်ခဲ့တဲ့ ဒီကျောင်းထွက် သူငယ်ချင်းတချို့နှင့် ကျောင်းက ဆရာမတို့ရဲ့ဖိတ်ကြားမှုကြောင့် ကာရန်က အားပေးဖို့ လာခဲ့တာပါ။

ခြောက်တန်းအောင်ပြီးကတည်းက ဒီကျောင်းမှာ မတက်ရတော့ဘူးဆိုတော့ ကျောင်းနဲ့ဝေးကွာခဲ့တာ ကြာပြီဖြစ်ပေမယ့် လုံးလုံးကြီးတော့ အဆက်မပြတ်ခဲ့။ ကျောင်းမှာ နှစ်တိုင်း





ခရစ်စမတ် ပျော်ပွဲရွှင်ပွဲလည်း ကျင်းပလေ့ရှိရာ အဲဒီနေ့ကျရင်တော့ ကျောင်းသားဟောင်းတချို့ပါ ရောက်လာတတ်ကြလေ့ရှိပါသည်။

ဒီနှစ်လည်း ခရစ်စမတ် ပျော်ပွဲရွှင်ပွဲက ၂၂ ရက်နေ့မှာ ကျင်းပမည်။ အဲဒီနေ့ကျရင်လည်း ကာရန်က မင်းညကိုခေါ်ကာ အလှူငွေအတွက် မုန့်တစ်ခုခု လာရောင်းဖို့ စဉ်းစားထားပါသေးသည်။

"ဖြိုး ရောက်ဖူးလား"

နောက်ခန်းက ဆင်းလာတဲ့ ဖြိုးကို မင်းညကမေးလိုက်ပါသည်။

"ဟုတ်"

ဖြိုး ဖြေသံက မပွင့်တပွင့်။ ဖြိုးမျက်နှာကလည်း သိပ်မသာယာ။ ဖြိုးသည် မင်းညနှင့် ကာရန့်အခြေအနေအပေါ် ကျေနပ်တစ်ဝက် မကျေနပ်တစ်ဝက် မတင်မကျ ဖြစ်နေတာသိသာလှပါသည်။

မင်းညမှာ ရည်းစားရှိမှန်း သူ သိထား၍ ကာရန်နှင့် ထပ်မံပတ်သက်မှုကို မကျေနပ်ချင်။ ဒီအခြေအနေကြောင့် ပြောင်းလဲ ထူးခြား ရှင်သန်လာတဲ့ ကာရန့်အနေအထားကြောင့်လည်း သူပါ စိတ်ချမ်းသာ ကျေနပ်ရပြန်သည်။ ဤနှစ်မျိုးအကြား ကသိကအောက် ဖြစ်နေတဲ့ပုံပင်။

"ကပွဲ လာကြည့်ဖူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဖန်ဖဲကို နှစ်တိုင်း လိုက်လာဖူးတယ်"

ကာရန်က ကားကိုပတ်ကာ မင်းညရဲ့လက်ကို လာတွဲခေါ်လိုက်ပြီး အဆောက်အအုံရဲ့ ပေါ်တီကိုအောက်မှ လှမ်းဝင်လိုက်ပါသည်။

"ဟော ... သမီး ... ကာရန်"

ဆရာမတစ်ယောက်ရဲ့ နှုတ်ဆက်သံနှင့်အတူ ကာရန်ရော ဆရာမပါ လက်ညှိုးလက်ခလယ်နှစ်ချောင်းပူး နဖူးမှာဆလုတ်ရိုက်လျက် နှုတ်ခွန်းဆက်လိုက်ကြပါသည်။

"မေမေ မပါဘူးလား"

ဆရာမရဲ့ ခြေဟန်လက်ဟန်နှင့် အမေးကို ကာရန်က ခေါင်းခါပြလိုက်ပါသည်။

"ဒါက ! အစ်ကိုလား"

ကာရန်က မင်းညကို မော့ကြည့်ပြီးရင်း ခေါင်းတစ်ခါထပ်ခါလိုက်ပြန်ကာ လက်ဟန်နှင့် သူ့ချစ်သူပါဆိုတာ ကြေညာလျှင် ဆရာမသည် အံ့သြတကြီး ဝမ်းမြောက်ပုံနှင့် ...

"ဩော် ... ဟုတ်လား"

ကာရန်က အရမ်းကို ပြုံးရယ်နေပါတော့သည်။

ကပွဲခန်းမက အပေါ်ထပ်မှာမို့ သူတို့အပေါ်ထပ်တက်ခဲ့ကြသည်။ ခန်းမထဲမှာ စင်မြင့်နှင့် သပ်သပ်ရပ်ရပ် ပြင်ဆင်ထားကာ ဧည့်ပရိသတ်ထိုင်ဖို့ ခုံတွေချထားပေးပါသည်။ အလယ်နားမှာ





ဝင်ထိုင်လိုက်ကြပြီးတဲ့နောက် မင်းညသည် မင်းသား မင်းသမီး ဝတ်စုံတို့နှင့် ကလေးတွေကို သဘောတကျ ကြည့်နေမိသည်။

ကျကျနန ဖြီးလိမ်းပြင်ဆင်ဝတ်စားထား၍ တကယ့်ဇာတ်မင်းသား မင်းသမီးတွေလို လှပကြော့မော့နေကြပါသည်။

ကလေးတွေ ဆိုတော့ မျက်နှာလေးတွေက ကြည်လင်သန့်ရှင်း၍ ရုပ်ကလေးတွေကလည်း သန့်သန့်ကလေးတွေပင်။

ကာရန်က ဟိုလူနှင့် နှုတ်ဆက်၊ ဒီလူနှင့်နှုတ်ဆက် သိဟောင်းကျွမ်းဟောင်းတို့နှင့် တွေ့ကာ မြူးထူးနေသည်။ ဖြိုးကတော့ သူ့နေရာမှာသူ ငြိမ်ငြိမ်ပဲထိုင်ရင်း ကာရန့်ကို ချစ်ခင်စွာ လိုက်ကြည့်နေသည်။

"ဖြိုး ..."

"........."

ဖြိုးက လှည့်ကြည့်လာသည်။

"ဖြစ်သွားတဲ့ အဖြစ်အပျက်တွေအတွက် ဖြိုး သဘောပေါက်နိုင်မယ်လို့ ထင်မိတယ်၊ တို့မှာ ရွေးချယ်စရာတခြားလမ်းမရှိပါဘူး"

"ဖြိုး သဘောပေါက်ပါတယ် ကိုမင်းည၊ ကိုမင်းညကို ဘယ်လိုမှ အပြစ်မမြင်ပါဘူး၊ ကာရန့်ကိုသာ သနားနေမိတာပါ၊ ကိုယ့် မကြာခင် သေရမယ်ဆိုတာကို လူနာကို



www.burmeseclassic.com

www.burmeseclassic.com



ခုအသိပေးမလား၊ အသိမပေးတော့ဘဲ နေချင်သလိုနေတော့လို့ လွှတ်ပေးထားလိုက်မလား ဆိုတာလိုပေါ့။ ဒီကိစ္စမျိုးဟာ တစ်ယောက်တစ်မျိုး အဆင်ပြေသလို ဆုံးဖြတ်ပြီး အလိုက်အထိုက် ဆောင်ရွက်သွားရတာမျိုးပဲဟာ"

"အဲဒီနားလည်မှုရှိတာ ကျေးဇူးတင်ပါတယ်"

"ကိုမင်းညမှာ ချစ်သူရှိတာ ကာရန် သိသွားရင် ရင်ကွဲနာကျပြီး သေသွားလိမ့်မယ်တောင် ထင်တယ်၊ သူ အဲလောက်တောင် ကိုမင်းညကို ချစ်တယ်"

မင်းညက သက်ပြင်းချရင်း ...

"အဲဒါကို ကြုံရမယ့်အစားတော့ ကျွန်တော် အရင်ပဲ သေလိုက်ချင်တယ်"

"အဲဒီလောက်တောင်ပဲလား ကိုမင်းညရဲ့"

ဖြိုးအသံက မယုံမကြည်နှင့် ရယ်သံတောင် စွက်နေသည်။

"ဟုတ်တယ်ဗျ၊ ဖြိုး ကာယကံရှင် မဟုတ်သရွေ့ မခံစားနိုင် ကိုယ်ချင်းမစာနိုင်ပါဘူး၊ တို့ ဘယ်လောက်ထိ စိတ်ဆင်းရဲတယ်၊ အပြစ်ကြီးကြီး ခံစားနေရတယ် ဆိုတာ၊ အပြစ်မရှိတဲ့ မိန်းကလေးနှစ်ယောက်ကြားမှာ သစ္စာမရှိတဲ့ လှည့်စားသူသက်သက် ဖြစ်နေပြီ၊ ဘယ်သူမှ မနာကျင်ရတဲ့ နည်းလမ်းကို စဉ်းစားမရလို့ ရှူးတောင် ရှူးလိုက်ချင်တာ"





ဖြိုးသည် ယုံကြည်သင့်တဲ့ မင်းညရဲ့မျက်နှာမူရာကို ကြည့်ပြီး သူပါရင်မောသည်။ ကိုမင်းညနှင့် ကာရန် မပတ်သက်ခင်ကနှင့် ပတ်သက်အပြီး နှစ်ယောက်စလုံးဟာ တစ်မျိုးစီပြောင်းလဲသွားပါသည်။

ဘဝမှာ လိုအပ်ချက်တွေနှင့် အမြဲတမ်း ကွက်လပ်တွေရှိနေသလို မှုန်မှိုင်းနေခဲ့ရတဲ့ ကာရန်က ကြည်လင်လန်းဆန်းတက်ကြွပြီး အဓိပ္ပာယ်တွေ မျှော်လင့်ချက်ရောင်ခြည်တွေ တောက်ပတဲ့ဘဝတစ်ခုကို ထွေးပိုက်ထားရသလို နွေးထွေးရွှန်းမြလာလျက် ...

အရင်က သူ့အခြေအနေနှင့်သူ စိတ်ညစ်စရာဆိုတာ မြူတစ်မှုန်စာ မရှိတာ သိသာသော ကြည်လင်လန်းဆန်း တက်ကြွနေခဲ့တဲ့ ကိုမင်းညက စိတ်ရဲ့မပေါ့ပါး မလွှတ်လပ်သော ဖိစီးချည်နှောင်မှုကြောင့် မျက်နှာရဲ့အရောင်အဆင်းကအစ ပြောင်းလဲသွားသယောင် ထင်ရပါသည်။

"ဘာတွေ ပြောနေတာလဲ"

မင်းညတို့နှစ်ယောက်ကြားကခုံကို ကာရန် အပြေးလေး ပြန်ရောက်လာပြီး လက်ဟန်နှင့် မေးလိုက်ပါသည်။ ဖြိုးက တမင် "မပြောဘူး"လို့ ပြောလိုက်တဲ့အခါ ဖြိုးကို ပခုံးစောင်းတိုက် မကျေမချမ်း မျက်စောင်းထိုးကာ မင်းညဘက်လှည့်ပြီး မေးပြန်ပါသည်။ ဖြိုးနဲ့တောင် ဘာတွေပြောကြတယ်ကအစ အစအဆုံး ပြန်သိချင်တဲ့ ကာရန့်ရဲ့ သဝန်တိုမှုကလည်း အလွန့်အကျူးပင်။



www.burmeseclassic.com

www.burmeseclassic.com



မင်းညက ကျောင်းအကြောင်း မေးနေတာဆိုတဲ့ **အစိပ္ပာယ်မျိုး** ပြောပြလိုက်၍ ကျေနပ်သွားပါသည်။ ကပွဲမှာ မန္တလေးဆွဲ့အနားမကြားကျောင်းကတစ်လှည့် ရန်ကုန်မေရီချက်မင် ကျောင်းကတစ်လှည့် ကလေးတွေ အကပြိုင်ကြသည်။ သူတို့လေးတွေခမျှာ ဆောင်းဘောက်စ်ကနေ အကျယ်ကြီး လွှင့်ပျံ့နေတဲ့ သီချင်းသံတီးလုံးသံကို ဘာမှမကြားရဘဲ သူတို့ဟာသူတို့ တိုင်မင်မှတ်ထားတဲ့ ကကွက်တွေအတိုင်း ကပြကြတာဖြစ်လေသည်။ အဲဒါကို မလွဲမမှား တေးသွားစာသားနှင့် သူတို့ဟန်မူရာ ကိုက်ညီအောင် ကနိုင်ကြတာက ချီးမွမ်းဖို့လည်း ကောင်း၊ ချစ်စရာလည်း ကောင်း။

ကာရန်က ကပွဲဆိုကတည်းက မင်းညက ကင်မရာလေး ထည့်ယူလာပါသည်။ အခုလည်း စင်မြင့်ထက်ဆီလည်း ရိုက်၊ ကာရန့်ကိုလည်း ...

"ဓာတ်ပုံရိုက်ပေးမယ်နော်"

ကာရန်က သူ့ရင်ဘတ်လေး သူပုတ်ကာ ဝမ်းသာအားရ ခေါင်းညိတ်ပါသည်။ မင်းညမှာ ကင်မရာ ပါလာတဲ့အတွက် အတော်သဘောကျနေပြီး မင်းညက ထိုင်ခုံတန်းမှထွက်၍ ဘေးဘက် လူလျှောက်လမ်းမှ ဓာတ်ပုံရိုက်နေစဉ် ဓာတ်ပုံအရိုက်ခံနေတာနှင့်မတူအောင် ငိပိရိရိ နေနေပုံကို မင်းည ချစ်စနိုးဖြစ်ရသည်။

"ည ..."





ရုတ်တရက် ခပ်လှမ်းလှမ်းမှ ထွက်လာသောအသံကြောင့် မင်းညက လန့်ဖျက်ကာ တုန်ခနဲတောင် ဖြစ်သွားသလောက်ပင်။ "ည"ဆိုတဲ့ခေါ်သံက ဆင်တူမရှိဘူးလေ။ ချာခနဲလှည့်ကြည့်လိုက်လျှင် မလှမ်းမကမ်းမှ လျှောက်လာနေသော မိုးသည်းက မင်းညထံ တအံ့တဩ လက်ညှိုးလေး ညွှန်လာသည်။

သီချင်းသံတွေကြောင့် မိုးသည်းရဲ့ခေါ်သံက [illegible] ကြီးတော့ ပေါ်ထွက်မလာပေမယ့် မင်းညနားထဲတော့ ဗုံးတစ်လုံးကပ်ကွဲသလို ဖြစ်သွားတာ။ မင်းညသည် ဒီဘက်ကို မိုးသည်းရောက်မလာခင် သူက ခပ်သွက်သွက် လျှောက်သွားနှင့်လိုက်သည်။ လမ်းခုလတ်မှာ ဆုံမိကြပြီးလျှင် ...

"ည ... ဘာလာလုပ်နေတာလဲ"

"ကိုယ် ကိစ္စရှိလို့ မိုးရဲ့၊ မိုးရော"

"အဘွားက သူ့မွေးနေ့ ဒီက ကလေးတွေကို တစ်ခုခုကျွေးချင်တယ်ဆိုတာနဲ့ Date လာမှတ်ပြီး အလှူငွေလာပေးတာ ညရဲ့၊ အောက်မှာ ကိစ္စက ပြီးနေပါပြီ၊ ဆရာမတွေက ဒီနေ့က တိုက်တိုက်ဆိုင်ဆိုင် ကပွဲရှိတဲ့နေ့မို့လို့ တက်ကြည့်ဦးမလားဆိုလို့ သူတို့လေးတွေကတာ မမြင်ဖူးတာနဲ့ ခဏတက်ကြည့်တာ"

"အကပြိုင်ပွဲလေ၊ မန္တလေးကကျောင်းနဲ့ ရန်ကုန်ကဒီကျောင်း ပြိုင်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ကလေးတွေက ကျောင်းစုံညီပွဲတို့ ဆိုကရေး တီးပြိုင်ပွဲတို့ ဝင်နေတဲ့ အတိုင်းပဲ၊ အတော်ကတတ်ကြတာ နော်"

"အင်း"

"ညက ဘာကိစ္စရှိလို့ လာတာလဲ"

"ဩော် ... ကိုယ်က ဟို ... ကွန်ပျူတာတချို့ ပြင်ပေးဖို့"

မင်းညသည် ယုတ္တိရှိရှိ မရှိရှိ ပါးစပ်ထဲတွေ့ကရာ ပြောချလိုက်ရပါသည်။

"ဩော်"

"ကိုယ့်သင်တန်းမှာ ဒီက ကလေးတစ်ယောက် ရှိတယ်"

"ဟုတ်လား၊ ဒီက ကလေးက ကွန်ပျူတာလာတက်နေ တယ်"

"အင်း"

"အံ့သြစရာကြီး၊ ဒီက ကလေးတွေ တော်ကြသားပဲနော်၊ ခုနလည်း အောက်မှာ ဆရာမတွေက ကျောင်းသူကျောင်း သားတွေနဲ့ မိတ်ဆက်ပေးနေတာ၊ ကလေးတွေအားလုံးက ချက်ချက်ချာချာလေးတွေ၊ စကားမပြောနိုင်ပေမယ့် လက် ဟန်မူရာလေးတွေနဲ့ ရေရေရာရာ ရှင်းပြ ပြောပြနေကြတာ စိတ်မကောင်းသလိုလည်းဖြစ်၊ သဘောကျနှစ်ခြိုက်စရာ လည်းဖြစ်၊ တက္ကသိုလ်ရောက်နေတဲ့ ကောင်မလေးတွေ လည်း တွေ့ခဲ့တယ်"





"ဟုတ်တယ် မိုးရဲ့၊ တက္ကသိုလ်ရောက်နေတာတွေ ရှိတယ်၊ ဘွဲ့ရပြီးသွားတာတွေလည်း ရှိတယ်"

မိုးသည်းနှင့် စကားပြောနေရင်းက မင်းည မျက်လုံး ထောင့်စွန်းက ကာရန်တို့ဘက် အကဲခတ်နေမိပါသည်။ ကာရန် ရော ဖြိုးပါ မင်းညကို လှမ်းတွေ့နေကြပြီး ကာရန့်ကို ဖြိုးက ဘာ တွေမှန်းမသိ တတွတ်တွတ် ပြောနေပါသည်။ မင်းည မိန်းကလေး တစ်ယောက်နှင့် စကားပြောနေတာကို ကာရန်က စိတ်ဝင်စား တကြီး စိတ်မဖြောင့် လက်မဖြောင့် ဖြစ်နေတာကို ဖြိုးက လှည့် ပတ်နားချနေရတဲ့သဘော ဆိုတာ မင်းည ရိပ်မိသည်။

သူ့ခြေလှမ်းတွေကို အောက်ထပ်ဘက် ဦးတည် ရင်း ...

"မိုး ပြန်တော့မှာလား"

"အင်း ... ပြန်မှာပါ၊ ခဏပဲ တက်ကြည့်တာ၊ ဘွားဘွား တောင် အောက်ကရုံးခန်းမှာ"

"ဒါဖြင့် ဆင်းရအောင်"

မိုးသည်းက မင်းညဘေးမှ ပါလာရင်း ...

"ညရော ပြန်တော့မှာလား"

"ကိုယ်က ကိစ္စမပြီးသေးဘူး မိုး၊ တွေ့ရမယ့်သူ ရှိသေး တယ်၊ သူ မရှိသေးတုန်း ကိုယ်လည်းကပွဲခဏတက်ကြည့် နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဓာတ်ပုံက ဘာအတွက် ရိုက်ရတာလဲ"

"ဘာမှတော့ မဟုတ်ပါဘူး၊ ကင်မရာပါလာတာနဲ့ ဒီလိုပဲ နှစ်ပုံ သုံးပုံ ရိုက်ယူထားလိုက်တာပါ။ ဒီလိုကပွဲမျိုးက ရှားပါးတယ် မဟုတ်လား၊ အမှတ်တရပေါ့"

"ဟိုမှာ အဘွား"

အဘွားက ရုံးခန်းထဲက ထွက်လာရင်း ...

"ပြန်ကြစို့လေ ငါ့မြေး၊ ဆေးသောက်ချိန်နီးပြီ၊ အဘွား ဆေးပါမလာဘူး၊ အိမ်မှာကျန်ခဲ့တာ၊ ဆေးသောက်ပြီးမှ ထမင်းလေး ဘာလေး စားရမှာ"

အဘွားက ဆီးချိုသွေးတိုးနှင့် ပတ်သက်သောဆေး တွေ သောက်ရပါသည်။

"မောင်မင်းညနဲ့က ဒီမှာချိန်းထားတာလား"

"မဟုတ်ဘူး အဘွား၊ သူက သူ့အလုပ်ကိစ္စနဲ့လာတာ၊ ဒီက ကွန်ပျူတာတွေပြင်ဖို့ ရှိလို့လေ"

မိုးသည်းက ရိုးရိုးလေး ရှင်းပြနေစဉ်မှာ ဘေးမှာ ဒီက ဆရာမတစ်ယောက်လည်း ရှိနေ၍ မင်းည မျက်နှာတွေမှ ကာ စိတ်တွေ တအားကျဉ်းကျပ်လာပါသည်။

"ဒါဖြင့် မိုးတို့ ပြန်တော့မယ်"

"........."

"ဟင် ... ည တစ်မျက်နှာလုံး ချွေးတွေနဲ့ ဘာဖြစ်လို့လဲ"





ရုတ်တရက် စိတ်လှုပ်ရှားခြင်း၊ စိတ်ကျဉ်းကျပ်ခြင်း၊ စိတ်အနှောင့်အယှက် ဖိစီးခြင်းတို့ကြောင့် လူက ခေါင်းမူးသလို ရှိတာကိုပဲ သတိပြုမိသည်။ မိုးသည်း ပြောမှ ကိုယ့်ရဲ့မျက်နှာသာ မက တစ်ကိုယ်လုံး ချွေးတွေနှင့် ရွှဲနစ်နေတာကို သိရပါသည်။

"ဘာမှမဖြစ်ဘူး မိုး၊ နည်းနည်းအိုက်လို့"

"ဟင် ... ညကလည်း ရုတ်တရက်ကြီး၊ ဒီလောက်ကြီး လည်း မအိုက်ဘဲနဲ့၊ နေကောင်းရဲ့လား"

"ကောင်းပါတယ် မိုးရဲ့"

နှုတ်က ဟန်မပျက် ပြောနေပေမယ့် မင်းည ခေါင်းထဲ မူးရိပ်ရိပ် ဖြစ်နေပါသည်။

"တကယ်နေကောင်းရဲ့လား၊ ခေါင်းမူးနေလား"

"မမူးပါဘူး မိုးရဲ့"

နဖူးကချွေးတွေကို မင်းညက လက်နှင့်ပဲ သုတ်ပစ် တော့ မိုးက တစ်ရှူးထုတ်ပေးပါသည်။ တစ်ရှူးတစ်ထုပ်လုံး ကုန်သွားတဲ့အထိ ချွေးတွေက အထပ်ထပ် သုတ်ယူရသည်။

"ကဲ ... ဒါဖြင့် ပြန်မယ်နော် ည"

"အင်း"

"နောက်အပတ် ကြာသပတေး ဒီမှာကျွေးမှာ သိလား၊ အဘွားကလာမှာ၊ ညရော လာဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



"အင် ... အခြေအနေ ကြည့်သေးတာပေါ့ မိုး၊ အလုပ်များ မများ တစ်ချက်ပြန်ကြည့်ရဦးမယ်"

"ပြီးရော ... ပြီးရော၊ မိုးတို့သွားပြီ"

"အင်း ... အင်း"

"သွားမယ် မောင်မင်းည"

"ဟုတ်ကဲ့ပါ အဘွား"

မိုးသည်းတို့ကား ထွက်သွားတာကို ရပ်ကြည့်နေပြီး အပေါ်ချက်ချင်းပြန်မတက်နိုင်ဘဲ ဝင်ပေါက်နားက ဆက်တီများမှာ ဝင်ထိုင်နေလိုက်ရပါသေးသည်။ သူထိုင်မိတာ သုံးလေးမိနစ်အရှိမှာ အပေါ်ထပ်လှေကားမှ ကာရန်နှင့် ဖြိုး ဆင်းလာသည်။ ဖြိုးက ကာရန့်လက်ကို နောက်မှဆွဲထားသော်လည်း ကာရန်က စိတ်စောစောနှင့် သွက်သွက်ဆင်းလာနေရာမှ မင်းညကိုမြင်လျှင် ပြေးလာပြီး အနားမှာ လာထိုင်လိုက်ပါသည်။

"ကိုမင်းည ... ကာရန်က ဆိုးလာပြီ သိလား"

ဖြိုးက မင်းညကိုလည်း လှမ်းပြောရင်း ကာရန်ပါ အဓိပ္ပာယ်ပေါက်အောင် လက်ဟန်မူရာ ထည့်ပြောလိုက်လျှင် ကာရန်က ဖြိုးကို မျက်စောင်းထိုးလိုက်ပါသည်။

"ခွတ်ပဲ ... အတင်းပဲ"

ဖြိုးက တကယ် စိတ်မောလူမော စိတ်ပျက်ပုံပေါက်နေပါသည်။ ကာရန်က မင်းည လက်မောင်းကို ဆွဲကိုင်လှုပ်ကာ





"ဘယ်သူလဲ"လို့ လက်မူရာနှင့်မေးသည်။ မင်းညက "ညီမ"ဆိုတဲ့ အဓိပ္ပာယ် မျက်ခုံးပေါ် လက်ညှိုးလေးတင်ကာ လက်ဖဝါးကို အောက်ဘက်နှိမ့်ပြသည်။ "အဘွား"ဆိုတဲ့ အဓိပ္ပာယ်နှင့်လည်း မျက်ခုံးပေါ် လက်ညှိုးတင် ပါးနှစ်ဖက်ကို မေးအောက်မှ လက်နှင့် ညှပ်ကိုင်ညှစ်ပြသည်။

ညီမနဲ့ အဘွားနဲ့ပေါ့။ ညီမချည်းပဲဆိုရင် မယုံသင်္ကာမှုက ပြီးချင်မှပြီးဦးမည်။ အဘွားပါပါတော့ ပိုပြီး ယုံချင်စရာကောင်းသွားပါသည်။ ကာရန်က ဘာလာလုပ်တာလဲဟု အမူအရာပြမေးလျှင် မင်းညသည် ခေါင်းမူးနေပြီမို့ ...

"ဖြိုး ... အဘွားက မွေးနေ့မှာ ဒီက ကလေးတွေကို ထမင်းကျွေးဖို့ ငွေလာလှူတာလို့ ပြောလိုက်စမ်းပါဗျာ"

မင်းညက ဆက်တီမှာ မှီထိုင်ရင်း ထပ်ထွက်လာတဲ့ ချွေးတွေကို ခပ်ဖြည်းဖြည်း သုတ်နေမိသည်။ ဖြိုးက ကာရန့်ကို ရှင်းပြပြီးလျှင် ...

"ကိုမင်းည နေမကောင်းဘူးလား"

"ကောင်းပါတယ်"

"မျက်နှာက ဖြူဖပ်ဖြူရော်နဲ့"

မင်းညဘက် လှည့်ထိုင်ကာ မင်းညလက်တစ်ဖက်ကိုကိုင်ပြီး စိုးရိမ်ပူပန်တဲ့ မျက်လုံးဝိုင်း မျက်နှာလေးငယ်ငယ်တို့နှင့် စိုက်ကြည့်နေတဲ့ ကာရန့်ကို ပြန်ပြီးပြုံးပြနှစ်သိမ့်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရရဲ့လား ကိုမင်းညှ"

"ရပါတယ် ဖြိုး"

"ကာရန် ... နင် သိပ်မဆိုးနဲ့ သိလား၊ တစ်ခုခုဆိုရင် ဇွတ်ပဲ၊ အောက်ကိုဆင်းသွားပြီ၊ ပြန်လည်းတက်မလာဘူးနဲ့ ဂျီတိုက်နေတာပဲ၊ ဒီမှာဖြင့် ကိုမင်းညှက နေမကောင်းလို့ ဆက်ထိုင်နေတာ"

ကာရန်သည် သူ့ကို ဖြိုးက စိတ်တိုအပြစ်တင်နေမှန်းသိကာ သူလည်း လက်ဟန်ခြေဟန်လေးနှင့် စိတ်လိုက်မာန်ပါမို့ အသံလေးတွေပါ အူးအူးအဲအဲ ထွက်လာအောင် ပြန်ပြီး စောဒကတက် ဖြေရှင်းပြောဆိုနေလိုက်တော့သည်မှာ အကြာကြီး။

ဒီကလည်း ကို့ကို မိန်းကလေးလှလှတစ်ယောက်နဲ့ တရင်းတနှီး တွေ့လိုက်ရတော့ စိတ်မလှုပ်ရှားဘဲ နေပါ့မလား။ မိန်းကလေးကလည်း ကို့ကို တရင်းတနှီး ရှန်းတောက်တောက်ကြည့်လို့လေ။ ဒီမြင်ကွင်းမျိုး မမြင်စဖူး မခံစားရဘဲ နေပါ့မလား။ ချက်ချင်းလက်ငင်း ရင်ဝကို မီးတောက်ကြီး အလုံးလိုက်လာဆိုသလို ပူလောင်နေတာ။ ဒါကြောင့်လည်း ဖြိုး တားနေတဲ့ကြားက မရမက ဆင်းလိုက်လာခဲ့တာ။

ကိုက ညှီမဆိုလို့သာ ယုံရပေမယ့် သိပ်ပြီးတော့ စိတ်ထဲမတင်မကျသေးပါ။ အဲဒီအစ်မကြီးကို မော့ကြည့်နေတဲ့ မျက်ဝန်းလေးများရဲ့ အရိပ်အယောင် ခံစားချက်ကို ကာရန်က





ရိုးရိုးသားသားလို့မထင်။ ကိုယ်တိုင်လည်း ကို့ကိုကြည့်မိမြဲချစ်ခင်အားကိုးတဲ့ မျက်ဝန်းများလေ။

သို့ပေမယ့် ခုလို ကို့ကို နေမကောင်းသလို တွေ့လိုက်ရတော့ ကာရန်က မယုံသင်္ကာမှုတွေကို ခေါင်းထဲကထုတ်ပစ်လိုက်ပါသည်။ ကိုယ်ကတစ်မှောင့် မဖြစ်ချင်ပါဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

"မိုးသည်းအမေနဲ့တောင် ဦးခင်ဦးသား မင်္ဂလာဆောင်မှာ တွေ့ခဲ့တယ်"

မေမေ့စကားစကြောင့် မိုးည ရင်နည်းနည်းမောသွားပါသည်။

"မိုးသည်းအဖေက စင်ကာပူဆေးရုံမှာ အလုပ်သွားလုပ်ဖို့ များနေပြီ ဆိုပါလား သား၊ ဟိုက သူ့ကို ဘိုင်နိမ်းမ်းနဲ့ကို ကမ်းလှမ်းနေတာ၊ တော်တယ်ဆိုတဲ့ နာမည်သတင်းသိ ထားပြီးသား၊ သူ့ဘက်ကသာ ဒီမှာ Retired ယူလို့ မရ သေးလို့ ငြင်းနေတာ၊ ခုတော့ သူတို့ တစ်မျိုးစီစဉ်မယ် ထင်တယ်"

"ဘယ်လိုစီစဉ်မှာတုန်း"





မင်းညက ဘာမှမမေးပေမယ့် မေမေက ဝင်မေး လိုက်ပါသည်။ မင်းညကတော့ ဒါတွေ ခုတလော ကြားထားပြီး သားကိုး။

"သူ ထွက်စာတင်မှာ ထင်တယ်"

"ဪ"

"နို့မို့ရင်တော့ ဒီလိုမစဉ်းစားဘူးတဲ့၊ အသက်လည်း သူက ရလာပြီပေါ့၊ ၅၅-နှစ်ကျော်ပြီတဲ့၊ ဟိုကလည်း ကမ်းလှမ်း ချက်ရှိတုန်း အဓိက,က မိုးသည်းမောင်လေးရဲ့ ပညာရေး အတွက်ပေါ့လေ"

"အင်း"

"မိသားစုပါ ဟိုကိုရွှေ့နေလိုက်မလားပေါ့၊ အဖေကအလုပ် ဝင် သားကလည်း ကျောင်းတက်ပေါ့၊ အမေကတော့ အိမ်ရှင်မ လိုက်လုပ်ပေးပေါ့၊ ဒါမှလည်း သားအဖစားရေး သောက်ရေးကအစ ပြေပြေလည်လည်ဖြစ်မှာ"

"ဒါပေါ့"

"မိသားစုလိုက် ပြောင်းနေကြမလို ဖြစ်သွားတာပေါ့၊ အပြီးတော့ နေဖို့ရည်ရွယ်ချက်မရှိဘူးတဲ့၊ မိုးသည်းအဖေ နားရင်တော့ ဒီပဲပြန်လာနေမယ်၊ သားလုပ်သူတော့ အဲဒီ အချိန်ကျ ဘွဲ့ရပြီးသား သူဆက်ဆုံးဖြတ်ချင်သလို ဖြစ်တော့ ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သူတို့အစီအစဉ် ကောင်းသားပဲ၊ အချိန်ရှိတုန်း လုံ့လစိုက်ရတာပဲလေ"

"အဲဒီတော့ မိုးသည်းက ဒီမှာ သူ့အလုပ်နဲ့သူလေ လိုက် မလိုက်ဆိုတဲ့ ပြဿနာတစ်ခု ရှိလာတယ်"

"မလိုက်ချင်လည်း နေခဲ့လို့ ရတာပဲ၊ သူ့လုပ်ငန်းလေး လည်း သူ့ဟာနဲ့သူ အောင်မြင်လည်ပတ်နေသားပဲ"

"ဒီတော့ သူ့အမေက ထားခဲ့ရမယ် ဆိုရင်တော့ ဘယ်လို လုပ်ရမှန်းတောင် မသိဘူး၊ တစ်ခါတည်း အိမ်ထောင်လေး ဘာလေး ချပေးသွားရကောင်းမလားတောင် မသိပါဘူးတဲ့ ပြောလာတယ်၊ ကိုယ်လည်း သူ့ကိုပြန်ပြန်မစောင့်ရှောက် နိုင်တဲ့တူတူတဲ့"

မင်းညက ငြိမ်နေပါသည်။ ဘာသံမှ မထွက်ရဲ။ ထမင်းကိုပဲ ငုံ့ကာမဲကာ စားနေသည်။ ဒါတွေကို သူလည်းကြား နေရတာ ကြာပါပြီ။ စကားစပ်သလိုပုံစံနှင့် မိုးသည်း ပြောတိုင်း "ဩော်" "အင်း"နှင့် မအူမလည်လိုလို ရှုးသလို ပေါ့သလို လုပ် ထားရပါသည်။

"မိန်းကလေးရှင်ဘက်က ဒီလောက် စကားမျိုး ပြောလာ တယ်ဆိုတာ သူတို့လက်ထပ်ပေးချင်ပါပြီလို့ စကား[illegible]ာမ်း လှမ်းလိုက်တဲ့သဘောပဲ ကိုရဲ့"





"အင်းပေါ့ ... ဒါပေါ့"

"အဲဒါ ဘယ်လိုသဘောရလဲလို့ ကို့ကို တိုင်ပင်တာ"

"ဟိုမှာ ... မင်းသားရုပ်လည်းကြည့်ဦး၊ ဘာဖြစ်တာလဲ ဒါက၊ ရှက်တာလား၊ မကျေနပ်တာလား"

"အို ... သူတို့ချင်း မျက်စိနောက်အောင်ချစ်တာ မကျေ နပ်စရာလား၊ ဖိုးကျိုးင်းတုတ် ဖြစ်နေတာကို။ အဖေနဲ့အမေ မရိပ်မိအောင် ဣန္ဒြေလုပ်နေတာ၊ တည်ငြိမ်ချင်ယောင် ဆောင်နေတာ အဖေ့သားက"

"ဟော့ကောင် ... မင်းအမေပြောတာ ဟုတ်လား"

"အဟဲ"

မင်းညတွင် ဖြေစရာစကား တခြား ဘာများရှိပါ သနည်း။ ကျွန်တော် ဘာလုပ်ရမှန်းမသိအောင် ခေါင်းတွေပူထူ ညစ်နောက်နေပါတယ်လို့ ဘယ်လိုလုပ်ပြောရပါ့မလဲ။ တကယ် တော့ သူ့ခေါင်းတွေ ပူထူနေတာ ညစ်နောက်ရှုပ်ထွေးနေတာ အမှန်။

"ကိုသဘော ပြောဦးလေ"

"ဟ ... ကိုယ့်သဘော ဘာရှိရမှာလဲ မိန်းမရဲ့၊ သဘော လည်းတူကြတယ်၊ မိန်းကလေးဘက်က ဒီလိုစကားစနေ မှတော့ ခေါင်းရှောင်နေလို့ အချိန်ဆွဲနေလို့ ဘယ်ဖြစ်ပါ့ မလဲ၊ မင်းက ပြန်တိုင်ပင်နေတာတောင် လွန်လှပြီ၊ မင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်မှာ အတူတွေ့ကတည်းက ဒါဖြင့် ကျွန်မစိစဉ်လိုက်တော့မယ်၊ ဝမ်းသာလိုက်တာ စသဖြင့် ပြောခဲ့ရမှာမဟုတ်လား မိန်းမရဲ့"

"ရှင်ပြောသလို အလားတူဆန်ဆန် စကားလေးတွေတော့ ပြောခဲ့ပါတယ်ရှင်"

"ဒါဆိုပြီးတာပဲလေ၊ အသက်တွေလည်း နှစ်ဆယ့်ငါး နှစ်ဆယ့်ခြောက်ဆိုတာ ငယ်ကြလှတာမှ မဟုတ်တော့ပဲ၊ ကိုယ်က ရှေ့တစ်ပတ်ကျော်မှာ စင်ကာပူနဲ့ ဟောင်ကောင်ဘက် ခရီးသွားဖို့ ရှိတယ်၊ ဆယ့်ငါးရက် နှစ်ပတ်လောက်တော့ ကြာမယ်၊ အဲဒီနောက်ကျမှ သူတို့အိမ် သွားကြတာပေါ့"

"ဒါဖြင့်လည်း ဒေါ်မိုးကလျာဆီ စကားလေး ဘာလေးလာပြောချင်ပါတယ်လို့ လှမ်းပြောလိုက်ဦးမယ်"

"နေပါဦး မေမေ"

မင်းညထံက လွှတ်ခနဲ ထွက်သွားတဲ့ စကားသံကြောင့် ဖေဖေရော မေမေပါ သူ့ထံလှမ်းကြည့်လိုက်ကြပါသည်။ မျှလိုက်တဲ့ထမင်းလုတ် နင်သွားပြီး လည်ချောင်းဝမှာ နာသွားကာ ကမန်းကတန်း ရေနည်းနည်း မျှချလိုက်ရပြီး ...

"ကျွန်တော့်ဘာသာ မိုးကို ပြောပါ့မယ် မေမေ"

"သားကလည်း ပြောပေါ့၊ မေမေကလည်း လူကြီးချင်း ..."



"ကျွန်တော်ပဲ အရင်ပြောပါ့မယ် မေမေ၊ လူကြီးတွေအရင် မပြောလိုက်ပါနဲ့။ ကျွန်တော်က မေမေမပြောတော့ဆိုမှ ပြောပါနော်"

"အမယ်လေး ... မင်းက လူကြီးတွေချင်း အရင်ပြောရင် ပြောမှားဆိုမှား ရှိမှာတို့ ဘာတို့ စိုးရိမ်နေတာလား သား၊ မေမေ စကားပြောတတ်ပါတယ် သားရဲ့"

"ဟုတ်ပါတယ်၊ မေမေ စကားပြောရင် မှားစရာမရှိဘူးဆိုတာ သိပါတယ်၊ ကျွန်တော့်ဘာသာ အရင်ပြောချင်လို့ပါ"

"အေးလေကွာ၊ အမေကြီးရာ၊ မင်းကတော်တော်ဒုံးဝေးသေးတာပဲ၊ လက်ထပ်ချင်ပါပြီဆိုတဲ့ လက်ထပ်ခွင့်တောင်းစကားကို မင်းသားက သူအရင် ကိုယ်တိုင်ပြောချင်မှာပေါ့ကွ၊ အမေက အငြင်သွားကမ်းလှမ်းရအောင် မိဘချင်း သဘောတူရုံနဲ့ တောင်းရမ်းတာမှ မဟုတ်တာ၊ သူတို့ချင်း ချစ်လို့ယူတာ သူတို့ချင်း ပြောပစေပေါ့ အမေကြီးရဲ့"

"ဪ ... အင်း ... အင်း၊ မသိပါဘူးကွယ်၊ ဟုတ်သားပဲ သားရယ်၊ ဟင်း ဟင်း ... မေမေက ဒီနေ့ ဒေါ်မိုးကလျာ ပြောလိုက်တာ နားထောင်ခဲ့ရတော့ မေမေကလည်း မြန်မြန်ပြန်ပြောချင်ဇောအား ကြီးသွားတာ"

မင်းညသည် ဖေဖေတို့ မေမေတို့ရှေ့မှာ မျက်နှာကို မနည်းပုံမှန် အနေအထားရှိအောင် ဣန္ဒြေဆောင်ခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ချ ချိုင်းသူလည်း စိတ်ပျက်အံ့ဩ။ သူ တကယ်ပဲ မိုးသည်းနဲ့ လက်မထပ်လိုသေးဘူးပေါ့။

တကယ်တော့ မိုးသည်းနဲ့မှမဟုတ် ,ဘယ်သူနဲ့မှ လက်မထပ်လိုတာ။ ခုနေ ကာရန်နှင့် ဒီလိုကိစ္စမျိုး ရှိလာခဲ့ရင်လည်း မင်းည စိတ်ညစ်ရမှာပင်။ သို့ပေမဲ့ ကာရန်တို့ဘက်က ဤစကားမျိုး ပြောစရာအကြောင်းမရှိ။ ကာရန့်အမေက သူတို့နှစ်ယောက်အကြောင်းကို သိနေသော်လည်း မသိချင်ယောင်ဆောင်ပြု၍သာ ခင်ခင်မင်မင် ဟက်ဟက်ပက်ပက် ရင်းရင်းနှီးနှီးဆက်ဆံတာပဲရှိပါသည်။

ဖြိုးထံမှ မင်းညရဲ့ ဒီဘက်တစ်ခြမ်းအကြောင်းကို သူ မသိထားရှုရင်တောင်မှ သူ့ရဲ့မြော်မြင်ဆင်ခြင်စွမ်းနှင့်သူ ဖြစ်နိုင်ချေရှိတာတွေကို တွေးထားနိုင်မည့်သူမျိုးသာ။ သူ့အပေါ် အတင်းအကျပ် တောင်းဆိုခြင်း ပိုင်ပိုင်နိုင်နိုင် ဆက်ဆံခြင်းမျိုးတွေ မရှိ။ ကာရန်သာမက ကာရန့်အမေကလည်း သနားစရာ ကောင်းပါသည်။

မေမေနှင့် မင်းည ခုတလော မျက်နှာချင်းဆိုင်နည်းအောင် ရှောင်နေမိပါသည်။ တွေ့လိုက်လျှင် မေမေ တစ်ခုခုမေးလိုက်မှာ စိုး၍ပင်။

“မိုးကို ပြောပြီးပြီလား၊ ဘယ်တော့လောက်အကြမ်းဖျဉ်းမှန်းလဲ”ဆိုရင် သူ ဘယ်လိုဖြေရပါမည်နည်း။ မေမေ့ကိုသာ





မဟုတ် မိုးသည်းတို့အိမ်ဘက်ကိုပါ ရှောင်ရတော့သည်။ မိုးသည်းရဲ့အမေကိုယ်တိုင် မေမေ့ကို ဒီလိုစကားမျိုး စ,ထားပြီးကာမှ မင်းညထံမှ ဘာသံမှ ထွက်မလာဘူး ဆိုတာဟာလည်း ရုပ်ဆိုးတာပဲ မဟုတ်လား။

မင်းညကိုတွေ့တိုင်း မင်းညအပြန်တွင် “မောင်မင်းညဘာပြောသေးလဲ သမီး”ဟု သူ့သမီးကို မေးလိမ့်မည်။ “ဘာမှမပြောဘူး မာမီ”လို့ ဖြေရလျှင် မိုးတစ်ယောက် မျက်နှာပူရ ငယ်ရရှာပေမည်။ ဒါကြောင့် မသွားရဲဘဲ ဖြစ်နေတာပါ။

“ည ခုတလော အလုပ်သိပ်များလား ဟုတ်လား၊ တွေ့တောင် မတွေ့ရဘူး ညရယ်၊ မိုးကလည်း အပြင်မထွက်အား၊ ည အိမ်ကိုလာမှ တွေ့ရမှာ၊ ညကလည်း မလာအားတော့ တွေ့ဖို့ကိုမရှိတော့ဘူး”

“ဟုတ်တယ်၊ ကိုယ်- ခုတလော အလုပ်တွေများနေလို့ပါ မိုးရယ်”

“အင်း ... သိတယ်လေ၊ အလုပ်သာမများရင် ဒီလောက်အသည်းပိုတတ်တဲ့သူက မလာဘဲ မနေဘူးဆိုတာ မိုး သိပါတယ် ညရဲ့”

မိုးခများလည်း တစ်နည်းတစ်ဖုံ သနားစရာ။

မိုးရဲ့အလုပ်က သူ့ခြံဝင်းထဲပဲ အိမ်ကပ်ရတဲ့အလုပ်မို့ တစ်ချိတလေ စုပြီးဈေးဝယ်ထွက်တာမျိုးကလွဲလျှင် မိုးက



www.burmeseclassic.com

www.burmeseclassic.com



ခုနောက်ပိုင်း အပြင်ထွက်ခဲလှသည်။ ဒါကြောင့်သာ တော်သေးတာပေါ့။ နို့မို့ဆိုလျှင် တစ်ပတ်တစ်ကြိမ်တော့ အနည်းဆုံး တစ်နေရာရာ လိုက်ပို့ပေးရမြဲဖြစ်သော ကာရန်နှင့် နှစ်ယောက်တွဲရက်မှုကြီး မျက်နှာချင်းဆိုင်များ ဆုံလိုက်ရပါက မတွေးရဲပါ။

ဒါကြောင့် မင်းညက ကာရန်နှင့် တစ်နေရာကို အပြင်သွားကြခါနီးတိုင်း မိုးထံ ဖုန်းဆက်ပါသည်။ မိုးအခုဘာလုပ်နေလဲ၊ ထမင်းစားပြီးပြီလား၊ အလုပ်များနေလား၊ ပင်ပန်းနေလား စတဲ့ စကားရော ဖွဲရောတွေနှင့် မိုး အိမ်မှာပဲ ရှိနေမှာ သေချာအောင် confirm လုပ်ရသည်။

ဒါကြောင့်လည်း ခုထိ ဘွားခနဲတိုးတဲ့ အဖြစ်မျိုး မဆိုးသေးတာပါ။ မိုးသူရကတော့ သူ့အဖြစ်တွေကို အစအဆုံး လုံးစေ့ပတ်စေ့ ဟိုဘက်ရော ဒီဘက်ရော အကုန်သိခွင့်ရနေကာ...

"မင်းလည်း တစ်နေ့တခြား ကလိမ်ကကျစ်ကောင် ဖြစ်မှန်းမသိ ဖြစ်နေပြီ၊ ဉာဏ်နီဉာဏ်နက်တွေလည်း တော်တော်ထွက်တတ်နေပြီပဲ မင်းည၊ ငါ့သူငယ်ချင်း ငါနမြော်တောင်နမြောတယ်ကွာ၊ တကယ်ပဲ"

တစ်ခါတစ်ရံ အမှားအယွင်းဖြစ်တော့မလိုမှ တော့လွဲလေး လွဲရသည့်ဖြစ်ရပ်မျိုးလည်း သဲထိတ်ရင်ဖို ဖြစ်ရတတ်သေးတာတွေ မိုးသူရကို ပြန်ပြောလျှင် မိုးသူရပါ ကြားကနေ အသက်ရှူတွေ ကျပ်နေပါတော့သည်။





တစ်ရက်မှာတော့ ... မမျှော်လင့်ပဲ ...။

အင်း ... တကယ့်ကို မမျှော်လင့်ပါပဲ တည့်တည့်ကြီးက တိုးခဲ့ရသည်မှာ မေမေနှင့်ပါ။ အဲဒီနေ့က မင်းညနှင့် ကာရန်က East point သွားကြသည်။ မရောက်ဘူးတဲ့ ကာရန့်ကို ကာရန် ပူဆာလို့ လိုက်ပို့ပေးရတာပါ။ ဖြစ်ချင်တော့ ဖြိုးလည်း အဲဒီနေ့ကမပါ။ မင်းညနှင့် ကာရန်က East point ကို ရောက်ရောက်ချင်း ပန်းစွယ်တော်ကိုဝင်၍ အရင်စားသောက်ပြီးမှ လျှောက်ပတ်ဖို့ ပန်းစွယ်တော်ဆိုင်လေးထဲက အထွက်။

မေမေနှင့် မေမေ့သူငယ်ချင်း နှစ်ယောက်တို့က ပန်းစွယ်တော်ထဲအဝင်။ မေမေ့သူငယ်ချင်းနှစ်ယောက်က သူတို့ကို ကျော်ဖြတ်ဝင်သွားပြီဖြစ်ချိန်မှာ မင်းညတို့နှင့် မေမေနှင့်တည့်တည့်ကြီး တိုးနေတော့သည်။

မင်းညက ကာရန့်လက်နှင့် လက်ဝါးချင်းပူးဆုပ်ကိုင်တွဲထားလျက်။ မေမေသည် ခြေလှမ်းတုံ့ရပ်သွားပြီး ပါးစပ်အဟောင်းသားဟကာ မင်းညကို တအံ့တသြ ကြည့်နေသည်။ မေမေ့အကြည့်ထဲမှာ မယုံကြည်နိုင်ခြင်း၊ သူ့သားအပေါ် ဤသို့မျှော်လင့်မထား၍ အရိုက်ပင့်ထိုးခံလိုက်သလို မှုးမိုက်မှုန်ထူသွားခြင်း၊ သားဟာ လက်ထပ်ဖို့ ရည်ရွယ်ပြီးသားချစ်သူရဲ့ကွယ်ရာမှာ သစ္စာမဲ့တတ်သူပါလား ဆိုတာ မျက်ဝါးထင်ထင် သိလိုက်ရ၍ ဝမ်းနည်းပက်လက် ဖြစ်သွားခြင်း စသည့် ခံစားချက်တွေရောပြွန်းလို့ပင်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို တည့်တည့်တိုးရက်နှင့်တော့ မသိချင်ယောင်ဆောင် ထွက်မသွားလို။ မင်းညက ကာရန့်ကို ဆုပ်တွဲထားသည့် လက်တွဲကိုတော့ မဖြုတ်ဘဲ ခေါင်းပဲငုံ့ချလိုက်မိသည်။ ဖြုတ်ဖို့လည်းမဖြစ်။ မေမေနှင့် မင်းည မျက်နှာရိပ် မျက်နှာကဲတွေမြင်ပြီး ကာရန့်ရဲ့လက်ဖဝါးတွေက ကြောက်ကြောက်လန့်လန့်နှင့် မင်းညကို အတင်းဖျစ်ညှစ်ဆုပ်ခြေထားပြီမို့တည်း။

"မင်းည"

မေမေက မင်းညလို့ခေါ်ခဲပါသည်။ "သား"၊ "သား" နဲ့သာ။ အခုခေါ်လိုက်သံကို မင်းည ရင်ထဲ ဝမ်းနည်းလှိုက်ဖို့သွားရသည်။

"ဟုတ်ကဲ့ မေမေ"

"မင်း … မင်း၊ ဒါ … ဒါက …"

မေမေက စကားဆက်ရမှာ အားနာပုံနှင့် ကာရန့်ကို တစ်ချက်ကြည့်ကာ နှုတ်ဆိတ်လိုက်ပါသည်။ မင်းညက စိတ်တင်းကာ …

"ဒါက ကာရန်တဲ့ မေမေ"

ထို့နောက် သူ့လက်ကို ဆုပ်ညှစ်လှုပ်ယမ်း အချက်ပေး မေးမြန်းနေပြီဖြစ်တဲ့ ကာရန့်ကို ငုံ့ကြည့်လိုက်ရင်း သူ့ကိုယ်သူ ညွှန်ပြကာ နဖူးပေါ်လက်ဖဝါးအပြားလိုက်ကပ်၍ ပွတ်ဆွဲပြလိုက်ပါသည်။ ကာရန်က အံ့သြသွားပြီး ချက်ချင်းပဲ ရှိရှိကျိုးကျိုး





နှင့် ပျပ်ဝပ်ထိတ်လန့်တဲ့ မျက်နှာရိပ် မျက်နှာကဲ ပြောင်းသွားကာ ဒေါ်ခင်လေးမွန်ကတော့ အံ့အားတသင့်ကြီး ဖြစ်သွားရပါသည်။

မင်းည လုပ်ပြလိုက်တဲ့ လက်ဟန်ခြေဟန်တွေကြောင့် နှလုံးခုန်သံတွေ တဒိုင်းဒိုင်းဆောင့်ကာ ခုန်လှုပ်မြည်ဟည်းသွားရရင်း ကောင်မလေးကိုလည်း စေ့စေ့ကြည့်လိုက်မိပါသည်။ မသိမသာ ခေါင်းငုံ့သွားတဲ့ ကောင်မလေးကိုသာ တစ်ခဏတာ စိုက်ကြည့်နေမိပြီး ပါးစပ်အဟောင်းသားနှင့် မင်းညကို မေးခွန်းထုတ်သလို ပြန်မော့ကြည့်လိုက်သည်။

ကြည့်စမ်း။

ရိုက်ချက်က ပြင်းလိုက်တာ။ ပြီးတော့ နှစ်ချက်။ ဟိုဘက်က လူကြီးမိဘက် လက်ထပ်ဖို့ စကားစနေပါပြီဆိုမှ ဒီဘက်မှာ မိန်းကလေးငယ်လေး လက်ဆုပ်တွဲပြီး လျှောက်လည်နေတဲ့ အပြစ်ကတစ်မျိုး၊ ပြီးတော့ ဒီကောင်မလေးက …။

"မေမေ ကျွန်တော်တို့ သွားတော့မယ်"

ပြောလည်းပြော၊ အပြစ်ရှိတဲ့ရုပ်နှင့် မြန်မြန်ပဲလစ်ပြေးသွားတဲ့ မင်းညကို ဒေါ်ခင်လေးမွန် ဘာဆိုဘာမှ ပြန်မပြောနိုင်လိုက်။ သူငယ်ချင်းတွေရဲ့စားပွဲမှာ အနိုင်နိုင် ဝင်ထိုင်လိုက်ရကာ ရင်တွေခုန် နှလုံးတွေတုန် လူကအားကုန်ပြီး ကျန်ရစ်ခဲ့သည်။ သူငယ်ချင်းတွေကတော့ …

"ယူ့သားရဲ့ ကောင်မလေးလား၊ ခုမှ တွေ့ဖူးတယ်လား"



www.burmeseclassic.com

www.burmeseclassic.com



ခုမှပဲ သားကို ကောင်မလေးနှင့်တွဲတွေ့ပြီး ရည်းစားရှိမှန်း ခုမှသိကာ မရှုနိုင် မကယ်နိုင် ဖြစ်နေတယ်လို့ ထင်ကြမှာပင်။ ဘယ်သူ ဘယ်လိုထင်ထင်။ ဒါကို စိတ်မဝင်စားအား။

ဒေါ်ခင်လေးမွန်သည် ထိုညနေတွင် မင်းည ပြန်အလာကို စိတ်လှုပ်ရှားစွာ စောင့်မျှော်နေခဲ့ရလေသည်။ အမေကို ရှောင်ပုံရတဲ့ မင်းညက အတော်မိုးချုပ်တဲ့ထိ ပြန်မလာ။ တစ်ချိန်တော့ ပြန်ရောက်ကို ရောက်ရမှာပဲမို့ ဒေါ်ခင်လေးမွန်က အပေါ်ထပ် ကိုယ့်အိပ်ခန်းထဲ မဝင်သေးဘဲ အောက်မှာ ပေထိုင်စောင့်နေပါသည်။ ခင်ပွန်းသည်ဖြစ်သူကိုပင် ဘာမှမပြောသေး။

နောက်ဆုံးတော့ မင်းည ပြန်ရောက်လာခဲ့ပါသည်။ ဖိနပ်ချွတ်ပြီး အပေါ်ထပ်ကို ကုပ်ချောင်းချောင်း တက်မည်အပြု ထမင်းစားခန်းမီးကို ဒေါ်ခင်လေးမွန်က ဖွင့်လိုက်ပြီး ...

"မင်းည ... ဒီကိုလာဦး"

မင်းညသည် မတတ်မသာ ခေါင်းငိုက်စိုက်နှင့် ရောက်လာသည်။

"ထိုင်"

"........."

"ကဲ ... ပြောစမ်း၊ အဲဒီကောင်မလေးက ဘယ်သူလဲ၊ ဘယ်ကလဲ၊ မင်းနဲ့က ဘယ်လိုကြောင့် ဒီလိုပတ်သက်နေတာလဲ"

"........."





"မင်းည ... မင်းနဲ့ မိုးသည်းက အပျော်ထားတဲ့ ရည်းစားမဟုတ်ဘူးလေ၊ မင်းလက်ထပ်ဖို့ ရည်ရွယ်တဲ့သူဆိုလို့ ငါပါ သူ့အမေနဲ့ ခင်ခင်မင်မင် ဆက်ဆက်ဆံဆံ နေလာတာ မဟုတ်လား၊ ခုဟာက ဘယ်တုန်းက ဘယ်ကဘယ်လို ပေါ်လာတာလဲ"

"........."

"နှင့်ပါးစပ်ကို ပိတ်မထားနဲ့၊ ဒါဘာသဘောလဲ၊ ပြောစမ်းသား၊ ငါ ရင်တွေတုန်လွန်းလို့ပါ"

"ကာရန်နဲ့က ချစ်သူတွေပါ"

"ဘာ ...၊ ဟိုမှာလည်းချစ်သူ၊ ဒီမှာလည်းချစ်သူ၊ အဲဒါ ဘာလုပ်တာလဲ၊ အခု ဒေါ်မိုးကလျာက ယူတောင်ယူစေချင်နေပြီ၊ ဒီတော့ မင်းက ဘာလုပ်မှာလဲ၊ ခုခေတ်ဟာမလေးတွေလည်း ကဲပါ့ရဲပါ့တော်၊ ရည်းစားရှိတဲ့ လူတော့ ပြောမနေဝါနဲ့တော့၊ မိန်းမရှိတဲ့သူတောင်မှ ရှောင်ချင်မှ ရှောင်ကြတာ"

"ကာရန်က ဘာမှမသိပါဘူး မေမေ"

"သူက ဘာလဲ၊ မင်း နေ့လယ်က လက်ဟန်မူရာနဲ့စကားပြောတာက ... !! "

"ဟုတ်ကဲ့"

"ဘာဟုတ်ကဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကာရန်က ... ကာရန်က ... ဆွံ့အနားမကြားပါ"

"ဘာ ..."

" ......... "

"ဘာပြောတယ်"

"မေမေ"

"မင်း ... မင်း ဘယ်မှာသွားတွေ့ပြီး ဘယ်လိုလုပ် ရည်းစားဖြစ်တဲ့အထိ ဖြစ်ရတာလဲ၊ အတည်လား အပျော်အပြက်လား၊ အတည်ဆိုရင်ကော အားလုံးပြည့်စုံတဲ့ မိုးသည်းကို ကျော်ပြီး ထားစရာလား၊ အပျော်အပြက် ဆိုရင်ကော သူ့ဟာနဲ့သူမှ ဆွံ့အနားမကြား ဖြစ်နေတဲ့ ချို့ယွင်းနေတဲ့ မိန်းကလေးမျိုးကို နင် အပျော်သဘောနဲ့ ဒုက္ခပေးသွားပေးစရာလား မင်းညရဲ့"

မင်းညသည် သက်ပြင်းရှည်ကြီးချကာ ဝမ်းပန်းတနည်းပင် ငြိမ်ပြီးထိုင်နေမိသည်။

"ကဲ ... နင် အခု ဘာလုပ်မှာလဲ၊ ပြော"

"ကျွန် ... ကျွန်တော် မသိတော့ဘူး မေမေ"

"ဘာ ...၊ ဘာမသိတော့ဘူးလဲ"

"ကျွန်တော်လည်း ဦးနှောက်တွေ ပွထူပြီး ကိုယ့်ကိုယ်ကိုယ်လည်း Guilty ဖြစ်ပြီး ဘာလုပ်ရမှန်းကို မသိတာပါ မေမေ၊ ကျွန်တော် အဲသလို ရှုပ်ရှုပ်ပွေပွေနဲ့ ကာလေကချေ





ကောင်စားလည်း မဟုတ်ပါဘူး၊ အခုဟာက အခြေအနေကလည်း အဲသလို ..."

"ဘာအခြေအနေလဲ၊ နင် ဘာဖြစ်လို့သွားပတ်သက်အရောဝင်သေးလဲ"

"ကာရန်က သိပ်သနားစရာ ကောင်းတာပါ မေမေ၊ ကျွန်တော့်ကို ခွဲမိခွဲရာ စွတ်ရွတ်စွဲလမ်းနေရှာတာ"

"အဲဒါဘာဖြစ်လဲ၊ မင်း ဘာမှသွားပြန်မရှုပ်ရင် သူ့ဟာသူတစ်ချိန်ချိန်မှာ ပြီးပျောက်သွားမှာပေါ့၊ ဘာမျှော်လင့်ချက်မှ မရှိရင် ဘယ်သူက ရူးရူးမိုက်မိုက် မျှော်လင့်နေဦးမှာလဲ၊ မင်းကသာ သွားရှုပ်တာ၊ မျှော်လင့်ချက်သွားပေးတာ၊ အဓိက မင်း"

"ကျွန်တော် မှားမှန်းသိပါတယ်၊ ဒါပေမဲ့ တမင်တကာ မဟုတ်တာလုပ်တဲ့သဘော မဟုတ်ပါဘူး၊ မမျှော်လင့်ဘဲ အခြေအနေက ..."

"တော်တော့ ... ဒါကို မိုးသည်း သိလား၊ ဘယ်သိမလဲ"

"မသိပါဘူး"

"ကဲ ... မင်းည၊ ဘာမှတွေဝေမနေနဲ့ ရှည်ရှည်ဝေးဝေး လျှောက်မတွေးနဲ့၊ ဒီဘယ်သူ၊ ကာရန် ! ဟုတ်လား၊ သူ့ကို မင်း ချက်ချင်းဖြတ်လိုက်တော့၊ သွားမတွေ့နဲ့တော့သား၊ သူက စွတ်ရွတ် သံယောဇဉ်တွယ်နေလို့ ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြချက် သက်သက်ပဲ၊ မင်းလုပ်ပုံက ဝေဒနာသည်လေးကို သံယောဇဉ်ရှိရာ ချစ်ရာ မရောက်ဘဲ ပိုပြီးနစ်ရာ ရောက်တယ် သား၊ ချက်ချင်းဖြတ်လိုက်"

"ချက်ချင်းဖြတ်လိုက်ဖို့က မလွယ်ဘူး မေမေ"

မင်းညနဲ့ချစ်မိမှ ပိုပြီးအရှုးအမူးဆန်လာသေးသော ကာရန်ဟာ သူ့ကိုဖြတ်ဖို့မပြောနှင့် မက်ဆေ့ဂျ်ချက်ချင်းပြန်မရောက်လာရင်တောင် အရူးတစ်ပိုင်း ဖြစ်နေတတ်တာ။ တစ်ဖက်မှာ သောင်းကျန်းနေတတ်တာ။ သူ့အိမ်သားတွေကလည်း ဟိုတစ်ကြိမ်လို အိမ်ကထွက်သွား ပျောက်သွားတာမျိုး မဖြစ်ရင်ဘဲ တော်သေးပြီ သတ်မှတ်ကြတာမို့ တစ်သက်လုံး သည်းခံ အနွံတာခံလာကြတာနှင့်အညီ ကာရန့်အပေါ် အပြစ်မြင်တဲ့သူ တားမြစ်မယ့်သူလို့မှ မရှိဘဲ။

"ဒါဖြင့် မင်းက မိုးသည်းကို ဖြတ်မလို့လား"

"မိုးမှာ ဘာအပြစ်မှ မရှိတာ"

"ဟဲ့ ... ဒါဖြင့် နင် ဘာလုပ်မှာလဲ၊ ဘာဆက်လုပ်မလို့လဲ၊ အခ ငါနဲ့တိုးပေလို့ပေါ့၊ မိုးသည်းနဲ့ မတော်တဆ တိုးမှာများ နင် နည်းနည်းမှ မပူဘူးလားဟင်"

မေညက မျက်နှာကို လက်ဖဝါးနှစ်ဖက်နှင့်ပွတ်ကာ ဘာမှပြန်မဖြေနိုင်။

"ဟင် ... မင်း ဘာလဲ၊ အရက်သောက်လာတာလား"





"ဘီယာပါ မေမေ၊ မိုးသူရနဲ့ပါ"

ဒေါ်ခင်လေးမွန်သည် သူ့သားပုံစံကို ရင်ထုမနာ ငေးစိုက်ကြည့်နေမိပါသည်။ အပျော်အပြက် လုပ်တာမဟုတ်ဘဲ သူ့ရင်ထဲမှာ အတော်ခံစားနေရတယ်ဆိုတာ သားရဲ့မျက်နှာကို ကြည့်လျှင် သိနိုင်သည်။ တလေးတပင် တနင့်တပိုး လွယ်ပိုးထားရတဲ့ ပြဿနာကြီးတစ်ခုလိုကို ဖြစ်နေမှာ။ ဒါကြောင့် သားမျက်နှာ ခုတလော နွမ်းလျှမှိုင်တွေတယ်လို့ ထင်ခဲ့မိသား မဟုတ်လား။

○ ❦ ○



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ပထမတော့ ခုတလော ညနဲ့မတွေ့ဖြစ်ကြတဲ့ကြား ထဲ တွေ့လိုက်ရင် ညက ဖုန်းတကိုင်ကိုင်နှင့် ဖုန်းပြောစရာပေါ လှတယ်လို့ပင်။ အကြာကြီးနေမှ တစ်ခါတွေ့၊ တွေ့ချိန်မှာ ဖုန်း တစ်လုံးနှင့် ခြံထဲဆင်းသွားတာက သုံးလေးခါ။ ဖုန်းမြည်သံမကြား တာမို့ သူကခေါ်တယ်ပဲ ယူမှတ်ရသည်။

ပြီးတော့' မျက်နှာရိပ် မျက်နှာကဲ။ ကိုယ့်ချစ်သူရဲ့ မျက်နှာရိပ် မျက်နှာကဲ ပြောင်းလဲနေတာကို (ဘာရယ်အတိအကျ မသိပေမယ့်) တစ်ခုခု တစ်မူထူးခြားနေမှန်းတော့ သိသည်။ ခု တလော စိတ်နောက်ကျိနေတာ သိသည်။ ဒါ့အပြင် မိုးသည်းရဲ့ မာမီက စကားစ,ထားပါလျက် မင်းညတို့ဘက်က ဘာမှအသံတုံ့ ပြန်မလာ။





အနည်းဆုံး မင်းညထံကတော့ တစ်စုံတစ်ရာ ကြား ရသင့်တယ် မဟုတ်လား။ မင်းညရဲ့မျက်နှာရိပ် မျက်နှာကဲ မသာယာတာကိုကြည့်၍ သူ့မိဘတွေဘက်က အကြောင်းတစ်ခုခု ကြောင့် မီးစိမ်းမပြဘူးလားတောင် ထင်မိပါသည်။

တစ်ရက်မှာတော့ ခြံထဲကို ဆင်းရှောင်ပြီး ဖုန်းသွား ကလိနေတဲ့ မင်းညကို မိုးသည်းက အိမ်ပေါ်ကနေ အကဲခတ်နေရာ မှ ခြံထဲဆင်းလိုက်လာခဲ့ပြီး ...

"ည ... မက်ဆေ့ဂျ်ပို့နေတာလား၊ ဘယ်ကိုလဲ"

မင်းည ပုံစံက အလန့်တကြား ဖြစ်သွားကာ ဖုန်း ကို အနှိပ်မပျက် ဆက်နှိပ်နေလျက် ...

"အလကားပါ"

"ဘာအလကားလဲ ည၊ ည ခုတလော ဘာဖြစ်နေတာလဲ"

မင်းညက မိုးသည်းကို မဖြေအား။ ဖုန်းထဲရှိသမျှ အဝင်အထွက် မက်ဆေ့ဂျ်အားလုံးကို Delete လုပ်ပစ်နေပါသည်။ မိုးသည်း ဆင်းလိုက်လာတယ် ဆိုကတည်းက အန္တရာယ်လက် တစ်ကမ်း ဖြစ်နေပြီလေ။

"ည ... ဘာဖြစ်နေတာလဲ၊ ဘာတွေ ဆက်ပို့နေတာလဲ၊ ဘယ်သူ့ဆီလဲ"

"ဘာမှမပို့ပါဘူး မိုးရာ"

"မိုးကို ဖုန်းပြ"



www.burmeseclassic.com

www.burmeseclassic.com



"ရော့"

အားလုံး အရှင်းနှင့် အံကိုက်မို့ မင်းညက သက်ပြင်းကြီးတစ်ချက်ချကာ မိုးသည်း လက်ထဲ ဖုန်းကိုထည့်လိုက်သည်။ မိုးသည်းက မျက်မှောင်တွန့်တွန့်နှင့် တကယ်ပဲဆွဲယူဖွင့်ကြည့်လိုက်လျှင် ...

"ဟင် ... အဝင်ရော အထွက်ရော ဘာမက်ဆေ့ဂျ်မှ မရှိပါလား"

"ဘာမှမှ မရှိတာ"

"ခုနက ည ပို့နေတာပဲဟာ၊ မိုးမြင်တာပဲ၊ ဘာဖြစ်လို့ဖျက်ပစ်တာလဲ"

"အလကားမို့ပါ မိုးရယ်"

"အလကားဆိုတာ ဘာလဲ"

"မိုးသူရနဲ့ပါ"

မင်းညက ပါးစပ်ထဲ ထွက်မိထွက်ရာ ထွက်သွားပါသည်။

"မိုးသူရနဲ့ ဘာတွေ အပြန်အလှန် ပို့နေကြလို့ ဖျက်ပစ်တာလဲ"

"ဒီကောင် အလကားဟာတွေ လျှောက်ပို့နေလို့ပါ မိုးရာ၊ ဟာသတွေပါ၊ မိုး မဖတ်စေချင်လို့ ဖျက်ပစ်တာပါ"





မင်းညသည် ဖြတ်ထိုးဉာဏ်နှင့် ထွက်ချင်တိုင်းထွက်လာသော သူ့အလိမ်အညာစကားတို့အတွက် သူ့ကိုယ်သူပင်စိတ်ပျက်စက်ဆုပ်နေမိသည်။ ကာရန်ကလည်း ကာရန်ပင်။ ခုတလောမှာ ညဘက်တင်မက နေ့ဘက်တွေပါ လှမ်းပို့နေတတ်သည်။ မင်းညက အလုပ်ရှုပ်နေတယ်ဟု တားလိုက်မှပင် ရပ်သွားတတ်တာ။ အခုလည်း မိုးအနားမှာ ရှိနေတုန်း မက်ဆေ့ဂျ်အသစ် ထပ်ဝင်လာမှာစိုးကာ မင်းညက ပါဝါပိတ်ချပစ်လိုက်တော့သည်။

အချိန်မရွေး ဝင်လာတဲ့ မက်ဆေ့ဂျ်တွေကြောင့် မက်ဆေ့ဂျ်ဝင်လာကြောင်း အချက်ပေးတဲ့ Alarm သံကိုပင် Silent (အသံတိတ်)လုပ်ထားရပါသည်။ မက်ဆေ့ဂျ်ဝင်လာလျှင် ကိုယ်ရော ဘေးကလူရော မကြားမသိနိုင်တော့။ ခဏနေမှ ကိုယ့်ဖုန်းကိုယ်ထုတ်ပြီး မသိမသာကြည့်လို့ ကာရန့်ဆီက မက်ဆေ့ဂျ်ဝင်နေလျှင် မလှမ်းမကမ်း ကွယ်ရာသွား၍ စာပြန်။

ခုတလော ကာရန်နှင့်လည်း မအားဘူးပြောကာ ခပ်ကျဲကျဲမှ တွေ့ဖြစ်အောင် ခြားထားတာမို့ ချက်ချင်းမက်ဆေ့ဂျ်ကို စာပြန်မလာလျှင် ကာရန်ဟာ ရုတ်တရက် ရူးကိုဖြစ်စေ ကောက်ကာငင်ကာ ရောက်ချင်ရောက်ချလာတတ်ပါသည်။

"ည ... ညကို မိုးကပဲစပြီး ပွင့်ပွင့်လင်းလင်း မေးတော့မယ်"

"မေးလေ မိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတစ်နေ့က မာမိနဲ့ အန်တီတွေ့တာ အန်တီပြောလား"

"အင်း ... ပြောတယ်"

"ဒါဖြင့် မာမီတို့ ဘယ်လိုစိတ်ကူး သဘောထား ရှိနေတယ် ဆိုတာ သိပြီးပြီပေါ့"

"အင်း ... မေမေ ပြောပါတယ်"

"ဒါဖြင့် ဘာဖြစ်လို့ ည မိုးကို ဘာမှမပြောတာလဲ"

"ဘာကိုလဲ မိုး"

"ည ... ရှင် အူကြောင်ကြောင် လုပ်မနေနဲ့နော်၊ မိုး စိတ်အရမ်းတိုလာပြီ၊ လက်ထပ်ဖို့စကားဆိုတာ ညကစ,ပြောသင့်တာ မဟုတ်ဘူးလား"

"ဟာ ... မိုးကလည်း၊ ကိုယ်နဲ့ မိုးနဲ့ကြားမှာ ဒီစကားက တကူးတက ပြောနေစရာ လိုသေးလို့လား၊ အန်တီတို့က ဒီလိုဆန္ဒရှိရင် ဒီအတိုင်း လုပ်ရုံပဲလေ၊ မေမေတောင် ဘာဘာညာညာတွေ သူ့ဟာသူ စုံစမ်းနေပါပြီ၊ မိုးမိဘတွေ စိတ်တိုင်းကျဖြစ်အောင် လုပ်မယ်လေ၊ အန်တီကိုလည်း ဘယ်လိုဖြစ်ချင် လုပ်ချင်လဲ၊ စုံစမ်းကြည့်ဖို့ မိုးပဲပြောထားလေ"

"ကိုယ့်ဘာက်ကိုယ် ဒီလိုပဲ လုပ်နေကြရမှာလား၊ အန်တီတို့က အိမ်ကို စကားလေး ဘာလေး လာမပြောတော့ဘူးလား၊ ဒါတွေကို ည မိုးကို ဆွေးနွေးရမှာလေ"





"မိုးကလေ ဒေါသချည်းပဲကွာ၊ မေမေ သူတို့အမျိုးထဲမှာ ကိစ္စလေးတစ်ခု နည်းနည်းရှိနေလို့ပါ၊ မိုးတို့အိမ်ကိုလာဖို့ စီစဉ်နေတာပါ မိုးရဲ့"

ပြောပြီးပြီးချင်းပင် စိတ်ရှုပ်နေမယ့် သူ့မျက်နှာကို မိုးသည်း မမြင်စေလို၍ မိုးသည်းကို ရင်ခွင်ထဲ ဆွဲသွင်းတင်းတင်း ဖက်ထားလိုက်ရသည်။

○❦○

"ကို ... မတွေ့ရတာ ရှစ်ရက်ရှိပြီလေ၊ နက်ဖြန်ကို အိမ်ကိုလာခဲ့မလား၊ ကာရန် ရုံးကိုလာခဲ့ရမလားဟင်၊ နက်ဖြန် မတွေ့လို့ မဖြစ်ဘူး၊ အရေးကြီးတယ် ကို"

မိုးသူရက မက်ဆေ့ချ်ကို သူပါင့်ဖတ်ကာ သက်ပြင်းချရင်း ...

"မင်းတစ်ယောက်တော့ ငါ့လန်းမှပဲ၊ မင်း တစ်ခုခုဆုံးဖြတ် ဖြေရှင်းမှ ဖြစ်တော့မယ် ဟောကောင်"

"ငါ မဖြေရှင်းနိုင်တော့ဘူးကွာ"

"မင်းကိစ္စ မင်းကိုယ်တိုင် မဖြေရှင်းလို့ သိကြားမင်းက ဆင်းဖြေရှင်းပေးမယ်လို့ ထင်နေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



မင်းညက "ကိုယ်လာခဲ့မယ်"ဟု စာတိုလေး ပြန်ပို့လိုက်ပါသည်။

"ငါပြောတာလည်း နားထဲရောက်တယ်နော်"

"အင်း ... ရောက်ပါတယ်ကွာ"

"ငါ့အမေရော အဒေါ်ရော အကျီဈေးမှာမို့ ငါ လိုက်ပို့လိုက်ရတာ၊ ဒါတောင် ငါ မိုးသည်းနဲ့ မတွေ့ချင်လို့ မျောင်ထဲကားရပ်ပြီး ကျန်ခဲ့တာ၊ မိုးသည်းက ငါ့အမေကို မေးပြီး ငါပါမှန်းသိတော့ ထွက်လာပြီး မေးတာ"

မင်းညသည် မိုးသူရ စကားတွေအကြား ငိုင်နေသည်။

"မင်း ရီးရဲ့လားတဲ့၊ မင်းအကြောင်း ငါကအသိဆုံးမို့ ဖြေပါတဲ့၊ မင်း ခုတလော ဘာဖြစ်နေလဲတဲ့၊ ငါလည်း ဘာမှ မဖြစ်ပါဘူး၊ ငါတော့ သတိမထားမိပါဘူးလို့ပဲ လုပ်ချလိုက်ရတယ်"

"........."

"ပြီးတော့ ဟိုတစ်နေ့က မင်းဆီ ဘာ့မက်ဆေ့ချ်ပို့တာလဲ တဲ့"

"........."

"ငါက ဘာပို့လို့လဲ ဘာမှမပို့မိပါဘူးလို့ ဖြေလိုက်တော့ မိုးသည်းက တိတ်သွားပြီး ဘာမှဆက်မပြောတော့ဘူးကွ၊





ငါလည်း သူ ဒီလိုဖြစ်သွားမှပဲ တွေးမိတော့တယ်၊ မင်းတော့ ငါ့ခေါင်းတပ်ထားပြီ ထင်တယ်ဆိုတာ၊ ဒါပေမဲ့ ငါလည်း မတတ်နိုင်တော့ဘူးလေကွာ၊ မင်းကလည်း ဘာမှမကြိုပြောမထားတာ"

"ငါပြန်မယ် မိုးသူရ"

"ဟ ... ခုမှရောက်တာ ကောက်ကာငင်ကာကွာ"

"ပြန်နားလိုက်ဦးမယ်ကွာ၊ စိတ်တအားဖိစီးနေတယ်"

"မိုးသည်းအမေကတောင် မိုးသည်းကို ထားခဲ့မယ့်တူတူ စီစဉ်စရာရှိတာ စီစဉ်လိုက်မယ်လို့ ငါ့အမေနဲ့ အဒေါ်ကို ပြောလိုက်တယ်ဆိုတော့ အတည်ဖြစ်ပြီလား"

"အင်း ... စီစဉ်နေပြီ"

"အဖြေထွက်သွားပြီပေါ့"

မင်းညက အပြုံးခပ်ယဲ့ယဲ့နှင့် မိုးသူရကို နှုတ်ဆက်သည်။

"နောက်ဆုံးတော့ သူ့အလိုအလျှောက်ထွက်တဲ့ အဖြေကိုပဲ ငါ အတည်ယူရတော့မှာပဲ မိုးသူရရာ"

"မင်းတို့ ယူဖြစ်မယ်ဆိုရင် ဘယ်တော့လောက် ဖြစ်မလဲ၊ နီးပြီပေါ့"

"နှစ်လ သုံးလ ဖြစ်မှာပေါ့"

မိုးသူရက သက်ပြင်းကြီး တစ်ရှိုက်တစ်ထွေးနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ကာရန်က မင်း မလာရင် မင်းနဲ့မတွေ့ရရင် မက်ဆေ့ဂျ် မရရင် အရှုးတစ်ပိုင်း ဖြစ်တာလည်း ဖြစ်တာပေါ့ကွာ၊ ဒါသူ့အပိုင်း၊ မင်းဘက်ကတော့ ဘာပဲဖြစ်ဖြစ် သူ့ကိုခွာကို ခွာရမယ်လေ မင်းညု၊ မင်း နက်ဖြန်မင်္ဂလာဆောင်ရတော့မယ်ဆိုတဲ့အထိ ကာရန့်ကို ဒီနေ့ထိ တွေ့နေဦးမှာလား၊ မျှဉ်းမဖြတ်ပဲ ဖြတ်ရိုက်ချခဲ့သလို လုပ်မလို့လား"

မင်းညုက ငေးငိုင်နေသည်။ ငေးသာငိုင်နေသည်။ သူ့ခေါင်းထဲမှာ ဘာအတွေးအကြံမှ မရှိဘဲ ကွက်လပ်ဖြစ်ကာ ဟာလာဟင်းလင်း။ မိုးနှင့် လက်ထပ်ကြဖို့ စီစဉ်ရတဲ့အတွက် မပျော်ဘူး မဟုတ်ပါ။ သို့ပေမယ့် သူ့ရင်တွေ လေးနေသည်။ ခဲဆွဲထားသလို လေးလံတယ်ဆိုတာ ဒါမျိုးဖြစ်မှာပဲ။

သူ့မှာချစ်သူရှိတယ်ဆိုတာတောင် သိမထားရာက လက်ထပ်သွားပြီဆိုတာများသိရင် ကာရန် ဘယ်လိုဖြစ်သွားမှာပါလိမ့်။ သနားစရာ ကောင်မလေး။

"ကို ... မေမေက ပြောတယ်၊ မိန်းကလေးဆိုတာ ကိုယ့်တန်ဖိုး ကိုယ်မချရဘူးတဲ့၊ ကာရန်က ချို့ယွင်းချက်နဲ့မို့ သူများလောက်မှ တန်ဖိုးမရှိတာ၊ အဲဒါကြောင့်များ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမထားဘဲ နေမိတာလားဟင်၊ ကိုက တန်ဖိုးထားတယ်ဆိုလို့ မယုံနိုင်အောင် လူဖြစ်ကျိုးနပ်တယ်၊ ကို့ကို ကာရန် မပိုင်ရမှာ ကြောက်တယ် ကို"





သူကလေးမှာ အမြဲအားငယ်တဲ့ ခံစားချက်အပြည့် ရှိနေတတ်တာ၊ မင်းညု ဘယ်လိုကျောခိုင်းပစ်ခဲ့ရပါ့မလဲ။ မက်ဆေ့ဂျ်က ထပ်ရောက်လာပြန်သည်။

"နက်ဖြန် ဘယ်ကို ချိန်းနေတာလဲ"

"သူ့ဆီ လာခိုင်းတာပါ"

"မင်းမသွားဘဲ ရှောင်ကြည့်ပါလားကွာ၊ အဲဒါအပြင် သူ့အမေကိုလည်း မင်း နားလည်သဘောပေါက်အောင် မင်းဘက်ကိစ္စကို ပြောသင့်တယ်၊ အန်တီနှင်းက အရမ်းနားလည်မှုရှိပါတယ်၊ သူ့သမီးစိတ်ကိုလည်း သူသိနေမှာဆိုတော့ သူ ကူထိန်းနိုင်မှာပါကွာ"

မင်းညုက ပြုံးရင်း မိုးသူ့ရ ပခုံးကို ဆုပ်ညှစ်လိုက်သည်။

"မင်း ပြောသလို သိကြားမင်းက ဆင်းဖြေရှင်းပေးမှာကိုပဲ ထိုင်စောင့်နေလိုက်တော့မယ်ကွာ"

နောက်ပြောင်စကားမျိုး ပြောနေပေမယ့် မင်းညုမျက်နှာက ဟိုးအရင်ကလို ကြည်လင်ပေါ့ပါးလို့ မနေပါ။

○❦○



www.burmeseclassic.com

www.burmeseclassic.com



ကာရန်...။

အဲဒီညနေက တော်တော်မှောင်နေပြီ။ ရာသီဥတု ဖောက်ပြန်ပြီး ရက်တရက် သည်းခနဲရွာချလိုက်တဲ့မိုးဟာ သတင်းစာမှာပါတဲ့ ဘင်္ဂလားပင်လယ်အော်က မုန်တိုင်းပျိုးမှုကြောင့်လို့ ထင်တယ်။

အဲဒီတစ်နေ့ကုန် ကာရန်က ကို့ဆီ မက်ဆေ့ဂျ်တွေ ပို့နေခဲ့မိတယ်။ ခဏနေရင် တစ်ခါ၊ ခဏနေရင် တစ်ခါ။ ဒီနေ့ ကိုနဲ့ မဖြစ်မနေ တွေ့ရမှဖြစ်မယ်။ ဘာလို့လဲဆိုတော့ ဒီနေ့က ကာရန့်မွေးနေ့လေ။ ကို့ကို တမင်ကြိုမပြောခဲ့တာပါ။ မေမေ့ကိုတော့ ညနေမှာ ဒင်နာပွဲလေးသေးသေး စီစဉ်ပေးဖို့ တောင်းဆိုထားခဲ့တယ်။ အချစ်ဆုံးသူငယ်ချင်း "ဖြိုး"နဲ့ တစ်ဦးတည်းသောချစ်သူ"ကို"တို့ နှစ်ယောက်တည်းကိုပဲ ဖိတ်မှာပါ။

တစ်နေ့ကုန် "ကို ဒီနေ့မအားဘူး"၊ "ကို ဒီနေ့အလုပ်တွေ သိပ်များတယ်"၊ "လာဖြစ်မယ် မထင်ဘူး"၊ "ကို့ကိုမမျှော်





နဲ့"၊ "ကိုမလာဖြစ်တော့ဘူး"ဆိုတဲ့ မက်ဆေ့ဂျ်တွေကိုသာ ကို့ဆီက ရနေခဲ့တဲ့အတွက် မကျေမချမ်းနဲ့ ဆက်တိုက် မက်ဆေ့ဂျ်ပို့နေတာ။ ကိုကတော့ အားနာပါးနဲ့တောင် "အချိန်လုပြေးခဲ့မယ်" ဆိုတာမျိုး ပြောင်းလဲမလာခဲ့ပါဘူး။

"ကို အခု ဘယ်မှာလဲ"လို့ ၆း၂၀ နာရီမှာ လှမ်းမေးတော့ "ရုံးမှာ"တဲ့။ "ဘယ်အချိန်မှ ပြန်ရမှာလဲ"ဆိုတော့ "ရှစ်နာရီခွဲ ကိုးနာရီ ဖြစ်သွားမယ်တဲ့၊ ကာရန့်ဆီ မဝင်နိုင်တော့ဘူး"တဲ့။ နောက်ဆုံး ကို မလာနိုင်ဘူးဆိုရင်တောင် ကို့ကိုတစ်ချက်လောက်တော့ လာတွေ့ချင်တယ်။ မွေးနေ့မှာ အမြင်ချင်ဆုံးမျက်နှာဟာ ကို့မျက်နှာမို့ပါ။ ကာရန် လာခဲ့မယ်ဆိုရင် မှောင်နေပြီဆိုပြီး ကို တားမှာပဲဆိုတာ သိလို့ ဘာမှမပြောဘဲ ကိုယ့်ဟာကိုယ်သာ ထွက်လာခဲ့တယ်။ မေမေ့ကိုလည်း မပြောခဲ့ဘူး။

မေမေ့ကို ပြောမနေတော့တာကတော့ ခဏနဲ့ပြန်လာမှာမို့ပါ။ ကာရန်တို့အိမ်နဲ့ ကိုတို့ရုံးရှိတဲ့ ရွှေဂုံတိုင်က ဘာမှဝေးတာမှ မဟုတ်တာ။ ကိုယ့်ဘာသာသွားရင် လုပ်နေကျအတိုင်း စာရွက်ကလေးပေါ် လိပ်စာရေးပြပြီး လမ်းထိပ်က တက္ကစီစတဲန်းက ကားငှားလာခဲ့တယ်။ ကို့ဆီ တန်းတက်မသွားရဲလို့ ရုံးအောက်ဘက် ဘေးနားကျကျက အုတ်ခုံလေးတစ်ခုမှာထိုင်ရင်း ကို့ဆီ မက်ဆေ့ဂျ်လို့လိုက်တာပါ။

"ကိုရေ ... ကာရန် ရုံးအောက်မှာ ရောက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



အချိန်နည်းနည်းခြားပြီးမှ ...

"ဘယ်မှမသွားနဲ့ စောင့်နေ"

ကို့ဆီက မက်ဆေ့ဂျ်ကို ပြန်ရခဲ့တော့ ကာရန် ဘယ်ဆို ဘယ်ကိုမှ မသွားဘူး။ မိုးစဖွဲလာတာတောင် အုတ်ခုံမှာပဲ ပေထိုင်နေလိုက်တာ။ ရာသီဥတုဖောက်ပြန်ပြီး ရွာတဲ့မိုးမို့အချိန် အခါမဟုတ် ရွာတာဖြစ်လေတော့ ထီးဘယ်ပါပါ့မလဲ။ အဲဒီမှာ ထိုင်စောင့်နေရင်း ကားနှစ်စင်း ရှေ့ဆင့်နောက်ဆင့် ရောက်လာတာ။

ကို့ကားက လမ်းဟိုဘက်ခြမ်း ပလက်ဖောင်းမှာ ထိုးရပ်လိုက်တာဖြစ်ပြီး မေမေ့ကားက ကာရန်ရှိတဲ့ဘက်ခြမ်းမှာ ထိုးရပ်လိုက်တာ။ ကိုလမ်းကူးလာတာကို ငေးကြည့်နေမိတုန်း မေမေက အနားရောက်လာတာပဲ။ မေမေ့မျက်နှာဟာ ကာရန့်အတွက် စိတ်ပျက်ဝမ်းနည်းနေပုံရတယ်။ မွေးနေ့မို့ မဆုချင်တော့ဘူး ထင်ပါရဲ့။ မေမေ့ကို ကို လှမ်းခေါ်လိုက်တာ ဖြစ်နိုင်တယ်လို့တော့ တွေးမိပါတယ်လေ၊

နို့မို့ရင် မေမေ ဘယ်သိပါ့မလဲ။

မေမေရော ကိုရောဟာ ကာရန့်အပေါ် ကြင်နာခြင်းတစ်ဝက် စိတ်ပျက်ခြင်းတစ်ဝက်ပါ။ ကို အပြင်ကလာတယ်ဆိုတော့ ရုံးမှာဆိုတာ ကာရန့်ကို ညာပြောတာပေါ့နော်။ စိတ်မောလူမော ဖြစ်နေပုံရတဲ့ ကို့ကို "ဒီနေ့ဟာ ကာရန့်မွေးနေ့ပါ"ဆိုတာ





လက်ဟန်နဲ့ ဝမ်းပန်းတနည်း ပြောပြမိတယ်။ မေမေကလည်း ကို့ကို ပြောပြနေပါတယ်။ ကို အတော်ဆွေးသွားပုံပဲနော်။ မေမေ့ရှေ့မှာပဲ ကာရန့်ခေါင်းကို လက်ဝါးနဲ့အုပ်ပြီး အသာလေးလှုပ်ယမ်းနေတယ်။ ကာရန့်ပါးပေါ်မှာတော့ သူများတွေက မိုးလို့ထင်မယ့် မျက်ရည်တွေ ရှိတယ် ကို။ ပြီးတော့ ကို့ပါးပေါ်မှာလည်း မိုးမဟုတ်တဲ့ မျက်ရည်တွေ ရှိနေတယ်လို့ ကာရန် ထင်တယ်။

အဲဒီညက မိုးထဲရေထဲ ကားမီးရောင်တွေ ဓာတ်တိုင်မီးရောင်တွေနဲ့ ကို့မျက်နှာဟာ ဘယ်လိုမှန်းမသိ ကြေကွဲစရာကောင်းလွန်းနေခဲ့တယ်။ ကာရန့်ကို မေမေတို့ကားပေါ် လိုက်တင်ပေးပြီး ကားထွက်ခါနီး နှုတ်ဆက်ကြည့်လိုက်တဲ့ အကြည့်က ကာရန့်အသည်းနှလုံးကို ကျုံးယူနမ်းရှိုက်လိုက်သလိုပဲ ကို။



www.burmeseclassic.com

www.burmeseclassic.com



မင်းညို...။

လုံးဝအဝေတွ့မခံတော့ဘူး၊ ရှောင်နေတော့မယ်လို့ ဆုံးဖြတ်လို့ ကာရန့်ဆီ ကျွန်တော် မသွားတော့တာပါ။ ဆုံးဖြတ်ချက် မခိုင်မာဘဲ ယိမ်းယိုင်မိမှာစိုးလို့ တမင်တကာပဲ မိုးဆီကို ရောက်အောင် သွားလိုက်တယ်။ ကြိုမချိန်းဘဲ မမျှော်လင့်ဘဲ ရောက်လာတဲ့ ကျွန်တော့်ကို မိုးက အံ့အားတသင့် ဝမ်းသာအားရ ကြိုလို့ပါ။

ကျွန်တော် ချစ်မြတ်နိုးလို့ အတော်လိုက်ယူခဲ့ရတဲ့ ချစ်သူလေးပဲ။ ကျွန်တော် သိပ်ချစ်တာပေါ့။ မိုးနဲ့လက်ထပ်ရတော့ မှာကိုလည်း ဒီဘက်သီးသန့်မှာ ပျော်ရွှင်ကျေနပ်တာ အမှန်ပါ။ ဟိုဘက်ကိုတော့ ထည့်မတွေးချင်တော့ပါဘူး။ အဲဒီညနေမှာ မိုးနဲ့ မင်္ဂလာကိစ္စကိုပဲ ဆွေးနွေးခဲ့တယ်။ မိုးအပေါ် မတရားသလို သစ္စာမဲ့သလို ဖြစ်ခဲ့တဲ့အတွက် မိုး စိတ်ချမ်းသာအောင် မိုးစိတ်ကြိုက်ဖြစ်စေဖို့လည်း တွေးနေခဲ့မိတယ်။





ကျွန်တော်ကသာ မိုးစကားတွေကို ကျွန်တော် စိတ်ဝင်တစား နားထောင်ပေးနေတာလို့ ကိုယ့်ကိုယ်ကိုယ် ယူဆပေမယ့် မိုးကတော့ ကျွန်တော့်ကို မကြာ မကြာ တစ်မျိုးလေး အကဲခတ်ရင်း "ည ... နေလို့ကောင်းရဲ့လား"လို့ မေးတယ်။ ကျွန်တော် လူနေကောင်းပါတယ်။ စိတ်သာနေမကောင်းချင်သလို ဖြစ်နေတာ။ အဲဒီ နာမကျန်း ဖြစ်ချင်နေတဲ့စိတ်ကို တတ်နိုင်သလောက် ဆောက်တည်နေတုန်း ကာရန့်ဆီက မက်ဆေ့ဂျ်ဝင်လာခဲ့တာပါ။

ဖုန်းကို အသံပိတ်ထားတဲ့အတွက် ဘာမှမမြည်လိုက်ပါဘူး။ ဒါပေမဲ့ တစ်ချက် မီးလင်းသွားတာကို ကျွန်တော်မြင်လိုက်တာပါ။ ဖုန်းကို လက်ထဲကိုင်ထားမိပြီး မသိစိတ်ကနေ မကြာမကြာပဲ ငုံ့ကြည့်မိအောင် နှိုးဆော်နေခဲ့တာပါ။ ဖုန်းစကရင်မှာ မီးလင်းသွားတာနဲ့ မသိမသာ လှမ်းကြည့်လိုက်တော့ စာရောက်ကြောင်း စာအိတ်ပုံစံကလေး ပေါ်နေတာ မြင်ရတယ်။

အဲဒါနဲ့ ချက်ချင်းပဲ ဧက်ချိုးသလိုလို အညောင်းဆန့်သလိုလိုလုပ်ရင်း ခြံထောင့်က မိုးရဲ့အလုပ်ခန်းကလေး ဝရန်တာဆီ ထွက်လာရင်း မက်ဆေ့ဂျ်ကို ဖတ်ရတယ်။

"ကိုရေ ... ကာရန် ရုံးအောက်မှာ ရောက်နေတယ်"

သက်ပြင်းကြီး တအားမှုတ်ထုတ်မိရင်း ရင်လည်းမော၊ ဒေါသလည်းဖြစ်၊ စိတ်လည်းရှုပ်၊ ဥပေက္ခာလည်းမပြုနိုင်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ စိတ်ပေါင်းများစွာ လူကိုယ်ထဲမှာ ပင့်ပကူဖြစ်ကြတော့တာ ပဲ။ ကျွန်တော် ခုလိုရှောင်တိုင်းသာ ကာရန်က လိုက်လိုက်လာ ရင် ကျွန်တော် ရှေ့လျှောက် သူ့ကို ဘယ်လိုရှောင်ရမလဲ။ အ အတွေးနဲ့ တစ်ပြိုင်နက် အပြင်မှာ မိုးတွေခြိမ်း မိုးကြိုးတွေပစ် တာကိုကြားရင်း ရင်ထဲဘာအားပွလာတယ်။

ဒီမိုးခြိမ်းသံတွေကို ကာရန်ကတော့ ကြားမှာမဟုတ် တဲ့အတွက် ကြောက်မှာလည်း မဟုတ်။ မိုးရွာမှာလည်း သိမ မဟုတ်။ မသွားဘူးကွာ၊ သူ ဖွတ်ကရွတ်လိုက်ချလာတိုင်း သူ့ဆီ လိုက်သွားနေရင် သူက နောင်အမြဲ ဒီအပြုအမူကို နိုင်ကွက်ထို ကိုင်နေတော့မှာ မဟုတ်လား။ မသွားဘူးလို့ စဉ်းစားနေရင်းက ကာရန့်ဆီ မက်ဆေ့ဂျ်ပြန်ပို့ပြီး ကာရန့်အမေဆီ ကျွန်တော်ဖုန်း ခေါ်ဖြစ်တယ်။

"အန်တီ ... ကာရန် ရွှေဂုံတိုင်က ကျွန်တော့်ကုမ္ပဏီရုံး ရှေ့ ရောက်နေတယ်၊ အဲဒါလေး အကြောင်းကြားတာပါ။ ဟုတ်ကဲ့ လာမှာပါ၊ ကျွန်တော်လည်း လာခဲ့မှာပါ"

ကာရန့်အမေကလည်း ခုလေးတင်ပဲ ကာရန် မရှိပြန် တာသိပြီး ကျွန်တော့်ဆီ ဖုန်းဆက်တော့မလို့တဲ့။ ကျွန်တော် မိုးကို အရေးကြီး အရေးပေါ်အလုပ်ကိစ္စရှိလို့ ပြန်လာခဲ့မယ်ဆိုပြီး ချက် ချင်း ထွက်လာခဲ့တယ်။ ကာရန့်အမေနဲ့ ရှေ့ဆင့်နောက်ဆင့်ပဲ ရောက်ကြပါတယ်။ မိုးရွဲနစ်ပြီး ကြွက်စုတ်လေးလို ဖြစ်နေတဲ့



ကာရန့်ကိုမြင်တော့ အပြစ်တင်စကား ပြောလိုက်ဖို့ မောင်းတင်လာ တဲ့ နှုတ်ခမ်းတွေ တိတ်ဆိတ်ခဲ့ရပါတယ်။

ဪ ... ကာရန့်မွေးနေ့တဲ့။

"အိမ်မှာ ထမင်းပွဲပြင် စောင့်နေတာ မောင်မင်းညု၊ မောင် မင်းညုနဲ့ ဖြိုးနဲ့ နှစ်ယောက်နဲ့ပဲ အတူစားဖို့ မွေးနေ့ဒင်နာ စီစဉ်ပေးပါဆိုလို့ လိုက်ခဲ့လိုက်ပါဦးလားဟင် မောင်မင်းညု"

ကာရန့်အမေကို အားနာလှစွာနဲ့ပဲ ...

"အန်တီ ... ကျွန်တော် ဒီနေ့ အရမ်းအလုပ်များနေတာမို့ လို့ မလိုက်ခဲ့ပါရစေနဲ့တော့၊ ခုလည်း အမြန်ပြန်သွားရမှာ ပါ"

ကာရန့်အမေဟာ အားနာစကား ဆိုရှာပါတယ်။ ကာရန့်ကို ကားထဲထိုင်တဲ့အထိ လိုက်ပို့ပြီး တစ်သက်စာအပြီးသို့ ကိုယ့်ဟာကိုယ် ဘာကြောင့်မှန်းမသိ ထင်မိတဲ့ ကြေကွဲဆွတ်ပျံ့တဲ့ အကြည့်နဲ့ တငေးကြီး ကြည့်မိပါတယ်။ ကာရန်တို့ကား ထွက် သွားအပြီး ကျွန်တော့်ကားရှိရာဆီ အပြန်မှာ ကျွန်တော်ကိုယ်တိုင် မဖြေရှင်းနိုင်တဲ့ကိစ္စကို ကံကြမ္မာလို့ ထင်ရတဲ့ တစ်စုံတစ်ခုသော အရာက ကြည့်မနေနိုင်ဘဲ ဖြေရှင်းပေးလိုက်တော့တယ် ထင်ပါရဲ့ ဗျာ။

○ ❦ ○

www.burmeseclassic.com

www.burmeseclassic.com



**မိုးသည်း…။**

ဘာမှန်းမသိပေမယ့် တအုံ့နွေးနွေး ဖြစ်နေခဲ့ရတာ ကြာပြီပဲ။ ညကို တစ်စုံတစ်ခုသော ပြဿနာက ဖိစီးတုပ်နှောင်ထားပြီဆိုတာတော့ ရိပ်မိခဲ့ပါတယ်။ ဘာလဲဆိုတာသာ ကိုယ်မသိနိုင်တာ။ ဒီနေ့ အိမ်ကိုရောက်လာပုံကလည်း အစီအစဉ်ရှိဟန်မတူပါဘူး။ တစ်စုံတစ်ရာက ကျောကိုဆောင့်တွန်းလိုက်လို့ ငိုက်စိုက်ဟပ်ထိုးနဲ့ မတော်တဆ ရောက်လာပုံမျိုးပါ။ ရောက်လာပြန်တော့လည်း မင်္ဂလာကိစ္စကို တာဝန်ကြီးတစ်ရပ်လို့ တရစပ်ပြောတော့တာပါပဲ။

ည ဘာဖြစ်နေတာလဲ။ မသိပေမယ့် မိုးရဲ့ရင်ထဲမှာ သံသယတွေက အလွန်ပဲကြီးစိုးနေပါပြီ။ ပြောနေတဲ့ မင်္ဂလာစကား၊ မင်္ဂလာအစီအစဉ်တွေဟာလည်း စိတ်ထဲကမလာဘဲ လျှာအရိုးမရှိ လူကြားကောင်းအောင် ပြောနေသလိုပဲလို့သာ ထင်မြင်ယူဆမိတယ်။ ကစားပြောနေကြတုန်းပဲ ထုံးစံအတိုင်း ဖုန်းမက်ဆေ့ဂျ်တစ်ခု ဝင်လာပါတယ်။





ညထံမှာ အပြန်အလှန် ဖုန်းမက်ဆေ့ဂျ် အဝင်အထွက်တွေ ရှုပ်နေတာ သိတော့သိတယ်၊ အရေးပါ မပါနဲ့ ဘာအကြောင်းကိစ္စဆိုတာသာ မသိတာပါ။ သတိပြုပြီးနေမိလို့ ဖုန်းက ဖျတ်ခနဲ မီးရောင်လင်းသွားတာကို မိုးသည်းလည်း သိလိုက်တာ။ ချက်ချင်းပဲ ညက ယောင်လည် ယောင်လည်နဲ့ ဝရန်တာဆီ ထွက်သွားပါတယ်။

ညကို မိုးသည်း လှမ်းပြီး ငေးကြည့်နေမိတယ်။ မက်ဆေ့ဂျ်ကို ဖွင့်ဖတ်ပြီး စိတ်ပျက်လက်ပျက် သက်ပြင်းရှည်ကြီးချလိုက်တာလည်း မြင်ပါတယ်။ ခဏနေတော့ ည စာနည်းနည်းပြန်ရိုက်လိုက်ပြီး တစ်နေရာကိုလည်း ဖုန်းခေါ်လိုက်ပါသေးတယ်။ အဲဒီနောက်တော့ မိုးသည်းကို ကလီကမာစကားတွေနဲ့ အရေးပေါ်အလုပ်ကိစ္စလို့ ခပ်ပြောင်ပြောင်ကြီး လိမ်ပါတော့တယ်။

ညရဲ့ကားနောက်ကနေ အဝတ်အစားတွေ ဘာတွေ မလဲနိုင်ဘဲ အိမ်ကကားနဲ့ ချက်ချင်းနောက်ယောင်ခံပြီး မောင်းလိုက်လာခဲ့မိတော့တယ်။ မိုးသည်း ပါလာတာကို ညက နည်းနည်းမှ သတိမထားမိပါဘူး။ ကားမောင်းတာလည်း ကမ္ဘာ့ရှူးထိုးနိုင်သလား မပြောနဲ့။ အရေးထဲ မိုးတွေကခြိမ်း၊ မိုးတွေကရွာ။

ညရဲ့ကုမ္ပဏီရုံးနားမှာ ညက ကားကိုရပ်လိုက်တဲ့အတွက် မိုးသည်းလည်း မလှမ်းမကမ်းမှာ ထိုးရပ်ရင်း ညဆင်းသွားတဲ့ဆီ လိုက်ကြည့်မိတယ်။ လမ်းကူးသွားတဲ့ ညဟာ ပိမ်း



www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်ခြမ်း အုတ်ခုံလေးတစ်ခုပေါ်က ကောင်မလေးဆီကို သွားခဲ့တာ။ နောက်ထပ် ကားတစ်စင်းနဲ့ အမျိုးသမီးကြီးတစ်ယောက်လည်း ကောင်မလေးဆီ ဆင်းလာတယ်။

မြင်ကွင်းကို မိုးတွေကြားကနေ မသဲမကွဲ လှမ်းကြည့်ရင်း မိုးသည်း ရင်ထဲ ထူပူလာတယ်။ ဘာဇာတ်လမ်းတွေလည်း ညရယ်။ မကြာခင် အဲဒီကောင်မလေးကို အမျိုးသမီးကြီးကကားနဲ့ပြန်ခေါ်သွားချိန်မှာ ညက လမ်းဟိုဘက်ကမ်းကနေ ဒီဘက်ကမ်းကို ပြန်ပြေးကူးလာပါတယ်။

အဲဒီအချိန်မှာပဲ ...။

အဲဒီအချိန်မှာပဲ ... ...။

အရှိန်ပြင်းတဲ့ တောင်းအော့စ်ပစ်ကပ်နဲ့ ဆောင့်တိုက်လိုက်တဲ့ အရှိန်ကြောင့် ညဟာ မြောက်တက်ပြီးမှ လမ်းပေါ်ကို ပြန်ပြုတ်ကျသွားပါတယ်။ အဲဒီနားတစ်ဝိုက် ကားဘရိတ်အုပ်သံတွေ လူသံ အော်သံ ဟွန်းသံတွေ ဆက်တိုက် ဆူညံပွက်လောရိုက်သွားတာကို မယုံသလို ကြက်သေ,သေကြည့်နေမိပြီးမှ မိုးသည်း အကျယ်ကြီး အော်လိုက်မိတယ်။

"ည ..."

မိုးသည်း အော်တာတော့ အကျယ်ကြီးပါပဲ။ ဒါပေမဲ့ အသံကတော့ တိမ်တိမ်ကလေးပဲသာ ထွက်လာခဲ့တာပါ။

○ ❦ ○





## ၁၃

အိမ်ပြန်ရောက်တဲ့အထိ မိုးသည်းလက်ထဲ ညရဲ့ဖုန်းက ပါလာသည်။ ကတ္တရာလမ်းပေါ် သတိကင်းမဲ့နေတုန်းတောင် အတင်းဆုပ်ကိုင်ထားတဲ့ဖုန်းကို အတော်အားစိုက် ဖြေထုတ်ယူခဲ့ရတာပါ။

"သမီး ... မိုးသည်း၊ သမီးလေး ... အိပ်ပျော်အောင်အိပ်၊ မာမီ လာအိပ်မယ်နော် သမီး"

"ဟင့်အင်း ... မာမီ သွားပါ၊ မိုး တစ်ယောက်တည်း နေပါရစေ၊ တံခါးလော့ခ်ချသွားပေးပါ မာမီ"

မာမီတိုက်တဲ့ နွားနို့လေးတစ်ခွက်၊ မျက်ရည်စက်လက်နှင့်သောက်အပြီး အိပ်ရာပေါ်လှဲချလိုက်မှ မာမီက တံခါးသော့ကိုညစ်ကာ ဆွဲပိတ်သွားပေးပါသည်။ မာမီသွားမှ ဖုန်းကိုသတိရကာ ကမန်းကတန်း ဖွင့်ကြည့်လိုက်တဲ့ မိုးသည်းက မက်ဆေ့ဂျ်



www.burmeseclassic.com

www.burmeseclassic.com



ဘောက်စ်ထဲ တန်းဝင်ကာ နောက်ဆုံးဝင်ထားတဲ့ In Box ထဲက စာတစ်စောင်ကို ဖတ်ကြည့်လိုက်သည်။

"ကိုရေ ... ကာရန် ရုံးအောက်မှာ ရောက်နေတယ်"

"တောက်"

မိုးသည်းရဲ့ တောက်ခတ်သံသည် ကြေကွဲဆို့နင့်စွာ တိုးတိုးသက်သာပဲ မြည်နိုင်သည်။ မိုးသည်းက ထိုစာဝင်ထားတဲ့ ဖုန်းနံပါတ်ကိုနှိပ်ကာ ဖုန်းခေါ်လိုက်ပါသည်။ အတော်ကြာကြာ မြည်နေပြီးမှ တစ်ဖက်ကဖုန်းကို ဖွင့်ကိုင်လိုက်သည်။

"ဟယ်လို"

"........."

"ဟယ်လို ... ဘယ်သူလဲ၊ နင် ဘယ်သူလဲ၊ အခု ဒီဖုန်းကို ကိုင်ထားတာ ဘယ်သူလဲ"

မိုးသည်းက ဒေါသတကြီး အော်ပြီးမေးလိုက်ပါသည်။

"မေးနေတာ ဖြေစမ်း၊ နင် ဘယ်သူလဲ၊ ကာရန် ဆိုတာ ဘယ်ကဟာလဲ"

တစ်ဖက်တွင်တော့ ဖုန်းလေးကို နှိပ်တော့ဖွင့်လိုက်ကာ ကိုင်ရုံကိုင်ထားတဲ့ ကာရန်သည် နားမလည်နိုင်အောင် ဖြစ်နေပါသည်။ ကို ဘာဖြစ်လို့ ဖုန်းခေါ်ရတာလဲ။ ဘယ်တုန်းကမှ ဖုန်းမခေါ်ဘူးတဲ့ဟာ ဘာဖြစ်လို့ပါလိမ့်။ ကာရန်က စိတ်ရှုပ်ထွေးထွေးနှင့် ဖုန်းကို ပြန်ဖိပိတ်လိုက်ပါသည်။





နောက်တစ်ကြိမ် ဗိုင်ဘရေးရှင်းနှင့် တုန်ခါလာကာ ဖုန်းခေါ်နေပြန်ပြီ။ ကာရန့်ထံ ဖုန်းခေါ်လို့ ဘယ်လိုမှ အဓိပ္ပာယ်မရှိဘူးဆိုတာ သိသိနှင့် ကို ဘာကြောင့် ခေါ်နေရတာလဲ။ ကာရန့်စိတ်ထဲ တစ်မျိုးကြီးဖြစ်ကာ ငိုချင်လာပါသည်။ ဘာလုပ်နေတာလဲ ကိုရယ်။

"ဟဲ့ ... နင် ဘာဖြစ်လို့ ဖုန်းချပစ်တာလဲ၊ ဘာဖြစ်လို့ စကားမပြောတာလဲ၊ ငါ့ကို စကားမပြောရဲတာပေါ့ ဟုတ်လား၊ နင် ... နင် ... နင်လုပ်လို့ ... နင့်ကြောင့် ..."

တစ်ဖက်တွင် မိုးသည်းသည် ရှိုက်ကြီးတငင်ငိုကာ တစ်ဖက်က ဘာသံမှ မထွက်တဲ့သူကို အသည်းယား နာကြည်းစွာ နစ်နစ်နာနာတွေ ပြောဆိုရန်တွေ့လို့ မဆုံးပါ။ သူ့ဘက်က ရန်တွေ့မဆုံးခင် တစ်ဖက်က ခလုတ်ကို ဖိချလိုင်းဖြတ်သွားပြန်ပါသည်။ မိုးသည်းက ချက်ချင်းဖုန်းကို ပြန်ခေါ်ပြီး ...

"ဟဲ့ ... နင့်ကို ဖုန်းချမပစ်နဲ့လို့ ပြောနေတယ် မဟုတ်လား"

တစ်ဖက်က ငိုသံလိုလို အသံကလေးတစ်မျိုး တအစ်အစ် ထွက်လာကာ အဲဒီအသံဟာ ညည်းညူနေသံတစ်မျိုးနှင့်လည်း ဆင်ဆင်တူလျက် စိတ်နှလုံးကို အတော်နောက်ကျိပူဆွေးစေလေရာ မိုးသည်းက ရင်ထဲ မသိုးမသန့်ကြီး ခံစားရရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နင် ငါ့ကို စကားမပြောရဲဘူးလား၊ နင် သတ္တိမရှိဘူးလား ... ဟုတ်လား"

မိုးသည်း စကားမဆုံးခင် ဖုန်းဖြတ်ချသွားပြန်၍ မိုးသည်းက ဖုန်းကိုငုံ့ကြည့်ကာ စိတ်ထဲ တစ်မျိုးကြီးဖြစ်လာပါသည်။ တဒိန်းဒိန်းခုန်သော ရင်နှင့် အာရုံတွေ နောက်ကျိရှုပ်ထွေးကာ ကိုယ်မသိတဲ့ အရာတစ်ခုက ကိုယ့်ကို အော်ဂလီဆန်အောင် ခြောက်လှန့်လိုက်သလို ခံစားရပြီးနောက် ဖုန်းကိုသာ အလန့်တကြား စိုက်ကြည့်နေမိဆဲ ဖုန်းမှာ မီးတစ်ချက်လင်းကာ စာရောက်ကြောင်း အချက်ပြသည့် စာအိတ်ကလေး ပေါ်လာပါသည်။ စာကိုဖွင့်ဖတ်နေသော မိုးသည်းရဲ့ဖုန်းကိုင်လက်တို့က တုန်ယင်နေသည်။

"ကို ...၊ ကာရန် မကြားနိုင်တာ မပြောနိုင်တာ သိရက်နဲ့ ဘာဖြစ်လို့ ဖုန်းခေါ်နေတာလဲဟင်၊ ကို ကာရန့်ကို စိတ်ဆိုးနေတာလား၊ ကို အဲသလိုလုပ်နေတာ ကာရန် ဝမ်းနည်းတယ်၊ ငိုချင်တယ် ကို၊ စိတ်လည်း အရမ်းပူတယ်"

ကောင်းပြီ။ မငိုစေရဘူး ... ဝမ်းမနည်းစေရဘူး။

မိုးသည်းက မြန်မာစာလုံးလေးတွေ တချို့ကို ကြိုးစား ပမ်းစား စာကြောင်းစီလိုက်ပါသည်။

"မင်းကို သိပ်ချစ်တယ် ကာရန် ...
ကိုယ်တို့ လက်ထပ်ကြစို့"





"ကဲ ... ရော့၊ ကျေနပ်ပြီလား၊ လက်ထပ်ကြဖို့နိုးပြီဆိုတဲ့ စိတ်ကူးယဉ်လေးကို နင်လည်း ခံစားကြည့်လိုက်။ သိပ်ကြည်နူးပီတိ ဖြစ်နေပြီးမှ၊ နင့်ရင်တွေ အသည်းတွေ ဗြန်းဗြန်းကွဲပစေ။ အခု ငါခံစားနေရသလို နင်လည်း ခံစားရပစေ"

မိုးသည်းသည် အရူးမကလေးကဲ့သို့ ရေရွတ်ငိုရှိုက်နေရာမှ မိုးသူရထံ ဖုန်းလှမ်းဆက်လိုက်ပါသည်။ မိုးသူရလည်း ခုနကမှ မိုးသည်းတို့နှင့်အတူ ဆေးရုံကပြန်သွားတာလေ။ မိုးသည်းထံ ညရဲ့ဖုန်း ပါသွားတာ မိုးသူရ သိပါသည်။ မိုးသူရကလည်း နွမ်းနယ်စွာ ...

"ဟယ်လို ... မိုးသည်းလား၊ နင် မအိပ်သေးဘူးလား"

"မိုးသူရ ... ကာရန် ဆိုတာ ဘယ်သူလဲ"

"........."

"ဖြေစမ်းပါ မိုးသူရရယ်၊ ပြောစမ်းပါ၊ နင်မပြောလည်း ငါ သိပြီးသား၊ အခု ဒီမိန်းမကို ငါ မက်ဆေ့ဂျ်တွေ ပို့နေတာ၊ တစ်ညလုံး ထိုင်ပို့မှာ"

"မိုးသည်း ... ကာရန့်ကို အေးဆေးထားလိုက်ပါဟာ"

မိုးသူရရဲ့ အသံက ဆို့နစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါက ကာရန့်အမေနဲ့လည်း သိတယ်၊ ကာရန့်အမေက ငါ့အဒေါ်နဲ့ခင်တယ်ဟ၊ သူ့အမေ မနက်က ငါ့ဆီဆက်တယ်၊ သတင်းစာမှာတွေ့လို့ အရမ်းလန့်ပြီး ဆက်တာ၊ သူ့သမီးကို ပြောသင့် မပြောသင့် ဆိုတာလည်း ..."

"မပြောပစေနဲ့၊ ငါ ဒီမနက်လည်း မက်ဆေ့ဂျ်တွေ ပို့နေတာ"

မိုးသည်းက ငိုသံပါနှင့် မျက်ရည်သုတ်ရင်း ပြောလိုက်ပါသည်။

မိုးသူရက သက်ပြင်းချရင်း ...

"မလုပ်ပါနဲ့ မိုးသည်းရာ၊ ကောင်မလေးက သနားဖို့ကောင်းပါတယ်၊ သူက ဘာများသိမှာလဲ၊ နင်ရှိမှန်း သူက ဘယ်လိုလုပ် သိပါ့မလဲဟာ၊ နင်တောင် မင်းညကို အရမ်းချစ်သေးတာပဲ၊ သူလို ကောင်မလေး တစ်ယောက်ဟာ မင်းညကို ဘယ်လောက်ထိ တန်ဖိုးထားပြီး စွဲလမ်းတကြီးချစ်လိမ့်မလဲ နင် စဉ်းစားကြည့်လိုက်ပေါ့ မိုးသည်းရာ"

မိုးသည်းသည် သိမ့်သိမ့်တုန်အောင် ငိုရှိုက်လိုက်ရင်း ...





"ဟင့်အင်း ... မရဘူး၊ သူ့ခေါ်လို့ သူ့ဆီသွားရလို့ ည[illegible] ခုလို အဖြစ်ဆိုးနဲ့ သေရတာ၊ သူ့ကြောင့် ညသေ[illegible] သူလည်း ဆက်ရှူးနေပစေ၊ သူ့ကို ပေးမသိဘူး၊ အကြာ[illegible] ဆက်ပြီး အရူးလုပ်ထားဦးမယ်၊ ညသေတာ သူ မသိစေ[illegible]"

"မလုပ်ပါနဲ့ မိုးသည်းရာ"

"ညရဲ့အသုဘကို သူ မပို့ရဘူး၊ လာခွင့်မရှိရဘူး"

မိုးသည်းသည် ဖုန်းကိုဖွင့်ကာ မျက်ရည်လည်[illegible] မက်ဆေ့ဂျ်ကိုဖွင့်၍ စာလုံးလေးတွေ တဖေါက်ဖေါက်နှိပ်[illegible]

"မိုးသည်းရာ ..."

"ကာရန် ... နက်ဖြန် နေ့လယ်တစ်နာရီ၊ ရုံးအော[illegible] တွေ့ရအောင်၊ ဟိုတစ်နေ့က အုတ်ခုံမှာ စောင့်[illegible] ကို"

မိုးသည်းက စာကို Send လုပ်လိုက်ပါ[illegible] ညကို သင်္ဂြိုဟ်မည့်အချိန်လေ။ နင် ရုံးရှေ့သွားထိုင်[illegible] ဘယ်လိုမှ မဖြေသိမ့်နိုင်ဘူး။ ဒီလောက် အညွန့်[illegible] အဘက်ဘက် အရာရာ ပြည့်စုံနေတဲ့ ညလို လူတစ်[illegible] ဆုံးရှုံးလက်လွှတ်လိုက်ရတာကို ယုံလည်း မယုံချင်[illegible] ဖြေလည်း မဖြေသိမ့်နိုင်ဘူး။

နင်နဲ့တော့ တစ်ချိန်လုံး မက်ဆေ့ဂျ်တွေ အပြ[illegible] ပို့နေခဲ့ကြပြီး ငါတို့ရဲ့ ချစ်သူသက်တမ်းတစ်လျှောက် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ တစ်စောင်မှတောင် မရှိခဲ့ဘူး။ စာပို့စရာလည်း မရှိ စကားပြောလို့ ရနေခဲ့တော့ တကူးတက ကယုကယင် ကဗျာ ဆန်နဲ့ စာတွေ ပို့မနေဖြစ်ခဲ့တော့တာပါ။

စဉ်းစားကြည့်တော့ မိုးသည်းအတွက် ညဟာ လေးတစ်စောင် မက်ဆေ့ဂျ်လေးတစ်ခုမှ မပို့ပေးခဲ့ဖူးတာအတွက် မခံချိ မခံသာ ရင်နာဝမ်းနည်းလှပါသည်။

"ကဲ ... မိုးသည်း၊ ငါ့ကို ဒီဖုန်းပေးတော့ဟာ၊ နင့်လက် ထဲမှာ ဒီဖုန်းကိုင်ထားပြီး နင် စိတ်ထိခိုက်သလော ထင်သလို လုပ်နေလို့ မဖြစ်ပါဘူး သူငယ်ချင်းရာ၊ ပေး ... ငါ့ကို"

"ဟုတ်တယ် သမီး ... မိုးသည်း၊ မိုးသူရကို ပေးလိုက်တော့"

မိုးသည်းရဲ့မာမိကပါ ဝင်ပြောပါသည်။ သူ မပြောရက်သေးတာကြောင့် စိတ်ဆင်းရဲစွာ ကြည့်နေရတာ မိုးသူရက မိုးသည်း ဆုပ်ညှစ်ထားတဲ့ဖုန်းကို မိုးသည်းလက်ချော တွေကြားက ဖြေထုတ်ယူကာ မိုးသည်းနှင့် ကာရန် မနေ့ည ဒီမနက်အတွင်း အပြန်အလှန် ပို့ထားတဲ့ မက်ဆေ့ဂျ်တွေ ကြည့်နေလိုက်ပါသည်။

ကြည့်ရင်းက မိုးသူရက Draft ထဲမှာ စာတစ်စော ရှိနေတာမြင်ပြီး နှိပ်ဖွင့်ကြည့်လိုက်ပါသည်။

"ကိုယ် ချစ်ရတဲ့ ... မိုး"





မိုးသူရ မျက်နှာမှာ ကြေကြေကွဲကွဲ ပျက်ယွင်းသွား ရင်း မျက်ရည်ပေါက်ပေါက်ကျနေတဲ့ မိုးသည်းကို ဖုန်းလေးပြန် ကမ်းပေးလိုက်ပါသည်။

"မိုးသည်း ... နင့်ကို မင်းည စာရေးထားတယ်ဟ"

"ဟင် ... ဘာ"

"နင့်အတွက် မင်းည စာရေးခဲ့တယ်ဟ၊ နေ့စွဲကြည့်လိုက် တော့ လွန်ခဲ့တဲ့ နှစ်ပတ်လောက်က၊ ရော့ ... ဖတ်ကြည့်ဦး"

မိုးသည်းသည် ဖုန်းကို အရုပ်ကြိုးပြတ် လက်ကလေး နှင့် လှမ်းယူလိုက်ပြီး ရှိုက်ကြီးတငင် ငိုချလိုက်မိပါသည်။

O ❦ O

"မင်းည ... အသက်(၂၆)နှစ်"

ရုပ်ကလပ်ရဲ့နံဘေး ဆိုင်းဘုတ်လေးကို ငေးစိုက် ကြည့်နေမိတဲ့ မိုးသည်းသည် ...

"ဟိုမှာ ... ကာရန် ... လာတယ်"

မိုးသူရရဲ့ ခပ်တိုးတိုး သက်ပေးသံတွင် အသက်မဲ့ သူလို ခန်းမဝင်ပေါက်ဝဘက်သို့ လှည့်ကြည့်လိုက်မိပါသည်။ နံဘေးမှာ အမေရယ် ရွယ်တူမိန်းကလေးတစ်ယောက်ရယ် တွဲယူ ခေါ်လာရတဲ့ မိန်းမငယ်ကလေးကို ငေးမောပြီး သတိလက်လွတ် ငေးကြည့်နေလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ကင်းစင်သော ရုပ်ကလေးတွင် အခုလက်ငင်းပဲ သူပါ လိုက်ပါသေဆုံးတော့မလို သည်းအူပြတ်မတတ် ပူဆွေးခြင်းနှင့် တစ်ပြိုင်နက် အဖြစ်အပျက်ကို မယုံကြည်နိုင် လက်မခံနိုင်အောင် နာကျင်နေရှာတဲ့ ကောင်မလေး။

ညရယ် ...၊ ငါတို့ကို ...

နင် ဘယ်လိုထားခဲ့ရက်တာလဲ။

○❦○

လမင်းမိုမို

BURMESE CLASSIC .com

www.burmeseclassic.com